# ဗုဒ္ဓလမ်းစဉ်

(သျှင်ဥက္ကဋ္ဌ)

သျှင်ဥက္ကဋ္ဌ

ရေး

# ဗုဒ္ဓလမ်းစဉ်

ဒဂုန်—ဦးလှဘေ

ကျမ်းဖွင့်စကား

ရေးသည်။

သျှင်ဥက္ကဋ္ဌ ၀၁၀၃-၅

# သျှင်ဥက္ကဋ္ဌ စာစဉ်

အမှတ်-၅

ပဌမ-ပုံနှိပ်ခြင်း
အုပ်ရေ ၁,၀၀၀ (၁၉၅၃)

ဒုတိယပုံနှိပ်ခြင်း
အုပ်ရေ ၃,၀၀၀ (၁၉၆၂)

ပုံနှိပ်-ထုတ်ဝေသူ- မောင်စိုးဝင်း၊

မြန်မာ့ဗျူဟာ-စာပုံနှိပ်တိုက်တွင် ပုံနှိပ်၍
ရန်ကုန်မြို့- ရေကျော်၊နှင်းပန်းလမ်း၊ အမှတ်- ၁၂
ရွှေပြည်တန်-စာအုပ်တိုက်မှ
ဖြန့်ဝေသည်။

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကျမ်းဖွင့်စကား | (က) |
| ၁။ | လူသား၏ မျှော်လင့်ချက် | ၁ |
| ၂။ | ဗုဒ္ဓကား ပစ္စုပ္ပန်သမားအစစ် | ၂၉ |
| ၃။ | ပုရာဏကဿပ၏ အ,ကိရိယဝါဒ | ၃၃ |
| ၄။ | မက္ခလိ ဂေါသာလ၏ အ,ဟေတုကဝါဒ | ၃၇ |
| ၅။ | အဇိတကေသကမ္ဗလ၏ ဥစ္ဆေဒဝါဒ | ၄၁ |
| ၆။ | ပကုဓကစ္စာယန၏ အ,ကတဝါဒ | ၄၃ |
| ၇။ | နိဂဏ္ဌနာဋပုတ္တ၏ စာတုယာမသံဝရ | ၄၅ |
| ၈။ | သဉ္စယဗေလဋ္ဌိပုတ္တ၏ အနိစ္ဆိတဝါဒ | ၄၇ |
| ၉။ | အရိယ သီလ | ၇၂ |
| ၁၀။ | အရိယ ဣန္ဒြိယသံဝရ | ၈၁ |
| ၁၁။ | အရိယ သတိ | ၈၅ |
| ၁၂။ | အရိယ သန္တုဋ္ဌိ | ၈၈ |
| ၁၃။ | နီဝရဏ ငါးပါး | ၉၂ |
| ၁၄။ | ပဌမ ဈာနသမာဓိ | ၉၉ |
| ၁၅။ | ဒုတိယ ဈာနသမာဓိ | ၁၀၅ |
| ၁၆။ | တတိယ ဈာနသမာဓိ | ၁၁၀ |
| ၁၇။ | စတုတ္ထ ဈာနသမာဓိ | ၁၁၂ |
| ၁၈။ | ပဉ္စမဈာန် ကျင့်ထုံး | ၁၁၅ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | ဒုတိယဈာန် ကျင့်ထုံး | ၁၁၈ |
| ၂၀။ | မနောမယရူပ | ၁၂၀ |
| ၂၁။ | ဣဒ္ဓိဝိဓ ဉာဏ် | ၁၂၅ |
| ၂၂။ | ဒိဗ္ဗသောတ-နတ်နား | ၁၂၇ |
| ၂၃။ | ဒိဗ္ဗစက္ခု-နတ်မျက်စိ | ၁၃၇ |
| ၂၄။ | ပုဗ္ဗေ နိဝါသာနုဿတိ ဉာဏ် | ၁၄၉ |
| ၂၅။ | စေတော ပရိယ ဉာဏ် | ၁၅၄ |
| ၂၆။ | ဝိပဿနာဉာဏ် | ၁၆၁ |
| ၂၇။ | စက္ခုန္ဒြိယ ဘာဝနာ | ၁၆၄ |
| ၂၈။ | သောတိန္ဒြိယ ဘာဝနာ | ၁၆၅ |
| ၂၉။ | အာသဝက္ခယ ဉာဏ် | ၁၆၆ |

ဒဂုန် ဦးလှဘော

၏

# ကျမ်းဖွင့်-စကား

"ဗုဒ္ဓလမ်းစဉ်"ဟူသော အမည်ကို ကြားရကာမျှ မြင်ရကာမျှဖြင့် ဤကျမ်းစာအကြောင်း အဆီးအတား ပိုးဝါး မရှိ ပကတိ ဟင်းလင်း ထင်းထင်းကြီး အမြင်ရှင်း သွားကြပါလိမ့်မည်။

ပါဠိဘာသာသည်သာ ကိုးကွယ်ရာ ဘာသာစကားဖြစ်၍ ပါဠိသံမပါသော ဗုဒ္ဓဘာသာကျမ်းစာများမှာ တရားမပည် မလေးနက်ဟု သွေးနုသားနု အစွဲရှိသူတို့အတွက် အာရုံအလို ပြည့်စေရန် ပါဠိ စကားအမည် ထိုးတပ်လိုပါက အရိယာပထ-အရိယာလမ်းစဉ်၊ မဂ္ဂ ပထ-မဂ်လမ်းစဉ် စသဖြင့် ဆိုဘိသကဲ့သို့ "ဗုဒ္ဓ ပထ" ဗုဒ္ဓလမ်းစဉ်ဟု အသိပြုလိုက်လျှင် လုံလောက်နိုင်ပေသည်။

ထို့ပြင်-သတိပြုမိဘို့ ကြိုတင် အသိပေးလိုသည်က ဤကျမ်း၏ စာသားတလျှောက်တွင်လည်း စာဘတ်လိုက်ယာနှင့် သိလိုက်ထာ တပြိုင်နက် ရှင်းလင်း သွားစေရန် အမိဘာသာ မြန်မာစကား-ရပ်စကား-ရွာစကားနှင့် ရေးထားကြောင်း ဖြစ်သည်။

# နိဒါန်း

ကျောင်းနေလူတို့ကို မဆိုထားဘိ၊ ရှာသူရှာသား နွား ကျောင်းသားများပင် မကျန်၊ စာတတ်တတ်လျှင် နားလည် စေလိုရင်း ဖြစ်၏။

ပါဠိဘာသာ စကားကို မရောင်မလွှဲသာသော ဝေါ ဟာရ စကားလုံးများနှင့် အကိုးအကား ထင်ရှားပြလိုမှသာ သုံးထားသည်ကို တွေ့ကြရပါလိမ့်မည်။

စင်စစ်အားဖြင့် စာလုံးများသည် သင်္ကေတမျှသာ၊ သိမှု သည်သာ အဓိကဖြစ်သဖြင့် ဘယ်ဘာသာနှင့် သိသိ၊ သိမှု အမှန်ရရှိရေးကိုသာလျှင် လိုလားအပ်ကြပေသည်။

သိမှုပေးရေးအတွက်မှာလည်း ဘာသာသင်္ကေတစာပေ အမျိုးမျိုးရှိသည့်အနက် အမိဘာသာစကားနှင့် တိုင်းရင်း စာပေ သင်္ကေတသည်သာလျှင် ပျံ့နှံ့သောအသိကို ပေးနိုင် စွမ်းရှိသည်။

အမေ့ သားသမီးများ၏ နှလုံးသည်းပွတ်တွင် အမေ စကားသာလျှင် မမေ့နိုင်အောင် ကျောက်စာပမာ ထွင်းထု မိရက်သားဖြစ်မြဲ သဘာဝရှိသည်။

ရှေးက ဗုဒ္ဓဘုရားရှင်၏ အဘိဓမ္မာ တရားတော်များကို ပါဠိဘာသာဖြင့် ထုပ်ပိုး၍ လျှို့ဝှက်စွာ သိမ်းဆည်း ပြီးလျှင် အမြင့်တင်၍ ကိုးကွယ်ရုံမျှသာ အခွင့် ရခဲ့ကြသည်။

ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးသည် ဗုဒ္ဓ ဘုရားရှင်၏ အဘိဓမ္မာ တရားများကို ပါဠိ အထုပ် ဖြေ၍ မြန်မာဘာသာစကားဖြင့် ရှာသူရှာသားတို့အား ကိုယ်တိုင် သိကြစေကြောင်း ဝေငှပေးလိုက်ရာ ထိုအခါကစ၍ ပြည်သူ့ အဘိဓမ္မာ ဖြစ်ခဲ့လေတော့သည်။

ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာများကို ပါဠိ စာလုံးများဖြင့် ဖုံးအုပ်ထုပ်ပိုး၍ အသုံးပြုခြင်းမှာ လျို့ဝှက်ချက် တခုပမာ ဖြစ်နေသည်။

လယ်တီဆရာတော်ဘုရားကြီး စီရင်ရေးသားသော ဝိရတိသီလ ဝိနိစ္ဆယတွင် သီလခံယူရာ၌ ပါဠိသို လိုက်၍ ရွတ်ဆိုသီလခံယူရာမှာ ပါဠိစဉ်အတိုင်း မြန်မာလို အနက်စဉ်သိ၍စိတ်ထဲက ကျနစွာလိုက်ပါနိုင်လျှင်တော့ ဝိရတီသီလဖြစ်နိုင်ပါ၏။ မြန်မာဘာသာ အသိနှင့်မလိုက်ပါနိုင်လျှင် စေတနာသီလသာဖြစ်မည်။ (မြန်မာလူမျိုးတို့မှာ မြန်မာဘာသာနှင့် ခံယူမှ ကျနစွာ စိတ်ထားနိုင်၏) ဟု မိန့်ဆိုတော်မူသည်။

စိတ်ပါရှိညာဉ်ပြဋ္ဌာန်းမှု အတွက် မြန်မာလို အသိသွေးပါမှ သီလစစ်ဖြစ်မည်ဟု ဆိုလိုသည်။

ဤနည်း အတူပင် ဤဗုဒ္ဓလမ်းစဉ်တွင် ဆရာတော်သျှင်ဥက္ကဋ္ဌသည် ပြည်သူ့အပြန့်အနှံ့ အသိတလုံး မြုံးကနဲသိစေချင်-မြင်စေချင်သော စေတနာဖြင့်–

အမှန်တရား အသိတလုံးအတွက် ပါဠိစာလုံးကြီးကြီးဖြင့်အရောင်တင်၍ ဖုံးအုပ် ဖလယ်ပြုလုပ်ထားသည်များ မရှိပေ။ သူ့လိုငါ့လို စကားဖြင့် ရင်းနှီးပွင့်လင်းစွာ ရှင်းပြ ထားသည်များကိုသာ တွေ့ကြရပါလိမ့်မည်။

ဗုဒ္ဓဘာသာတရား အယူအဆနှင့်ပတ်သက်၍ စာဖတ်ပြီးဝေ့လည်ကြောင်ပတ် အသိရှုပ်ထွေး၊ နားမလည် ဖြစ်မည့်အရေးကို မစိုးရိမ်ရတော့ပေ။

ဤ"ဗုဒ္ဓလမ်းစဉ်"ကျမ်းကို ၁၃၁၅-ခုနှစ်(၁၉၅၃-ခု)က တောင်တွင်းကြီးမြို့၊ ရတနာရန်အောင် စာပုံနှိပ်တိုက်တွင် အုပ်ရေ-၁၀၀၀ ပဌမ စတင်ပုံနှိပ်ထုတ်ဝေခဲ့သည်။

တောင်တွင်းကြီး ဆရာတော် သျှင်ဥက္ကဋ္ဌသည် ကျမ်းစာပေါင်းများစွာရေးသားလေရာ စီးပွါးရေးရည်ရွယ်ချက်မရှိဘဲ ပြုစုရေးသားသမျှ စာအုပ်များကို တောင်တွင်းကြီး ဗုဒ္ဓတက္ကသိုလ်၏ ပဌမလက်ဆောင်-ဒုတိယလက်ဆောင်စသဖြင့် ကဗျည်း ထိုး၍ ပြည်သူအများသို့ လက်ဆောင် အဖြစ်သာ ရေးသားထုတ်ဝေခဲ့သည်။

ဤလက်ဆောင် စာပေများအနက် ဤဗုဒ္ဓလမ်းစဉ်သည် တတိယလက်ဆောင်ဖြစ်သည်၊ စတုတ္ထလက်ဆောင်မှာဗုဒ္ဓအဘိဓမ္မာ ၁၃၁၆-ခုနှစ်(၁၉၅၄-ခုနှစ်)ဖြစ်၏။

ပဌမလက်ဆောင်—
ကြိုက်ရာရွေး လမ်းနှစ်သွယ်။
ဒုတိယလက်ဆောင်-ကပ္ပ ပြဿနာ၊
တတိယလက်ဆောင်-ဗုဒ္ဓလမ်းစဉ်၊
စတုတ္ထလက်ဆောင်-ဗုဒ္ဓအဘိဓမ္မာ။

ထိုမှနောက်တွင် ဆရာတော် ရေးသား ပြုစုထားသည့် ကျမ်းစာပေါင်း ၂၁-မျှ စာရင်းထင်ရှား ရှိထားပါပြီ၊အချို့မှာ စက်တင်ပုံနှိပ်ပြီး ဖြစ်၍ အချို့မှာ ပုံနှိပ်ဆဲနှင့် စာမူကြမ်းများ အဖြစ်သာ ရှိသေးသည်။

ထိုကျမ်းစာများတွင် သမဂ္ဂကျမ်းနှင့် မဟာ သမဂ္ဂကျမ်း၊ အဘိဓမ္မာသမိုင်းကဲ့သို့သော နိုင်ငံရေး အခြေခံများပါရှိရာ

ဆရာတော်သည် လောကီ-လောကုတ္တရာနှစ်ပြားစလုံး ပိုးဝါး မရှိ ရဲရင့်စူးရှသော အသိဖြင့် စွယ်စုံ ပြောင်မြောက်သော ပုဂ္ဂိုလ်အဖြစ်မှာမူကား သက်ရှိ ထင်ရှားဖြစ်၏။

ဤဆရာတော်သက်ရှိထင်ရှားရေးသားသမျှ စာပေကျမ်း ဂန်များအနက် အဘိဓမ္မာ ဆိုင်ရာနှင့် ဗုဒ္ဓဘာသာ အသိခန်း တို့ကို ကြားနာသိမှတ်ရသည့်အခါ အသိသစ်-အမြင်သစ် တွေးခေါ်နည်းသစ် ရရှိပါသည်ဟု ဝမ်းသာ လှိုက်လှဲ လက်ခံကြိုဆိုသူများရှိသလို လက်မခံ တွန်းလှန်ဆန့်ကျင်ဘက် ပြုသူတွေလည်း မြောက်မြားစွာ ရှိကြသည်။

ဤသို့လျှင်၊ဟုတ်လှချေရဲ့-မှန်လှချေရဲ့ဟု လက်မခံ တွန်း လှန်သူတွေရှိနေသဖြင့်တောင်တွင်းကြီးဆရာတော်ဘုရားသည် ညှိုးမှိန်တွန့်ဆုတ်ငုတ်တုတ်ထိုင်သွားသည်မဟုတ်ပေ။

ဆရာတော်သည် ငါပြောတာမှန်ရမည်၊ ငါဟောတာ တကယ်ဟုတ်သည်၊ ငါ့စကား မယုံလျှင် မိစ္ဆာဒိဋ္ဌိ၊ ငါတရား နှင့်လူမိုက် မတိုက်တန်ရာ ဆိုသော အစွဲအလန်း မကြီးသူဖြစ် ကြောင်း သိသာနိုင်သည်။

ဆရာတော် ဟောစကား-ပြောစကားများတွင် ဗုဒ္ဓဘုရား ရှင်၏ ဟောစဉ်ကို တိုက်ရိုက် နည်းယူလိုက်နာ ပြောဟော ရေးသားလေ့ရှိရာ—

ကေသမုတ္တိသုတ် ကာလာမမင်းသားတို့အား ဘုရားရှင်မိန့် ကြားနည်းကို အစဉ်မှီးလေ့ရှိသည်။

ထိုကေသမုတ္တိသုတ်တွင် ကာလာမ မင်းသား တို့အား ဗုဒ္ဓဘုရားရှင်က—

ငါပြောတာသမျှ မှန်လှပြီ-ဟုတ်လှပြီဟု မယုံကြလေနှင့်ဦး၊ အသင်တို့ အသိဉာဏ်ဖြင့် စေ့စေ့ဘန်ပြီးမှ ယုံကြဟုဟောထုံးရှိသည်။

ဗုဒ္ဓဘုရားရှင်သည် ဝေဘန်သိမြင်မှုကို အားပေးတိုက်တွန်းတော်မူသည်။

ဝေဘန်သိဝါဒသမား ဝိဘဇ္ဇဝါဒီ ပုဂ္ဂိုလ်ကြီးဖြစ်သည်၊ ဝေဘန်ပြီးမှ ကိုယ်ပိုင်အသိဖြင့် သိစေလိုရင်းဖြစ်သည်။

ထိုဗုဒ္ဓဘုရားရှင်၏ "ဝေဘန်သိဝါဒ" အတိုင်း-တောင်တွင်းကြီးဆရာတော်သည် သူ့စကား-သူ့တရားများကို ယုတ်တရက် လက်မခံဘဲ ဝေဘန်သိသူများရှိလေ-အောင်မြင်လေဟု ယူဆခဲ့ရသည်။

လူတို့အတွက် ပြောတိုင်း ဟောတိုင်း အလွယ်ကလေး လက်ခံပြီး ယုံကြည်စွဲလန်းမှုများမှာ လူလောကတွင် အသိဉာဏ် ကင်းမဲ့ရ ခြောက်သည်။ လူ့သမိုင်း အချည်းမရှိရာလည်း ရောက်မည်။ လူ့ အချည်း အနှီးများ သချင်းဖေါ်ရာလည်း ရောက်မည်။

ဗုဒ္ဓဘုရားရှင်သည် လူ့လောကအား နိုးကြားစေလိုသော မဟာကရုဏာ ရှိတော်မူသည်။ အသိဉာဏ်ပါရမီ ရင့်ကျက်စေလိုရင်း မြော်မြင်မှု ပြုတော်မူသည်။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် ငါကိုယ်တိုင် ဟောပြောသည့်တရားကိုပင် ဝေဘန်ပြီးမှ ကိုယ်ပိုင် အသိဉာဏ်ဖြင့် ခံယူသိမြင်စေဘို့ တိုက်တွန်းလှုံ့ဆော် ဟောဘော်မူ လိုရင်းဖြစ်သည်။

ထိုအခါ ထိုခေတ်၌ပင် ဗုဒ္ဓဘုရားရှင် ဟောသမျှ ပြောသမျှတွေကို မှန်လှပြီဟု ယုံကြည်ယူဆခဲ့သူများ မရှိကြောင်း ထင်ရှားလှသည်။

ဗုဒ္ဓ၏ဘုရားသင်—ဓမ္မသစ်ကို မယူဆ မယုံကြည်ဘဲ နိုင်မာနေသူများ ရှိလေရာတွင် အထူးသဖြင့် ဒဏ္ဍာရီ သမားအတို့ လက်မခံနိုင်ရုံမျှမက စိတ်ဆိုးကြသည်။

မိရိုးဘလာ ဥပါဒါန် အစွဲကြီးလာသော ဝေဒခေတ် အသိ၊ဥပနိသျှာဒ်ခေါ် ဥပနိသာဒ ဟိန္ဒူဝါဒ အဘိဓမ္မာများကို ဗုဒ္ဓဘုရားရှင်က တော်လှန်လိုက်သည်။

ထိုခေတ်က ကြိုတင်ပေါ်ပေါက်နေသော နိဂဏ္ဍနှင့်မက္ခလိဂေါသာလ,ပူရဏ ကဿပစသောဘုရားများနှင့် ဒဏ္ဍာရီရိုးစွဲသမားတို့အတို့ ဗုဒ္ဓဘုရားရှင်အား ရန်သူသဖွယ် သိမြင်လေမည်မှာ ဓမ္မတာပေ။

သို့ရာတွင် ဗုဒ္ဓဘုရားရှင်သည် ဒဏ္ဍာရီ ရိုးစွဲသမားများကို ကြည့်၍ စိတ်အားလျော့ တွန့်ဆုတ်သွားခြင်း မရှိပေ။

လူ့ပမိုင်း သဘာဝ, လူအဆက်ဆက်, သားထက်သားများ တိုးတက် သိမြင်လာလေသမျှ–၎င်းတို့ အသိဉာဏ်အားကြီးမား လာသည်နှင့် အမျှ–အသိလောက် စေရန် တရားဓမ္မများကို ဟောကြားခြင်း လုံ့လပြုတော်မူသည်။

ဗုဒ္ဓဘုရားရှင်၏ ထိုဆန္ဒအလိုတော်ကျ ဖြစ်လာပုံ ရာဇဝင်က သက်သေခံနေလေပြီ။

ကြည့်လော့–ယနေ့သက်ရှိ လူလောကတွင် အထင်အရှား မြင်နိုင်သည်။

လူလောက တခွင်လုံးတွင် အသိဉာဏ်များ တိုးတက်လျက်ရှိသည်၊ ကျယ်ဝန်းလျက်ရှိသည်။

အသိဉာဏ်စွမ်းအား ရှိသည်နှင့် အမျှ အစား အစာအတွက် တောသုံးထောင်ကိုလည်း ထမင်းအိုး ဟင်းအိုးတွင် ထည့်ချက် နိုင်ကြသည်၊ သမုဒ္ဒရာကြီး ၄-စင်း ကိုလည်း ရေအိုးတွင် ထည့်၍ သောက်သုံးနိုင်ကြပြီ၊ ရေနှစ်မြေနှစ်များ သာမက တိမ်ညွှန့်ကိုပင် စားသောက်စရာ ပြုလုပ်လာကြသည်။

လူတို့ဘဝ အစား,အနေ,အဝတ်များအတွက် အလောက်အင ရရှိစေရန် လူတိုင်းကြိုး လုပ်ကိုင် နေကြသည်။

ဤသို့ အစား,အနေ,အဝတ်,လောက်ငရန် ရုပ်ဝတ္ထုတွေ ဆင်ရှား ရှိသဖြင့် သိပ္ပံအတတ်ဖြင့် ပြုလုပ်၍ မကုန်နိုင်ဖြစ်သည်။

အသိ လောက်ငရန် အတွက်မှာကား ခက်ခဲလှသည်။ အသိ — သိစရာမှာ လောက်သွားပြီဟူ၍ မရှိနိုင်၊ ဆုံးဆမရှိ သိပြီးရင်း သိချင်ရင်း အသိဆာလျက် ရှိကြသည်။

ထိုအသိဆာလေသမျှ သိစရာတွေကား အလွန်ရှား၏၊ ခမ္ဘာရုံတွေ ဖြစ်သဖြင့် အပြောခက် အဟောခက် အသိခက်လှသည်။

ထိုသိမှုများအနက် ကမ္ဘာ့ပေါ်တွင် ဘုရားအများလည်း ပေါ်ထွက်ခဲ့ကြသည်။

သိစရာ တရားများစွာလည်း ထုတ်ဖော် ဟောပြောခဲ့ကြသည်။

သို့ရာတွင် သမိုင်းသက် ကြီးရင့်လာသည်နှင့်အမျှ လူတွေ အသိရင့်ကျက်လာကြသည်။

လူဟေ့ အသိ ရင့်ကျက် နိုးကြား အသိ ချင်ခြင်းဘတ် သလောက် သိစရာမလောက်မင ဖြစ်လာကြပုံကို သတိ ပြုမိကြစေ လိုသည်။

ခေတ်လူသစ်တို့သည် အသိ မလောက်မငဖြစ်နေ၍ တောင်းဆို ဆန္ဒပြလာကြကုန်သည်။

လူဟောင်းတို့သည် အသိမလောက်မင ဆာလောင် မွတ်သိပ်နေကြသော မျိုးညွန့် လူငယ်တို့အား လူကျယ်ကလေး တွေဟု အမြင် ရောက်လာတတ်ကြသည်။

လူတတ်လုပ်ကြသည်ဟူ၍ရင်း၊လူကြီးပြောတာ မယုံဟူ၍ရင်း မြည်တွန်လာကြသည်။

လူဟောင်းနှင့် လူသစ် ဤအဖြစ်မှာ ဤနိုင်ငံတွင်သာ ဖြစ်သလိုလို အမျိုးနှင့်ချီ၍ ရေရွတ်ပြောဆိုလေ့ ရှိကြသည်။

စင်စစ်အားဖြင့် ဟိုနိုင်ငံ သည်နိုင်ငံ ဘယ်နိုင်ငံမှာ ဖြစ်ဖြစ် လူတွေမှန်သမျှ ဖြစ်နေကြသည်ဟု လူမှုရေး အဘိဓမ္မာ ကမ္ဘာ့ဆရာများက အသိပြုပြီး ဖြစ်သည်၊ သမိုင်းစဉ်တွင် ဤအဖြစ်ကို မှတ်တမ်းတင်ပြီး ဖြစ်သည်။

ဤဖြစ်ပေါ်မှု လူသစ်နှင့်လူဟောင်း ပဋိပက္ခမှာလည်း ဆန်းသစ်လှစွာ ရုတ်တရက် ပေါ်လာသည်ကားမဟုတ်ပေ၊ လူတို့ကပင် ပြုစုပျိုးထောင်ခဲ့ကြသည်။

ကိုယ်တွေ့ မဟုတ်လား–မိဘတို့သည် သားသမီးတို့အား တတ်စေချင်လှသည်၊ လိမ္မာစေချင်လှသည်။

သားသမီး ပညာရရေးအတွက် အဘယ်မျှ အားထုတ်ခဲ့ကြသနည်း။

မိဘတို့ထက် သားသမီးတွေ ပိုတတ်စေချင်လှသည်။

ဤစိတ်စေတနာမှ အကျိုးပေါ်ထွက်၍ သားသမီးတို့သည် တတ်လာကြ၏။

သားထက်သား၊ သမီးထက်သမီး အဆက်ဆက် တို့သည် မိဘစေတနာ အမွေအနှစ် ကြီးမားလှသလောက် တတ်သိမှုတွေ ကြွယ်ဝကြီးမား ကျယ်ပြန့်လာကြသည်။ တတ်သိအားတွေ အရှိန်ကြီးလာသည်နှင့်အမျှ သိစရာတွေ မလောက်မင ဖြစ်လာသည်။

ထိုအခါ အသိမလောက်မင ရှိသည်ဖြစ်၍ ရှေ့လူ-နောက်လူ ပဋိပက္ခများ ဖြစ်ပေါ် လာရလေတော့သည်။

ဤသို့ အသိ မလောက်မင ဖြစ်ကြရသည့် အထဲတွင် အခက်ဆုံးက ကိုးကွယ်မှု ဘာသာရေး အသိများဖြစ်သည်။

ယခုအခါ ကမ္ဘာ့အဝှမ်းရှိ လူသားလောကတွင် ဝိဇ္ဇာသိပ္ပံပညာရပ်များ တိုးတက်ထွန်းကားလာသည်တွင် ဝိဇ္ဇာတများအတွက် အဖြေအရှင်း ခက်လာကြသည်။

ဘာသာ တရားများဖြင့် လွှမ်းခြုံ နေသော ဒဿနိကများ ဥပါဒါန် အရောင်တင် ဖုံးအုပ်မှုများ ဖြေရှင်းရေးအတွက် အငြင်းအပွါးများ ဖြစ်လာကြသည်။

နောက်ဆုံးမွေး လူသင်တိုင်းသည် သမိုင်းအမွေခံ စာကိုကျောင်းက သင်ပေးလိုက်သမျှ တတ်သိလေ အမွေစာရင်းပါ ဒဿနိကတွေ မေးခွန်းထုတ်လေ ဖြစ်လာသည်။

ဘာသာတရားဆိုတာဟာ စာအုပ်ထဲက စာတွေလား။ စာတွေ ရွတ်ထားဘတ်ထားတာဟာ ဘာသာတရားဘဲလား။ ဘုရား ကျောင်းများသို့ သွား၍ ရှိခိုးပူဇော် ရွတ်ဘတ်ကြရုံမျှဖြင့် ဘာသာရေးကိစ္စ ပြီးဆုံးသလော–

စသောမေးခွန်းချိုး ကမ္ဘာနှင့်အဝှမ်း မေးခွန်းထုတ်လာကြောင်း သိရသည်။

အမိပ္ပါယ်က–ဘာသာတရား ဆိုင်ရာ သိစရာများဟာ လူသစ်တို့အဘို့ အသိမလောက် ဖြစ်လာသည်၊ အသိက ကြီးလာ၍ တရားကပင် သေးငယ်ကျဉ်းနေသကဲ့သို့ ဖြစ်၏။

ဤခေတ် ဤအခါမျိုးတွင် အသိဆာလှသူ လူတွေအားဘယ်ခေတ် ဘယ်အခါမှ သိ၍ မကုန်နိုင် မခန်းနိုင်သောဗုဒ္ဓအဘိဓမ္မာ သိစရာများ ထုတ်ဖေါ် ဖြန့်ဝေဘို့ မသင့်သလော–

ဗုဒ္ဓအဘိဓမ္မာသည် နှစ်ပေါင်း ၂၅၀၀–ကျော် အစစ်ဆေးခံ နိုင်မာခဲ့ပြီ။

သို့ရာတွင် ဒဏ္ဍာရီတွေ အလိမ်းလိမ်း ဥပါဒါန်တွေနှင့် ထုပ်ပိုးထားသော အဘိဓမ္မာကိုမူ လူလောကသစ်က လက်ခံအံ့မထင်။

ကမ္ဘာ့လူသား လောကတဝှမ်းလုံးက လက်ခံယုံကြည်နိုင်လောက်သော ဗုဒ္ဓအဘိဓမ္မာကိုသာ မိမိတို့ ကိုယ်တိုင်လည်းသိ၊ သူတပါးအားလည်းပေးဝေ ဖြန့်ဖြူးသင့်ကြလေသည်။

ဗုဒ္ဓဘုရားရှင်၏ ဟောလို ပြောလိုရင်း ဗုဒ္ဓ အဘိဓမ္မာကို ဘယ်လို သိကြမည်နည်း။

ဤသည်ကား—အဓိက ပုစ္ဆာတည်း။

ဗုဒ္ဓအဘိဓမ္မာသည် မမြင်ရသော ကောင်းကင်ဘုံမှ အသံကျသော၍ လူတို့နှင့်မထိုက်မတန်၊ ရှိခိုးနေရန်မျှသော တရားမဟုတ်သည်ကိုမူ သိကြပြီးဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာ ဆိုသည်မှာ—

ကောင်းကင်ဘုံသားတွေ၊ နတ်တွေ၊ ပြဟ္မာတွေ၊ ဇာဿရိယနိမ္မာန ဖန်ဆင်းရှင်တွေက လူအများ အားသာ ကျင့်သုံးစေသော ဟောထုံးပြောလုံးမျိုး မဟုတ်ဘဲ ဗုဒ္ဓဘုရားရှင် ကိုယ်တိုင် ကျင့်သုံးသော တရားဖြစ်သည်။

ဗုဒ္ဓ အဘိဓမ္မာသည် သက်ရှိသက်မဲ့ ဟူသမျှနှင့် နေ့စဉ်အသက်ဝင် လှုပ်ရှားသမျှတွေ ဖြစ်၍ လူတိုင်းတွင် အဘိဓမ္မာတွေ အပြင်ဖြစ်နေသည်။

ဗုဒ္ဓဘုရားရှင်သည် ၄၅-ဝါ ကာလပတ်လုံး လူတွေ စပ်ကြား တမက်တတ်တတ် တငုဝ် တုတ်တုတ် ဟောပြော သင်ပြခဲ့သည်။

ဗုဒ္ဓဘုရားရှင်သည် မမြင်ရသော နတ်ဘုရားသည်းမဟုတ်၊ ကောင်းကင်ဘုံသားလည်း မဟုတ်၊ ဝိညာဉ်တော်လည်း မဟုတ်၊ အတ္တသခင်လည်းမဟုတ်။ ။အနတ္တအရှင် ဖြစ်သည်။ လူသားပကတိဖြစ်သည်။

သက်ရှိထင်ရှား တရွာ ်င်တရွာထွက် လှည့်လည်သွားလာ တရားဟောသူ လူမြင်အထင်ခံဖြစ်သည်။

ဗုဒ္ဓဘုရားကို အမြင်အထင် တွေ့သည်လည်း ဖြစ်သည်။

ဗုဒ္ဓဘုရား ကျင့်စဉ်သည်လည်း ကိုယ်တိုင် ပြော ထင်ရှား တရားရှိသည်။

ဘုရားရှင်ကိုယ်တိုင် ကျင့်သုံးသော ဗုဒ္ဓလမ်းစဉ်ကား— ထင်ရှားရှိသည်ဖြစ်၏။

ထိုဗုဒ္ဓလမ်းစဉ် ကျင့်စဉ်ထက် ပို၍လည်း ချဲ့ထွင်ရန် မပြုအပ်၊ လို၍လည်း လျှော့မထွက်အပ်ကြပေ။

ဤသဘောတရားမှန်ကို အခြေခံ မူထား၍ တောင်တွင်းကြီး ဆရာတော် သျှင်ဥက္ကဋ္ဌသည် ဤဗုဒ္ဓလမ်းစဉ် ကျမ်းကို ပြုစုထား၏။

ထိုကျမ်းစာပါ စကားများအနက်—ရှေ့ဖျားက စ၍ တွေ့ရမည့် ရှင်းလင်းချက်မှာ "မျှော်လင့်ချက် တရားဖြစ်သည်"။

"ငှက်ပျံရင်းသေ-လူကြံရင်းသေ"ဆိုသကဲ့သို့ သူမှန်သမျှ အကြံမလျှော့အပ်ကြပေ။ လူတို့ဘဝ သာယာမှုသည် တနေ့ ….နိုး….နိုး မျှသာမက၊ သည်ဘဝ နေရာ မကျသေးလျှင် နောက်ဘဝ-ဘဝ-မဆုံးနိုင်သောဘဝတွေအတွက်ပါ ….နိုး ….နိုး နှင့် မျှော်လင့်ချက်ရှိကြ၏။ ဤမျှော်လင့်ချက် သည်ပင် ဘဝရဲ့ လှည့်စားချက်ဆိုသော ပြဿနာကစ၍—

လူသားတို့အတွို မျှော်လင့်ချက် သူတောင်းစားများပမာ ဖြစ်ပုံ။

ဤလူ့မျှော်လင့်ချက်ကို အားရပါးရ ပေးခဲ့သော ဝါဒ ရှင် ဖန်ဆင်းရှင်များ ပေါ်လာပုံများကို စာဘတ်တတ်သူ တိုင်းလည်း နားလည်စေရန်—

ပိဋကတ် စာပေနှင့်လည်း တသဝေ မတိမ်းလေအောင် ဆရာတော် သျှင်ဉတ္တမဌက အခိုင်အမာ ရေးသား ဟောပြော ထားသည်။

ငင်းစာသားများအနက် အောက်ပါ စာပိုဒ်တပိုဒ်ကို တွေ့ ရပါလိမ့်မည်။

"ထိုကြောင့်-ဗုဒ္ဓသည် ကပ္ပါဘာသာရေး ခေါင်းဆောင် အပေါင်းတို့၏ ဝေလေ့ထုံးတမ်း ကျင့်စဉ် လမ်းအားလျော်စွာ မရောက်မဖြစ်လာသေးသော အနာဂတ် ကာလကို လက်ညှိုး ညွှန်သူလည်း မဟုတ်သည့်အပြင်၊ ဗုဒ္ဓဘာသာဝင် အမည်ခံသူ အခြားသောသူတို့ စွဲလန်းယုံကြည်ခဲ့သည့်အတိုင်း သင်းချိုင်း ကုန်း၏ ဟိုမှာဘက်မှာရှိသည်ဟူသော–

**ဘ၀ဲတ်ပျက်ကြီးတွင် ထုတ်ယူနိုင်ရန် ရက်လွှန် ချက်လက်မှတ် ထုတ်ပေးသော လူစားမျိုးလည်း မဟုတ်ခဲ့ချေ။"**

ဤမှတပါး များစွာသော အဘိဓမ္မာ နက်နဲစွာကို သိမြင် ရေး၊ တွေးခေါ်ရေးအတွက် လက်ဝါးခပ်ါတွင် ကိုယ်ပိုင် ဉာဏ်မြင်ဖြင့် ဝေဘန်သိမြင်ကြဘို့ ထုတ်နုတ် ဖေါ်ပြချက်များ ပါရှိလေသည်။

လူသမိုင်း ရင့်ကျက်သလောက် အသိဉာဏ် တိုးတက်လာ သော ခေတ်သစ်လူသစ်တို့အတွက်မျှသာ မဆိုထားဘိ နှောင် ကမ္ဘာ ပျက်ပြုန်းသည် တိုင်အောင် အသိလောက်စေရာ ဗုဒ္ဓ လမ်းစဉ် တရားများကို ဆရာတော် သျှင်ဉတ္တမဌက လိုက်

လျှောက်ကြစေရန် ပြထားကြောင်း ကျမ်းဖွင့်စကား ပြော ကြားအပ်ပါသတည်း။

အဆိုပါ သျှင်ဥက္ကဋ္ဌ ရေးသား ဟောပြောသမျှ တရား အချက်အလက် သိကွက်သိကွင်း များကို ဗုဒ္ဓ ဘုရားရှင်၏ ''ဝေဘန်သိဝါဒ'' အတိုင်း ခေတ်သစ်လူသစ် အဆက်ဆက် တို့သည် ရင့်ကျက်သော ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဝေဘန် ပြီးမှ အလင်းရ အသိ ဆုံးဖြတ်ကြရန် သတိပေး လိုက်ပါ သတည်း။

# ပုဂ္ဂလိကမိန်းမ စဉ်

——သျှင်ဥတ္တမ—ရေးသည်——

## " လူသား၏ မျှော်လင့်ချက် "

**အာ— သီ— သ** (ဝါ) မြန်မာဘာသာ အားဖြင့် "မျှော်လင့်ချက်" ဟူသော ပုဒ်ကား—စာလုံးအရေအတွက် အားဖြင့် သုံးလုံးသာပါဝင်သောကြောင့် တိုတောင်းလှ၏၊ သေးငယ်လှစွာ၏။ သို့ရာတွင် ၎င်းသည် ကမ္ဘာ့ လူထုကြီး တချပ်လုံး၏ အပန်းဖြေ ဆေးဖြစ်ရုံမျှ မကမူ၍ အားတိုး ဆေးကြီး တချပ်လည်းဖြစ်ချေသည်။ ၎င်းသာအကယ်စင်စစ် မရှိခဲ့ပါလျှင် ကမ္ဘာ့လူထုသည် အချိန်အခါ မရွေး မျက်ဖြူ ဆိုက်လျက် မောဟိုက်၍နေမည်ကား ဧကန်မုချပင်ဖြစ်ချေ၏။

အကြောင်းမူကား မျှော်လင့်ချက်— ကင်းမဲ့ ဆိတ်သုဉ်း သော လူ့ဘဝသည် အနန္တငရဲ (ဝါ)အဝီစိငရဲနှင့် ခွဲမရ နိုင်အောင် ရှိချိမ့်မည်ဖြစ်သောကြောင့်တည်း။

မျော်လင့်ချက်နှင့် ပြုံးပြီး ပျော်နေရသော ဌာနသည် လူသားအတွက် နိဗ္ဗာန်ပင်ဖြစ်၏၊ ခံစားဘွယ်ရာ- ကာမ အာရုံတွေ မည်မျှပင် စုံနေစေကာမူ မျော်လင့်ချက်ကလေး တခုပျက်ရုံနှင့် အားလုံးကုန်ဟင်း-ရေစွက်သလိုချည်းဖြစ်ကြ ရလေကုန်သည်။

မျော်လင့်ချက်သည် လူသား၏ ဆင်းရဲဒုက္ခ ခံနိုင်ရည် ပြည့်ဝရေးအတွက် အမတေ-အစစ်ဖြစ်၏၊ကဗ္ဗ-လူသားသည် မည်ရွေ့မည်မျှလောက်ပင် စပ်-ခါး-ဖန်-ငန်-ရှုံ့ အာ့အံချင် လောက်အောင် ပြင်းထန်စူးရှလှသော ဆင်းရဲမှု- ပင်ပန်း နွမ်းနယ်မှုမျိုးကိုမဆို ကြုံတွေ့ခံစား၍ နေရစေကာမူ သူ၏ မျက်လွှာကလေးကို အသာပင့်၍ ဖွင့်ပြီးကြည့်လိုက်သော အခါ-အနာဂတ်ကာလ၌ မျော်လင့်ချက်ကလေးတခုကိုသာ ၎င်း၏ စိတ်ကြေးမုံပြင်၌ သေးသေး မျှင်မျှင် ရေးရေး ကလေးပင် အာရုံမှုခြင်းအားဖြင့် ထင်မြင်တွေ့ရှိနိုင်ခဲ့သော် သူကိုယ်တိုင် ပူခဲ့ပန်ခဲ့ရသမျှ အကုန်အေး၍ ဆွေးခဲ့နွေးခဲ့ ရသမျှ အကုန်ငြိမ်းပျောက်မြဲ ဖြစ်ချေသည်။

အမှန်ဆိုရလျှင် လူသားသည် သူကြိုက်မျော်လင့်ချက်သာ ရှိခဲ့လျှင် အသက်နှင့် စည်းစိမ်ကို တချိန်တည်း စွန့်ရန်အသင့် ရှိသော သတ္တဝါဖြစ်၏။

အားလုံးလိုလိုသော ကဗ္ဗဘာသာရှင်တို့၏ (ဝါ) ကဗ္ဗ ခေါင်းဆောင်လမ်းပြ ဆရာကြီးအားလုံးလိုလိုတို့၏ အဓိက ရည်ရွယ်ချက်မှာ အလွန်အားဘက်စိတ်ပါ၍ကျေနပ်နှစ်သက် ဘွယ် ကောင်းလှသော အနာဂတ် မျော်လင့်ချက်တခုကို ကဗ္ဗလူထုသို့ ပေးအပ်ရန်သာဖြစ်ရာ- သူတို့သည် မိမိတို့

ဖြစ်ထွန်းရာ ဌာနဒေသနှင့်ငင်း၊ အချိန်ကာလသမယနှင့်ငင်း၊ ထိုဒေသ ထိုကာလ၌ ပေါက်ဖွားကြ ကုန်သော အများ လူထုနှင့်ငင်း၊ သင့်မြတ်လျော်ကန်၍ ကောင်းကျိုးခံစား ရလိမ့်မည်ဟူသော ရည်မှန်းချက်ဖြင့် လမ်းစဉ် အမျိုးမျိုးကို တီထွင်ပြီးလျှင် လူထုသို့တင်ပြခဲ့ကြကုန်၏။

ထိုအခါ ကပ္ပ လူသားသည် ငင်းတို့တင်ပြ ပေးအပ် လိုက်သော ထိုထိုမျှော်လင့်ချက်တို့၏ ယုတ္တိရှိမှုနှင့် ယုတ္တိ ကင်းမှု(သို့မဟုတ်) အခြေအမြစ်ခိုင်မာမှုနှင့် ယိုင်ချူမှုတို့ကို မှုကား ဝေဖန်စစ်ဆေးခြင်းကိုမပြုဘဲ မျှော်လင့်ချက်သို့ ကာမတ္တမျှဖြင့် ခေါင်းငြိမ့်၍ လက်ထိုးခံသော အဖြေကို လက်ကိုင်ထား၍ လာခဲ့လေသည်။

အကြောင်းကိုဆိုလျှင် လူကား ယရာဝါသော- ဗဟု ကိစ္စာ-ဟူသော ပရိဘာသာအရ အိမ်ထောင် သားမွေး မယားနေးနှင့်- သားရေး-သွီးရေး-စီးပွားရေးစသောကိစ္စ တို့ဖြင့် ဖိ၍ထားအပ်ရကား ခေါင်းပင် မဖော်နိုင်အောင် ရှိခဲ့လေပြီ။

ထိုမှတပါး သူမှာ ထိုထိုများစွာသော ကပ္ပပြဿနာ တို့နှင့် ကတ္တ အဖြာဖြာသောကိစ္စတို့ကို သေချာစစ်ဆေး ဆွေးနွေး စဉ်းစား၍ ပိုင်းခြားဝေဖန် နိုင်လောက်အောင် ကိုယ်နှင့်စိတ်တို့၏ အားလပ်ခွင့်ကို မရရှိသည့်အပြင် ထိုသို့ ပြုလုပ် နိုင်စွမ်းရန် အတွက် လိုအပ်သော အရည်အချင်း ကလည်း ချို့တဲ့လျက်ရှိသောကြောင့် ဖြစ်လေသည်။

ယိုကဲ့သို့ မြားမြောင်လှသော- လူ့ကိစ္စ-လူ့ရေးရာ-လူ့ ပြဿနာတို့ကို သေချာစွာ နားလည်ရန် အလိုရှိခဲ့ပါလျှင်

အလွန် ဝေးလှသော ပဝေဏီကာလ အတိတဟု ဆိုအပ်သော ရှေးသမယမှစ၍ ယခုပစ္စုပ္ပန်ကာလ မျက်မှောက်သမယ တိုင်အောင် ဖြစ်-ပျက် ပြောင်းလဲ လာခဲ့သော လူသား၏ မနုဝင်ကို ပြန်လည်သုံးသပ်ကြကုန်ရာ၏။

မနုဝင်ဆိုသည်ကား အခြားမဟုတ်၊ အလွန်ရှေးကျ၍ အပတိတ်တိရစ္ဆာန်နှင့် ခွဲမရအောင်ရိုင်းစိုင်းလှသော ခေတ်မှ တိုးတက် ယဉ်ကျေးလာပြီဟု အများလူတို့ သမုတ်ကြသော ယခုကာလသို့တိုင် ရောက်အောင် လေးလေး ကန်ကန်နှင့် ဖြေးဖြေးမှန်မှန် ရုပ်ရော-နမ်ပါ- တိုးတက် ကြီးပွား လာခဲ့သော လူသား၏ ကပ္ပခရီးစဉ်သာဖြစ်ချေသည်။

ထိုခရီးစဉ် တလျှောက်၌ လူသား- အသုံးပြုခဲ့သော လက်နက်ကိရိယာ တန်ဆာပလာ, လူသား၏နေရာ, လူသား၏ အစား အသောက် အနေ-အထိုင် စသည်တို့ကို အခြေခံပြု၍ သာလျှင် ကပ္ပ-ပညာရှင်တို့သည် ထိုလူသား၏ ခရီးစဉ်ကို ကြီး ကျယ်ခမ်းနားသော အမည်နာမတို့ဖြင့် ခေတ်အမျိုးမျိုး ခွဲခြားခဲ့ကြကုန်၏။

ထိုသည့်လမ်းစဉ်ကို လျှောက်၍ကြည့်ခဲ့သော် အစပထမ၌ တောတွင်း တိရစ္ဆာန်အရိုင်းတို့နှင့် ဆုံးတူ ကောင်းဖက် ပြုလုပ်ကာ တောတွင်း၌ခနထိုင်သော လူထုကိုတွေ့ရှိ ရချိမ့်မည်၊ ပထမသော် သူသည် မိမိတဦးတည်း၏ ဝမ်းစာ အတွက်သာ လုံးပမ်းတတ်သော သတ္တဝါဖြစ်ခဲ့ပြီး သူသည် သူ၏ ဝမ်းစာအတွက် သစ်သီးဝလံ (သို့မဟုတ်) သစ်မြစ် သစ်ဥ—သစ်ဖု ရှာဖွေခြင်းဖြင့်၎င်း၊ မိမိ တဦး တည်း၏ အသက် ရှင်ရေး- ပျော်ရွှင်ရေး— ဘေးရန် ကင်းပရေး—

သက်သာ ချောင်ချိရေး အတွက် လုံးပမ်း အားထုတ်ခြင်းဖြင့်၎င်း အချိန်ကိုဖြုန်းခဲ့ရ၏။

ထို့နောက် သူသည် တဦးတည်း နေထိုင်သော ကေစာရီဘဝမှ အစုံ-အစုံနေသော ဒွန်တွဲ ဘဝသို့ရောက်ခဲ့လေသည်။

ထိုကဲ့သို့ သားနှင့် မယားနှင့် နေထိုင်စပြုမိသော အခါ သူ၌ အလုပ် အကိုင်တွေ တက်လာခဲ့၏။ သူသည် မိမိတဦးတည်းမှ တပါး အခြားသောလူနှစ်ဦး (သို့မဟုတ်) သုံးဦးအတွက်ပါ စား- ရေ- ရိက္ခာ-- လုံလောက်ရန် အချိန်ပိုအလုပ်ပိုများကို လုံးပမ်းအလုပ် ပြုခဲ့ရလေ၏၊ ထိုမျှမက သူသည် မိမိ၏ပတ်ဝန်းကျင်၌ရှိသော တောတိရစ္ဆာန်ရိုင်း၏ ရန်ကိုတွန်းလှန်ကာကွယ်ရခြင်း၊ ထိုပြင်, နေ, ရေ, လေ, မိုး, ဟူသော သဘာဝ၏ ထိပါးတိုက်ခိုက်ခြင်းတို့ကို ခုခံရခြင်းတို့ဖြင့် အလုပ်များခဲ့ရ၏၊ သူနှင့်သူ့အိမ်ထောင်တစု ဘေးရန်ကင်းပ၍ သုခချမ်းသာ ရရှိရေးအတွက် မနေမနား ကြိုးစား ပြုလုပ်ခဲ့ရ၏။

ထိုအခါမှစ၍ သူသည် တောတွင်း၌ ညံ့ဖျင်းသော လက်နက် များဖြင့် အမဲလိုက်ခြင်း၊ မိမိလိုက်၍ ရသော သားကောင်များကို အစိမ်းလိုက် စားသောက်ရန် မိမိနှင့် တကွ အိမ်သားများသို့ ဝေငှခြင်းကိုပြု၏။

ထို့နောက် မီးဓါတ် ပေါ်ပေါက်လာ၍ အကျက်စား ဘဝသို့ ရောက်သော အခါ ထိုသို့ သား ကောင် တို့ကို ဖုတ်,ကင်, ကြော်မြှိုက်ခြင်း လုပ်ငန်းတို့ဖြင့်၎င်း၊ ထို့နောက် ကောက်ပဲ-သီးနှံစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ၎င်းတို့ကို ဝေခွဲခြင်း၊ သိုမှီးခြင်း၊ ရောင်းချခြင်း စသော လုပ်ငန်းတို့ဖြင့်၎င်း၊

ကိုယ်ရော-စိတ်ပါ မအားလပ်အောင် အလုပ်တွေ များခဲ့ရလေပြီ။

ဤသို့ အကျဉ်းအမြွက်မျှ ဖေါ်ထုတ်ခဲ့သော လူ့လမ်းစဉ်ကို ကြည့်ရှုခြင်းအားဖြင့်၊ လူသည်“မျော်လင့်ချက်” ဟူသောကိစ္စမှန်ဖက်သို့ ဥာဏ်ဦးလှည့်ပြီး စိတ်မကူးနိုင် လောက်အောင် အလုပ်ရှုပ်ကိစ္စများခဲ့ရသည်၏အကြွင်းကို ခိုင်မိသိရှိနိုင်လေသည်။

လူသားတို့သည် ထိုထိုသော မျော်လင့်ချက်တို့ကို ကွက်ကွက် ကွင်းကွင်း ထင်လင်းသေချာစွာမတွေ့ရ–မမြင်ရသေးဘဲလျက်နှင့်ပင် သစ်သီး–သစ်ဥ–သစ်ဖုစားဘဝမှ သားစိမ်းငါးစိမ်းစားဘဝသို့ရင်း၊ ထို့နောက် အကြောင်းအားလျော်စွာ သစ်ကိုင်းအချင်းချင်း ပွတ်မိရာ (၀ါ) ပွတ်တိုက်မိရာမှရင်း (သို့တည်းမဟုတ်)ကျောက်ခဲချင်း တိုက်မိ–ဆပ်မိရာမှရင်း၊ အမှတ်တမဲ့ ရရှိလာသောမီးကိုအမှီသဟဲပြု၍ အကင်–အဖုတ်–အကြော်–အလှော် စသော သားကျက်စား ဘဝသို့ရင်း၊ တဖန် အလေ့ပေါက်ကြွကျနေသော ပေါး–ပြောင်း–ပဲစသော အသီးအနှံတို့ကို ကောက်ယူစားသောက်ကြသော ငှက်တို့၏ အတုနမူနာကိုယူ၍ ဆန်–စပါး စသည်ကို ချက်ပြုတ် စားသော ဘဝသို့ရင်း၊ အဆင့်ဆင့် မြင့်တက်လျက် တိုးတက်ကူးပြောင်းလာနိုင်ခဲ့၏။

ဤသို့အားဖြင့်လူသည်အရိုင်းဘဝ,ဥယျာဉ်မှူးဘဝ,မုဆိုးဘဝ,ကျွန္တားကျောင်းသားဘဝ,တောင်သူ လယ်သမားဘဝ,မြေရှင် ယာရှင်ဘဝ စသော ဘဝအမျိုးမျိုးသို့ ကူးပြောင်းကျင်လည်သာခဲ့ရလေပြီ။

သူသည် သို့စင်တမျှ မိမိ၏နေရေး, ထိုင်ရေး, စားသောက်ရေးနှင့်တကွ, သေရေး, ရှင်ရေးဘို့အတွက်လက်မလယ်, စိတ်မအား, အလကားမနေနိုင်လောက်အောင်, အလုပ်, အကိုင်တွေ ဗလပွေနှင့် လုံးချီ, ပြားချီ, နိမ့်ချီ, မြင့်ချီ, တက်ချီ, ကျချီ, ဘဝ ရဟတ်လည်ခဲ့ရစေကာ ထိုသည့် 'မျှော်လင့်ချက်' ကို မူကား အာသာငင်ငင် တောင့်တ လိုချင်လျက်ပင် ရှိချေသေး၏။

အဘယ်ကြောင့်နည်း–လူသည်ဘဝအတွင်း၌ သစ်သီး–သစ်ဖု–သစ်ဥဘုကို ရှာဖွေစဉ် (သို့မဟုတ်) တောအမဲတို့ကို သဲသဲမဲမဲ လိုက်ရစဉ်(သို့မဟုတ်)ကျွဲအုပ်, နွားအုပ်ကို ထိန်းကျောင်းနေရစဉ် အချိန်အခါ များမှာကဲ့သို့ ကိုယ်မအား စိတ်မအားခြင်းနှင့်တကွ နေရာဌာနတခုတည်းတွင် အတည်တကျ ထာဝရ မနေနိုင်ခြင်း ဟူသော အခြေ အနေတို့ကို ကျော်နင်း လွှန်မြောက်လာခဲ့ပြီဖြစ်၍ သူသည် ကိုယ့်သယ်, ကိုယ့်ယာနှင့် ကိုယ့်ဝင်း, ကိုယ့်ခြံကလေးနှင့်, ကိုယ့်တဲ, ကိုယ့်အိမ်ကလေးနှင့်, ကိုယ့်လုပ်ခင်း ကိုင်တာကလေးနှင့် နောက်ဆုံး၌ ကိုယ့်ကျေးကိုယ့်ရွာနှင့် အတည်တကျ ထာဝရသဘောအားဖြင့် နေနိုင်, ထိုင်နိုင်သော အခြေအနေသို့ ဆိုက်ရောက်လာခဲ့ပြီဖြစ်ရာ ထိုသို့ မိမိရရှိနေသော အားလပ်ခွင့်အချိန်ကလေးကို အချည်းနှီး အလဟဿ ဖြုန်းတီး၍မပစ်လိုဘဲ "မျှော်လင့်ချက်" ဟူသောအလုံးကလေးနှင့်ပြုံးပြီးနေလိုသောကြောင့်ပင် ဖြစ်ချေသည်။

အမှန်မှာ ဤအချက်သည်ပင် ဆိုးဆိုး ကောင်းကောင်း သောင်းပြောင်းရောရော များစွာကုန်သော ဘာသာ ဟူသော

ကပ္ပလမ်းစဉ်အမျိုးမျိုးတို့ ထွက်ပေါ်လာရခြင်း၏ အကြောင်းရင်းဘရပ်ဖြစ်ကြောင်းကိုထင်လင်းစွာ တွေ့မြင်ရပေလိမ့်မည်။

ဤလူသား၏ 'မျှော်လင့်ချက်' သည်ပင်ဘာသာနှင့် ဘုရားအယူဝါဒများတို့၏ဖန်ဆင်းရှင်ဖြစ်သည်ဟုဆိုသော် များစွာကြီး လွဲမှားလှမည်မဟုတ်ချေ။ လိုရင်းမှာ လူသား၏ အားကိုးရှာမှုသည် ပဓါနအခြေခံဖြစ်ခဲ့ချေသည်။

ဤ "မျှော်လင့်ချက်" ဟူသော အလုံးကို တီထွင်ခဲ့ကြကုန်သော ကပ္ပလမ်းညွှန်ဆရာ အသီးသီးတို့၏ လမ်းစဉ်တို့ကား ဤကမ္ဘာလောက၌ မြောက်မြားစွာပင် အထင်အရှားရှိခဲ့ကြကုန်၏။

သို့ပင်ရှိကြစေကာ ၎င်းတို့၏ဟောပြချက် ဒေသနာများကို အချည်စစ်၍ အနှစ်ထုတ်လိုက်သောအခါ ၎င်းတို့သည် အားလုံးလိုလိုပင် အနာဂတ် သာချည်းသာ ဖြစ်ကြကုန်၏ ဟူသောအချက်၌ တူညီနေကြသည်ကို တွေ့ရှိရလေသည်။

ဆိုအပ်လှပေ၏။ ဤကမ္ဘာလောက၌ သန်း-၈ထောင်းဖြင့်ချီ၍ ရေတွက်အပ်သော ကိုးကွယ်သူရှိ၍ ထိုမျှသော ကပ္ပလူထု၏ယုံကြည်အားကိုးပြုခြင်းကို ခံယူကြကုန်သောဘာသာတို့သည် ယေဘုယျအားဖြင့် လူသား၏ ပစ္စုပ္ပန် မျက်မှောက်ဘဝကို ကောင်းကင်ဘုံနန်းဟူသော အနာဂတ်ဘဝအတွက် လေ့ကျင့်ရာစခန်းအဖြစ်ဖြင့်သာ အသိအမှတ်ပြုခဲ့ကြကုန်၏။

သို့ဖြစ်ရာ သူတို့သည် လူသား၏ ယခုလက်ရှိ ပစ္စုပ္ပန်ဘဝကို ပူစရာ-ပင်စရာ ရောဂါဆိုး အဖြာဖြာ၊ များစွာသောဆင်းရဲ၊မနဲသောဒုက္ခ၊အနန္တဖြစ်သောအလိုမပြည့်မှုတို့

အပြင်, ဘဝင်မခအား ပူဆွေးကြောင့်ကြ သောက ဗျာပါရ ပရိဒေဝမှုအမျိုးမျိုးတို့ဖြင့် ခြယ်လှယ်ကြကုန်၍ ကောင်းကင်ဘုံနန်းတည်း ဟူသော အနာဂတ် ဘဝကိုမှုကား မွန်မြတ်သောသုခချမ်းသာ ထူးခြားသောကြက်သရေမင်္ဂလာ "ဇိမ်" ရတနာ အဖြာဖြာတို့ဖြင့် ပေပေဆာဆာ လိုချင်မက်မောစရာ ခုံမင်စွဲမက်ဖွယ်ရာ ဖြစ်အောင်မွန်းမံ ခြယ်လှယ်ခဲ့ကြကုန်၏။

သို့ဖြစ်ရာ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း လက်မအား၊ ကိုယ်မနား၊ စိတ်သောကပါ များများလျက် အားလပ်ခွင့်မရှိနိုင်အောင် အလုပ်တွေများခဲ့သော လူသားသည် မွေ့တာအားဖြင့် ယခုပစ္စုပ္ပန် မျက်မှောက်ဖြစ်သော ဤဘဝ၌ အသက်တာ၏ တိုတောင်းလှခြင်း၊ ရောဂါဘယ ထူပြောလှခြင်း၊ အချိန်နှင့် မထေမိ, မကာမိအောင် အလုပ် ရှုပ်ထွေးခြင်း ဟူသော အကြောင်းတို့ကြောင့် သုခစစ်ချမ်းသာမှန်ကို ကောင်းစွာရှာဖွေ၍ မတွေ့နိုင်-မရနိုင်ခဲ့ချေ။

လူ့သဘာဝကား မရနိုင်လေ လိုချင်လေ ဖြစ်တတ်၏။ ထို့ကြောင့် သူတို့သည် လူသား၏ လိုလားတောင့်တချက်-ချမ်းသာကွက်ဖြစ်သော ထိုသည့် မျှော်လင့်ချက်ကို သချိုင်းကုန်း၏ ဟိုမှာဘက်ဖြစ်သော အနာဂတ်ကာလသို့ ယက်ညှိုးထိုး၍ပြခဲ့ကြကုန်၏။

အမှန်မှာ ထိုမျှသနားစရာကောင်းလှသော ကပ္ပလူသား၏ လက်ရှိ အခြေ အနေစသည်ပင် ထိုထို များလှစွာ ကုန်သော ကပ္ပ ယက်ညှိုးထိုး ဆရာကြီးတို့အတွက် အကွက်ကောင်း စားကျက်ကောင်းဖြစ်၍နေပုံရလေသည်။

# လုပ်တိုင်းကုန်းတဖက်သို့

‘‘အို–အချင်းလူသားအပေါင်းတို့–

ယခုလက်တွေ့ တိုက်ဆိုင် ခံစားနေရသော အသင်တို့၏ ပစ္စုပ္ပန်ဘဝကား အကောင်းနည်းပါး မကောင်းတွေကသာများသဖြင့် ဆိုးဝါးလှချေ၏တကား။ ငါတို့ ဟောခဲ့ပြောခဲ့သည့်အတိုင်းပင် ဒုက္ခနှင့်အပူမျိုးစုံ ဆင်းရဲမှုအဖုံဖုံ တို့ဖြင့် အမြဲတမ်းထုံ၍ ထားအပ်သည်နှင့်တူရကား ဤဘဝ၏ လုံးဝ တန်ဖိုးမရှိ၊ အသုံးမကျ၊ နိရတ္ထကဖြစ်သော သဘာဝကို အသင်တို့မျက်မြင်ကိုယ်တွေ့ သိရှိနေကြရပြီမဟုတ်တုံလော။

အို လူသားအပေါင်းတို့– လက်ပစ်ဘဝတွက်– လျှပ်တပျက်ဟု ဆိုလောက်အောင်, နည်းငယ်တိုလျှလသော ကြောင့် ဘယ်သို့နည်းနှင့်မှ အသုံးချ၍ မရနိုင်တဲ့ ဤလူ့ဘဝ၌, ငင်းမှယိုထွက်သော သုခရိပ်ငြိမ်ချမ်းသာ ‘‘ဇိမ်’’ ကလေးကို အလွန်အမြူး အထူးမက်မော ရှာတက်စော၍ သွားရည်ယိုကျသွယ် ကောင်းလှသော ကောင်းက ဘုံနန်း အငွေ့မသန်းတဲ့ ဟက်ကဲ့ချမ်းသာ အဘူတ် အဘယ်ကြောင့် ရက်စက်စက်ကက်, မစွန့်မလွှတ်နိုင်ကြကုန်သနည်း ?

အို–အချင်းလူသားတို့–အယောင်တုအာသာဝင်ငင်မစွန့်ရက် မပယ်ရက်အောင် စွဲမက် ခုံမင် နေကြသော ယခု ပစ္စက္ခ–မျက်မှောက် ဘဝကား လေ့ပူ နေ့ပူ သဲ့ပူတို့ဖြင့် အမြဲမပြတ် နှိပ်စက် အပ်သော မရကန္တာရနှင့် တူလှချေ၏၊ ထိုရာတွင် သင်တို့အား သနားငဲ့ညှာ ကြီးမားလှသော ရောမကရုဏာဖြင့် ငါတို့–ဟောဖေါ်ပြအပ်သော သင်္ချိုင်း

ကုန်း၏ ဟိုမှာဘက်၌ ရှိသည်ဟုဆိုအပ်သော ကောင်းကင်ဘုံစခန်း အမြိုက်နန်းတော် တမူကား စိမ်းလဲ့ ဝေဖြာ–ဧးမြသော ရိပ်ဆာယာနှင့်တကွ ကြည်လင်ချိုမြသော စမ်းရေယဉ်စခန်းနှင့် တူလှချေ၏၊ ထိုကြောင့် အပူနယ်အတွင်း၌ ထန်ပြင်းခံခက် ရက်စက်လှသော ဒုက္ခအပူဒဏ်ကို အလူးအလိမ့်ခံနေရသော အသင်လူသားသည် အပူဒုက္ခ ဟူသမျှတို့မှုအစ မကျန် ကေန် ကေ– ဧးမြရာ ဖြစ်သော ငါတို့၏ စမ်းရေယဉ်စခန်းသို့ အဘယ်ကြောင့် လှမ်းတက်ရန် နှောင့်နှေး ဖင့်နွဲ၍နေရပါသနည်း ?။

ဤသို့စသော ရှေးမ စကားလုံး ထွေးထွေးကြီးတွေကို အသုံး ပြုကြကုန်ပြီးသျှင် သူတို့သည် ထူပိန်း, မည်းနက်လှသော အမှောင်အတွင်းသို့ သနားစဘွယ် အားငယ်စွာ ကျရောက်၍နေသော လူသားကို ထပ်လော၍ မှိုင်းတိုက်ခဲ့ကြပြန်လေသည်။ အော်– အလွန်အကြူး– အထူးကြီးမားတဲ့ ကရုဏာရှင်တို့ပေတကား။

ထိုကြောင့်လူသား၏စိတ်၌ ဇဝေ,ဇဝါ,မသေချာမှုတွေ ပေါ်ပေါက်၍လာချေသည်။ ထိုသို့မရေမရာသော အချက်တို့ကြောင့် ထိုထိုလမ်းစဉ်တို့တွင် မည်သည့်လမ်းစဉ်ကိုမျှစိတ်ကျလက်ကျ လူသားကိုယ်တိုင် မလိုက်နိုင်ခြင်းမှာ အံ့သြဘွယ်ရာ မဖြစ်နိုင်တော့ချေ။

ထိုမှတပါး ထိုထိုများစွာ လမ်းညွှန် ဆရာကြီးများ လက်ညှိုးထိုး၍ ပြရာဘက်သို့ ဇောက်ချ၍ လိုက်ပြန်သော အခါ၌လည်း သင်္ချိုင်းကုန်း၏တဘက်သို့ ရောက်တိုင်း ရောက်

တိုင်း သူတို့ရဲ့လမ်းစ ပျောက်၍ပျောက်၍ သွားသည်ကို တွေ့နေရပြန်လေသည်၊

သို့ဖြစ်ရာ ယခုခေတ်အခါ၌ အချို့အချို့သော လူသား ပညာရှင်တို့သည် ထိုလက်ညှိုးထိုး ဆရာကြီးတို့၏ သချိုင်း ကုန်းဟိုမှာဘက်သို့ ညွှန်ပြသော လမ်းစဉ်- အသီးသီးတို့၌ အယုံအကြည် လျော့ပါးကင်းမဲ့၍ လာကြလေပြီ။

ထိုမျှမရေရာ၍ မသေချာလှသော လမ်းစဉ်တို့ကို တော် လှန်၍ ငြင်းဆံကြလေကုန်ပြီ၊ သပိတ်မှောက်၍ ခွဲထွက်ကြ လေကုန်ပြီ၊ ထိုမျှမက- ရဲရင့်သူ-လူပညာရှင်အချို့ကမူ မိမိ တို့၏ မျက်တွေ့-လက်တွေ့- စိတ်တွေ့- ဗဟုသုတတို့၏ အကူ အညီဖြင့် လူသားအနို့ အသစ်ဖြစ်သော လမ်းစဉ်ကိုထွင်နေ ကြ လေကုန်ပြီ၊ ပြီးလျှင် အချို့သောဒေသများ၌ အများ လူသု အသုံးပြုစမ်းနိုင်ရန် ထိုလမ်းသစ်ကို ဖွင့်လှစ်၍ပင် ကြည့်ကြလေကုန်ပြီ။

ထို့ပြင် ထိုသို့ လူပညာရှင်တို့ ကြံစည် တီထွင်၍ "ဖေါက်လုပ် ကြသော လမ်းစဉ်" အသစ်ကို အချို့သော လောက အစိပ်အပိုင်းတို့၌ အစမ်းသဘောအားဖြင့် လူ အများကြိုက်ညီ လက်ခံကြကုန်ပြီးလျှင် ယခုအခါ အများ လူထုပင် လမ်းမကြီးပေါ်သို့ ပျော်ရွှင်အားရစွာ တက်ရောက် ၍ လျှောက်စပြုခဲ့လေပြီ၊

သို့ရာတွင် ကပ္ပလူထုအတွက် ဝမ်းနည်းဘွယ်ကောင်း သော အချက်ကား "အရင်ဟာထက် နောက်ဟာ ဆိုး-ထိုး သာချလိုက်"ဟူသော မြန်မာစကားပုံအတိုင်းဖြစ်၍ နေခြင်း ပင်တည်း။

အကြောင်းမူကား ကပ္ပ-လူထုသည် ထိုလမ်းစဉ်သစ်ပေါ်သို့ တက်ရောက်ပြီး လျှောက်၍မျှမကြာမီ ထိုလမ်းစဉ်လည်း ခလုတ် ကန်သင်း တွင်းကြင်း ဆူးငြောင့် မကင်းမရှင်းသည့် အပြင် အဆင်းအတက် တဖက် နိမ့်စောင်း ချောင်းကူးသဲယက် ရှုံ့ပွက်ညွှံပြောင်း ချုံပိတ်ပေါင်းနှင့် ဆူးပဒေါင်း-ဆူးလေ ရေပြင်ချိုင့်ဝှမ်း ကမ်းပြတ် ကမ်းစောက် ကျောက်ခဲသစ်လုံး ဘယ်ဝုံး,ညာ—ဂွမ်း အလွန်ကြမ်းထမ်းလှသော အဖြစ်ကို ပက်ပင်းပါ တွေ့ကြုံနေရသောကြောင့်တည်း။

သို့ရာတွင် လမ်းသစ်ထွင် ဆရာတို့ကား ကုန်းကုန်း, ကုန်းကုန်း, ချွေးတလုံးလုံးနှင့် အပြုံးမပျက် ကြကုန်သေးချေ။

သို့ရာတွင် သူတို့သည်လည်း ရှေးနှောင်တော်, နှောင်တော် လက်ညှိုးထိုးဆရာကြီးများ၏ လေလုံးကို မသိမသာ ပါးလွှာလွှာကလေးပြုလုပ်အသုံးပြုကြကုန်ပြီးလျှင် "အသစ်ခုတ်ထွင်၍ သုတ်သင်ဖေါက်လုပ်အပ်သော လမ်းတိုင်းမှာ အစပထမ၌ နည်းများမဆို အခက်အခဲတော့ တွေ့ကြုံရမြဲ မမှတာပါဘဲ" အတော်အတန် အောင့်အည်း သည်းခံပြီး ဇွဲသန်သန်နှင့် ရှေ့သို့ ဆက်လက်ပြီး လျှောက်လိုက်ကြမ်းပါ မုချကေန် ဟန်၍လာပါလိမ့်မည်၊ ချောမွတ် ပြေပြစ်သော လမ်းကောင်းကို လျှောက်ရပါလိမ့်မည်။ ကြောင့်ကြရန် အကြောင်း မရှိပါဟူ၍ အနာဂတ်သံ-ပါသော လေလုံးဖြင့်ပင် ကပ္ပလူထု၏နှလုံးကို ကြေနပ်ရှင်ပြုံးအောင် နှူးကြနှပ်ကြပြန်လေသည်။ အော်-ခက်ခဲစွာ့တကား။

သို့ဖြစ်ရာ ခေတ်ပေါ်လမ်းသွင် ဆရာတို့၏ "အသစ်ထွင်သည်ဟု ဆိုအပ်သော လမ်းစဉ်"ကို အတွင်းအပြင် စေ့စပ်သေချာစွာဝေဖန်၍ ကြည့်ရှုရန်လိုလာလေသည်။ သို့ကြည့်ရှုခဲ့သော် ဘာကိုတွေ့ရသနည်း ?။

ရှပ်ဟောင်းကို ခုတ်လောင်းပြီး ရှပ်သစ် ပြောင်းမှုကို မတွေ့ရဘဲ၊ အဝတ် တံဆာ-ဒွါဒရာ-အသစ် ဆင်မြန်းပေးထားသည်ကို တွေ့ရှိရလေသည်။

ထိုကြောင့် ကပ္ပ လူထုသည် ပူပြင်းလှသော သံဒင်အိုးအတွင်းမှ ခုန်ချလိုက်ရာ ဟုံးဟုံးတောက်လောင်နေသော မီးဖိုတွင်းသို့ သက်ဆင်းရသောကိန်းဆိုက်နေဟန်ကို တွေ့နေရသဖြင့် ရှိအားထက်- ငိုအားသန်ရမလို ဖြစ်လျက်နေချေပြီ။

မည်သို့ဖြစ်စေ အချို့သော လူသားတို့သည် ခေတ်ပေါ်ဆရာတို့၏လမ်းစဉ်သစ်သို့ ခြေစုံပစ်ဝင်ကာ လျှောက်သွားစပြုကြလေကုန်ပြီ၊ သို့ရာတွင် ထိုလူတစု ဟောကြဲ-ပြောကြ၊ အော်ကြ ဟစ်ကြ၊ ကြွေးကြော်ကြသော လောကနိဗ္ဗာန်၏ အရသာကို လက်တွေ့မခံစားသေးမီ လောကငရဲနှင့်မှုကားဒိတ်တိုးလျက် နေသည်ကို တွေ့နေရချေပြီ။

ထို့ကြောင့် ကပ္ပ-လူသား၏ကြည်လင်သောဉာဏ်အမြင်၌ "သည်ပုတ်ထဲမှသည်ပဲ" ဆိုသကဲ့သို့ပင်၊ သူတို့လဲအနာဂတ်သမားတွေ ဖြစ်ကြောင်း ထင်လျှားခဲ့လေပြီ၊ ထိုသို့သော အဖြစ်မှန်ကို ရိပ်မိသဖြင့် ကပ္ပ လူထုသည် ၎င်းတို့ ခင်းပေးသောလမ်း၌ လျှောက်ရန် အလွန် ခြေ, လေးလာခဲ့ရာ၊ နောက်ဆုံး၌ ရှေ့သို့တိုးသွားလိုစိတ်တွေပင် ခန်းခြောက်ပြီး ရောက်တဲ့ နေရာတွင် ကိုယ်ပန်း စိတ်ဟိုက်, အမောဆိုက်

သောကြောင့် အဘင်း ခြေပင်လက်ပစ်ထိုင်ချလိုက်လေတော့သတည်း၊ အော်--သနားဘွယ်ကောင်းစွတကား။

တရံရောအခါ ကြီးကျယ်ခမ်းနား၍ ကြွက်ဘုံမကျ စည်ကားလှသည်ဟု ဆိုနိုင်သောက်သော ဗာနပုဒ်, ဈေးသက်တောရွာကြီးတခုရှိခဲ့လေပြီ၊ ထိုရွာကြီး၌ ရွယ်အားဖြင့် ၁၈—၂၀၊ အရွယ်ကောင်း၊ ရုပ်ရည်နှင့်၊ မျိုးသန့်-ဇာတ်သန့်၊ ခံ့ညားအိမ်ဝင်း အဆင်းလည်း မသိုးလှသော လုလင်ပျို တယောက်ရှိခဲ့လေသည်။

၎င်းသည် ကောင်းမြင်းငါးဖြာ, ကင်းကွာခြောက်ပြစ် ချစ်ချင်စရာ ရူပကာနှင့်ပြည့်စုံသော ယမင်းပျို တယောက်ကို အိမ်ရှင်မ ပြုလုပ်ရန်အတွက် လိုချင်လှပါသည်ဟု မိဘနှင့် ညာတကာတို့အား အပြင်းအထန် နားပူနားဆာ ပြုလုပ်၍ နေလေသည်။

ထိုမျှမက ရုပ်ရေဖြူးဖြောင့် တောင့်တင်းပြေပြစ် နတ် အစ်မလော-လူပင်လောဟု-ငေးမောကြည့်ဘွယ် အပျိုမယ် ကိုမှ ယူသလိုမရရှိခဲ့ပါလျှင် အဝတ်ချွတ်ကာ လမ်းလယ်မှာ လိုမ့်ကလူးတဲ့ အရူးကြီးလုံးလုံး ဖြစ်ရပါလိမ့်မည်။

ထိုကဲ့သို့သော သူကလေးကို ရအောင် ကြံဆောင်ပေး တော်မူကြပါ၊ တကယ်မုချ ကံဆိုးမသွား, သူလိုဟာကလေး များကို မရနိုင်တော့ဘူးဆိုပါလျှင် အစာဖြတ် ရေငတ်ခံ၍ လူ့ဘဝ, လူ့ဇာတ်ကိုပင် ဝမ်းနည်းပက်လက်နှင့် ရက်ရက် စက်စက် ဖျက်သိမ်းလိုက်ရပါလိမ့်မည်။

ထိုသို့သော အကြောင်းကြောင့် ထိုကဲ့သို့သော သတို့သမီး ကညာကို ရရာမှာရှာကြံ၍ ဖြောင်းဖြနားချပေးတော်မူကြပါ၊

မရမနေဟူသော ဇွဲဖြင့်ကပ်ခါပူးပြီး နှူး၍ပေးတော်မူကြပါ၊ အောင်သွယ်ဒလံနှင့် စေတမန် ဆက်သားတို့ကို အတန်တန် စေလွှတ် နားချပြီး မရမက လှော်၍ခတ်၍ပေးတော်မူကြပါ၊ ဇှက်ပျောပွဲ အုန်းပွဲအပြင် ကန်တော့ဘွယ်ရာတွေလဲမနည်းပါ စေနှင့် ထိုနောက် မကျဲသော လူကြီးလူကောင်း ပရိသတ် အစုံနှင့် တောင်း၍ရမ်း၍ ပေးတော်မူကြပါ။

သို့မဟုတ်ပါခဲ့လျှင် ကျွန်တော်သည် မသေးငယ်သော ဒုက္ခနှင့် မုချရင်ဆိုင်ရပါ၏တော့မည်ဟူ၍ သက်ဆိုင်ရာ မိဘများ ညာတိသင်္ဂဟများနှင့် အပေါင်းအသင်း ရောင်းရင်းများကို တောင်းပန်တိုက်တွန်းရာ၏။ လူနာ အမဲခြောက် တောင်း သကဲ့သို့ အဘောင်းကပ်ရပ်ပြီး နားပူ သံကြပ် ပြုလုပ်ရှာ၏။

ထိုအခါ သက်ဆိုင်ရာ လူကြီး,ဘ,မိ တို့၏ စိတ်တွင် သနားခြင်း ကရုဏာနှင့်ကိုယ်ချင်းစာမှုပါ ဝင်ရောက်ပြီးလျှင် ကိုင်း-ကောင်းလှပြီ မောင်ဟဝ့ါ၊ အာ သာ ငန်း ငန်း သို့ ကလောက် အမောင် စွဲလမ်းပြီး တန်းတလိုချင်နေတဲ့ လုံမယ် ပျိုကို ငါတို့ဘတွေ မရမနေ သဘောဖြင့် ပူးကပ်နှူးနှပ်ပြီး စေ့စပ်ကြောင်းလမ်း တောင်းရမ်း ပေးပါတော့မည်။

ဤကဲ့သို့ လူကြီးလူကောင်းပီပီ အသာတကြည် စေ့စပ် ကြောင်းလမ်း၍ မရခဲ့သော် ဒသဂီရိ၏ လက်သုံး ခေါင်း ဆယ်ခွတီလူး၏ ကျင့်ထုံးအတိုင်း မဆိုင်းမတွ မရရအောင် ဆောင်ကျဉ်း၍ ပေးပါတော့မည်။ အမောင် သာလျှင် ပျော်ရွှင်ပါလေလော့၊ ဘယ်လို အနှောင့် အယှက်မျိုး ကိုမှ တွေးပြီး မဆွေးပါနှင့် စိတ်မဇေးမဖြစ်ပါလေနှင့်၊ အမောင်၏ ဇာဘာစန်းလင်္ဂများ အထက်တန်းရောက် ရှမ်းရှမ်းတောက်

ဘောင်းလာပြီမို့ အမောင်သာ-ပျော်လော့-ရွှင်လော့ ရှင် ကော့ပြီး 'မင်္ဂလာသဘင်သွားတို့၏ ထုံးကိုနှလုံးပြုကာ ခပ်ပြုံး ပြုံးနေပါလေလော့။

သို့ရာတွင် အာ၁ရးကြီးဒါက ကိုဟာဝါကြီးရေ့- အဲဒီယခု မောင်လိုချင် တမ်းတနေတဲ့ လုံမယ်ပျိုရဲ့ အမည်နာမကို ဘယ်သူ-ဘယ်ဝါလို့ ခေါ်ကြပါသနည်း ?။

ကျွန်တော်မသိပါခင်ဗျား။

အဲဒီမောင်လိုချင်တဲ့ ထိုမျှလှပ အချိုးကျသော ထိုသမီး ကညာသည် မည်သည့်မြို့ရွာဒေသမှာ နေထိုင်၍ မည်သူ မည်ဝါ၏ သမီးဖြစ်ပါသနည်း ?

ဟူသော အမေးကိုလည်း။

"ဟင့်-အင်, အဲဒါကိုလဲ ကျွန်တော်မသိပါ"

ဟု အဖြေပေးပြန်သောအခါ သက်ဆိုင်ရာ လူအများ တို့သည် ဝိုအားထက်ရီအားသန်ဖြစ်ကြကာ လွန်စွာစိတ်ပျက် သွားကြလေကုန်သတတ်။

ဤကား ကမ္ဘာအချပ်ရပ် ခေတ်အသီးသီးတို့၌ ပေါ် ပေါက် ဖြစ်ထွန်းခဲ့ကြကုန်၍ ကဗျာလူသု၏ မျှော်လင့်ချက် ပန်းပွင့်ကလေးကို လန်းသန်းစွင့်စွင့် ကားကား ပွင့်အောင် အဆင့်ဆင့် ခပ်ခါထပ်ခါ ကြိုးစားခဲ့ရှာကြကုန်သော ကဗျာ လက်ညှိုးညွှန်ဆရာကြီးတို့ကို ရည်ညွှန်း၍ကပ်ခဲ့သော ဗုဒ္ဓ၏ ပုံကလေးတချပ် ဖြစ်ချေသည်။

တရံရောအခါ လူဘယောက်သည် သစ်သား အရာ၌ ကျွမ်းကျင် လိမ္မာကြကုန်သော လက်သမား ဆရာတို့ကို

ငှားရမ်း၍ ၎င်း၏အကူအညီဖြင့် ခမ်းနားသပ်ယပ်သေသပ် လှပသော- လှေခါးတခုကို တည်ဆောက် လုပ်ကိုင်နေခဲ့ လေသည်။

ထိုလှေခါးအတွက် လက်သမားတို့၏သစ်သားလုပ်ငန်း အပြီးအဆုံးသို့ ရောက်ပြီဖြစ်၍၊ လက်သမား ဆရာတို့သည် ၎င်းကို အချောတိုက် အရောင်တင်လျက်ရှိလေပြီ၊ ကောင်း မွန် သေသပ်လိုက်တဲ့ လှေခါး၊ ချောမွေ့ တောက်ပြောင် အရောင်လက်လိုက်တဲ့ လှေခါး၊ ရှာမှရှားသို လာ သော လှေခါးပင် ဖြစ်ချေသည်။

ဗုဒ္ဓဘုရားနှင့် သိကြားမင်းတို့နှင်း၍ ဆင်းသက်ရာ တာဝ တိံသာ နတ်နန်းမှ သင်္ကဿနဂိုရ်မြို့ဦး၌ စိုက်ထောင်ထား သော ဝိသုကြို၏ ယက်ရာ လှေခါးပင်လောဟု ငေးမော-အံ့သြ လောက်တဲ့ လှေခါးပင်တည်း။

ထိုအတောအတွင်း၌ ၎င်းနေရာသို့ အမှတ်မထင်သူ လူ တယောက်သည် ယုတ်တရက်ပေါ်ပေါက်လာလေပြီ။ ၎င်း သည် အလွန်တနာချောမွေ့ တောက်ပြောင် အရောင်တလက် လက်နှင့် ရက်စက်စွာလုပ၍နေသော လှေခါးကို မြင်သော အခါ စကား မပြောနိုင်လောက်အောင် ငေးမော-အံ့သြ၍ သွား ပြီးလျှင် ထိုလှေခါးကိုအစွန်းကုန်ချီးကျူးရာလေသည်၊ အကြိမ်ကြိမ်ထပ်ခါလောပြီး မမောနိုင် မပန်းနိုင် ထောပနာ ပြုရှာလေသည်။

သို့ရာတွင် သူသည် ထိုနေရာအနီးတစိုက်၌ (၀၁)၎င်း၏ မျက်စေ့တမြင် ထိုနေရာပတ်ဝန်းကျင် အပေါ် လေးမျက်နှာ တို့၌ ထိုကဲ့သို့သော လှေခါးမျိုးကို တပ်ဆင်ကပ်ထောင်ရန်

လျော်ကန်သင့်မြတ်သော ဘုံနန်းပြာသာဒ် အဆောက်အဦ တစုံတခုကိုမျှ မတွေ့မမြင်ရသေးသောကြောင့် ဤသို့မေးမြန်း ရှာလေပြီ။

"အို-လှေခါးဆရာကြီးတို့--

လက်သမား ဆရာကြီးများ ဆောက်လုပ်တဲ့ လှေခါး ကဖြင့် ရှားရှားအောင် ကောင်းမွန်လှပါပေ၏။ ချောမွေ့ တောက်ပြောင် အရောင်တလျပ်လျပ်နှင့် သေသပ်လှပါပေ၏။ ကျွမ်းကျင်သူ လက်သမား ဆရာတို့၏ လက်ရာ ဖြစ်သည့် အားလျော်စွာ သပ်ယပ်လှပါပေ၏။

သို့ရာတွင် အဲသို့ကောင်းလောက် လှပကောင်းမွန်သော လှေ ခါးကြီးကိုထောင်၍ တပ်ဆင်ရမည့်ဘုံရိပ်သာကား--အဘယ် မှာရှိလေသနည်း?။

အရှေ့ဘက်မှာ ရှိလေသလော။

ထို့ပြင် အနောက်အရပ်မှာ တည်ရှိလေသလော။

သို့မဟုတ် တောင်အရပ်မှာပင်၊ ရှိလေသလော။

မြောက်အရပ် တခွင်မှာပင် ရှိလေလော'ဟု စောကြော မေးမြန်းလေပြီ။

ယင်းအခါ လှေခါးလုပ်သော--လက်သမားဆရာတို့သည် မေ့ကြောကို အနှိပ်ခံမိသူကဲ့သို့ ငေးမောမော်ကြီး ဖြစ်ကုန် ကြပြီးလျှင် "ကျွန်ုပ်တို့သည် လှေခါးကိုသာ အရေးတကြီး ဖုတ်ပူမီးတိုက် အားအင်စိုက်၍တည်ဆောက်လုပ်ကိုင်နေကြ ပါသည်။

သို့ရာတွင် ကျွန်ုပ်တို့ လက်စွမ်းထုတ်၍ လုပ်ထားသော လှေခါးကို တပ်ဆင်ရန်ဘုံနန်းရိပ်သာကားအဘယ်အရပ်မှာ

ရှိလေသည်ဟူ၍၎င်း၊ ၎င်း၏အနိမ့်အမြင့်၊ အကြီး၊ အငယ်ပမာဏကို၎င်း၊ မသိကြပါ’ဟု လေးဘန်စွာပြန်လည်ဖြေဆိုကြလေပြီ။

ဤပုံသည်း အနာဂတ်သာမားတို့၏ မှားယွင်းချွတ်ချော်လူသားရော်ဘွယ် ကောင်းလှသော လမ်းစဉ်ကို ထင်လင်းစွာပေါ်ပြခဲ့သော ဗုဒ္ဓ၏ဥပဒေကလေးပင်ဖြစ်၏။

လူသား တက်ရန်အတွက် လှေခါး တည်ဆောက်သူတို့ကား၊ ရှေးခေတ်မှစ၍ ယခုသမယတိုင်အောင် အလွန်ကြီးရှားရှားပါးပါး မဖြစ်ခဲ့သေးချေ။

သို့ရာတွင် ထိုလှေခါးတို့ကား၊ တပ်ဆင်ထောင်ကပ်ရန်ဘုံရိပ်သာမှ ကင်းကြကုန်သောကြောင့် တဖက်ကတက်သွား၍ အပေါ်ဆုံးအထစ်သို့ ရောက်သောအခါ၊ အခြားတဖက်မှပြန်လည်ဆင်းသက်ရမည့် လှေခါးတို့ချည်းသာ ဖြစ်၍နေကြကုန်၏၊ ထိုနည်းအတူပင် ကပ္ပ—လက်ညှိုးညွှန် ဆရာကြီးတို့သည်း ဖြစ်၍နေကြလေပြီ။

သူတို့သည် လူသားအတွက်၊ လူသား၏အားတက်ဖွယ်ရာများစွာကြီးကျယ် ထယ်ဝါမွန်မြတ်၊ အလွန်လပ်ဆပ်သောမျှော်လင့်ချက်ကို ဖန်တီး၍ လူသားသို့ ပေးကား ပေးခဲ့ကြပါကုန်၏၊ သို့ရာတွင် ဝမ်းနည်းဘွယ် ကောင်းဒါကတော့ထိုထိုမျှော်လင့်ချက်များသည် မျှော်လင့်ချက်ဘဝမှ ရှေ့သို့တဆင့်တက်၍ ဒြပ်၊ အကောင်အထည်ပေါ်သော အခြေသို့မရောက်ရောက်ခဲ့ကြတဲ့ အချက်ပင်ဖြစ်ချေ၏။

အမှန်မှာ ၎င်းတို့သည် မျှော်လင့်အဖြင့်ဖြင့်သာ ကိစ္စတုံး၍ဘဝဆုံးခဲ့ကြရကုန်၏ဟုဆိုလိုသည်။

သို့ဖြစ်ရာ ယခုအခါ၌လောကလူသားသည် ထိုထိုများလှစွာ ကုန်သော ကပ္ပ–ခေါင်းဆောင်လမ်းပြ နာမံကိုးယူကြကုန်သော လက်ညှိုးထိုး ဆရာကြီးတို့၏အပေါ်၌ သံသယဖြစ်၍လာလေသည်။

ထို့ကြောင့် ၎င်းတို့၏အပေါ်၌ ယုံကြည်အားထားမှု လျော့ပါးလာလေပြီ၊ ဤသို့ဖြစ်သည်နှင့်တပြိုင်နက် လူ–သားသည် ကိုယ့်မြင်း ကိုယ်စိုင်းလိုစိတ်ကို စတင်၍မွေးမြူလာပေလိမ့်မည်။

ထို့ပြင်၊ဗုဒ္ဓဂေါတမသည်လည်းထိုသည့် ကပ္ပ-လက်ညှိုးညွှန် ဘုရားများ စာရင်းတွင် တဦးအပါအဝင်ပင် မဟုတ်တုံလော ? ။

၎င်းသည်လည်း သန်ရှိုင်းကုံး ဟိုဘက်သို့ လက်ညှိုးထိုးပြသူပင် မဟုတ်တုံလော ? ။

ဤသို့ဖြစ်လျှင် ဒီပုတ်ထဲက ဒီပဲပင် ထွက်မည်ဖြစ်သောကြောင့် သူ၏လမ်းစဉ်ကို သိမြင်ကျင့်သုံးခြင်းဖြင့် လူသား၌မည်သို့သော အကျိုးများတိုတက်လာဦးမည်နည်း ?

အေး– မေးမည်ဆိုကလည်း မေးစရာပင်ဖြစ်၍နေချေပြီ။

အကြောင်းသော်ကား၊ ၎က်ပျောပင့်စိုက်– မိလိုက်ဖပါ ဗုဒ္ဓဘာသာ အမည်ခံလာခဲ့ကြကုန်သော သူများတို့၏ယူဆတွေးတောပုံ ကိုးကွယ်ယုံကြည်ပုံ လိုက်နာကျင့်သုံးပုံတို့သည် ကပ္ပ-လက်ညှိုးညွှန် ဘုရားဂိုဏ်းဝင်ဘို့၏ နည်းနာ-နိဿယတ်နှင့် များစွာကွဲပြားခြားနားခြင်း မရှိသောကြောင့်တည်း။

ထိုစကားဆိုအပ်လှပေ၏၊ ဟိနယာနဂိုဏ်း ဝင်သူဖြစ်စေ၊ (ဝါ)မဟာယာနဂိုဏ်းဝင်သူဖြစ်စေ၊ ယခုလက်ရှိ အများသော ဗုဒ္ဓဘာသာဝင်အမည်ခံသူတို့၏ အယူအဆအားဖြင့် ဗုဒ္ဓဂေါတမသည်လည်း အနာဂတ်သမား, သချိုင်းကုန်း၏ လက်ညှိုးထိုး၍ပြလေ့ရှိသော ဘုရားပင်,ဖြစ်လျက်နေချေပြီ။

ဤသို့သော ယုံကြည် ယူဆချက်ကား ထိုသည့် ဗုဒ္ဓဘာသာဝင်အများတို့၏နှလုံးအိုင်၌ အနယ်ထိုင်၍ အလွန်ခိုင်မာလျက်ရှိချေပြီ။ တော်လှန်ရေးထက် နနယ် သေးငယ်သော ဝေဖန်မှုသည် ၎င်းအစွဲကိုပြုတ်သွားအောင် လှုပ်ရှားစေနိုင်လိမ့်မည်မဟုတ်ချေ။

ခေတ်သစ်ပေါ်ကာမှသာ ဗုဒ္ဓဝါဒီ အများတို့၏ ပဓာန လုပ်ငန်းမှာ အထက်ဖော်ပြရာပါ ဝါဒမျိုးကို လုံးလုံးပပျောက်၍သွားအောင် ဖျက်ထုတ်ချေမှုန်းရန်ပင်ဖြစ်ရာ၊ ၎င်းကို အစအနပင် မကျန်အောင် သုတ်သင် ရှင်းလင်းမှု မပြုစွမ်းနိုင်ပါလျှင် ဗုဒ္ဓ၏အစစ်အမှန်ဖြစ်သောရုပ်လုံးပင် ယနေ့ရောနောင်ပါ ပေါ်ပေါက်နိုင်ရာအကြောင်း မရှိတော့ချေ။

ဗုဒ္ဓအစစ်အမှန်ကိုမှ အာရုံပြုခြင်းအားဖြင့် မမြင် မတွေ့နိုင်သော ဗုဒ္ဓဝါဒီသည် မည်သို့သော နည်းဖြင့် ဗုဒ္ဓ၏လမ်းစဉ်မှန်ကို ကျင့်သုံးသောက် ကည်နိုင်ပါတော့အံ့နည်း?။ ၎င်စစ်မှာ ဗုဒ္ဓသည် အနာဂတ်ကို လက်သုံးပြု၍ သချိုင်းကုန်း၏ ဘုံဘက်သို့ လက်ညှိုးထိုးပြလေ့ရှိသော ဘုရားပင်မဟုတ်ခဲ့ချေ၊

အို-ပေါ်ဒ္ဓပါဒ။ ဥပမာတပုံဆောင်၍ ထင်လျှားအောင် ပြကြဦးစို့၊ အကြွင်အမှတ်မထင်သော ယောက်ျားတယောက်

သည် ဘုံနန်းရိပ်သာတခုသို့ ထောင်ကာ်-တစ်ဆင်ရန် လှေခါးဘခုကို ထိုသည့် အဆောက်အဦး၏ အောက်၌ပင် ထိုင်လျက် ပြုလုပ်နေပေရော၏။ အခြားသော လူဘယောက်သည် ထိုသူလှေခါးတည်ဆောက်နေရာ၌ဘနသို့ ယုဘ်တရက်ရောက်လာပြီးလျှင်—

"အို—လှေခါးလုပ်နေတဲ့ လက်သမားဆရာကြီး အဲဒီ ယခုလုပ်နေတဲ့လှေခါးကို ထောင်ကစ်—ဘစ်ဆင်ရန် ဘုံရိပ်သာကား အဘယ်အရပ်မှာ ရှိသေးသနည်း"။

အရှေ့အရပ်မှာလော-

အနောက်အရပ်မှာလော-

(သို့မဟုတ်) မြောက်အရပ်မှာလော- တောင်အရပ်မှာလော-

ရင်းသည် နိမ့်သလော၊(သို့မဟုဘ်)မြင့်သလော? စသည်ဖြင့် စစ်ကြောမေးမြန်းရာ၏။

ထိုအခါ လက်သမားဆရာကြီးသည် ထွေရာ လေးပါးထိုယောက်ျား၏ အမေးစကားတို့ကို အလှုပ်ပျက်ခံကာ ခရေစေ့တွင်းကျ,ဖြေရှင်းခြင်း ပြမနေနိုင်အားသဖြင့်-

"အယ-မဝ-သော""အဲဒီဘုံနန်းပြသာဒ်ဟာ- ဒါပါဘဲ"ဟူ၍သော မိမိ၏အသင့်ကို ဘုံရိပ်သာကို လက်ညှိုးထိုး၍ပြလိုက်သေးသတည်း။

"အို—ပေါဋ္ဌပါဒ၊ ဒီအတိုင်းမှန်လျှင် ထိုလက်သမားဆရာ၏အဖြေဟာ ရယ်ဘွယ်ရာ ဖြစ်နိုင်ပါဦးမည်လော?

ပေါဋ္ဌပါဒ၊ "မဖြစ်နိုင်တော့ပါ-အရှင်ဂေါတမ"။

ဤသို့လာရှိသော ဒီဃနိကာယ်-ပေါဋ္ဌပါဒ သုတ်ပါဠိတော်သည် ဗုဒ္ဓကိုယ်တိုင် အနာဂတ်သမားမဟုတ် ဟူသော အချက်၌ အခိုင်မာဆုံးသော သာဓကတရပ်ဖြစ်ခဲ့၏။

ဗုဒ္ဓသည် "အယ-မေဝ-သော" ကို ထပ်ခါ ထပ်ခါ ဟောခဲ့သူဖြစ်၏။

(အနက်သော်ကား)သော၊ ထိုလုပ်စရာ-ကိုင်စရာ-ကျင့်စရာ-ကြံစရာ-ခံစရာ-စံစရာ-ပူစရာ-ဇောရာ- အချိန် အခါသည်၊ အယမေဝ။ လက်ငင်းဒိဋ္ဌ-ပက်ပင်းထိပ်ချ ယခုကြုံတွေ့နေရတဲ့ ပစ္စုပ္ပန်ကာလ ခါသမယသည်သာလျှင်တည်း။

ထို့ကြောင့်၊ ဗုဒ္ဓသည် ကပ္ပဘာသာရေး ခေါင်းဆောင် အပေါင်းတို့၏ ဓလေ့ထုံးတမ်း ကျင့်စဉ်လမ်းအားလျော်စွာ မရောက်လာ-မဖြစ်လာသေးသော အနာဂတ် ကာလကို လက်ညှိုးညွှန်သူလည်း မဟုတ်သည့်အပြင်၊ ဗုဒ္ဓဘာသာဝင် အမည်ခံသူ အများသော သူတို့စွဲလန်း ယုံကြည်နေခဲ့ကြသည် အတိုင်း သချိုင်းကုန်း၏ ဟိုမှာဘက်မှာရှိသည်ဟူသော ဘဏ်ပျက်ကြီးတွင် ထုတ်ယူနိုင်ရန် ရက်လွန် ချက်လက်မှတ်ကို ထုတ်ပေးသော လူစားမျိုးလည်းမဟုတ်ခဲ့ချေ။

မှန်လှ၏။ အနာဂတ်ဆိုသည်မှာ ရောက်ပင် မရောက်ရသေးသော (ဝါ) ဖြစ်ပင် မဖြစ်ရသေးသော ကြောင့် ကုန်လွန်၍သွားပြီဖြစ်သော အတိတ်ကာလကဲ့သို့ပင် လူသားအတွက် လုံးဝ တန်ဘိုးထွက်နိုင်သောအရာ မဟုတ်ကြောင်းမှာ များစွာထင်လျှားချေသည်။

သို့ဖြစ်ရာ ဗုဒ္ဓ၏အလိုအားဖြင့် အနာဂတ်ကား မျှော်လင့်ချက်ထား၍ ပွားများမှီခိုဘို့ နေနေသာသာ အဖြစ် အရှိ

ဟူသော စကားလုံးဖြင့် သုံးစွဲ၍ရစကောင်းသော သဘာဝ ပင် မဟုတ်ချေ။

တဖန် ဗုဒ္ဓသည် အနာဂတ်သမားမဟုတ် စင်စစ်မှာ ပစ္စုပ္ပန်သမား ဖြစ်သော အချက်မှာ ဥပရိပဏ္ဏာသပါဠိ တော် ဘဒ္ဒေကရတ္တသုတ်ပါဠိတော်အရ ငြင်းချက်မထွက်နိုင် အောင် ထင်ရှားလှချေသည်။

အတီတံ-နာ-နွာဂမေယျ၊
နပ္ပဋိကင်္ခေ အနာဂတံ။
ယဒ-တီတံ, ပဟီနံ-တံ၊
အပ္ပတ္တဉ္စ-အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊
တတ္ထ တတ္ထ ဝိစက္ခဏာ။
အသံဟိရံ အသံကုပ္ပံ၊
တံ,ဝိဒွါ မနုဗြူဟယေ။

(ဥပရိပဏ္ဏာသ=ဘဒ္ဒေကရတ္တသုတ်ပါဠိတော်)

အတိတ်ကာလကား ကျော်လွန်သွားပြီဖြစ်၍ လုံးဝဘာမျှ မရှိသော အ,ဘာဝအဖြစ်သို့ ရောက်သွားပြီဖြစ်ရာ ၎င်းကို တွေးပြီး ဆွေး၍မနေသင့်ချေ။ ထို့ပြင် အနာဂတ် ဆိုသည် မှာလည်း မရောက်ရသေး (ဝါ)မဖြစ်ရသေးသောကြောင့် ၎င်းကိုမျှော်မှန်းပြီး တန်းတ၍ မနေသင့်ချေ၊ သို့ရာတွင် ပစ္စုပ္ပန်ကား-ယခုလက်တွေ့ သဘာဝ ဖြစ်သောကြောင့် ပညာရှင်သည် ၎င်းကိုသာ မဖယ်တန်း, မလွတ်တန်း ဖွတ် ဖမ်း၍ ကျင့်သုံးရာ၏ဟု ဆိုလိုကြောင်း။

ဤပါဠိဘော်၏ အနက်သဘောကို နက်နက်နဲနဲ တွေးတောဆင်ခြင်၍ စဉ်းစားပါလျှင် အစစ်အမှန်ဖြစ်သော ဗုဒ္ဓ၏ရုပ်လုံးနှင့် ၎င်း၏ဝါဒအမှန်ပါ ကြည်လင်ပြတ်သားစွာ ပေါ်လွင်ထင်ရှား၍ လာပေလိမ့်မည်။

ဤနေရာ၌ အစစ်အမှန်ဖြစ်သော ဗုဒ္ဓနှင့် ၎င်း၏ဝါဒကို ကောင်းစွာ သိလားသော ပညာရှင်တို့ အထူးသတိ ပြုသင့်သော အချက်တခုကို စကားညှပ်သဘောမျိုး ဖြင့် ဖော်ပြခဲ့လိုသေး၏။

ရှေးအိန္ဒိယ ရာဇဝင် ဆရာအများတို့သည် ဗုဒ္ဓ ဘုရားသခင် ပရိနိဗ္ဗာန် စံဝင်ပြီး နောက် ဖြစ်သော နှစ်ပေါင်း တထောင်ခန့် ကာလကို "ဗုဒ္ဓခေတ်" ဟူ၍ ကင်ပွန်းတပ်ခဲ့ကြသည်။

အကြောင်းမှာ ထိုသည့် အနှစ် တထောင် အတွင်း၌ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓ သာသနာသည် အထွန်းကားဆုံး၊ အပြောင်လက်ဆုံး ဖြစ်ခဲ့သောကြောင့်ပင်တည်း။

သို့အပြောင်လက်ဆုံး ဖြစ်ခဲ့သော ဗုဒ္ဓ သာသနာသည် စာနာခြင်းတရား အမြဲတမ်းလက်ကိုင်ထားခဲ့ရကား၊ အခြားအခြားသော ဘာသာတရားတို့၏ တည်နေခွင့်ကို နှိပ်ကွပ်ချိုးနှိမ် အပြီးအထန် ဘာသာရေး ညှဉ်းပန်းမှုကြီး တို့ဖြင့် မညှဉ်းသည့်အပြင် မြှုပ်နှံ၍ မဟာန့်တားခဲ့ချေ။

ထိုကြောင့် ဗုဒ္ဓသာသနာ၏ ပြိုင်ဘက်ဖြစ်သော ဟိန္ဒူ ဗြာဟ္မဏဝါဒကြီးသည်လည်း၊ ဗုဒ္ဓသာသနာကို တိုက်ထုတ်ရန်အတွက် တဖက်တစောင်းက နေပြီး၊ အချိန်ကောင်းနှင့် အခွင့်ကောင်းကို ချောင်းလျက် နေခွင့် ရရှိခဲ့လေပြီ။

ဟိန္ဒူ ဗြာဟ္မဏဝါဒကြီးသည် ဗုဒ္ဓသာသနာကို တိုက်ထုတ်ရာ၌ ပုဏ္ဏသတ်နှင့် ဓါးသတ်ဆိုတဲ့ နည်းပရိယာယ် နှစ်ရပ်လုံးကို အတိအလင်းသော်၎င်း၊တခါတရံ ပုန်းလျှိုး ကွယ်လျှိုးသော်လည်း အသုံးပြုခဲ့သည်။

ယင်းသို့ အသုံးပြု၍ တိုက်ခိုက်ခဲ့ရာ တဖြည်းဖြည်း တစတစနှင့် ဗုဒ္ဓသာသနာအားနည်း၍လာခဲ့သည်။

နောက်ဆုံးတွင် ထေရဝါဒ ဗုဒ္ဓသာသနာသည် အိန္ဒိယနိုင်ငံအတွင်း၌ စေတုတ္တသံဂါယနာတင်နိုင်လောက်အောင်ပင် အင်အားစု၍ တာမစုနိုင်သော အခြေသို့ ဆိုက်ရောက်ခဲ့လေပြီ။

ဤသို့အားဖြင့် ဟိန္ဒူ ဗြာဟ္မဏဝါဒနှင့် သိုက လောက် နှစ်ပရိစ္ဆေဒ ရှည်လျားလှစွာ အတူယှဉ်ပြိုင်၍ တည်နေလာခဲ့ရာ၊ ၎င်းဝါဒဆိုင်ရာ အရေးမကြီးသော အယူအဆများနှင့် အတွေးအခေါ်များ ဗုဒ္ဓဝါဒအတွင်းသို့ ချင်းနင်း ဝင်ရောက်ခြင်းမရှိလှ ကန့်တိုင်ကန့် မဆိုရန် မလွယ်ကူလှချေ။

မည်သို့ဖြစ်စေ အတိုချုပ်လိုက်လျှင် ဗုဒ္ဓသာသနာသည် တောင်ဖက်နှင့် မြောက်ဖက်ဆိုတဲ့ ရေစီးကြောင်းကြီး နှစ်ခုတို့ဖြင့် အိန္ဒိယနိုင်ငံမှ စီးထွက်လာခဲ့သည်။ ဗမာနိုင်ငံသို့ ရောက်လာသော ဗုဒ္ဓသာသနာအား တောင်ဖက် ရေစီးကြောင်းဝင်ဖြစ်ရာ ဟိန္ဒူ ဗြာဟ္မဏဝါဒကြီး စိုး လွှမ်းမိုးရာ တောင်ပိုင်းအိန္ဒိယမှ အမိုက်သရိုက် ဒိုက်သရေမျှား မျော၍ ပါ၍မလာဘူးဟု မည်သူတိကျစွာပြောဆိုနိုင်မည်နည်း ?။

ထို့ပြင်လဲ ပုဏ္ဏသတ်ဆိုတဲ့ သေနင်ဗျူဟာကို အသုံးပြုပြီးလျှင်၊ အချို့သော ဟိန္ဒူ ဗြာဟ္မဏကြီး တို့သည် ဗုဒ္ဓ

ဘာသာအမည်ကိုပင် ခံယူကြကုန်၍ ဗုဒ္ဓ၏ ဓမ္မဒေသနာကို ဝေဒန္တဆေးရောင်ခြယ်၍ပေးခဲ့ကြကုန်၏။

အသုံးအားဖြင့် သူတို့သည်“ဗုဒ္ဓအဘိဓမ္မာ”နှင့် “ဗုဒ္ဓလမ်းစဉ်” တို့ကို သိသိသာသာကြီး ခြေသိုးခဲ့ကြကုန်၏။ ဝေဒန္တဆေးရောင်ဖြင့် အစွမ်းကုန် ခြယ်မှုံးခဲ့ကြကုန်၏။

ထင်ရှားစေအံ့။ ဗုဒ္ဓသည် မျက်တွေ့ လက်တွေ့ သဘောတရားတို့ကို “ဧဟိ ပဿိက၊ လာ၍ ကြည့်လော့”ဟူ၍ရင်း၊ “သန္ဒိဋ္ဌိကော မျက်မှောက် ကိုယ်တွေ့တရား”ဟူ၍ရင်း၊ ပြောင်ပြောင်ထင်းထင်း၊ မည်သူမျှမငြင်းနိုင်အောင် အတိအလင်း ဘွင်းဘွင်းကြီးဟောခဲ့သော ဘုရားပင် ဖြစ်ခဲ့စေကာ၊ ယခုအခါ ထိုသည့် လက်တွေ့ မျက်တွေ့ ယနေ့ ဗုဒ္ဓ ကိုပင် အနာဂတ်ဘုရားအသွင်ဖြင့် လူအများတို့ မြင်လျက် နေကြလေပြီ။

ဗုဒ္ဓအစစ်အမှန်ကို မတွေ့နိုင် မမြင်နိုင်ပါလျှင် ထိုဗုဒ္ဓ၏ (ဝါ) လမ်းစဉ်မှန်ကို သိမြင်နိုင်ရန် အလုပ်ကားဝေးကောင် ထိပ်ကြာပေါက် အနောက်နေဘွက်ပင် ဖြစ်ချေမည်။

အမှန်မှာ ဗုဒ္ဓဘာသာ ဟိန္ဒူ ဂြာဟ္မဏ ဝါဒီ က ဖြစ်စေလိုတဲ့အတိုင်း၊ သချိုင်းကုန်းရဲ့ ဟိမ္မာဖက်ကို လက်ညှိုး ညွှန်သွားတဲ့ အနာဂတ်ဘုရားပင် မဟုတ်ပါပေ။

ဤအချက်ကို ပိုင်ပိုင်နိုင်နိုင် သိမြင်သည်နှင့် တပြိုင်နက် ဗုဒ္ဓလမ်းစဉ်၌ ရှေးဟိန္ဒူပဏ္ဍိတ်များ ဝင်ရောက်၍ ခြေရှုပ်ခဲ့ပုံများသည် ပေါ်လောကြီးပေါ်၍လာပေမည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ယောဂါဝစရ ပုဂ္ဂိုလ်မွန်

သည်''ဗုဒ္ဓလမ်းစဉ်''နှင့်''ဟိန္ဒူယောဂလမ်းစဉ်''ကို အမှန်အတိုင်း မြင်အောင် အားထုတ်၍ ကြည့်သင့်၏။

လေးနှပ်-သိမ်ဖျင်းလှသော ဥပါဒါန် အစွဲကလေး တခုသည် မြင့်မြတ်ကြီးကျယ်သော အမှန်တရားကို လက်မခံနိုင်ဘဲ တော်လှန်ငြင်းဆန်တတ်သော သဘောရှိရာ၊ ထိုသည့်အစွဲဥပါဒါန်ကို အငုတ်မျှမကျန်ရအောင် တူးလှန်၍ပစ်ရန်လိုချေသည်၊ ဥပါဒါန် အစွဲကင်းစင်မှသာ အမြင်မှန်ရောက်နိုင်သည့် အချက်ကို အမြဲသတိရှိငြီးဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်သည် ဥပါဒါန်မှန်သမျှကို ချွတ်ပြီးလျှင် မိမိ၏ပကတိဉာဏ်မျက်စေ့ကို အသုံးပြုရာ၏။

## ဗုဒ္ဓကား ပစ္စုပ္ပန်သမားအစစ်

တခုသော တန်ဆောင်မုန်းလပြည့်နေ့ ညဦးယံအချိန်ဖြစ်၏။ ပြည့်ရှန်းဝိုင်းစက်သောလပြည့်ဝန်းသည် အားနည်းပါးလွှာသော တန်ဆောင်မုန်းလ၏ မိုယ်းသား တိမ်လိပ်ကလေးများကို ထွင်းဖေါက်လျက်၊ မိမိ၏မြဲသောအလင်းရောင်ကို အိုက်စပ်နေသော ကမ္ဘာလေးကသို့ ပေးဝေလျှံဒါန်းလျက်ဂ်ု၏။

လမင်း၏အရောင်ကို ကူညီသောအားဖြင့် တိုက်သစ်စဖြစ်သောမြောက်လေအေးသည်လည်း ဖြူးလျက်ရှိ၏၊တဖြည်းဖြည်းခြင်းအားဖြင့် အာကာသဝေဟင်၌ ရှိကြသော မိုယ်းသား တိမ်လိပ်ကလေးတို့သည်လည်း လေယာဉ် စီးကာဝိဇ္ဇာကုန်တောင်ကြီး ရှိရာဘက်သို့ လွင့်နေကြပြီဖြစ်ရာ ကြယ်

တာရာအပေါင်းခြံရံလျက် ရက်ရက်စက်စက် ကြက်သရေရှိလှသော လပြည့်ဝန်းသည် ဇီဝက၏ သရက်ဥယျာဉ်အတွင်း၌ ရဟန်းတော်များနှင့်တကွ၊ အဇာတသတ်ဘုရင် အမှူးရှိသော မင်း,မှူးမတ် ပရိသတ်အပေါင်း၏အလယ်တွင် တင့်တယ်လှသော အသရေဖြင့် စံပါယ်လျက်နေသော ဗုဒ္ဓရှင်အား ဖင်တိုက်အားပေါ မိခင်၏အသင်း အရောင် အဝါဖြင့် တန်ခိုးဘောလျက်ရှိ၏။ လပြည့်ဝန်းသည် မဂဓတိုင်းကြီး၏ အရှင် ကောရာဇာဘုရင် အဇာတသတ်၏ရင်း၊ ငါးမာရ် အောင်မြင် ဗုဒ္ဓအရှင်၏ရင်း၊ ထူးမြတ်သော ကြက်သရေမင်္ဂလာတို့ကို နှိုင်းယှဉ်လျက် ကြည့်နေသကဲ့သို့ရှိ၏။

မြကြည်လင်သော လပြည့်ဝန်း၏အရောင်နှင့် သစ်ရွက်အကြား လေတိုးသံမှ မကြားရလောက် တိတ်ဆိတ်လှသော ဥယျာဉ်၏ဆိတ်ငြိမ်မှုသည် ဗုဒ္ဓ၏ရှေ့တွင် တုပ်ကွ ရှိသေစွာ ခေါင်းလျက်ရှိသော အဇာတသတ်ဘုရင်၏ စိတ်နှလုံးကို များစွာ ယိမ်းယိုင် ပြောင်းလဲစေလေသည်။ ဆိတ်ငြိမ်ခြင်း၏ ဒဏ်ကို ဘာမျှည်းစွာ ဆက်သက်၍မခံနိုင်တော့ပြီဖြစ်၍၊ အဇာတသတ်ဘုရင်သည် ရင်းကိုဖေါက်ထွင်းကာ ဖြည်းညှင်းသာယာစွာ ဗုဒ္ဓအရှင်အား အောက်ပါအတိုင်း လျှောက်ထား မေးမြန်းလေသတည်း။

အရှင်မြတ်ဘုရား—ဤမျက်မြင်ကပ္ပါလောက မြေအပြင်၌ အကြွင်းအကြွင် သို့သော လက်မှုပညာ- နှုတ်မှုပညာ - စက်မှုပညာ စသောအားဖြင့် စိဋ္ဌာသိပ္ပတို့သည် အမျိုးမျိုး-အစားစား ခြားနားလျက်၊ ထင်ထင်လျှားလျှား ရှိကြပါကုန်၏။

ဥပမာ ကား–ဆင်စီးပညာ၊ မြင်းစီးပညာ၊ ရထားစီးပညာ၊ လေးအတတ်ပညာ၊ စေလကပညာ(စစ်ပွဲ၌ အလံကိုင်ပညာ)၊ စလကပညာ (ဗျူဟာမှူးပညာ)၊ ရိက္ခာမှူးပညာ၊ စစ်ဆင်စစ်တက်ပညာ၊ ဒါးခုတ် လှံထိုးပညာ၊ ခဝါပညာ၊ ချေးတွန်းပညာ၊ ခေါင်းရိပ်ဆံပြုတ်ပညာ၊ လက်သီးခြေသီးလှီးပညာ၊ စဖိုသည်ပညာ (အချက်အပြုတ်ဆိုင်ရာပညာ)၊ ပန်းကုံးပညာ၊ ပန်းထိုး ပန်းဖေါက်ပညာ၊ အိုးဖုတ်အိုးလုပ်ပညာ၊ ပန်းချီပညာ၊ ဆေးဆိုးပညာ၊ မင်းစေပညာ၊ ပိုက်ကွန်ယက်ပညာ၊ ဂဏန်းပညာ၊ စာရင်းကိုင်ပညာ၊ မုဒ္ဒိကပညာ၊ (လက်ညှိုးချိုး၍ ရေတွက်သောပညာ) အတီးအမှုတ်ပညာ၊ အဆိုအကပညာ စသည်တို့ဖြစ်ကြပါကုန်၏။

အရှင်မြတ်ဘုရား–ထိုကဲ့သို့ အရေအတွက် စာရင်းအားဖြင့် မြားမြောင်လှကုန်သော ''သိပ္ပါယတန''ဟုဆိုအပ်သော အတတ်ပညာအမျိုးမျိုးတို့တွင် တစုံတခုသောဝိဇ္ဇာသိပ္ပတရပ်ကို အကြင်သူတို့သည် ကျနသေချာစွာ တဖက်ကမ်းရောက်တတ်မြောက်ကျွမ်းကျင်ကြပါကုန်၏။

ထိုသူတို့သည် ယခုပစ္စက္ခ ဤမျက်မှောက်သော ဘဝ၌ ထိုထိုတတ်မြောက်ကျွမ်းကျင်ထားသော ဝိဇ္ဇာသိပ္ပတရပ်ရပ်၏ အကျိုးအာနိသံသကို လက်ငင်းဒိဋ္ဌပင် ခံစား စံစားကြရပါကုန်၏။ ထိုသူတို့သည် ထိုထိုမိမိတို့ကျွမ်းကျင်တတ်မြောက်ပြီးသော ပညာသိပ္ပတို့၏ အကူအညီဖြင့် မိမိတို့၏ ကိုယ်ကို မိမိတို့ကိုယ်တိုင် ချမ်းသာရွှင်လန်း ၊ ပီတိပန်း ပွင့်စေရန် တည်ထောင်ဖန်တီးနိုင်ကြပါကုန်၏။

ထိုမှတပါး အဒိ, အဘ, နှစ်ပါးနှင့် သားမယားစ,သော အခြားသူတို့ကိုလည်း ထိုသို့မိမိတတ်မြောက်ပြီး ဖြစ်သော လက်မှု- စက်မှု- နှုတ်မှုပညာတို့၏ အစွမ်းအားနှောဖြင့် ပျော်အောင်,ပြုံးအောင် နှလုံးအေးအောင် ဆောင်ရွက်နိုင်ကြပါကုန်သေး၏။

ထို့ပြင်လည်း။ ၎င်းပညာ၏ အစွမ်းဖြင့်ပင် ဆွေသား- ရောင်းရင်း အပေါင်းအသင်း မိတ်သင်္ဂဟ ဟု ဆိုအပ်သော လူအချင်းချင်းကိုလည်း ဝတ္တရားရှိသမျှ ကျေပြွန်အောင် ယိုင်းပင်းနိုင်ကြပါကုန်၏။

နောက်ဆုံး၌ ထိုသို့သော ဝိဇ္ဇာသိပ္ပဖြင့် ရရှိအပ်သော စီးပွားဥစ္စာဖြင့်ပင် ကောင်းကျိုးချမ်းသာ မင်္ဂလာအဝဝကို ဖြစ်စေနိုင်သည်ဟု ပြောဆိုအပ်ကုန်သော ရသေ့-ရဟန်း စသော သူတော်စင်တို့အားလည်း အကြွင်းအကြွင်လိုအပ် ကုန်သော ပစ္စည်းလေးပါးတို့ကို ပေးကမ်း လှူဒါန်းနိုင်ကြ ပါကုန်၏။

အရှင်မြတ်ဘုရား— ထို့နည်း အတူပင် အရှင်မြတ်တို့ အလွန်အကျုံး အထူးချီးမွမ်းအပ်သော စွန့်လွှတ်ခြင်း၏ အကျိုးဟု ဆိုအပ်သော သာမညဖလကို အခုပစ္စက္ခ ဤချက် မှောက်သောဘဝ၌ပင် မချွတ်မလွဲ ခံစားရမှုနိုင်သည်ဟူ၍ မှချဆတ်ဆတ် အဘတ်ကောန်အမှန် ဆိုနိုင်ပါမည်လား ?။

ဗုဒ္ဓ။ ။အို-အဇာတသတ်၊ ယခုသင် လျှောက်ထား မေးမြန်းသော ဤပြဿနာတို့ကို ငါမှတပါး အခြားခြား ကုန်သော လူပညာရှိ, ရဟန်းပညာရှိတို့အား မေးမြန်းခဲ့ပြီ ဟူ၍ သင်သတိထားမိပါ၏လော ?။

အဇာတသတ်။ ။မှန်လှပါ၊ မြောက်မြားလှစွာ ကုန်သော ကျော်စောခြင်း ကိတ္တိယသနှင့် ပြည့်စုံကြကုန်သော ရဟန်းပညာရှိ ပုဏ္ဏားပညာရှိတို့အား ဤပုစ္ဆာများကို မေးမြန်းခဲ့ဘူးလှပြီ ဖြစ်ပါကြောင်း။

ဗုဒ္ဓ။ ။ဤသို့ဖြစ်၍ သင်မင်းကြီး၌ များစွာ ဝန်လေးပင်ပန်းခြင်း မရှိခဲ့လျှင်၊ ထိုထို သင် မေးမြန်းလျှောက်ထားခဲ့ဘူးသော ပညာရှိ ရဟန်း ပုဏ္ဏားတို့၏ အဖြေကို ငါ့အား ပြန်ကြားလျှောက်ထားလေလော့။

ထိုအခါ အဇာတသတ်ဘုရင်သည် ဗုဒ္ဓ၏အလိုအတိုင်း မဆိုင်းမတွ ပင် သူမှတ်မိသမျှသော ပညာရှိ အသီးသီးတို့၏ အဖြေများကို ပြန်ကြားလျှောက်ထားသေ၏။

## ပုရာဏကဿပ ၏ အကိရိယဝါဒ

အရှင်မြတ်ဘုရား။ ။တရံရောအခါ တပည့်တော်သည် ပုရာဏကဿပ အမည်ရှိသော ဂိုဏ်းဆရာကြီး၏ အထံသို့ ရှိသေစွာချဉ်းကပ်ပြီးလျှင် အရှင်မြတ်သို့ ယခု လျှောက်ထား မေးမြန်းသော ပြဿနာတို့ကိုပင် ၎င်းအားလည်း မေးမြန်းခဲ့ပါပြီ၊ ယင်းကဲ့သို့ မေးမြန်းလျှောက်ထားသောအခါ သူသည် တပည့်တော်အား အောက်ပါ အတိုင်း လိုလိုပင် ပြန်လည် မိန့်ကြားလိုက်ပါကြောင်း။

တကာ တော် ရေ မြေ့ ရင်။ ။တစုံတခုသော အပြစ်အာဒီနဝကို ပစ်မှားကြူးလွန်ခြင်း၊ (ဝါ) ပြစ်မှားကြူးလွန်စေခြင်းသည် ၎င်း။

ဖြတ်လှီးခုတ်ထစ်ခြင်း (ဝါ) ဖြတ်လှီး ခုတ်ထစ်စေခြင်းသည်ရှင်း။

ချက်ပြုတ်ကြော်လှော်ခြင်း (ဝါ) ချက်ပြုတ် ကြော်လှော်စေခြင်းသည်ရှင်း။

ပူပန်ခြင်း (ဝါ) ပူပန်စေခြင်းသည်ရှင်း။

ဝမ်းနည်းကြေကွဲခြင်း (ဝါ) ဝမ်းနည်းကြေကွဲစေခြင်းသည်ရှင်း။

တုန်လှုပ်ချောက်ချားခြင်း (ဝါ) တုန်လှုပ်ချောက်ချားစေခြင်းသည်ရှင်း။

သူတပါးဟူသော အခြား သတ္တဝါ၏ အသက်ကို သတ်ဖြတ်ခြင်း (ဝါ) သတ်ဖြတ်စေခြင်းသည်ရှင်း။

ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ခိုးယူခြင်း (ဝါ) ခိုးစေခြင်းသည်ရှင်း။

ညီညွတ်စည်းလုံးမှုကို ဖျက်ဆီးခြင်းသည်ရှင်း။

ကျေးသက်တောရွာတို့ကို တိုက်ဖျက်လုယက်ခြင်းသည်ရှင်း။

တိုင်းသူပြည်သား လူအများတို့၏ သွား, လာ, ကူးသန်းရာဖြစ်သော လမ်းကြိုး လမ်းကြား လမ်းငယ် အသွယ်သွယ်တို့၌ ပုန်းကွယ်လျှို့ပ် တောပုန်းလုပ်၍ လုယက်ခိုးဝှက်ခြင်းသည်ရှင်း။

မြို့ပြ ပြည်ရွာနှင့် အိုးအိမ် တိုက်တာ တို့ကို လောင်စာပြုလုပ်၍ မီးမြှိုက်ခြင်းသည်ရှင်း။

အာဂန္တု၊ ခရီးသွား ကုန်သည်များကို ချောင်းမြောင်း တိုက်ခိုက်လုယက်ခြင်းသည်ဝင်း။

သူတပါးတို့၏သားမယားတို့ကို စော်ကားဖျက်ဆီးခြင်း သည်ဝင်း၊

မဟုတ်မဟာရား မမှန်သောစကားတို့ကို ပြောကြားခြင်း သည်ဝင်း။

ဤသို့စသော အလုပ်များတို့သည် မကောင်းသော အကုသိုလ်တရားတို့ မဟုတ်ကြသည့်အပြင် ဝင်းတို့ကိုပြုလုပ် ကျူးလွန်သောသူ၌ မကောင်းမှု ဒုစရိုက်၏ အကျိုးတရား များသည်းမဖြစ်နိုင်ကြပါ။

ဤမျှ-က-ပါရိုးလား တကာတော်ရေမြေ့ရှင်၊ နာဆင် ဦးလော့၊ အသွားထက်မြက် ဒါးလက်နက် အပြည့်အစုံ တပ်ဆင်၍ ထားအပ်သောဒါး၊ ယန္တရား စက်ကြီးဖြင့် ဤကမ္ဘာ့မြေပြင်ရှိ ဥသေး-ဥမွှား မကျန်အားလုံးသော သက်ရှိသတ္တဝါတို့ကို ကောက်ရိုး စင်းသကဲ့သို့ ဖြတ်လှီး ခုတ်စင်းပြီးလျှင် ဟိမဝန္တာ တောင်တန်မျှမက ကြီးမား မြင့်မောက်လှသော အသားပုံအသားတောင်ကြီးဖြစ်အောင် ပြုလုပ်စေကာမူ ထိုသို့သော ပြုလုပ်ကြူးလွန်မှု အတွက် အပြစ်သည်း မတက်ပါ၊ ငရဲလည်း မကြီးသည့် အပြင် အကုသိုလ်ဒုစရိုက်မှုမျှပင် မဖြစ်နိုင်ပါ။

ထို့ပြင်လည်း တကာတော် ရေမြေ့ရှင်၊ အကုသိုလ် ကံတို့၏ အကျိုးတရားဆိုသော အရာလည်း မုချဆတ်ဆတ် အားဖြင့် မရှိသော သဘောတရားဖြစ်ပါသည်။

အထက်၌ ဟောဖော်ညွှန်ပြခဲ့သော သတ်ဖြတ်ခြင်း၊ လုယက် ဖျက်ဆီးခြင်းစသော မကောင်းမှု, အကုသိုလ်ဒုစရိုက်တို့ကို ပြစ်မှားကြူးလွန်ပြီးနောက် ဂင်္ဂါမြစ်၏လက်ျာဘက်ကမ်းသို့ ၎င်း၊ သို့မဟုတ် လက်ဝဲဘက် ကမ်းသို့၎င်း၊ ကူးခတ်၍ သွားနိုင်ခဲ့လျှင် ၎င်းကံတို့၏ အကျိုးတရားများမလိုက်နိုင်တော့ပါ။

**မှတ်ချက်။** ။အကုသိုလ်တို့၏အကျိုးကား-ရေလျှော်မခံသောဆိုးဆေးကဲ့သို့ပင်တည်းဟုဆိုလိုဟန်ရှိကြောင်း။

ထိုမှတပါးလည်း တကာတော်ရေမြေ့ရင်၊ ပေးကမ်းစွန့်ကြဲခြင်း လှူဒါန်းခြင်း၊ ယဇ်ပူဇော်ခြင်း စ,သော ပုညကုသလာအစု ကောင်းမှုဟုခေါ်ဆိုအပ်သော ကိစ္စများကိုဆောင်ရွက် ပြုလုပ်ခြင်းသည်လည်း ကောင်းမြတ်သောကုသိုလ်တရားကို မဖြစ်စေနိုင်ရုံမျှ မကဘဲ မွန်မြတ်သောအကျိုးတရားကိုလည်း မတိုးပွားစေနိုင်ပါ။

အမှန်ပင်စစ်မှာ ဒါန-သီလ သံသယမနှင့် သစ္စာဝါစဟူသော ပေးကမ်းစွန့်ကြဲခြင်း၊ ကိုယ်ကျင့်တရားနှင့်ပြည့်စုံခြင်း၊ ဣန္ဒြေဘို့ကို စောင့်စည်းခြင်း၊ မှန်ကန်သောစကားကိုဆိုခြင်းတည်းဟူသော အကြောင်းတရားတို့ကြောင့်ကောင်းကျိုးချမ်းသာ ဖလ်လာများ မဖြစ်နိုင်ပါ ၎င်းတို့၏အကျိုးတရားကို ခံစားရရှိဘို့ရန်ကား အဘယ်မှာဆိုဘွယ်ရာရှိချေတော့အံ့နည်း ?

အရှင်မြတ်ဘုရား—ဤသို့အားဖြင့် ပုရာဏကဿပသည်သရက်သီးကို မေးမြန်းသောအခါ ဗူးသီးဟူ၍ပြောပြီးလျှင်၊ ဗူးသီးလောဟုမေးပြန်သောအခါမှ သရက်သီးဟု ဖြေသကဲ့

သို့ ထို့အတူပင် သန္ဒိဋ္ဌိက (ဝါ) လက်ငင်းကျိုးရဖြစ်သော သာမညဖလကို မေးမြန်းရာဝယ် ၎င်း၏ အ,ကိရိယဝါဒကို အကျယ်တဝင့် ဖွင့်ပြဖော်ထုတ်၍ ဖြေကြားလိုက်ပါသည်။

ထိုအခါ တပည့်တော်၏စိတ်တွင် "ငါကဲ့သို့သော ဘုရင်မင်းတယောက်သည် မိမိပိုင်နိုင်ငံတော်၏ အတွင်း၌ မှီတင်းနေထိုင်သော ရဟန်း- ပုဏ္ဏားတစုံတဦးကို မကြည်- မညို၊ မရို မသေ- မထေမဲ့မြင်မှုကို ထင်လျှား ဝေါလွှင်အောင် မပြုလုပ်သင့်ချေ ဟု၍ ရုတ်တရက်ပေါ်ပေါက် သတိရလာသဖြင့် ထိုဂိုဏ်းဆရာကြီး ဟောပြသော အ,ကိရိယဝါဒကို တပည့်တော်ကိုယ်တိုင် မနှစ်သက် မကျေနပ် စေကာမူ ထိုကဲ့သို့ မနှစ်သက်သည့်အကြောင်းကို နှုတ်အားဖြင့်၎င်း၊ ကိုယ်အမူအယာအားဖြင့် ထင်လျှားပေါ်လွှင်ခြင်းကို မဖြစ်စေဘဲ ရှိသေစွာ ၎င်း၏အထံမှ ဖဲထွက်ခဲ့ပါကြောင်း။

---

## မက္ခလိဂေါသာလ၏ အ,ဟေတုကဝါဒ"

အ-မရှိသော—ကင်းသော။
ဟေတု-အကြောင်း။
ဝါဒ—အယူအဆ။

**အဟေတုက ဝါဒ-အကြောင်းမရှိဟု ယူသောဝါဒ။**

အရှင်မြတ်ဘုရား -တရံသော် တပည့်တော်သည် မက္ခလိဂေါသာလ အမည်ရှိသော ဂိုဏ်းဆရာကြီး၏ ထံမှောက်သို့ ချဉ်းကပ် ဝင်ရောက်ပြီးလျှင် ဤပြဿနာတို့ကိုပင် တင်ပြ

လျှောက်ထားခဲ့ပါပြီ၊ ထိုအခါ ၎င်းသည် တပည့်တော်အား အောက်ပါ အဖြေမျိုးကို ပေးသနားလိုက်ပါသည်။

တကာတော်ရေမြေရှင် — သတ္တဝါ အားလုံးတို့၏ ညစ်နွမ်းမှုများ မစင်ကြယ်မှုများအတွက် အကြောင်းမရှိပါ စင်စစ်မှာ သတ္တဝါတို့သည် အကြောင်းမဲ့- အကြောင်းကင်း၍သာလျှင် မစင်မကြယ် ဖြစ်ရကုန်၏၊ ညစ်နွမ်းပေရေကြရကုန်၏။

ထို့နည်းတူစွာ- သတ္တဝါအားလုံးတို့၏ ကောင်းမြတ်စင်ကြယ်ရေး အတွက်လည်း အကြောင်း မရှိနိုင်ပါ၊ အကြောင်းမရှိဘဲ အကြောင်းကင်း၍ သာလျှင် သတ္တဝါတို့သည် ကောင်းမြတ်စင်ကြယ်ခြင်းသို့ ရောက်ကြရကုန်၏။

သတ္တဝါသည် မိမိ၏အဖို့ရော သူတပါး၏ အတွက်ပါ ဘာကိုမျှ ဆောင်ရွက်ခြင်းငှါ မစွမ်းနိုင်ပါ၊ ပုရိသ-ခေါ်-မြသော- ဇီဝအတွက်လည်း တစုံတခုမျှ မပြုမလုပ်နိုင်ပါ၊ ၎င်းမှာ အားဒွန်ဗလနှင့်လုံ့လဝီရိယမရှိသည့်အပြင် ၎င်းပုရိသ၏ အစွမ်းနှင့်အားထုတ်မှုလည်းမရှိပါ။

အဆုံးသတ်ပြောရလျှင် အားလုံးသော-သက်ရှိ- သက်မဲ့ သတ္တဝါ-သခ်ါရတို့သည် အလိုမဲ့-အားမဲ့ ဝီရိယမဲ့ချည့်သာ ဖြစ်ကြကုန်၏၊၎င်းတို့သည် မိမိတို့၏နဖူးစာ- အားလျော်စွာ သာလျှင် ထိုထိုသို့သောဘဝတို့၌ ဖြစ်ထွန်း ပေါက်ဖွားကြကုန်၍ ချမ်းသာ-ဆင်းရဲကို ခံစားကြရကုန်၏။

တကာတော်-ပဓါနဖြစ်သော-ယောနိ(ဝါ)ဘဝတို့ကား အရေ အတွက်အားဖြင့် တသိန်း, လေးသောင်း,ခြောက်ထောင်, ခြောက်ရာ-၁၄၆,၆၀၀,ရှိကြကုန်၏၊ ကမ်ပေါင်း

ကာ-ငါးရာငါး-၅၀၅,ရှိ၏၊ မပြည့်စုံသော အဒ္ဓကမ္ဘ သုံးပါး အပြားရှိ၏၊ကျင့်စဉ် ၆၂-ပါးရှိ၏၊ပုရိသတူမိပေါင်း-ရှစ်ပါး ရှိ၏၊ အာဇီဝကပေါင်း(၄၉၀၀)ရှိ၏၊ ပရဗိုဇ်နှင့် နာဂ ဝါသ ပေါင်းလည်း(၄၉၀၀)စီ ရှိကြကုန်၏၊ ဣန္ဒြေပေါင်း (၂၀၀၀)ရှိ၍၊ ငရဲပေါင်း (၃၀၀၀) ရှိလေသည်၊ ရဇ ဓါတ်ပေါင်း(၃၆)ခုရှိ၍၊ သညီဂဗ္ဘ အသညီဂဗ္ဘနှင့် နိဂဏ္ဍ ဂဗ္ဘတို့ကား ခုနှစ် (၇)ပါးစီရှိကြကုန်၏။

ထိုမှတပါး နတ်(၇)မျိုး၊လူ(၇)မျိုး၊ ပိသာစ(၇)မျိုး၊ အိုင်(၇)မျိုး ရှိလေသည်၊ ထိုပြင် အထုံးပေါင်းနှင့် ဂျောက် ပေါင်းလည်း(၇၀၇) ခုနှစ်ရာခုနှစ်ခုစီ ရှိလေသည်။

ထိုနှင့်အတူ အိပ်မက်ပေါင်းလည်း (၇၀၇)ပင် ရှိ၏၊ မှန်ကန်မှန်မြတ်သော အကျင့်စာရိတ္တနှင့် သူတော်ကောင်း သူမြတ်လောင်းပင် ဖြစ်စေ၊ သို့မဟုတ် ဒုစရိုက် အပြည့် အစုံနှင့် လူယုတ်မာ- လူမိုက်ပင်ဖြစ်စေ၊ မဟာကပ်ပေါင်း ရှစ်သောင်း လေးထောင်(၈၄၀၀၀)သာလျှင် ဤသံသရာ၌ စုန်ချည်ဆန်ချည် ကျင်လည်ပြေးသွားပြီးနောက် ၎င်းတို့သည် ဆင်းရဲ ဒုက္ခ မြူမျှမကျန် ကေန်ချုပ်ငြိမ်း၍ ဘဝဇာတ် သိမ်းခြင်းသို့ ရောက်ကြရကုန်လတံ့။

တဖန်ထိုသို့ ဆင်းရဲကင်းပသော အမတရိပ်မြုံသောင် စည်းခုံသို့ ရောက်ရန်အတွက် ကျင့်ကြံအားထုတ် ပြုလုပ်စရာ သီလ, အာစာရနှင့် အကျင့်ထူး အကျင့်မြတ်များ မရှိကြပါ၊ မရင့်ကျက်သေးသော ကမ်ကို တဖြည်းဖြည်းရင့်ကျက်အောင် ပြုလုပ်ဆောင်ရွက်ရေးနှင့် တကွ ရင့်ကျက်ပြီးသော ကမ်တို့၏ အကျိုးဖလ အာနိသံသကို ခံစားပြီးလျှင် ၎င်းကမ်တို့၏

ကုန်ဆုံးခြင်းသို့ ရောက်အောင် ပြုလုပ်ရန် နည်းလမ်းလည်း မရှိပါ။

ချမ်းသာနှင့် ဆင်းရဲဆိုသည်မှာ အချိန်အတွယ်မှ ကင်းသော အရာဖြစ်၏ (မူလပမာဏ အတိုင်းရှိမြဲရှိသည်၊ အတိုးအဆုတ် မရှိဟု ဆိုလို၏) သံသရာ၌ တိုးခြင်း ဆုတ်ခြင်း သော်၎င်း တက်ခြင်း-ကျခြင်းသော်၎င်းမရှိပါ။

ဥပမာပြရသော် အပ်ချည်မြင်တစ်ခုကိုကိုင်၍, အပ်ချည်လုံးကို လှိမ့်လိုက်ရာ ၎င်းသည် အပ်ချည်ကုန်ဆုံးသည့် တိုင်အောင် လိမ့်၍ သွားပြီးလျှင် အပ်ချည်ကုန်သည်နှင့် တပြိုင်နက် ရပ်လေသကဲ့သို့တည်း။

ထိုနည်းတူစွာပင် ဗါလနှင့်– ပဏ္ဍိတ (ဝါ) လူအနှင့်ပညာရှင် (ဝါ)လူဆိုးနှင့် သူတော်စင် နှစ်ဦးလုံးပင် ၎င်းတို့၏ မူလပမာဏဖြစ်သော မဟာကပ်ပေါင်း (၈၄၀၀၀) ရှည်မြင့်ကြာအောင် ဤသံသရာ၌ကျင်လည်ပြီးလျှင် ဆင်းရဲခပ်သိမ်း ငြိမ်းရာမှန် မြိုက်နိဗ္ဗာန်သို့ ကောန်ဒိဋ္ဌရောက်ကြရပေလိမ့်သတည်း။

အရှင်မြတ်ဘုရား–ဤသို့လျှင် မက္ခလိဂေါသာလ ဆရာကြီးသည် အမေးတမျိုး အဖြေတဖုံ ဖြစ်အောင် ပြန်လည်ပြောကြားလိုက်ပါသည်၊ သို့သော် အရှင်မြတ်ဘုရား တပည့်တော်သည် ၎င်း၏ အဓိပ္ပါယ် ဆိတ်သုဉ်းသော အဖြေကိုအကာယ်စင်စစ် နှစ်သက်ခြင်းကင်းလျက်နှင့် ထိုသို့သော အမှုအရာ ကို လုံးဝပေါ်လွင်ခွင့်, မပေးဘဲ ၎င်းအား အရိုအသေပေး၍ ခပ်အေးအေးပင် ပြန်ထွက်လာခဲ့ပါကြောင်း။

## အဇိတကေသ ကမ္ဗလ၏ ဥစ္ဆေဒဝါဒ

အရှင်မြတ်ဘုရား–တနေ့သောအခါ တပည့်တော်သည် ဆံပင်သက်န်း''ကို ဝတ်ရုံဆင်မြန်းလေ့ ရှိသော အဇိတကေသ ကမ္ဗလ၏ ထံမှောက်သို့ ဝင်ရောက်ခံစားပြီး ပြန်ထွက်လာသော အခါ တပည့်တော်၏ အမေးများအတွက် အောက်ပါအဖြေကို ရရှိခဲ့ပါသည်။

တကာတော်ရေမြေ့ရှင်–ပေးကမ်း လှူဒါန်းခြင်းဟူသော ဒါနမှုမရှိ၊ ရှိသေကော်ရော် ယဇ်ပူဇော်မှုမရှိ၊ အနာဂတ်၌ ရရှိခံစားရလတံ့သော အကျိုးကို မျှော်ကိုး၍, တောင့်တ၍, ပြုလုပ်အပ်သော ပ, သ,မှု မရှိ၊ ကောင်းမှု- မကောင်းမှု ဟူသော ကံတို့၏ ကောင်းကျိုးဆိုးပြစ်တို့လည်း မုချအားဖြင့် မရှိသော အရာများဖြစ်ကြကုန်၏။

ယခုဘဝနှင့် နောင်ဘဝတို့သည် စိတ်ကူး၌ သာလျှင် တည်ရာမှီရာရှိကြ၍ မုချကေန်အားဖြင့် ထင်လျှားရှိသော သဘာဝများ မဟုတ်ကြကုန်ပါ။

ထို့ပြင် အဖေမရှိ–အမေမရှိ၊ ညီအစ်ကိုမောင်နှမ-မရှိ၊ ထိုမှတပါး ဥပပါတ် ပဋိသန္ဓေအားဖြင့် ဖြစ်ထွန်း မွေးဖွား သည်ဟု ဆိုကြ ပြောကြကုန်သော နတ်-ဗြဟ္မာ- စသည် တို့လည်း ထင်လျှားရှိသော စာရင်း၌ မဝင်နိုင်ကြပါ။

ဤလောက အတွင်း၌ ကောင်းမြတ်, မှန်ကန်သော လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်ကြကုန်၍ ထိုထိုများလှ စွာသော လမ်းစဉ်တို့ကို ထုတ်ဖော် ဟောပြကြ ကုန်သော ဝါ– ယခုဘဝနှင့်, အနာဂတ်ဘဝကို ထိုးထွင်း သိမြင်

နိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံကြကုန်သော ရဟန်းပညာရှိ ပုဏ္ဏားပညာရှိများလည်း မရှိကြကုန်ပါ။

ဤသတ္တဝါခေါ်သော အရာ၏ ကာယသည် ပ-အာ-ဝါ-တေ-ဟူသော မဟာဘုတ် လေးပါးဖြင့်ပြီး၏ ၎င်း သတ္တဝါ သေဆုံးခြင်းသို့ ရောက်သောအခါ ၎င်း၏ ခန္ဓာ ကာယကို ဖွဲ့စည်းထားသော ပထဝီ၊ မြေဓာတ်သည် ၎င်း၏ မိတ်ဆွေဖြစ်သော ဗဟိဒ္ဓ-ကပ္ပမြေဓာတ်နှင့်၎င်း၊ ထို့အတူ ၎င်း၏ အာပေါဓာတ်သည် ဗဟိဒ္ဓရေနှင့်၎င်း၊ ဝါယော ဓာတ်သည် ဗဟိဒ္ဓလေနှင့်၎င်း၊ တေဇောဓာတ်သည် ဗဟိဒ္ဓ မီးနှင့်၎င်း၊ ပူပေါင်း၍သွားမြဲဖြစ်ချေသည်။

ထိုမှတပါး ဣန္ဒြေဘရားတို့သည်လည်း အာကာသဓာတ် ဟူသော ကောင်းကင်လဟာပြင်သို့ ဝင်ရောက်ခိုလှုံ၍သွားကြ ကုန်၏ (ပျောက်ပျက်သွားကုန်၏)ဟု ဆိုလိုသည်။

အဝိညာဏက—အသက်ဝိညာဏ်မဲ့သူ- လူသေကောင် ကို အသက်ရှိသူ လေးယောက်တို့က-ဝါးနှစ်လုံး တပ်သော ကပ်စင်ဖြင့်ထမ်းပိုး၍ တစပြင်သို့ ပို့ဆောင်လိုက်ကြကုန်၏။ လူတို့သည် လူသေကိုချီးမွမ်းကြကုန်၏။ ကဲ့လည်းကဲ့ရဲ့ ရှုံ့ချ ကြကုန်၏။သို့ရာတွင် လူသေ၏ အရိုးတို့ကိုကား- ဖရိုဖရဲ ဟို တကွဲ-သည်တကွဲ ပြန့်ကြဲ၍သွားကြလေကုန်ပြီ။ အခြားသော ရုပ်ပစ္စည်း အားလုံးတို့မှာ ပြာအဖြစ်နှင့် အဆုံးသတ်ကြရ ကုန်၏။

"တကာတော်ရေမြို့ရင်-ဤလောက၌ အကြင် လူအ, တို့သည် ဒါနစသောအမှုတို့ကို ပြုကြကုန်၏။ ထိုသူတို့သည် ထိုထိုအမှုတို့၏ကောင်းကျိုးချမ်းသာ မင်္ဂလာကို ၎င်းတို့မျှော်

လင့် တောင့်တကြသည့်အတိုင်း ဘယ်သောအခါမျှ မရရှိနိုင်ကြပါ။

ထိုမှတပါး မြဲသောအတ္တရှိ၏။(သို့မဟုတ်) ဝိညာဏ်ရှိ၏ဟူသော အယူဝါဒများကား–အရူး၏ အိပ်မက်မျှသာဖြစ်၍၊ မှားသက်သက် ဖြစ်သည် ဟူ၍ မှတ်ယူရာ၏။ လူလိမ္မာ–လူပညာရှင်၊သူတော်ကောင်း–သူတော်စဉ်ပင် ဖြစ်စေ၊ သို့မဟုတ် လူယုတ်မာ–လူ့အန္တ–လူ့ဗါလပင်ဖြစ်စေ၊ သေဆုံးခြင်းသို့ ရောက်သောအခါ၊ ဤခန္ဓာကာယ– အားလုံး ပျက်ပြုန်း၍၊ လက်စတုံးကင်းပြတ်,ချုပ်ပျောက်မြဲဖြစ်၏။ သေကြေ ပျက်စီးခြင်းသို့ရောက်ပြီးဖြစ်သော–သတ္တဝါသခ်ါရတို့သည် တဖန် ပြန်၍ ဖြစ်နိုင်သော သတ္တိမှကင်းကြကုန်၏။ထို့ကြောင့် ဘဝအသစ် စသည်ဖြစ်ရိုးဖြစ်စဉ်မရှိဟု မှတ်ရာ၏။

အရှင်မြတ်ဘုရား–ဤသို့အားဖြင့်၊ အဇိတကေသကမ္ဗလဆရာကြီးသည် တပည့်တော်၏ သန္ဒိဋ္ဌိက – သာမညဖလအမေးကို ဖြေကြားခြင်းမပြုမူ၍၊ ၎င်း၏ ဥစ္ဆေဒဝါဒကိုသာအကျယ်တဝင့် ဖွင့်ဖေါ်မြွက်ဟ – ဟောပြလိုက်ပါကြောင်း။ တပည့်တော်သည် ၎င်း၏ဝါဒကို လုံးဝနှစ်သက်ကျေနပ်ခြင်းမရှိခဲ့ပါ၊ သို့ပင်ဖြစ်စေကာ ထိုသို့သော အမူအရာကို မပေါ်လွင်–မထင်လျှားစေဘဲ၊ ထိုနေရာမှ, ဖဲထွက်ခဲ့ပါကြောင်း။

## ပကုဓကစ္စာယန–၏ အ,ကတဝါဒ

အရှင်မြတ်ဘုရား–အခါတပါး၌ တပည့်တော်သည် ပကုဓကစ္စာယန–ဆရာကြီး၏ အထံသို့ ဝင်ရောက် ခစားပြီးလျှင်

တပည့်တော်၏မေးနေကျ လက်ရှိ ပြဿနာတို့ကို လျှောက်ထားမေးမြန်းရာ အောက်ပါအတိုင်း ဖြေကြားလိုက်ပါပြီ။

တကာတော်ရေမြေ့ရင်—မပြုလုပ်အပ်သော(ဝါ)ပြုလုပ်သောအချင်းအရာမှဆိတ်သော ဖန်ဆင်းခြင်းမရှိသော (ဝါ) ဖန်ဆင်းသော၊အချင်းအရာမှ ကင်းသော၊ သတ်ဖြတ်၍ မရစကောင်းသော၊ တုန်လှုပ်ခြင်းမှ ကင်းသော၊ အချင်းချင်းကို မနှိပ်စက်တတ်ကုန်သော၊ အချင်းချင်းအား ဆင်းရဲမှု-ချမ်းသာမှုကို မပြုတတ်ကုန်သော ကာယတို့ကား-(၇)ပါးအပြားရှိကြကုန်၏။အဘယ်(၇)ပါးတို့ဟူမူကား-

(၁) ပထဝီကာယ။
(၂) အာပေါကာယ။
(၃) တေဇောကာယ။
(၄) ဝါယောကာယ။
(၅) သုခကာယ၊
(၆) ဒုက္ခကာယ။
(၇) ဇီဝကာယ။ ဤ(၇)ပါးတို့ပင်တည်း။

တကာတော်ရေမြေ့ရင်— ဤ(၇)ပါးသော ကာယတို့ကား-ဖန်ဆင်းပြုလုပ်ပေးသူမလိုသည့်အပြင်၊ ပြုလုပ်ဖန်ဆင်းသော အခြင်းအရာမှလည်း ဆိတ်သုဉ်းကြကုန်၏။၎င်းတို့သည် သတ်ဖြတ်ဖျက်ဆီး၍ ရနိုင်ကောင်းသော အရာများလည်း မဟုတ်ကြပါ။၎င်းတို့သည် တုန်လှုပ်ချောက်ချားခြင်း၊ဖေါက်ပြန်ပျက်ပြားခြင်းကိုလည်း မသိကြကုန်။ ၎င်းတို့သည် အချင်းချင်းအား သုခ-ဒုက္ခ(ဝါ)ချမ်းသာ-ဆင်းရဲကို ပေးနိုင်သော အစွမ်းသတ္တိမှလည်း ချို့တဲ့ကြပါကုန်၏။

တကာတော်ရေမြေ့ရင်–ဤလောက၌ သတ်ဖြတ်သူရော အသတ်အဖြတ်ခံရသူပါမရှိချေ။ ထို့နည်းအတူပင် သိသူနှင့် သိစေအပ်သူတို့သည်ငင်း၊ကြားသူနှင့်ကြားစေအပ်သူတို့သည် ၎င်း၊ထင်ရှားမရှိသော သဘာဝတို့သာ ဖြစ်ကြကုန်၏။အကြင် အမှတ်မထင်သော လူတယောက်သည် ထက်လှစွာသော သံလျက်ဒါးဖြင့် အခြားလူတယောက်၏ဦးခေါင်းကို လည် ပင်းမှ ခုတ်ပိုင်း ဖြတ်တောက်လိုက်ရာ၏။ သို့ရာတွင် တကာ တော်ရေမြေရင်–ထိုသူသည် သူ့အသက်သတ်ခြင်း ဟူသော ပါဏာတိပါတကမ်ကို ကျူးလွန်သည့်အပြစ်ကို မရရှိနိုင်ပါ။ အမှန်မှာ– ကာယ နှစ်ခုတို့၏ အကြားမှ သံလျက်ဒါးဖြတ်၍ သွားခြင်းမျှသာ ဖြစ်သောကြောင့်တည်း။

အရှင်မြတ်ဘုရား—ဤသို့အားဖြင့် ပကုဓကစ္စာယန ဆရာ ကြီးသည် မျက်မှောက်ကျိုးရ–သန္ဒိဋ္ဌိက–သာမညဖလကို မေး မြန်းလျှောက်ထားပါလျက်၊ မဆီမဆိုင် လက်ပံသား ဒါးနှင့် ချိုင်ဆိုသကဲ့သို့ အမေးတမျိုး-အဖြေတခြား ပြန်ကြားလိုက်ပါ ပြီ။သို့သော်လည်း အသျှင်မြတ်ဘုရား-တပည့်တော်သည် ထို သို့ဖြေဆိုလိုက်သည့်အတွက် ဒေါသလည်းမထွက်၊ အမျက် လည်းမပွား၊ ကျေနပ်-မကျေနပ်အမူအရာကိုမျှလည်း မထင် ရှား-မပေါ်လွင်စေဘဲ၊ ၎င်း၏အထံမှ ထွက်ခွာခဲ့ပါကြောင်း။

## နိ,ဂဏ္ဍနာဋပုတ္တ၏ ''စတုယာမသံဝရ''

နိ–မရှိခြင်း ကင်းခြင်း။ဂဏ္ဍ–အတုံးအနှောင်အဖွဲ့။
နာဋပုတ္တ–နာဋအမည်ရှိသူ၏သား။

၎င်းကား- မဟာဝိရ-ဝမ္မမာန မည်သော ဂျိန်းဘုရား၏ ဂုဏ်ပုဒ်ဖြစ်၏၊ ၎င်းပုဂ္ဂိုလ်ကြီးသည် ဗုဒ္ဓဂေါတမ၏ အလျင် အနှစ်(၂၀)ခန့်စော၍ ဝေသာလီပြည် လိစ္ဆဝီမင်းမျိုး၌ ဖွားမြင်ခဲ့၏။

အရှင်မြတ်ဘုရား-တနေ့သ၌၊ တပည့်တော်သည် နိဂဏ္ဍနာဋပုတ္တ၏အထံပါးသို့ ဝပ်တွားခစားပြီးသျှင် ထုံးစံအတိုင်း တပြည့်တော်၏ပြဿနာများကို မေးမြန်း လျှောက်ထားခဲ့ပါပြီ။ထိုအခါ ၎င်းသည်သည်း အခြားသောဂိုဏ်းဆရာကြီးတို့ ကဲ့သို့ပင် မရေရာသောအဖြေကို ပေးလိုက်ပါသည်။

တကာတော်ရေမြေ့ရှင်—အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်ပြီးသော နိဂဏ္ဍသည် လေးပါး အပြားရှိသော သံဝရတရားတို့ဖြင့် လွှမ်းခြုံလျက် လုံခြုံစွာနေ၏။

**အဘယ်ကဲ့သို့ နေသနည်းဟူမူကား—**

(၁) နိဂဏ္ဍသည် အယုတ်ဆုံးသော အပိုင်းအခြားအားဖြင့် ရေ၌တည်ရှိသော ဇီဝကိုဖျက်ဆီးမိမည်ကိုပင် ကြောင့်ကြသဖြင့် မလွှာကောင်းသော သတိသံဝရရှိသည်ဖြစ်၍ ရေကိုအသုံးပြု၏။

(၂) အကြွင်း မရှိသော- မကောင်းမှု- အကုသိုလ်ဒုစရိုက် တရားဆိုးများ၏, တိုးပွား ဖြစ်ထွန်းမှုကို အမြဲတစေ—ဘားဆီး ပိတ်ပင်လျက်နေ၏။

(၃) အလုံးစုံသော-ပါပ, ညစ်ကျု-မကောင်းမှုအကုသိုလ်တရားတို့ကို တိုက်ဖျက်နှင်ထုတ်၍, သုတ်သင်ပြီး၍ ဖြစ်သောကြောင့် သန့်ရှင်းစင်ကြယ်သော ဘဝနှင့်ပြည့်စုံ၏။

(၄) နိဂဏ္ဍာသည် အကုသိုလ်တရားတို့ကို ခဏမလပ် မပြတ်အစဉ် တိုက်စစ်ဆင်လျက်နေ၏။

တကာတော်ရှေမြေ့ရင်–ဤသို့လျှင် နိဂဏ္ဍာသည် စတုယာမသံဝရဖြင့် အမြဲတန်း လုံးခြုံအောင် လွှမ်းရုံ၍နေ၏ ထိုကြောင့် တကာတော်–နိဂဏ္ဍနာဋပုတ္တသည်

ဂတတ္တ(ဝါ)အလိုဆန္ဒလုံးဝကင်းမဲ့သူဖြစ်၏။

ယတတ္တ (ဝါ)အနည်းငယ်မျှ သတိလွတ်ကင်း မေ့လျော့ခြင်း မရှိဘဲ၊ ဣန္ဒြေအလုံးစုံကို လုံခြုံအောင်, စောင့်စီးသူသူဖြစ်၏။

ဋ္ဌိတတ္တ (ဝါ)လှုပ်ရှားမယိုင် တံခါးတိုင်သို့ ကြံ့ခိုင်သော သမာဓိမဏ္ဍိုင်နှင့်ပြည့်စုံသူဖြစ်၏။

အရှင်မြတ်ဘုရား– ဤသို့လျှင် နဂဏ္ဍနာဋပုတ္တသည် သန္ဒိဋ္ဌိက မျက်မှောက်သော ဘဝ၌ ရရှိခံစား အပ်သော သာမညဖလကို မေးမြန်းလျှောက်ထားရာဝယ် သူ၏ စတုယာမ သံဝရ–ကို အကျယ်တဝင့် ဖွင့်ဆိုဟောပြ ၎က် ပါကြောင်း တပည့်တော်သည် ၎င်း၏ ဟောပြ ချက်ကို နှစ်သက်ကျေနပ်ခြင်း အလျင်းမရှိစေကာ ထိုကျေနပ်မှုကို မထင်လျှားစေဘဲသာလျှင် သူ့ထံမှ ဆုတ်ခွါခဲ့ပါကြောင်း။

## သဉ္စယဗေလဋ္ဌိပုတ္တ၏ အနိစ္ဆိတဝါဒ။

မှတ်ချက်။ အနိစ္ဆိတ-ဆုံးဖြတ်ချက်မှ ကင်းသော
ဝါဒ–အယူ
အနိစ္ဆိတ ဝါဒ–မပြတ်သားသော

အယူဝါဒဟု ဆိုလိုသည်။ ၎င်းကို ဝိက္ခေပဝါဒ ပုံ့လွင့်သော ဝါဒဟုလည်း ခေါ်ဆိုကြသည် မည်ကဲ့သို့ ပြဿနာမျိုးကိုမဆို တိကျပြတ်သား စွာ ပိုင်းခြား ဝေဖန်ခြင်းမှ ကင်းသော ဝါဒ ဖြစ်သည်။

အရှင်မြတ်ဘုရား—တနေ့သောအခါ တပည့်တော်သည် ဗေလဋ္ဌပုတ္တဘွဲ့ထူးရသော သိဉ္စည်းဆရာကြီးထံ မှောက်သို့ အလျဉ်းသင့်ဝင်ရောက်ပြီးလျှင် တပည့်တော်၏ မျက်မှောက် ကျိုးရ သာမညဖလပြဿနာကို မေးမြန်းလျှောက်ထားခဲ့ ပါပြီ၊ ၎င်းဆရာကြီးသည် အောက်ပါအတိုင်း ထိုအမေးကို ဖြေဆိုလိုက်ပါပြီ။

တကာတော်ရေမြေ့ရှင်—တစုံတယောက်သော သူသည် "တမလွန် လောက ရှိသလော" ဟု ငါ့အား မေးမြန်း လာငြားအံ့၊ ငါကိုယ်တိုင်က တမလွန်လောက နောက်ဘဝ ရှိသည်ဟု, ယုံကြည်စေကာမူ တမလွန်လောက ရှိသည် ဟူ၍၎င်း မရှိဘူးဟူ၍၎င်း အဖြေမပေးနိုင်ပါ၊ လိုရင်းမှာ တကာတော် ဤနည်းဖြင့်လည်း မဖြေနိုင်ပါ၊ ထိုနည်းဖြင့် လည်း မဖြေနိုင်ပါ၊ အခြားမည်သည့်နည်းနှင့်မျှလည်း မဖြေ နိုင်ပါ၊ ရှိတယ်—မရှိဘူး၊ မရှိတာလဲ မဟုတ်ဟုလည်း မဖြေ နိုင်ပါ။

သိဉ္စည်း ဆရာကြီး၏ ဝါဒသည် အောက်ပါ အမေး အဖြေကို အမှီပြု၍ ရှင်းလင်းစွာ သိမြင်နိုင်သည်။

မေး။ ။ပရလောကဟူသော တမလွန်ဘဝရှိသလော ?။

ဖြေ။ ။ရှိသည်ဟူ၍, ငါမဖြေနိုင်။

မေး။ ဒါဖြင့်ရင် 'မရှိဘူးဟူ၍ ဆိုလိုပါသလော ?
ဖြေ။ ဟင့်အင် မရှိဘူးလို့လဲ မဆိုလိုပါ။

**ထို့အတူပင်—**

မေး။ ဥပပတ်ပဋိသန္ဓေမှီခနေသော သတ္တဝါမျိုးထင်လျှားစွာ ရှိပါသလော ?
ဖြေ။ ရှိသည်ဟူ၍ ငါမဖြေနိုင်ပါ။
မေး။ အသို့ရင် မရှိဘူးဟူ၍ ဆိုလိုပါသလော ?
ဖြေ။ ဟင့်အင်မရှိဘူးလို့လဲ မဖြေနိုင်ပါ။

**နောက်တချက်လည်း—**

မေး။ ကုသိုလ်နှင့် အကုသိုလ်ကံတို့၏ အကျိုးအပြစ်များထင်လျှားရှိပါသလော ?
ဖြေ။ ရှိသည်ဟူ၍ ငါမဖြေနိုင်ပါ။
မေး။ ဒီလိုဆိုလျှင် မရှိဘူးဟု မှတ်ရမည်လော ?
ဖြေ။ ဟေး-ဒီသို့မှတ်ဟုလည်းလဲ မဖြေနိုင်ပါ။

**ပြီးတော့တဖန်လာပြန်၏**

မေး။ အရဟန္တပုဂ္ဂိုလ်များ-ပရိနိဗ္ဗာန်ပြု(ဝါ)သေဆုံးကွယ်လွန်ပြီးနောက်၌ဘဝအသစ်ယူ၍ဖြစ်ပါသေးသလော?
ဖြေ။ ဖြစ်သေးသည်ဟူ၍ ငါမဖြေနိုင်ပါ။
မေး။ အသို့ရင် မဖြစ်တော့ဘူးပေါ့ ?
ဖြေ။ ဟိုး—ဒီလိုလဲ မဖြေဆိုလိုပါ။

တကာတော် ရေမြေ့ရင်—ငါ၏ တရားဓမ္မ အယူဝါဒကား အဲဒီ ယခုပြောပြတဲ့ အမေးအဖြေအတိုင်းပင် ဖြစ်သည်ဟူ၍ မှတ်ယူပါလေလော့။

အရှင်မြတ်ဘုရား—ဤသို့သော နည်းအားဖြင့် သိဒ္ဓယ ဆရာကြီးသည် လက်ငင်းကျိုးရ-သန္ဒိဋ္ဌိက သမညဖလကို မေးမြန်း လျှောက်ထားရာတွင် သူ၏ဝိဇ္ဇာဝေါဒကို အတင်း ဖြန့်ဖြူးလိုက်ပါသည်။ အမေးတမျိုး အဖြေတခြား ပြန်ကြား ဖြေဆိုလိုက်ကြသော ရဟန်းပုဏ္ဏား ပညာရှိကြီးတို့တွင် ဤသိဒ္ဓယ ဆရာကြီးသည် ဉာဏ်အမြင် ကြည်လင်ဆုံး အတွေ့ဝေဆုံး ပုဂ္ဂိုလ်တဦးဘဲဟု တပည့်တော် မှတ်ယူခဲ့ပါ သည်။

သို့သော် အရှင်မြတ်ဘုရား- တပည့်တော်သည် သိဒ္ဓည်း ဆရာကြီး၏ ထိုသို့သောအဖြေကို ကြားနာရစေကာ ဒေါသ အမျက် အပြင်သို့ထွက်၍ မနှစ်သက်သော အမူအရာမျှကိုပင် မပေါ်လွင်စေဘဲ သူ၏ယံပါးမှ ရှုန်ခြေရုရ— ထ၍ ပြန်ခဲ့ပါ ကြောင်း။

အရှင်မြတ်ဘုရား-သရက်နှင့်ပုူး၊ ထူးခြားကွဲပြားအောင် ရှင်းလင်းဖြေဆိုနိုင်သော အရည်အချင်းမှချို့တဲ့ကြကုန်သော ထိုထိုရဟန်း ပုဏ္ဏား ဘာသာရေး ခေါင်းဆောင်ကြီး အများတို့၏ တိ,ကျ, ပြတ်သားခြင်း မရှိသော အဖြေတို့ဖြင့် ရောင့်ရဲတင်းတိမ်မှုကို မရသေးသောကြောင့် ထိုသည့် လက် ငင်းကျိုးရ သန္ဒိဋ္ဌိက သမညဖလ ပြဿနာအတွက်ပင် အရှင် မြတ်ဘုရား၏ ခြေတော်ရင်းသို့ . တပည့်. တော် ယခုအကြိမ် ဝင်ရောက် ခစားရခြင်း ဖြစ်ကြောင်းပါဘုရား။

## ''ကောင်းစွ-ကောင်းစွ-အဇာတသတ်''

သို့ရာတွင် အသင့်ကိုပင် ငါမေးဦးအံ့။ အကြင်သို့သော အခြင်းအရာအားဖြင့် ယခုငါမေးလတ္တံ့သော ပြဿနာကို

အသင်နားလည်၏၊ ထိုသို့ သင်နားလည်တိုင်းသာလျှင် ၎င်းကို ဖြေဆိုပါလေလော့။ ။

ဘယ့်နှယ်လဲ အာဇာတသတ် ?

သင်၏ထံပါး၌ သင့်ကိုအမြဲခစား၍နေသော ကျွန်ယုံတော် တယောက်ရှိသည်ဟု ဆိုကြပါစို့၊ ၎င်းသည် သင်၏အတွင်းအပ အသုပ်ကိစ္စဟူသမျှကို စိတ်ချရအောင် ဆောင်ရွက်တတ်၏၊ ၎င်းသည် လွန်စွာ ပါးနပ်လိမ္မာသဖြင့် သင်၏နှုတ်ဖြင့် ခိုင်းစေမှုကို စောင့်ဆိုင်းမနေမူ၍ သင်၏ အမူအရာ အကဲ-အလေးကို ခတ်လျက် အားလုံးသောပြုဘွယ်-လုပ်ဘွယ်-ဆောင်ရွက်ဘွယ်တို့ကို သေသေသပ်သပ် ပြီးမြောက်စေနိုင်၏။

၎င်းသည် 'နောက်အိပ် အလျင်ထ' ဟူသော တပည့်ကောင်း ကျေးကျွန်ကောင်းတို့၏ ထုံးတမ်းစဉ်လာ အားလျော်စွာ သင်ကိုယ်တိုင် အိပ်ရာသို့ ဝင်ပြီးနောက်မှ အိပ်လေ့ရှိခြင်း၊ ထိုပြင် အသင်စက်ရာမှ မလွန့်လူးမီ အိပ်ရာမှ တင်ကြို၍ ထခြင်းဟူသော လုံ့လ-ဝီရိယ-နှင့် ပြည့်စုံသူဖြစ်၏။

၎င်းသည် သင်၏ အမိန့်တော်သံကို နာခံမှတ်သား၍ ဆောင်ရွက် လုပ်ကိုင်ရန် အမြဲနိစ္စဗဒ် စောင့်မျှော်၍ နေသူဖြစ်၏။

၎င်းသည် နှစ်သက်ကြည်နူး ချီးကျူးဘွယ်ကောင်းသော ကိုယ်အမူအရာနှင့် ထို့ပြင်ချေငံပြေပြစ် ပေါ့ထစ်ကင်းကွာ ချိုသာနားဝ,ဟဒယပြီး နှလုံးရွှင်ဆေး ဘဝင်အေးအောင် ယဉ်ကျေးဘွယ်ရာ ပြောဆိုတတ်သော နှုတ်အမူအရာနှင့်၎င်း ပြည့်စုံသူဖြစ်၏၊

စက္ကုဝတ်ငှက်ငယ်သည် မသေးငယ်သော ဗဟိဒ္ဓဘေး ရန် ဟူသမျှကို စဉ်းငယ်မျှ အမှုမထားဘဲ သော်တာယုံစန်း လ,ပြည့်ဝန်းကိုသာ မမှိတ် မသုံသော မျက်လုံးအစုံတို့ဖြင့် မတုန်မလှုပ် မရှော မဖယ် မကွယ် တိုက်ရိုက် စူးစိုက်သေ ချာစွာ ကြည့်ရှုနေတတ်သကဲ့သို့ သူသည် အခြားမည်သူ မည်ဝါ မည်သည့် အရာကိုမျှ အရေးစိုက်ဂရုပြုခြင်း အလျှင်း မရှိဘဲ သင်၏ မျက်နှာတခုကိုသာ အမြဲအာရုံပြု၍ ကြည့်ရှု နေတတ်သော အလေ့ ရှိသူဖြစ်သည်။

ထိုမျှ- အဘိုးတန် အသုံးဝင်သော သင်၏ ငယ် ကျွန် တော် တယောက်သည် ဇာနေ့သော် ဤသို့စဉ်းစားဥာဏ် ဝင်၍ ဆင်ခြင်တွေးတော မိပေရာ၏။

"အော—ကောင်းမှု ကုသိုလ်ကံတို့၏ အကျိုးတရားကား ကြီးမားဆန်းကြယ် လှချေသည် တကား၊ ငါတို့၏သခင် မဂဓ တိုင်းကြီး၏အရှင် ရာဇဂြိုဟ်ပြည်၏ဘုရင် အဇာတသတ်သည် လည်း လူ-မ,ကဖွားတဲ့လူသားဘယောက်ပင်ဖြစ်ခဲ့၏၊ ငါတို သည်လည်း ထို့နည်းတူစွာပင် လူ့ဇာတိဝင် လူ သား တယောင်ပင် ဖြစ်ခဲ့၏၊ သို့ရာတွင် လူနှင့် လူချင်း၊ သူနှင့်ငါ အဆင့်အတန်း ကွာခြင်းကား အလွန်အမင်း ကြီးကျယ်လှ ချေ၏ တကား၊ ငါတို့နှစ်ယောက်တွင် အဇာတသတ်သည် ငါးဝဏ္ဏာမဟုတ် လူသား၏ အကြိုက်ဖြင်သော အာရုံအဖုံဖုံ တို့ဖြင့် လိုလေသေးမရှိဘဲ အမြဲတမ်း ဖူလုံ၍ ပြည့်စုံနေသူ ဖြစ်၏။

ဘို့သော်-ငါသည် တမှုကား လူသားစင်စစ် အဖြစ်ကြီး ဖြစ်ပါလျက် သူ၏ ထံပါး၌ အခစား အစေခံမျှသာ ဖြစ်ရ

လူ့စည်းစိမ်နှင့် လူ့ချမ်းသာ-ဟူသော ဗိမ်ခံစရာတို့မှာ အမြဲတစေ လိုလျက်-လိုလျက်သာနေသူ ဖြစ်၏။

ထို့ကြောင့် ငါသည် ယခုဘဝ ယခုရရှိနေသော မပြောပလောက်တဲ့ စည်းစိမ်ဇလေးကို အနာဂတ် ဘဝတို့၌ အဇာတသတ်မင်းကဲ့သို့ အထက်တန်းကျကျ- ကောင်းစားရေးအတွက် စွန့်လွှတ်ပြီးလျှင် ရသေ့ရဟန်းပြုလုပ်၍ ကုသိုလ်တရား ပွားစီးရာ ပွားစီးကြောင်း လမ်းစဉ်ကို ထွင်ရသော် ကောင်းလေစွ”–

ဤကဲ့သို့ တွေးတောဆင်ခြင်၊ အနာဂတ် အကျိုးကို မြော်မြင်ပြီးလျှင် သင်၏ အစေခံဖြစ်သော ငင်းကျွန်ယုံတော်သည် သူ၏ သားမယားနှင့် ရှိသမျှသော စည်းစိမ်အဝဝကို စွန့်လွှတ်၍ တောထွက်၍ သွားခဲ့ပေရာ၏။

ထို့နောက် သူသည် ဖန်ရည်စွန်းသော ဝတ်သင်္ကန်းကို ဆင်မြန်း၍ ရသေ့ရဟန်း ပြုလုပ်ပြီးလျှင် မြင့်မြတ်သော ကုသိုလ်တရား ပွားစီးရာ ပွားစီးကြောင်း လမ်းကောင်း လမ်းမှန်သို့ အစဉ်တစိုက်လိုက်ကာ ကြိုးစား အားထုတ်နေပေရာ၏။

ထိုအခါ အခြားသော သင်၏ ကျေးကျွန်တို့သည် သင့်ထံပါးသို့ ချဉ်းကပ်ခစားကြကုန်ပြီးသော်–

“အို–အရှင်မင်းမြတ်-

ဤမည်သော- ကျွန်ယုံတော်ကြီးသည် အလုပ်မှလည်း ခွင့်မပန်၊ ဥစ္စာစီးပွား-ဇနီးမယားနှင့် သွီးသားတို့ကိုလည်း ပယ်သှန်စွန့်ပစ်ပြီး တောထွက်၍ သွားခဲ့ပါပြီ။

ယခုအခါ၌ သူသည် ဤမည်သော တောရကျောင်းတွင် ခိုအောင်းသိတင်းသုံးလျက် နေ့မှာအဂုဋ္ဌဂူ ညမှာစင်္ကြံ ဆိုသည် အားလျော်စွာ သူတော်စင် ရသေ့ရဟန်းတို့၏ လမ်းစဉ်ကို နေ့ညမယုတ် အားထုတ် ကြိုးပမ်းလျက် နေရှာပါပြီ ဟူ၍ သံတော်ဦး တင်ကြကုန်ရာ၏။

ထိုအခါ သင်သည် ဒေါသအမျက် ထောင်းထောင်းထွက် ပြီးလျှင် "သယ်-ဒီအကောင်က လူပါး၀- လှ,ချေတကား၊ သွားကြလော့ ဒီအကောင်ကို အတင်းဖမ်း၍ သင်္ကန်းကို ချွတ်ပြီးလျှင် အ၀တ်ဖြူကို ၀တ်ပေးလိုက်ကြကုန်လော့၊ သူ၏ နားရွက်ကိုဆွဲ၍ နန်းထဲသို့ သွင်းခဲ့ကြကုန်လော့၊ သူ့ကို လုပ်ကိုင်မြဲဖြစ်သော ဌာနန္တ မူလအတိုင်းပင် ခ,စားလုပ်ကိုင် စေလော့"ဟု အမိန့်ချမှတ်လိုက်မည်လော ?

အရှင်မြတ်ဘုရား-ဤသို့သော အမိန့်မျိုးကား တပည့် တော်များအတွက် ရိုင်းပြ-ပြင်းဟန်၍ ကြမ်းတမ်းလွန်းလှပါ သည်၊ အမှန်စင်စစ်မှာ တပည့်တော်များ ကိုယ်တိုင်ကပင် ၎င်းကို အရိုအသေ ပြုကြရပါတော့မည်၊ ထိုမှုမက တပည့် တော်များသည် နေရာထိုင်ခင်းဖြင့်၎င်း၊ ခဲဘွယ် ဘောဇဉ် ချိုအချဉ်တို့ဖြင့်၎င်း၊ ၀တ်ထည်ဖျင်စင်းတို့ဖြင့်၎င်း၊ ဆေး၀ါး ဓာတ်စာ- သင့်တင့်လျောက်ပတ်သော အာဟာရတို့ဖြင့်၎င်း ၎င်း၏ လိုအင်ဆန္ဒကို ပြည့်၀အောင် ဖြည့်ကြရပါတော့မည်။

နောက်ဆုံး၌ ၎င်းပုဂ္ဂိုလ်၏ ဘေးရန်လုံခြုံရေး၊ အနာ ရောဂါကင်းရေး၊ သက်သာချောင်ချိရေး၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရွှင်လန်းရေးတို့ အတွက် တပည့်တော် များကပင် တာ၀န်ယူ၍ ခွဲခန့်စီစဉ်ပေးရပါတော့မည်။

အို-အဇာတသတ်-ဤသို့စင်စစ် တကယ်များ ဖြစ်ပျက်လာခဲ့သော် ရဟန်းအဖြစ်ကို ရယူ ရောက်ရှိရခြင်း၏ မုချအကျိုးဟု ဆိုအပ်သော သာမညဖလ-သည် သန္ဒိဋ္ဌိက-အ, ကာလိကဖြစ်၍ ယခုလက်ငင်း ပစ္စုပ္ပန်ဘဝ၌ တွေ့ကြုံခံစားရရှိမည့် အကျိုးအစစ် ကေန်ဖြစ်သလော (ဝါ) မဖြစ်လေသလောဟု စစ်ကြောမေးမြန်းခဲ့လျှင် အသင်မည်ကဲ့သို့ ဖြေဆိုမည်နည်း ?

**အရှင်မြတ်ဘုရား**—ဤသို့ဆိုအပ်ခဲ့သည့် အတိုင်း ဖြစ်ခဲ့ပါလျှင် သာမညဖလ,သည် လက်ငင်းဒိဋ္ဌ ဤပစ္စက္ခဘဝ၌ မုချအားဖြင့် ရရှိခံစားရမည့် **သန္ဒိဋ္ဌိက** **အကျိုးဖြစ်ကြောင်း** ထင်လျှားလှပါသည်။

သို့ရာတွင် အရှင်မြတ်ဘုရား—ဤသို့ ယခုထုတ်ဖော်ညွှန်ပြခဲ့သော လက်ငင်းကျိုးရ—သမညဖလ တို့ထက် ပိုမိုထူးကဲမွန်မြတ်ကုန်သော အကျိုးတရား အမျိုးအစားများ ရှိပါသေးသလော-ဟူသော အဇာတသတ် ဘုရင် မင်းမြတ်၏ မေးမြန်းလျှောက်ထားချက်ကို အခြေခံအကြောင်းပြု၍ ဗုဒ္ဓလမ်းစဉ်ကို ဖော်ထုတ် ဖွင့်ပြခဲ့လေပြီ။

သို့ရာတွင် ၎င်းဗုဒ္ဓလမ်းစဉ် မှန်ကား ယခု သမယ၌ ထူထပ်လှစွာသော ချုံနွယ်ပိတ်ပေါင်းများ လွှမ်းခြုံ ဖုံးအုပ်နေခဲ့ရာ လမ်းစ-လမ်းနပင် ရှာမတွေ့နိုင်တော့ဘဲ လုံးဝပျောက်ကွယ် တိမ်ကောလုမတတ် ရှိခဲ့ချေပြီ။

ထိုလမ်း၌ လမ်းသွားလမ်းလာ ခရီးသွား ယောဂါဝစရများ အလွန် ရှားပါးလျက် နေခဲ့ရာ ဗုဒ္ဓ၏ လမ်းမကြီးမှန်း

သိသူပင် အလွန်အပင်အပန်းခံပြီး ရှာဖွေနိုင်မှ တွေ့မည့် အရာဖြစ်နေလေပြီ။

အကြောင်းမူကား- သီဟိုဠ်-ဗမာ- ယိုးဒယား ဟူသော နိုင်ငံများ၏ ပဋိပတ္တိသာသနာဝင် လျှောက်၍ ယောဂီတို့သည် ဗုဒ္ဓ၏ လမ်းစဉ်မှန်ကို ချောင်ထိုး၍ ထားကြပြီးလျှင် ဟိန္ဒူယောဂ ဆေးရောင်မကင်းသော လမ်းစဉ်ဖြင့် စခန်းသွားခဲ့ကြသောကြောင့် ဖြစ်လေသည်။

ယင်းကား လူသိများရုံမျှမကာမူ၍ လူကြိုက်လည်း များလှသဖြင့် ဖုံးလျှက်နေ၏၊ သို့ရာတွင် ထိုလမ်းပေါ်သို့တက်ရောက်ပြီး လျှောက်သွားသူတို့သည် မိမိတို့ မှန်းထားချက်ဖြစ်သော ခရီးအဆုံးသို့ ချောချောမောမော ဆိုက်ရောက် ကြပါ၏လော?

တတောင်,တတောထွက်၍ တတောင်ကိုတက်ပြီး ဆင်းလိုက်လျှင်ပင် ခရီးသည်တို့သည် မျက်စေ့လည် လမ်းမှား၍ ယောင်ဝါးဝါး ဖြစ်ဖြစ်နေကြရသည် မဟုတ်လော?

အမှန်မှာ-အဆင်းအတက်, အဝင်အထွက်, လမ်းစချင်း ဆက်သော်သာလျှင် ခရီးသည်ဟူသော ယောဂါဝစရပုဂ္ဂိုလ်များ လိုလားမှန်းထားသော ပန်းတိုင်သို့ မယိုင်မနွမ်း မပင်ပန်းဘဲ ရှင်လန်းစွာ ရောက်နိုင်ကြမည်မဟုတ်တုံလော?

အေး- လမ်းစဉ်မှန်ခဲ့သော် ယောဂါဝစရပုဂ္ဂိုလ်၏ လုံ့လဝီရိယနှင့် စေတနာ-သဒ္ဓါ-ပေါ့လျော့ နည်းမှုကြောင့် လိုလားရည်မှန်းသည့် ခရီးအဆုံးသို့ မရောက်နိုင် ခြင်းသာ ရှိရပေမည်၊ ဇွဲနှင့် ယုံကြည်ချက်- တင်းပြည့်-ကျပ်ပြည့် ရှိသော သတိလက်နက် အမြဲတမ်း ကိုင်စွဲလျက်ရှိသော ယောဂီ

ပုဂ္ဂိုလ်အတွက်မူကား လမ်းစဉ်မှန်းခြင်းသာ ပဓါန ဖြစ်ချေသည်။

ထိုကဲ့သို့သော ပုဂ္ဂိုလ် မျိုးကား လမ်းခရီး ခုလတ်တွင် တိမ်းချော်ချောက်ကျပြီး ကမောက်ကမဖြစ်နိုင်ရန်အကြောင်း အားလုံးကို လွန်မြောက်နေသူ ဖြစ်သောကြောင့်တည်း။

သို့ရာတွင် ဗမာနိုင်ငံ၏ ပဋိပတ္တိသာသနာဝင်ကို သေချာစေ့ငှ-သတိပြု၍ ကြည့်ရှုလိုက်သောအခါ ပြောင်းပြန်ဖြစ်၍ နေသည်ကို ဝမ်းနည်းစွာ တွေ့မြင်နေရလေသည်၊ ဗမာ့ ပဋိပတ္တိ သာသနာတည်းဟူသော ကောင်းကင်ပြင်၌ နေနှင့်လ, အသွင် အလွန်လျှင်ထင်လျှားသော ပုဂ္ဂိုလ်ထူး သူတော်မွန်များ ဖြစ်ထွန်းပေါက်ပွားခဲ့သည်မှာ နည်းပါး လှသည်ဟု မည်သူမျှ မဆိုနိုင်ချေ။

ခေတ်တိုင်း ခေတ်တိုင်း၌ပင် ထူးချွန်သော ဝိပဿနာဝန်ဆောင် ပုဂ္ဂိုလ်မွန်တို့၏တောက်ပသော အမည်နာမများကို တွေ့ရှိနိုင်လေသည်။

သို့သော်- ထိုမျှခမြောက်မြား- ပေါက်ပွား ဖြစ်ထွန်းခဲ့ကြကုန်သော ဝိပဿနာဝန်ဆောင် ယောဂါဝစရ ပုဂ္ဂိုလ်တို့သည် ၎င်းတို့၏ လိုလားမှန်းထားချက်ဖြစ်သော ပန်းတိုင်သို့ ချောချောမောမော ရောက်ခဲ့ပေါက်ခဲ့ကြပါကုန်၏လော ?

ဤအမေးကို ''အာမ-အိမ်း''ဟူသော-ပဋိညာဝိသဇ္ဇနာဖြင့် ရဲရဲတင်းတင်း အဖြေမသွင်းနိုင်ခြင်းမှာ အလွန်ကြည်ကွဲဘွယ်ကောင်းသော အချက်တရပ် ဖြစ်ချေသည်။

အဘယ်အကြောင်းကြောင့်နည်း ?

ထိုထို ဝိပဿနာ ရရဖြစ်ကြကုန်သော၊ ပဋိပတ္တိသာသနာ့ ဝန်ဆောင် ယောဂီပုဂ္ဂိုလ်မွန်တို့၏ လုံ့လဝီရိယနှင့် စေတနာ သဒ္ဓါတရားပေါ်လျော့ နှံ့ညံ့မှုကြောင့်သော ?

ဤအမေးကိုမူကား လေးနက်သော ပဋိသေခဖြင့် အတိ အလင်းပြောင်းဆိုနိုင်ပါ၏၊သို့ရာတွင် မလျော့သော ဇွဲ၊စွဲမြဲ နိုင် မာသောသံုကြည်ချက်၊ထက်မြက်သောလုံ့လတို့ဖြင့် နောက် မဆုပ်ဝ မ်း မတွန့်တမ်း မရှိတမ်း ကြိုးပမ်း အားထုတ် တကယ်လုပ်ကြသော ယောဂီပုဂ္ဂိုလ်အများပင် နောက်ဆုံး၌ မိမိတို့ ရည်မှန်းသော ပန်းတိုင်သို့ ချောချော မောမော မဆိုက်မရောက်နိုင်ကြကုန်သဖြင့် လက်မှိုင်ချလျက် နေကြသည် ကို တွေ့မြင်နေရချေသည်။

ထိုမှတပါး အများဆုံးသော ယောဂီမွန်တို့ကား မျက်စေ့ လည်လမ်းမှား၍ ရောက်ကျသည့်အသွင် သောင်မတင် ရေ မကျ,ကမောက်-ကမဖြစ်၍နေလေ့ရှိကြပြန်လေသည်။

အဘိ ကျ,ဖွင့်ဟာဖြေဆိုရသျှ ကမ္ဘာ့ဌာနနီးရှိုး၊သမထရှုး၊ (ဝါ) ရှုးကြောင်ကြောင် ယောဂီကြီး ဟူသော ရုပ်ရုံ တို့ကား,အိန္ဒိယနိုင်ငံ၌ရင်း ဤဗမာနိုင်ငံ၌ရင်း အလွန်ကြီး ထူးဆန်းသော အာရုံများဟုတ်ကြချေ၊ ဤသို့ကော-အဘယ် သို့သော အကြောင်းကြောင့် ဖြစ်၍ နေကြရပြန်သနည်း?

ဤပြဿနာကို လေးလေး နက်နက ဆင်ခြင်စဉ်းစား လိုက်သောအခါ အသွင့်တိကျ ပြတ်သားသန့်ရှင်း၍ တိုတို ကျင်းကျဉ်းနှင့် လိုရင်းကိုထိသော အဖြေတရပ် ပေါ်ထွက် လာချေသည်၊ ၎င်းကားအခြားမဟုတ် လမ်းစဉ်မှားခြင်းဖြင့် ဟူသော အဖြေပင် ဖြစ်သတည်း။

ယခုအခါ-ဗမာနိုင်ငံတော် တဝှမ်းလုံး၌ လူအများဆုံး လိုက်နာကျင့်သုံးနေသဖြင့် ခေတ်စားနေသည် ဟု, ခေါ်ဆိုနိုင်လောက်သော-ယောဂ-လမ်းစဉ်နှင့် ပတ်သက်၍စဉ်းစားတွေးတောစဉ်တွင် ဥပမာတခု ရှေးရှုထင်မြင်၍ ပေါ်လွင်လာခဲ့လေသည်၊အဘယ်သို့ ပေါ်လွင်ထင်ရှားသနည်း?

ရှေးသရောအခါ ကျေးလက်တောရွာကြီးတခု၌ သဲလေးစင် ခြောက်ပြစ်ကင်း ကောင်းခြင်းငါးဝနှင့် ပြည့်စုံသည့်အပြင် ပစ္စည်းဥစ္စာ, ရတနာ ရွှေငွေတို့ကလည်း လို,တ,ရ အောင်ပေါ၊ ရုပ်ရည်ကလည်းချော၊ အပြော အဆိုကလည်းလယ်ဝယ်၊ အသက်အရွယ်ကလည်းအသင့်၊ အခွင့်အလိုက်သိတတ်တဲ့ ဉာဏ်ပညာနှင့်လည်းပြည့်ဝ စုံလင်သဖြင့် တရွာလုံးက ဂုဏ်တင်လောက်သော အပျိုမ-တဦး ရှိခဲ့ဘူးလေသည်၊

သို့ဖြစ်ရာ ထိုရွာ၌ ဤသို့သော-အလှဂုဏ်- အလိမ္မာဂုဏ်နေဂုဏ်ဟူသော အရည်အချင်း, အဆင်းနှင့် ပြည့်စုံသူအပျိုမကား ထူခြားစွာ မျက်နှာပွင့်လန်းလျက်ရှိသည်ဟု ပြောဆိုခဲ့သော် အပိုပင်ဖြစ်၍ နေပေရာ၏။

ထိုအပျိုမကို ပိုးသူ-ပန်းသူ အိမ်ရှင်မပြုလုပ်လိုသူတို့ကား ထိုရွာမှပိုလျှံထွက်ပြီး အခြားရွာများသို့ပင်ရောက်၍ နေကြပေရာ၏။

ကာလသား လူပျိုပေါက်စမှ- လူပျိုကြီးနှင့် မုဆိုးဖိုအထိရေတွက်နိုင်ပေလိမ့်မည်။

အိမ်ရှေ့မျက်နှာစာလမ်းမကြီး၌ လျှောက်ပြန် သံပေး ခြေအေးဝမ်းရောင် ခေါင်းပေါင်းစ ထောင်ထောင် ဗိုလ်ကောတ

ပြောင်ပြောင်နှင့် ရောင်ဝါး ဆရာတို့လည်း ခေါက်တုံ့ ခေါက်ပြန် ဟန်ဟန်ပန်ပန် လမ်းသလားတဲ့ လုပ်ငန်းဖြင့် အချိန်ကိုဖြုန်းကြလေသည်၊ သို့ရာတွင် သူတို့သည် အပျိုမ၏ အနီးသို့မူကား မသီရဲ-မကပ်ရဲကြကုန်၊ သူတို့သည်ကောင်း ဖခင် သားသမီးဖြစ်ကြ၍, အောင်သွယ်၏ အကူအညီဖြင့် ချစ်တင်းစကားကမ်းလှမ်းခြင်း မေတ္တာစာခွေ အရှည်ကြီးတွေ ရေးပေးခြင်းတို့ထက်ပို၍ ပြုလုပ်နိုင်ကြခြင်း မဟုတ်သော ကြောင့်တည်း။

သို့သော် ထိုအပျိုမကို မရ-မနေ-အရအပိုင် ချိုင်မည် ဟူသော အညှိုးနှင့် မိုးမှန်းနေသော လူမိုက် ခေါင်းဆောင် ကာလသားခေါင်း၏ ရန်ကိုမူကား အထူးဂရု ပြုရပေမည်၊ ထိုသူကားရမ်းလှ၏၊ကြမ်းလှ၏၊အတင်းအဓမ္မ ဒါးပြ၍သော် လည်း ခိုးယူရာ၏။

သို့ဖြစ်ရာ ထိုသူငယ်ပျိုမသည် ထိုသို့သော မဖွယ်မရာ ဘေးအပေါင်းမှ လွတ်ကင်း အေးငြိမ်းစေရန် ဤသို့အကြံရ လေတော့၏။

ထိုရွာရှိ ကာလသား အပေါင်းနှင့်တကွ မိုက်မဲလှသော မိုက်ခဲ ကာလသားခေါင်း၏ ကြည် ညို လေး စား ခြင်း ချစ် ကြောက်ရှိသေခြင်းကို ခံယူနိုင်သော မိဒိနှင့် မောင်တဝမ်း ကွဲ တော်သော သူကြီးသား လုလင်ပျိုကို တိုးတိုးကြိတ်ကြိတ် တိုင်တိုင်ခေါ်ယူ၍ အကျိုးအကြောင်းအစုံအလင်ကို ပြောပြ ပြီးလျှင် ညနေခင်းအချိန် အိမ်ရှေ့လမ်းမကြီး၌ နောက်ပိုး ကိုရနိုးတို့ ခြေချင်းလိမ်နေစဉ်တွင် လူအများမြင်အောင် အိမ်

ကြမ်းပြင်မှာ အတူယှဉ်တွဲကာ ထိုင်လျက်, ချစ်တင်းနှီးခနှော ဟန်ဆောင်လိုက်ရလေသည်။

ထိုသို့သော အမူအရာကို မြင်ကြရသော ထိုထိုနောက်ပိုး ကိုရနိုးတို့၏ စိတ်တွင် အထင်အမြင် လွဲမှား၍ သွားကြလေကုန်ပြီ။

"ဒို့အချစ်ခဲ ဒို့အသဲကျော်ကလေးတော့ သူကြီးသား၏ လက်တွင်းသို့ပါသွားရှာလေပြီ၊ငါတို့တော့ မောင်ကံခေရိုင်း၊ ဖြစ်ကုန်ကြပါပကော"

ဟု အသီးသီး တွေးတောကြကာ အပိုးအပန်းလျော့၍ သွားကြကုန်ရာ မိမိတို့၏,မူလကြံစည် ရည်မှန်းချက်တို့လည်း စိတ်မပါဘဲလျက်နှင့် အတင်းဖျက်လိုက်ကြပေကုန်ရာ၏။

ဤသို့ဟန်ဆောင်ရည်းစားထား၍ပြလိုက်ခြင်းဖြင့်အခြား အခြား များပြားလှကုန်သော လူဆိုးလူကြမ်း လူသရမ်း တို့၏ဘေးရန်ကိုမူကား တားဆီးပိတ်ပင်နိုင်ပေရာ၏၊ သို့ရာတွင် ထိုဟန်ဆောင်ရည်းစား သူကြီးသား၏ရန်ကို တွန်းလှန်ပယ်ဖျက် နိုင် ပါ မည် လော ဟူ ၍ သံ သ ယ ဖြစ် ဘွယ် အကြောင်းရှိလေသည်။

ထိုသို့ ဟန်ဆောင် ဘန်းပြထားခဲ့သော သူကြီးသား မောင်အဂ္ဂါက ရိုးသားဖြောင့်မတ်သော် တော်ပါသေး၏၊ ထိုသူကြီးသားနှင့်;ထိကပါး ရိကပါး နေရထိုင်ရ ဖန် များပါလျက် အိုးချင်းမထိ၍၊ ကြိုးချင်းမငြိသော် လျော်ကန်ပါသေး၏။ အချက်အပျက်နှင့် နှာခေါင်းသွေးထွက် ဆိုသကဲ့သို့ တယောက်တလှပြန် ဟန်ဆောင်ရာမှ ဥပါဒါန်စွဲလန်းပြီး ကမန်းကတန်း မဖြစ်ကြသော် သင့်မြတ်ပါသေး၏။

သို့ရာတွင် နုနယ်ပျိုရွယ်သော ယောကျ်ားနှင့် မိန်းမပျို တို့၏ သဘာဝကို တော်လှန်ခြင်းငှာလည်း မစွမ်းနိုင်ကြပြန်၊ ထို့ပြင် ပူးပူး ကပ်ကပ် ရင်းရင်း နှီးနှီး နေ့စဉ်တွေ့ဆုံ၍ ချစ် တင်းနှီးနှော ဟန်ဆောင်ရပြန်ဆိုလျှင် အတန်ကြာသော် အိုးချင်းထိပြီး ကြိုးချင်းလည်းငြိ၍ သွားတတ်ကြကုန်၏။

ထိုသို့သောနည်းအားဖြင့် ပေါက်ပွါးပြီး ရင့်သန်ထွား ကြိုင်းလာသော လူငယ် လူရွယ်တို့၏ အပြန်အလှန် စွဲလန်း ကပ်ငြိမှုဥပါဒါန်ကို မရမက အတင်းအဓမ္မ ဖြတ်တောက် လိုက်ရပြန်ကလည်း ၎င်းတို့နှစ်ဦး အရူးအဖတ်တင်ခြင်းမှ တပါး အခြားအကျိုးထူး မဖြစ်ပွားနိုင်တော့ချေ၊ နောက် ဆုံး၌ ထိုသူငယ်ပျိုမသည် အခြားတပါးကုန်သော လူဆိုး လူကြမ်းတို့၏ ရန်ကိုတွန်းလှန်နိုင်ခဲ့စေကာ မထိတထိ(ဝါ) မငြိတငြိနေ ဟန်ဆောင်ရဖန်များလာသောအခါ ဟန်ဆောင် ရည်းစား ထိုသူကြီးသား၏ အလိုသို့မူကား ရှောရှောရှူရှူ- ဖြူဖြူ ဖြောင့် ဖြောင့်ပင် မဟုတ် ငြားသော်လည်း အောင့် သက်သက် နှုတ်ခမ်းကလေးစူပြီး လိုက်ပါသွားတတ် လေ သကဲ့သို့ဘည်း။

ဗမာနိုင်ငံ၌ ခေတ်စားလွှမ်းမိုးနေသော ပဋိပတ္တိသာသ နာဝင်ကို သေချာစေ့ငှ-ကြည့်ရှုသောအခါ အထက်၌ဖေါ် ပြခဲ့သော ဥပမာအတိုင်းဖြစ်၍ နေသည်ကို တွေ့ရခြင်းကား အလွန် အမင်း စိတ်ပျက်ဖွယ် ကောင်းလှချေ၏။

ဟိန္ဒူယောဂီတို့၏ ခြေထိုးမှုကို မျက်ဝါးထင်ထင် မမြင်ခဲ့ ကြကုန်သော ဗုဒ္ဓဘာသာ သီဟိုဠ်ဗမာ ယောဂါဝစရပုဂ္ဂိုလ် မွန်တို့သည် ဗုဒ္ဓ၏အာဘောဂနှင့် မိမိတို့၏ ရည်မှန်းချက်မှာ

အဓိကအားဖြင့် ဥပါဒါန် ကင်းစင် ပပျောက်ရေး ဖြစ်သည် ဟူသော အချက်ကိုသတိမေ့လျော့တော်မူကြကုန်၍ ကမ္မဋ္ဌာန်း အာရုံတခုခုကို ရွေးချယ်ပြီးလျှင် ၎င်းကမ္မဋ္ဌာန်း အာရုံ၌ ဥပါဒါန် မကပ်ဘဲ မနေနိုင်အောင် အထပ်ထပ် ကြိုးပမ်း တော်မူခဲ့ကြလေကုန်ပြီ။

တဖန် ထိုသို့နှင့်ရှည်လများ မနည်းပါးသော စေတနာ သဒ္ဓါ ဝီရိယတို့ဖြင့် ကြိုးကြိုးစားစား အထပ်ထပ် ပွါးများ အားထုတ်မှုကြောင့် ထင်မြင်ပေါက်ရောက် စွဲမှီလာသော ကမ္မဋ္ဌာန်းအာရုံကို (ဝါ) ကမ္မဋ္ဌာန်း နိမိတ်ကို(ဝါ) အတိ အကျ ပြောရသော် ကမ္မဋ္ဌာန်း ဥပါဒါန်ကို ဝိပဿနာပတ္တိ လေသာ (သို့မဟုတ်)ဝိပဿနာ၏အညစ်အကြေး ဆိုပြန်ကာ အတင်းအဓမ္မ ပယ်ခွါစွန့်ပစ်ရေးအတွက် ခက်ခဲစွာအားထုတ် တော်မူနိုင်ကြလေပြီ။

သို့ရာတွင် ဝမ်းနည်းစရာကောင်းတဲ့ အချက်ကတော့ ဗမာနိုင်ငံ ပဋိပတ္တိ သာသနာဝင် တလျှောက်လုံး၌ မိမိကိုယ်တိုင် ဟန်ဆောင်ယှဉ်တွဲပြီး ဟန်ဆောင်စွဲခဲ့သော- သူကြီးသား ဥပါဒါန်ကို တော်လှန် ဖြိုဖျက်နိုင်ခဲ့သော အပျိုမျိုးကား ရှာမရအောင် ရှားပါးခဲ့ခြင်းပင် ဖြစ်သတည်း။

ဗုဒ္ဓ၏ ရည်ရွယ်ချက်ကား ယောဂါဝစရ ပုဂ္ဂိုလ်တိုင်း သည် ဥပါဒါန်မှန် သမျှကို ရက်စက်စွာ ပယ်ခွါစွန့်ပစ်ရန် ဖြစ်၏၊ ဥပါဒါန်ဟူက အယုတ်-အမြတ်-- အကောင်းအဆိုး မရွေးဘဲ ချေးတွန်းသလို ချွတ်ပစ်ရမည့် အရာဖြစ်သည်ဟု ဟောခဲ့၏။

နောက်ဆုံး၌ ဗုဒ္ဓအရှင်ကို စွဲလန်းသည့် ဥပါဒါန်ပင် မမွန်မြတ်ကြောင်း(ဝါ)မဂ်–ဖိုလ်–နိဗ္ဗာန်အတွက် ကြီးလေးသော အနှောင့်အယှက် ဖြစ်ကြောင်းမှာ ဝက္ကလိရဟန်း၏ အတ္ထုပ္ပတ်ဖြင့် ထင်ရှားခဲ့၏။

အနုပါဒါန စခန်းသို့ ဒုတ်ဒုတ်ထိ ရောက်အောင် ပို့ဆောင်နိုင်သေးအရာကား အနုပါဒါန လမ်းစဉ်သာ ဖြစ်နိုင်လေသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင် ယောဂါဝစရ ပုဂ္ဂိုလ်မွန်အားလုံးတို့၏ ခြားနားချက်မရှိသော လိုလား တောင့်တချက်သည်လည်း အနုပါဒါန စခန်း နိဗ္ဗာန်နန်းပင် ဖြစ်ချေ၏။

ဤလိုလားချက် မျှော်လင့်ချက်သည်ပင် ဗုဒ္ဓနှင့် ဟိန္ဒူယောဂီတို့၏ မူလရပ်လုံးကို ခွဲခြားရာ၌ ပဓါန လက်သယ်ဖြစ်ခဲ့ချေသည်

မှန်လှ၏။ ဟိန္ဒူယောဂလမ်းစဉ်သည် သဥပါဒါန–ပြည်နယ်နိမိတ်အတွင်းမှာသာလျှင် ကွေ့လည်–ချောင်ပတ်သွားလျက်နေ၏၊ ၎င်းသည် ဥပါဒါနနယ်စပ်ကို လွန်မြောက်အောင် ကင်းထောက်၍ မပို့ဆောင်နိုင်ချေ။ ၎င်း၏အထွဋ်အထိပ်ကား ဈာနသမာဓိ(ဝါ) အပ္ပနာသမာဓိဖြစ်၏။

သို့ရာတွင် ဗုဒ္ဓ၏လမ်းစဉ်သော်တမူကား ထိုထိုဈာနသမာဓိ– အပ္ပနာ သမာဓိတို့ကို ကျော်လွန်၍ အရဟတ္တဖလ သမာဓိတိုင်အောင် ညွှန်လျက် နေချေသည်။ ၎င်းကား ယောဂီပုဂ္ဂိုလ်တို့၏ အထွဋ်အထိပ် လိုလားချက်ဖြစ်သော အနုပါဒါန စခန်းဖြစ်၏၊

အမှန်မှာ–သဥပါဒါနလမ်းစဉ်ဖြင့် သွားခဲ့လျှင် အရဟတ္တဖလ–ဟူသော အနုပါဒါန စခန်းသို့ မရောက်နိုင်ဟူ၍ ပြောရန်ပင် မလိုချေ၊ (သို့မဟုတ်) အကယ်တစေ ထိုလမ်းစဉ်အတိုင်း သွားချေသော် ယောဂါဝစရပုဂ္ဂိုလ်သည် သဥပါဒါန သမာဓိစခန်း၏ အထွဋ်အထိပ်သို့ ရောက်သည်နှင့် တပြိုင်နက် ၎င်းကိုပင် ထက်မြက်လှသော ဝိပဿနာလက်နက်ဖြင့် ချေမှုံးပယ်ဖျက်ပြီးလျှင် ရှေ့သို့ အနုပါဒါနလမ်းစဉ်ဖြင့် တက်နည်း အမျိုးမျိုး တို့ကို ထိုထိုဝိပဿနာယောဂီ လမ်းစဉ် ကျမ်းစာတို့၌ ထုတ်ဖော်ခဲ့ကြကုန်၏။

သို့ဖြစ်ရာ အနုပါဒါန စခန်းသို့ တက်လမ်းရာ၌ သဥပါဒါန လမ်းစဉ်ဝင်ရောက်၍ နှောင့်ယှက် ရှုပ်ထွေးနေခြင်းမှာ ဟိန္ဒူယောဂီတို့၏မသိမသာ ခြေထိုးမှုပင် ဖြစ်သည် ဟူ၍ အထက်၌ ဖော်ပြခဲ့လေသည်။

ဗုဒ္ဓ၏ အစစ်အမှန်ဖြစ်သော လမ်းစဉ်ကား ဥပါဒါန်မနှောင့်ဘဲ ဖြောင့်လှဖြူးလှ၏၊ သို့ရာတွင် သဥပါဒါန ဟိန္ဒူယောဂလမ်းစဉ် လွှမ်းမိုး၍နေသော ဗမာ့ပဋိပတ္တိသာသနာဝင်၌ကား ယောဂီပုဂ္ဂိုလ်အလောင်းတို့သည် ဗုဒ္ဓကိုယ်တိုင်ထွင် ဗုဒ္ဓကိုယ်တိုင်လျှောက်၍ ဗုဒ္ဓကိုယ်တိုင် ပြောင်မြောက်ခဲ့သော ဗုဒ္ဓ၏ အနုပါဒါန လမ်းစဉ်ကို ရှိသေးသည်ဟူ၍ပင် အသိအမှတ် မပြုနိုင်ခဲ့ကြခြင်းကား အတော်ကြီး ဝမ်းနည်းဘွယ် ဖြစ်ခဲ့လေပြီ။

ထိုမျှ နှစ်နှစ်နာနာ သို့စဉ်ကလောက် နှစ်ကာလရှည်လျားစွာ ဗုဒ္ဓဘာသာဝင် နိုင်ငံများ၌ ဗုဒ္ဓဘာသာဝင်များ ကိုယ်တိုင်က ဥပေက္ခာပြု၍ လျစ်လျူရှုခြင်း၊ ချောင်ထိုးခြင်းကို ခံခဲ့

ရသော ဗုဒ္ဓ၏လမ်းစဉ်မှန်ကို တိကျ ပြတ်သားစွာ ဗုဒ္ဓ၏ ကျင့်ထုံးအတိုင်း ဖော်ပြရန် အချိန်တန်ခဲ့လေပြီ။ ဤသို့ ဖော်ထုတ်ရာ၌ ဟိန္ဒူယောဂီတို့ ဝင်ရောက်ခြေထိုးပြီး အမျိုးမျိုး ခြယ်လှယ်ပေးလိုက်သော အရောင်တင်ဆေးတို့ကို အစ-အန-မျှ မကျန်ရအောင် ခွါရှသုတ်သင်၍, သုတ်ကြေးမတင်, သန့်ရှင်းစင်ကြယ်သော ဗုဒ္ဓ၏ လက်တွေ့လမ်းစဉ်ကို ညွှန်ပြရန် လိုလေသည်။

သို့မှသာလျှင် တိကျ ပြတ်သားသော ဒေသနာ၊ ဦးလည်မသုန်သော ယုံကြည်ချက်၊ ပြင်းထန်သော လုံ့လဝီရိယ ပြည့်ပြည့်ဝဝ ရှိကြကုန်သော ဗုဒ္ဓဘာသာဝင် ယောဂီ ပုဂ္ဂိုလ်မှန်တို့သည် ၎င်းတို့ ရည်မှန်းချက်ဖြစ်သော ပန်းတိုင်သို့ မနွမ်းမယိုင်ဘဲ ရောက်ရှိနိုင်ကြပေလိမ့်မည်။

ထိုမျှမက ဗုဒ္ဓ၏ လမ်းစဉ်မှန်သည်သာလျှင် မျက်မှောက် လက်တွေ့တွင် ကိုက်ညီသည်ဖြစ်သောကြောင့် ကမ္ဘာဝန်းခွင်၌ ဘာသာမြင်သမျှကို လွှမ်းပါးပျောက်ပျက်သွားအောင် တိုက်ဖျက် ချေမှုန်းမည် ဟူသော ရှေ့လောကကြီး ဖြင့် အမောဟာ ကာ တဟောဟော တဝေါဝေါ တိုးခဲ့လာသော လေပြင်း-လေရိုင်း လေမုန်တိုင်းတို့၏ အခ‌ေ့အရမ်းကို မရွေ့တမ်း ကြံ့ကြံ့ခံနိုင်လိမ့်မည် ဖြစ်သောကြောင့်တည်း။

ဗုဒ္ဓ လမ်းစဉ် ဆိုသည်ကား သိဒ္ဓတ္ထဂေါတမကိုယ်တိုင် ထွင်ခဲ့သော ၎င်းကိုယ်တိုင် လျှောက်သွားခဲ့ပြီး၍ ၎င်းကိုယ်တိုင် ပြောင်မြောက်ခဲ့သော အရိယာလမ်းစဉ်ဖြစ်၏၊ ဗုဒ္ဓသည် ဗုဒ္ဓအခြေအနေသို့ မဆိုက်မရောက်မီ နှစ်ဦးဘဝ၌ အာဠာရ, ဥဒကစသော ယောဂီပုဂ္ဂိုလ်ကြီးတို့၏ အထံသို့

ချဉ်းကပ်ပြီးလျှင် ၎င်းတို့ဟောပြော ညွှန်ပြသော ယောဂ လမ်းစဉ်ကို သူမတူတန် အလွန်အကြူး အထူးပြင်းထန်သော လူသာမန်တို့နှင့် မဆက်ဆံသော စေတနာ သဒ္ဓါ ဝီရိယတို့ဖြင့် ကြိုးစားအားထုတ် တကယ် လုပ်ခဲ့ဘူး၏။

သူသည် ၎င်းတို့ ညွှန်ပြသော လမ်းစဉ်၏ အထွဋ်အထိပ်သို့ ရောက်အောင် တက်ခဲ့၏၊ သို့ရာတွင်, ကမ္ဘာ၏ မုချဖြစ်သော လိုလားချက်၊ ထို့ကြောင့်လည်း သူ၏ အဓိကဖြစ်သော ရည်မှန်းချက်သို့မူကား ၎င်းတို့၏လမ်းသည် ရောက်အောင်ပို့ဆောင်နိုင်ခြင်း မရှိသည်၏ အဖြစ်ကို တစ်တစ်ခွခွ အသိဉာဏ်ရခဲ့လေပြီ။

ထို့ကြောင့် သူသည် ထိုထိုများပြားစွာ ကုန်သော ကပ္ပလမ်းညွှန်ဆရာကြီးတို့၏ လမ်းအမျိုးမျိုးကို အဆုံးတိုင်ရောက်ပေါက် မြောက်အောင် လိုက်နာကျင့်သုံးပြီးနောက်မှ ၎င်းတို့ကို စွန့်ပစ်ခဲ့ပြီးလျှင် မိမိကိုယ်တိုင်သွားရန် အသစ်ဖြစ်သော လမ်းစဉ်ကို မိမိကိုယ်တိုင် ထွင်ခဲ့ရ၏။

သူသည် မိမိကိုယ်တိုင် ခုတ်ထွင်၍ သုတ်သင်ရှင်းလင်းအပ်သော လမ်းစဉ်ဖြင့် မိမိကိုယ်တိုင် လျှောက်သွားခဲ့ရာ မိမိလိုလား,ရည်မှန်းချက်အားလုံး ပြည့်စုံခြင်းသို့ ချောချောမောမော ရောက်ရှိခဲ့၏။

ဤသို့အားဖြင့် ဗုဒ္ဓကိုယ်တိုင်ထွင် ဗုဒ္ဓ ကိုယ်တိုင်သွား၍ ဗုဒ္ဓကိုယ်တိုင် လိုရာစခန်းသို့ ပင်ပန်း နွမ်းနယ်ခြင်း မရှိဘဲ ရောက်ခဲ့သော လမ်းစဉ်ကား ဖြူးနေအောင် ဖြောင့်တန်းလှ၏၊ ယခုခေတ် သမယ၌ လူသိကျ၍ လူကြိုက်နည်းလျက် ရှိစေကာ ၎င်းလမ်းစဉ်မှာ အဖုအထစ် အကွေ့အကောက် မရှိ

သည့်အပြင် ကွေ့လည်ချောင်ပတ်, အတုန့်အပြန် အတက် အဆင်းတို့မှလည်း ကင်း၏။ ခိုင်မြဲသော ယုံကြည်ချက်၊ထက် မြက်သော လုံ့လဝီရိယ၊ တိကျမှန်ကန်သော ဉာဏ်အမြင် ရှိသူ ယောဂီပုဂ္ဂိုလ်တိုင်းပင် ဤဗုဒ္ဓ၏လမ်းစဉ်ကို ကျင့်သုံး နိုင်၏။

ယောဂါဝစရ ပုဂ္ဂိုလ်တိုင်းပင် ဤဗုဒ္ဓဖေါ်ထုတ်ခဲ့သော ထိုထိုလိုအပ်သော အရည်အချင်း ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံ လျှင် ၎င်းလမ်းစဉ်ကို လျှောက်သွားနိုင်၏။

ယင်းသို့ လျှောက်သွားမိသည်နှင့် တပြိုင်နက် အေးငြိမ်း မှု ဟု ဆိုအပ်သော သန္တိသုခကို ရရှိမည့်အပြင် တိမ်း စောင်းသွေဖီခြင်း မရှိဘဲ ဆက်လက် ကျင့်သုံးသွားခဲ့လျှင် မကြာမြင့်မီဖြစ်သော အနာဂတ်ကာလ၌ပင် ယောဂါဝစရ ပုဂ္ဂိုလ်တို့၏ ဦးတည်ရင်းဖြစ်သော လိုလားချက် အထွဋ် အထိပ်သို့ ရောက်ရှိကြရပေလိမ့်မည်။

ဗုဒ္ဓကိုယ်တိုင်ထွင် ဗုဒ္ဓကိုယ်တိုင် လျှောက်သွား ခဲ့သော လမ်းစဉ်ကို ဗုဒ္ဓကိုယ်တိုင် ညွှန်ပြခဲ့သည့်အတိုင်း လျှောက် သွားခဲ့လျှင် မည်ရွေ့မည်မျှ, အချိန်ကြာမှ ခရီးအဆုံးသို့ ရောက်မည်နည်း ?

ဧတေ ဝိညူပုရိသော အသဌော အမာယာဝီ ဥဇုဇာတိကော အဟ မနုသာသာမိ၊ အဟံဓမ္မံ ဒေသေမိ၊ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနော ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ တဒနုတ္တရံ ဗြဟ္မစရိယ ပရိယောသာနံ

ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ
ဝိဟာရိဿတိ သတ္တာဟံ။ ။

(ဒီဃနိကာယ် ဥဒုမ္ဗရိကသုတ် ပါဠိတော်)

ကောက်ကျစ် စဉ်းလဲခြင်းကင်းသူ၊ တိုလင်းပြတ်သားသူ၊ တော်တည့်ဖြောင့်မတ်သူ၊ အကြောင်းအကျိုး သိနားလည်တတ်သူ မည်သူမဆို ငါ့ထံသို့ လာခဲ့လော့။

ငါသည်—၎င်းကိုပဲ့ပြင်အံ့၊ တရားဓမ္မညွှန်ပြအံ့။

ငါ၏ဆုံးမညွှန်ပြချက်အတိုင်း မသွေမဖီ မတိမ်းမစောင်းဘဲ တိကျစွာ လိုက်နာကျင့်သုံးသော မျိုးသန့်လူငယ်တို့သည် ၎င်းတို့ ရဟန်းပြုရည်မှန်းချက်၏ အထွဋ်အထိပ်သို့ ယခုပစ္စက္ခ မျက်မှောက်ဖြစ်သောဘဝ (၇)ရက် အတွင်းမှာပင် ကိုယ်တိုင်ရောက်ရှိ သိမြင်နိုင်ကြပေလိမ့် သတည်း။

(မြန်မာပြန်)

ဤကား ရိုးသားဖြောင့်မတ်သော-လမ်းညွှန်– လမ်းပြပုဂ္ဂိုလ်တို့၏ အာမခံချက်ဖြစ်၏၊ ဤမျှထက်ပိုသော ဝန်ခံဂတိမျိုးကို မည်သည့်လမ်းပြကောင်းမျှ ကပ္ပရာဇဝင်၌ ပေးခဲ့ရိုးမရှိချေ၊ ဤဂတိအားလျော်စွာ ဗုဒ္ဓ၏လမ်းစဉ်ကို ဗုဒ္ဓညွှန်ပြတိုင်း တိမတ်စွာ လျှောက်သွားနိုင်လျှင် အကြာမြင့်ဆုံးအားဖြင့် (၇)နှစ်အတွင်းမှာသော်၎င်း၊ အမြန်ဆုံးအားဖြင့် (၇) ရက်အတွင်းမှာသော်၎င်း ယောဂီပုဂ္ဂိုလ်၏ ပန်းတိုင်ရောက်နိုင်ကြောင်းကို လေးနက်စွာမှတ်ယူရာ၏။

မှန်လှ၏။ ဗုဒ္ဓသည် လိမ်မာကျွမ်းကျင်သော လမ်းညွှန် လမ်းပြဆရာဖြစ်ခဲ့၏။

သူသည် "ယထာဝါဒီ-တထာကာရီ "ဂုဏ်နှင့်ပြည့်စုံသော လက်တွေ့သမား ဖြစ်ခြင်းကြောင့် သူကိုယ်တိုင်ထွင်, သူကိုယ်တိုင်လျှောက်၍, သူကိုယ်တိုင်ရောက်ရှိသော စခန်းတိုင်အောင် တိကျစွာညွှန်ပြခဲ့၏။

ထိုကြောင့် ဗုဒ္ဓညွှန်ပြသောလမ်းသည် တိမ်းချော်-လွဲမှားရန် အကြောင်း လုံးဝမရှိ ဟူ၍ ခိုင်မြဲစွာ ယုံကြည်သင့်၏၊ စင်စစ်သော် သို့စဉ်တမျှ ရဲတင်းသော ဝန်ခံချက်ကို တွေ့ရှိရခြင်းဖြင့်ပင် ဗုဒ္ဓလမ်းစဉ်နှင့်ပတ်သက်၍ သိလော-သိုလော-တွေးတောယုံမှားခြင်း ဖြစ်နေရန် မရှိကြောင်း ထင်လျှားချေသည်။

သို့သော် ဗမာနိုင်ငံဖွား ယောဂီပုဂ္ဂိုလ်မွန် အများတို့၏ လက်ရှိ အခြေအနေနှင့် အဆင့်အတန်းကိုမူတည်၍ ဝေဖန်ခဲ့လျှင် အထက်ဖေါ်ပြပါ ဗုဒ္ဓ၏ ရဲရဲတောက် ဂတိသည် သကြြန်အမြောက်ကဲ့သို့ ဖြစ်နေပြီဟူ၍ စွပ်စွဲဘွယ်ရာရှိနေချေသည်။

သို့ရာတွင် ထိုကဲ့သို့သော စွပ်စွဲချက်ကား ခိုင်လုံသော ထောက်ခံချက် ချို့တဲ့လျက်ရှိ၏။

အကြောင်းမူကား- အထက် ဖေါ်ပြခဲ့ပြီးသည့် အတိုင်း ဗုဒ္ဓဘာသာ ဗမာယောဂီပုဂ္ဂိုလ်ကြီးတို့သည် ဟိန္ဒူယောဂဆေးရောင်ခြယ်လယ်ထားသော လမ်းစဉ်ကိုသာ အငံတိုက်-အားတိုက်လိုက်၍ ကျင့်ကြံနေကြသောကြောင့် ဖြစ်လေသည်။

လိုရင်းမှာ- ဟိန္ဒူ ယောဂ၏ ခြေထိုးမှု မကင်းသော လမ်းစဉ်ကို လိုက်ပါလျက် ဗုဒ္ဓ၏ ဝန်ခံချက်အခြေ အနေသို့ မဆိုက် မရောက်သည်ကား အံ့ဘွယ်မဟုတ်ချေ၊ အစုံမီးရထားကို စီးသွားသူသည် မန္တလေးသို့ မရောက်နိုင် သကဲ့သို့တည်း၊

ဤကဲ့သို့သောရဲရဲတောက်ပ ဉာဏ်သည်ပင်ဗုဒ္ဓလက်တွေ့ သမားဖြစ်သော အချက်ကို လေးနက်ခိုင်မာစေလေသည်၊တစုံ တခုသော လမ်းစဉ်ကို ကိုယ်တိုင်မထွင်ဘူးလျက်နှင့်ငင်း၊ခုတ် ထွင်ပြီးနောက် ကိုယ်တိုင် ၎င်းလမ်း ကိုမလျှောက်ဘဲနှင့်၎င်း၊ လျှောက်သွားပြီးနောက် ကိုယ်တိုင်ကိုယ်ကျ အနှိမ်မဟုတ်ဆိုအပ် သော ၎င်းလမ်း၏အဆုံးသို့ မရောက်ရှိဘဲလျက်နှင့်၎င်းမည်သူ မျှ သို့စဉ်ကာလောက် တိကျသောဝန်ခံချက်ကို ပေးရန်စွမ်းနိုင် လိမ့်မည်မဟုတ်ချေ၊ ထို့ကြောင့် ဗုဒ္ဓ၏လမ်းစဉ်၌ အကြွင်းမဲ့ သောယုံကြည်ချက်ကိုထား၍နိုင်၏၊၎င်းနှင့်ပတ်၍ တွေဝေရန် သံသယဖြစ်နေရန် အကြောင်းလုံးဝကင်းမဲ့၏။

သို့ဖြစ် ခိုင်မြဲ သော သဒ္ဓါစေတနာ၊ ပြင်းထန်ကြီးမားလှ စွာသော လုံလဝီရိယတို့ဖြင့် ပြည့်စုံသော တကဲ့အားငြိမ်းခြင်း သုခကို အလိုရှိသော- ယောဂါဝစရပုဂ္ဂိုလ်သည် ပျင်းရိ ဖင့်နွှေး လေးကန်ခြင်းကို လက်ငင်း သုတ်သင်ရှင်းလင်း၍ ဗုဒ္ဓ၏ လမ်းမကြီးပေါ်သို့ ရှင်မြူးစွာ တက်ရောက်ပြီးလျှင် ခြေလှမ်းသွက်သွက်ဖြင့် နောက်သို့တချက်မျှ လှည့်မကြည့် ဘဲ သွားသင့်လေသည်။

အဘယ်ကြောင့် နည်းဟူမူကား- **အစစ်**အမှန်ဖြစ်သော ဗုဒ္ဓ၏လမ်းစဉ်သည် ဖြောင့်စင်း၏၊ ဘေးကင်း၏၊ ရန်ရှင်း၏၊

တိကျပြတ်သားသော လမ်းမှတ်တိုင်များနှင့်လည်း ပြည့်စုံ၏၊ ၎င်းလမ်းပေါ်သို့ တက်ရောက်မိသည်နှင့် တပြိုင်နက် အေး ကွက်ကို နင်းမိသကဲ့သို့ ရှိမည်ဖြစ်သောကြောင့်တည်း။

## "အရိယသီလ"

ဗုဒ္ဓ၏ လမ်းစဉ်၌ အရေးအကြီးဆုံးဖြစ်သော ပဌမ အဆင့်ကား အရိယသီလဖြစ်၏၊ မြန်မာဘာသာ အားဖြင့် ဖြူစင် မြင့်မြတ်သော ကိုယ်ကျင့်တရားဟူသော အနက်ကို ဟော၏။ ဖြူစင်သော အခြေအနေ၌ တည်မြဲစေခဲ့၏။

မှန်လှ၏။ကိုယ်ကျင့်တရားသည် လူမှုရေးရာ နှင့် လူ့ကိစ္စ အဖြာဖြာတို့၌ ပဓါန ဇာတ်လိုက်ဖြစ်ခဲ့ရာ အလွန်ဝေးသော မနုဝင်အစလောက် အချိန်တွင် လူသည် တိရစ္ဆာန်အနွယ် တိရစ္ဆာန်နယ်တွင်းမှ အတင်းနှင်ပေါက် ကျော်နင်းလွန် ပြောက်လာခဲ့ရာ၌ ကိုယ်ကျင့်တရားဟူသော ဤသီလပင် ပဓါန အခက်းမှ ထွက်ခဲ့ရလေသည်၊ အချုပ်ကိုဆိုရသော် ကမ္ဘာလူသား၏ တိုးတက်မှု အသိဉာဏ် ရင့်ကျက်မှု လိမ္မာ ယဉ်ကျေးမှု စသော ကိစ္စတို့တွင် ၎င်းမပါလျှင် မပြီး သ လောက်ပင် ဖြစ်သည်ဟူသော အချက်ကို မည်သူမျှ လွယ်ကူ စွာ ငြင်းပယ်နိုင်မည် မဟုတ်ချေ။

မကောင်းသော ကိုယ်ကျင့်တရား ပျက်ပြားသော သီလ ရှိသူသည် နိုင်ငံရေး စီးပွါးရေး ပေါင်းသင်းဆက်ဆံရေးတို့၌ ဆိုးဝါးသူ တယောက်ဖြစ်ခဲ့လျှင် ၎င်းသည် ဘာသာရေး၌ အသုံးဝင်သူတယောက် ဖြစ်နိုင်ပါဦးမည်လော?

အမှန်မှာ–ကိုယ်ကျင့်ပျက်ပြား၍ ကွက်ကျားသော သီလ ရှိသူကား မြည်သည့်အခါ မြည်သည့်နေရာ၌ အသုံးကျပါ သေးသည်ဟူ၍ တာဝန်ခံလူ ကင်းမဲ့သူ တဦးသာ ဖြစ်ချေ သည်။

အယုတ်အားဖြင့် သီလတို့တွင် အောက်ဆုံးအဆင့် ဖြစ် သော ငါးပါးသီလကိုမျှ မလုံခြုံသူသည် ထိုသို့မလုံခြုံသည်၏ အဖြစ်ကို လူတိုင်းထင်လျှားစွာ သိပါလျှင် လူစာရင်းဝင်သူ တယောက်ဖြစ်ရန် အတန်ခက်ခဲပေလိမ့်မည်။

ဥပမာ–ကျွန်ုပ်သည် သူတပါး၏ အသက်ကို ရက်စက်စွာ သတ်ဖြတ်လေ့ရှိပါသည်။

သူတပါး၏ ပစ္စည်းဥစ္စာကိုလည်း မရိုးသားသော စိတ် ဖြင့် ခိုးယူလေ့ရှိပါသည်။

ဘိန်း-ဘင်း - ဂဇော် - လှော်ဇာ အရက်တို့ကိုလည်း သောက်စားရူရှိုက်လေ့ရှိပါသည်။

မမှန်သော မုသားစကားကိုလည်း အမြဲပြောကြားလေ့ ရှိပါသည်။

ဟူ၍ အတိအလင်း ကျေညာသူကို (ဝါ) ထိုသို့သော ဆိုင်းဘုတ်ကို ထင်လျှားစွာ ဆောင်၍ သွားသူကို ကျေကျေ နပ်နပ် လက်ခံ၍ နေရာချထားပေမည့် နိုင်ငံနှင့် အစိုးရ ဤကမ္ဘာလောက၌ ရှိပါဦးမည်လော?

ဤကမ္ဘာလောက၌ အထက်တန်းအကျဆုံးနှင့် အောက် တန်း အကျဆုံးသော နိုင်ငံနှစ်ခုလုံးပင် ထိုသို့ ဖေါ်ပြပါ မှတ်ချက်နှင့် လာသူကို ၎င်းတို့ပြည်နယ်အတွင်း၌ ထားရန် ကေန်မုချ ငြင်းဆံကြပေလိမ့်မည်။

ထိုမှတပါးလည်း ယဉ်ကျေးသူနှင့် ရိုင်းစိုင်းသူ၊ ရမ်းသူကြမ်းသူနှင့် ပျော့ပျောင်းနူးညံ့သူ၊ သူယုတ်မာနှင့် သူတော်ကောင်းတို့ကို ရွေးချယ်ရာ၌ ဤမျှသော ငါးပါးသီလကိုပင် မှတ်ကျောက်ထားလျက် ရွေးချယ်ကြရကုန်၏၊ အချုပ်မှာ ကိုယ်ကျင့်တရားဟူသော သီလသည် လူဆိုးနှင့် လူကောင်း ပိုင်းခြားရာ၌ အသုံးမပြုဘဲ နေ၍မဖြစ်သော တခုတည်းသော ကသာ မှတ်ကျောက်ဖြစ်သည်ဟူ၍ မှတ်ယူသင့်လေသည်။

ကိုယ်ကျင့်သီလ၏ ထိုမျှအရေးကြီးသော အချက်ကို မေ့လျော့ခြင်း ကင်းသော ဗုဒ္ဓသည် ၎င်းကို သူ၏အရိယလမ်းစဉ်၌ ပထမအဆင့်တွင်ထားခဲ့၏။ ထို့ကြောင့် ဗုဒ္ဓ၏အရိယသီလကို ဗုဒ္ဓဟောခဲ့သည့်အတိုင်း တိကျစွာ ထုတ်ဖော်ပေအံ့။

ဗုဒ္ဓကိုယ်တိုင် လက်တွေ့ သန္ဒိဋ္ဌိက ခံစားရသော သာမညဖလကို ကြေနပ်မှုချ တွေ့ကြုံပွားများ၍ ခံစားလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် သဝိညာဏကာယသတ္တဝါကို သတ်ဖြတ်ညှင်းဆဲခြင်းမှ ရှောင်ကြဉ်ရမည်၊ သူသည် ဒါး၊ လှံ၊ သေနတ် စသော အသက်နှင့်ခန္ဓာကိုယ်၏ အန္တရာယ်ဖြစ်သော လက်နက်မျိုးစုံကို အကုန်ချပြီးပြီဖြစ်၍ နူးညံ့သိမ်မွေ့သူ ဖြစ်ရမည်၊ သတ္တဝါ ဟူသမျှအား မနှိပ်စက် မညှင်းပန်းခြင်း ဟူသော အဟိံသာကြာပန်းကို အမြဲတမ်းပန်ဆင်ထားသူဖြစ်၍ ၎င်းပန်းကို အမြဲလန်းနေစေရန် ကြင်နာမှု၊ သနားမှု၊ ချစ်ခင်မှု၊ ကိုယ်ချင်းစာနာမှုဟူသော ရေစင်ဖြင့် အမြဲတစေ ဖြန်းပက်နေသူဖြစ်ရမည်။

သူသည် အရှင်ကိုယ်တိုင်က ကိုယ်နှုတ် စောချုပ်တို့ဖြင့် ကြည်ဖြူစွာ မပေး မလှူအပ်သော သူတပါးတို့၏ ပစ္စည်း ဘဏ္ဍာ ဥစ္စာရတနာကို ကိုင်ယူလေ့မရှိချေ။

ကြည့်ကြည်ဖြူဖြူ ပေးလှူအပ်သော ပစ္စည်းကိုသာ ခံယူလေ့ရှိ၏။

ကြည်ကြည်ဖြူဖြူ မပေးမလှူအပ်သော ပစ္စည်းကို ခံယူခြင်းမှ ရှောင်ကွင်းသူဖြစ်၏။

မိမိသို့ ပေးအပ်လှူအပ်သော ပစ္စည်းကိုသာ နှစ်သက်စွာ ခံယူလေ့ရှိ၏။

၎င်းသည် မိမိအားပေးလှူသော ပစ္စည်းကိုသာ သာယာ နှစ်သက်တတ်သူဖြစ်၍ ခိုးလိုဝှက်လိုသော ထိန်ကြိ ကွဲဖွက်လိုသော စိတ်မှကင်းသူဖြစ်၏။

ထို့ကြောင့် သူသည် လွတ်လပ်သောစိတ်ဖြင့် အမြဲတမ်း ပျော်ရွှင်စွာနေနိုင်သူဖြစ်၏။

သူသည် အထိး အမ သဘာဝအတိုင်း ပျော်ပါး လိုက်စားကြသော အာပိုကာမမှုများမှ ရှောင်ကြဉ်၍ ဖြူစင်သန့်ရှင်း အပြစ်ကင်းသောဘဝ၌ ရပ်တည်နေသူဖြစ်၏။ ၎င်းသည် ကြမ်းတမ်းသော လူ့အောက်တန်းစားတို့၏ အလေ့ဖြစ်သော လူများစု၏အကြိုက်ဖြစ်သော ကာမဂုဏ်တို့ကို လိုက်စားခြင်းမှ ရှောင်ကွင်းနေသူဖြစ်၏။

သူသည် လိမ်လည်ခြင်းကို ကွင်းရှောင်၏၊ မမှန်စကား မသားပြောကြားမှုကို အလျှင်းမပြုသူဖြစ်၏၊ ၎င်းသည် အမှန်ကိုပြောဆိုမြွက်ကြားလေ့ရှိ၏၊ မှန်သောစကားကို ဆိုရန် နှစ်သက်သူဖြစ်၏၊ ထို့ပြင် ဖြောင့်မတ်ခြင်း ဟူသောဂုဏ်ကို

ခံမင်စွာ ပန်ဆင်ထားသူဖြစ်၏၊ သူသည် အများသော လူ, ရှင်,ရဟန် တို့၏ အကြွင်းမဲ့သော ယုံကြည်ခြင်းကို အမြဲ ထာဝရ ခံယူနေနိုင်သူဖြစ်၏။

ထိုယောဂါဝစရပုဂ္ဂိုလ်သည် အတင်းစကား (ဝါ) ဂုံချောစကားကို ပြောကြားခြင်းတည်း ဟူသော သူတပါး၏ မကောင်းသတင်းကို ဝါဒဖြန့်ခြင်းမှ အမြဲတမ်း ရှောင်ကြဉ် နေသူဖြစ်၏။

သူသည် ဤအရပ်ဒေသ ဤဌာနဌ တွေ့မြင်ကြားသိရသမျှ ကုန်သော သတင်းစကားတို့ကို အခြားအရပ်သို့ရောက်သော အခါ ထိုသည့်အရပ်သားများ ဒုက္ခပွား၍ မဟာဒယား ဖြစ် ကြစေရန်အတွက်နှုတ်ကြက်ပြောကြားတတ်သော ဓလေ့မျိုးမှ ရှောင်ကြဉ်နေသူဖြစ်၏။

ထို့ပြင် ၎င်းသည် ထိုထိုဒေသ အခြားသော ဌာနတို့၌ ကြားသိခဲ့ရသော သတင်းတို့ကိုလည်း ဤအရပ်သား များအချင်းချင်း ပဋိပက္ခဖြစ်ပွားစေရန်အတွက် ဖေါက်သည် ချလေ့မရှိချေ၊ ၎င်းသည်ပဋိပက္ခမှုကြောင့် စိတ်သဘောထား မညီမျှ ကွဲပြားနေကြသော သူတို့ကို ညီညွတ်မျှတအောင် ဖေ့စပ်၍ ပေးတတ်၏။

ဓမ္မဂဟောအသားကဲ့သို့ အကြားမရှိ ပကတိ ညီညီညွတ် ညွတ် နေထိုင်အားထုတ် အလုပ်လုပ်နေကြ သူတို့ကိုလည်း သူသည် အမြဲတမ်းအားပေး ချီးကျူးလေ့ရှိ၏၊ လူသား၏ စည်းလုံးညီညွတ်မှုထက်ပို၍ မည်သည့်အရာမျှ သူ၏ပီတိပန်း ကို ပွင့်လန်းစေနိုင်သော အရာမရှိချေ။

သူ၏စိတ်သည် လောကသားတို့၏ ညီညွတ်မှု၌ ဦးစိုက်လျက်ရှိ၏။

သူသည် ညီညွတ်ရေးအတွက်သာ လုပ်ကိုင်ရေးသား၍ ညီညွတ်ရေးစကားကိုသာ မြွက်ကြားပြောဆိုလေ့ရှိ၏။

သူသည် တဖက်သား၏နား၌ စပ်ခါး လှသော (ဝါ) ကြမ်းတမ်းယုတ်မာ၍ စုပ်ချာလှသော စကားလုံးတို့ဖြင့် မိမိခံတွင်းကို မညစ်စွန်းစေသည့်အပြင် ဟုတ်မှန်ကျိုးရစကားကိုပင် ကြမ်းတမ်းစွာ ပြောဆို မြွက်ကြားလေ့မရှိချေ။

သူသည် အပြစ်ကင်းမဲ့သော သူကျိုး ကိုယ်ကျိုး တိုးတက်ပွားများစေနိုင်သော ချစ်ခင်နှစ်သက်ဘွယ်သော အကြောင်းနှင့် အကျိုးစပ်မိ-ဟပ်မိသော ကြားရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေတတ်သော နားဝင်ချိုသာ၍ ယဉ်ကျေးဖွယ်ရာသော စကားကိုသာလျှင် ပြောဆိုလေ့ရှိ၏။

၎င်းသည် သိမ်မွေ့ဖျင်းသေးနုပ်သော စကားဖေါ် စကားရှမ်းတို့ကို ရယ်မောဘွယ်ရာပင်ဖြစ်စေ ပြောကြားခြင်းမှ ရှောင်ကွင်းလေ့ရှိသည့်အပြင် သူကျိုး-ကိုယ်ကျိုး မဖွံ့ဖြိုးသော စကားကြီး စကားကျယ်တို့ကိုလည်း မပြောမဆိုတတ်ချေ။

၎င်းသည် သင့်လျော်သော အချိန်ကာလ သမယနှင့် ကြုံကြိုက် လာသောအခါ ၎င်းနှင့်ကိုက်ညီ ဆီလျော်သော အကြောင်းအကျိုး ညီညွတ်သော ဟုတ်သော မှန်သော လောကဓမ္မ လောကုတ္တရာဓမ္မလမ်းကြောင်းမှ တိမ်းစောင်းသွေဖီခြင်းမရှိသော လူ့ဝိနည်း ရဟန်းဝိနည်းတို့နှင့် ပဋိပက္ခမဖြစ်သောစကားတို့ကို ပြောဆိုလေ့ရှိ၏။

ဂုဏ်း၏စကားတို့သည် အနှစ်သာရနှင့် ပြည့်စုံကြကုန်၍, ဥပမာ-ဥပမေယျ အထောက်သာဓကတို့ဖြင့် ခိုင်လုံကြကုန်၏၊ ထိုပြင် အချက်ကျ၍ သူမငြင်းနိုင်သော စကားတို့သာဖြစ်ကြကုန်၏။ သူသည်-

(၁)မူလဗီဇ—ဟူသော အမြစ်မျိုးစေ့

(၂)ခန္ဓဗီဇ—ဟူသော ပင်စည်မျိုးစေ့

(၃)ဖလုဗီဇ—ဟူသော အဆစ်မျိုးစေ့

(၄)အဂ္ဂဗီဇ—ဟူသော အကိုင်းအညွှန့်မျိုးစေ

(၅)ဗီဇ ဗီဇ—ဟူသော အစေ့မျိုးစေ့တို့ကို ဖျက်ဆီးခြင်းမှရှင်း၊ဗီဇဂါမ-ဘူတဂါမ်ကိုဖျက်ဆီးခြင်းမှရှင်း ရှောင်ကြဉ်၏။

သူသည် ထမင်း, အဖျော်, ယမကာ, အဝတ်တန်ဆာ, ခနေရာထိုင်ရာ စီးယာဉ်နှင့်တကွ အကြင်အကြင်သို့သောနံ့သာ ပန်းမာလ်အမျိုးမျိုးတို့ကို သိမ်းသိမ်းဆည်းခြင်းမှရှင်း။

ဝိသုကဒဿန-ဟူသော အက၊ အခုန်၊အတီး အမှုတ်နှင့် ပွဲလမ်းသဘင်အမျိုးမျိုးတို့ကို ကြည့်ရှုနားထောင်ခြင်းမှရှင်း။

ဇူတပမာဒဋ္ဌာန—ဟူ၍ဆိုအပ်သော သုံးပုံဖဲ၊ ဂျက်ဖဲ၊ ကျင်ဖဲ၊ပိုကာ၊ ဂျိကာ၊ ဘူကြီး မှစ၍ အသီးသီးသော ကစားမျိုးတို့မှရှင်း။

ဥစ္စာသယန မဟာသယန-ဟုဆိုအပ်သော ခုတင်ညောင်စောင်း မကောင်းကောင်းအောင် နှစ်တီးပြုပြင်တန်ဆာဆင်၍ အယဉ်အလှခြယ်လယ်၍ ထားအပ်သော အကြွားအဝါ အိပ်ရာ ခေါင်းအုံး ခြင်ထောင်တို့ကိုနှစ်သက် သာယာ၍ အသုံးပြုခြင်းမှရှင်း ရှောင်ကြဉ်၏။

သူသည် မဏ္ဍနဝိဘူသန (ဝါ) မိမိ၏ကိုယ်ကို မွမ်းမံခြယ်လှယ်ခြင်းဟု ဆိုအပ်သောအချောတိုက်ခြင်း၊ တန်ဆာဆင်ခြင်း၊ နံ့သာ ပန်းပန်ခြင်း၊ မှုန့်နံ့သာသုတ်ခြင်း စသည်တို့မှ ရှောင်ကြဉ်၏။

ထို့ပြင် သူသည် တိရစ္ဆာနကထာ(ဝါ) အကျိုးမဲ့စကားဟု ဆိုအပ်သော မင်းစကား, စိုးစကား, သူခိုးစကား, ဒါးပြစကား, စစ်စကား,အချစ်စကား, အမုန်းစကား,ရုံးစကား, ဂတ်စကား, အဝတ်စကား,အပြတ်စကား,သေနတ်စကား, လက်နက်စကား, တိုင်းရေး ပြည်ရေး, နိုင်ငံရေး စကား စသည်တို့ကို ပြောဆိုနေခြင်းမှ ရှောင်ကွင်းသူဖြစ်၏၊

ရင်းပြင် ဝိဂ္ဂါဟိက ကထာဟု ဆိုအပ်သော အကျိုးမဲ့ စာပေ ငြင်းခုံမှုမျိုးမှလည်း ရှင်းရှင်းကင်းကင်း နေသူဖြစ်၏။

သူသည် မိရိဒိယံခေါ် ဗဟိုမျဉ်းကြောင်းကို နေ လွန်သွားသောဝိကာလ အခါမျိုး၌ ရေမှတပါး အခြားခြားသော အာဟာရတို့ကို စားသောက်မှီဝဲခြင်းအမှုကို မပြုသည့်အပြင် သင့်လျော် လျောက်ပတ်သော အချိန်၌လည်း တကြိမ်ထည်းသာ စားသောက်လေ့ရှိ၏။

ထို့ပြင် သူသည် ရွှေငွေစသော လူသုံးအသဗျာနှင့် ရတနာတို့ကို သာယာ နှစ်သက်ခြင်း ခံမင်တပ်မက်ခြင်းနှင့် တကွသောစိတ်ဖြင့် ကိုင်တွယ် သုံးသပ်မှု အလှူခံမှု ဟူသော လောက လုပ်ငန်းတို့မှ ဝေးစွာရှောင်ကွင်း နေနိုင်သူဖြစ်၏။

သူသည် ဆံ စပါး နှမ်း ပြောင်း ပဲ စသည်တို့နှင့် တကွ စမဲဟင်းလျာ အမဲသား ငါး ဖါး ပုဇွန်တို့ကိုရင်း။

ဆင် မြင်း ကျွဲ နွား ဘဲ ဝက် ကြက် ငှက်နှင့် အိုးအိမ် လယ်ယာတို့ကိုရင်း။

မိန်းမကြီးချွား အပျိုများနှင့်တကွ ကျွန်ထီး ကျွန်မများ ကိုရင်း အလှူခံခြင်းမှ ရှောင်ကွင်းနေသူဖြစ်၏။

သူသည် ဒီမှယူ၍ ဟိုကိုပို့ (ဝါ) ဟိုကယူပြီး ဒီကိုပို့ ရသော လူကူးတို့လုပ်ငန်းဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်သည့်အပြင် တမန်ဆက်သားခေါ်သော လုပ်ငန်းတို့ကို လည်း လုပ်လေ့လုပ်ထမရှိချေ။

သူသည် ကူးသန်းရောင်းဝယ်မှု ဆိုင်ရာ၌ မမှန်သော အလေးအချိန် အတိုင်းအထွာ၊ဘင်းဘောင်း၊ခပ၊ကိုက်၊ယာဒ် စသည်တို့ကို အသုံးပြုလေ့မရှိချေ။

ထို့မှတပါး သူသည် လာဘ်စား လာဘ်ပေး ငွေကြေး မှစ၍ အငဝသော တံစိုးလက်ဆောင် ပေးကမ်းမှုနှင့်တကွ လိမ်လည် လှည့်ဖြား၍ လှဲ့စားမှုဟူသမျှကို လွန်စွာရွံမုန်း၍ အော့နှလုံးနာသူဖြစ်၏။

ထိုပြင် ယောဂါဝစရပုဂ္ဂိုလ်သည် ဤလောကအတွင်း၌ အမျိုးမျိုးအဖုံဖုံ စုံခနအောင် ထင်လျှားရှိကုန်သော တိရစ္ဆာန ဝိဇ္ဇာ(ဝါ) မင်္ဂလာဖြစ်သော အတတ်ပညာချိုး တို့ဖြင့် မိမိ၏ ဝမ်းခေါင်းကို ထိန်းကျောင်းခြင်း မှလည်း ကင်းကင်းပြတ်ပြတ် ရှောင်ကြဉ်နေနိုင်သူဖြစ်၏၊

ဤသို့ အထက်၌ အကျဉ်းအမြွက်မျှ ဖေါ်ထုတ်၍ ပြခဲ့ သော သီလကို(ဝါ)ကိုယ်ကျင့်လမ်းစဉ်ကို တိကျမှန်ကန်စွာ လိုက်နာကျင့်သုံးနိုင်ခြင်းဖြင့် ညစ်ကြေးမတင် ဖြူစင်သန့်ရှင်း

ချေးညှော်ကင်းသော အရိယသီလနှင့် ပြည့်စုံသော အခြေ အနေသို့ အပြည့်အစုံ ဆိုက်ရောက်နိုင်၏။

ထိုသို့ ဆိုက်ရောက်ပြီးသောအခါ ယောဂီပုဂ္ဂိုလ်သည် သီလကို ကျင့်သုံးစောင့်ထိန်းမှု ဆိုင်ရာ၌ သီလတရား ကျိုး ပေါက် ကွက်ကျားမှုကြောင့် ဖြစ်ပေါ်၍ လာတတ်ကုန် သော စိတ်နှလုံး မသာယာမှုတို့မှ ကင်းသဖြင့် စိတ်၏ အေးငြိမ်းခြင်း သုခကို ရရှိခံစားနိုင်လေသည်၊ နိုင်ငံတော် အတွင်း၌ ရှိသမျှသော ရန်သူမျိုးအားလုံးကို "ကျူပင်ခုတ်-ကြူငုတ်မှ မကျန်ရ" ဟူသော စကားပုံအတိုင်း သုတ်သင် ရှင်းလင်း အောင်မြင်ခြင်းသို့ ရောက်ပြီးဖြစ်၍ ရာဇာဘိသိက် မင်းတံဆိပ်ဖြင့် စနစ်ကျနစွာ ခပ်နှိပ်အပ်ပြီးသော ဧကရာဇ် မင်းသည် မိမိနိုင်ငံတွင်းမှ ပြည်လှေး-ပြည်မွှားတို့၏ ဘေး ရန်ကို ဘွေးတောပူပန် ကြောက်လန့်၍ နေရန်မလိုတော့ သကဲ့သို့တည်း။

---

## "အရိယဣန္ဒြိယသံဝရ"

အရိယ-ဖြူစင်သော၊ မြတ်သော။ ဣန္ဒြိယ - ( စ-သ-ဃ-ဇ-က-မ) ဣန္ဒြေ။ သံဝရ-စောင့်ထိန်းခြင်း။ သတိ-ဖြူစင်မြင့်မြတ် သော ဣန္ဒြေစောင့်စည်းမှု။

ဗုဒ္ဓ၏ လမ်းစဉ်သို့ လိုက်သော ယောဂီပုဂ္ဂိုလ်သည် အထက်၌ ထုတ်ဖော်ညွှန်ပြခဲ့ပြီးသော အရိယသီလ (ဝါ) ဖြူစင်မြင့်မြတ်သော ကိုယ်ကျင့်သီလနှင့် လုံးဝဥဿုံ ပြည့်စုံ သည်နှင့် တပြိုင်နက် ရှေ့သို့ဆက်လက် တဆင့်ဘက်ပြီးလျှင် အရိယ ဣန္ဒြိယသံဝရ-ကို ကြိုးစား အားထုတ်ရန်လိုသာ၏။

ဣန္ဒြေဆိုသည်ကား ယောဂီပုဂ္ဂိုလ်၏ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဟူသော ခြောက်ပါးပင်တည်း။

ထိုခြောက်ပါးသော ဣန္ဒြေတို့ကို တံခါးခြောက်ခု ပမာ ထား၍ မမေ့မလျော့သော သတိဖြင့် လုံခြုံအောင်ပိတ်ဆို့နိုင်ရန်၊ (သို့မဟုတ်) စောင့်ရှောက်ထိန်းသိမ်းနိုင်ရန် မလျော့သောဇွဲ၊ မနဲ့သောလုံ့လဖြင့် ကြိုးပမ်းရမည်။

မျက်စိ၏ ပဓါန လုပ်ငန်းကား အဆင်းရူပါရုံကို ကြည့်ရှုရန် ဖြစ်၏၊ သို့ရာတွင် ထိုမျက်လုံးဖြင့် အဆင်းရူပါရုံကို မြင်သောအခါ ထိုအဆင်းရူပါရုံ၏ အပေါ်ရံဘန်းပြ နိမိတ္တ အနုဗျဉ္ဇန-ဟူသော ကိုယ်ဟန်အနေအထား အချိုးအစား အဆင်အပြင် အသွင်လက္ခဏာ အဖြာဖြာတို့ကို အမှတ်အသားပြု၍ စိတ်ပင်စားခြင်း မဖြစ်စေရန် အပြင်းအထန် အားထုတ်ရပေမည်။

အကယ်ဘာစေ တစုံတယောက်သော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ မျက်စိတည်းဟူသော ဣန္ဒြေကို နိုင်နင်းပိပြားအောင် မိမိ၏ အလိုသို့ပါအောင် ထိန်းအုပ်သိမ်းချုပ်ခြင်းငှါ မစွမ်းနိုင်ခြင်းဟူသော အကြောင်းကြောင့် မျက်စိဖြင့် ရူပါရုံ အဆင်းကို မြင်သောအခါ အမြင်တွင် ရပ်နားခြင်းမရှိဘဲ နိမိတ္တ အနုဗျဉ္ဇနသို့ ခိုက်အောင် ဖူးစိုက်ကြည့်မှား မိပချေသော် သံဝရချို့တဲ့သော မျက်စိနှင့် ရူပါရုံတို့ တိုက်ဆုံပေါင်းစပ်မိရာမှ ပေါက်ဖွါး ဖြစ်ပေါ်၍ လာတတ်ကုန်သော မကောင်းမှု အကုသိုလ် တရားတို့သည် တားမနိုင်ဆီးမရ ရေကာတာရိုး ကျိုး၍ ကျသလို ဒလဟော သွန်ချကာ ဒလစပ် ဖြစ်ပွါး၍ လာကြပေလိမ့်မည်။

ထိုသို့ ပေါ်ပေါက်လာသော အကုသိုလ် တရားတို့ကား တန်ခိုးပါဝါ လွန်စွာကြီးမားကြကုန်ရာ ယောဂီပုဂ္ဂိုလ်ကို လက်ရှိ သူရောက်နေသော မြင့်မြတ်သော အခြေအနေ အဆင့်အတန်းမှ အောက်သို့ဆွဲချ ရုံမျှမကမူ၍ ၎င်း၏သစ် တပင်ရင်း အုဋ္ဌ ဂူ အတွင်းမှပါ အတင်းဆွဲထုတ်ပြီးလျှင် မြို့တွင်း ရွာတွင်းသို့ ဆွဲသွင်းနိုင်သော သတ္တိထူးနှင့်လည်း ပြည့်စုံကြကုန်၏။

ထို့ကြောင့် သူသည် ကြီးမားလှစွာသော သတိဖြင့် မျက်မိကို အလစ်မပေးဘဲ အမြဲစောင့်ရှောက်ရပေမည်။ မျက်စိကို စည်းလွှတ် ကမ်းလွှတ် မထားဘဲ ထိန်းသိမ်းအုပ်ချုပ်၍ ထား ရပေမည်၊ မျက်စိကို ပေါက်လွှတ်ပဲစား မထားဘဲ ခိုင်ခံ့သော ကြိုးဖြင့် ခိုင်ခံ့စွာ ချည်နှောင်၍ ထားရပေမည်။

မျက်စိသည် အရပ်စကားနှင့်ပြောရလျှင် ယောဂါဝစရ ပုဂ္ဂိုလ်၏ ပုဂ္ဂလိက ကိုယ်ပိုင်ပစ္စည်းတရပ် ဖြစ်ရာ ၎င်းကို မိမိ အလိုရှိသလို ပြုပြင် နိုင်လေသည်၊ ၎င်းသည် မျက်စိ၏ အလိုသို့ မလိုက်ပါမိစေဘဲ မျက်စိကိုသာလျှင် ၎င်း၏အလိုသို့ ဖြောင့်တန်းညင်သာစွာ လိုက်ပါစေရန် အားထုတ် ပြုပြင် ရပေမည်။

အကြောင်းမူကား–မျက်စိတည်းဟူသော အင်္ဂါတရပ်ကို အပြတ်အသတ် ဖိဖိစီးစီး နိုင်နိုင်နင်းနင်း သိမ်းသွင်း အုပ်ချုပ် နိုင်သော ယောဂီပုဂ္ဂိုလ်သည် မျက်စိအပေါ်က်မှ တောက် လျှောက်ဝင်ရောက်၍ ထိုသည့် မျက်စိရှင်ကိုပင် ကြီးကျယ်ခံ့ ခက်သော အနှောင့်အယှက်ကို ပေးစွမ်းတတ်ကုန်သော

အကုသိုလ် မကောင်းတရားတို့ကို၊ တားဆီး ပိတ်ပင်နိုင်၍ ရရှိအပ်သော သုခစစ်ကို ခံစားနိုင်မည် ဖြစ်သောကြောင့်တည်း။

ထို့နည်းတူစွာပင် နားတည်းဟူသော သောတပသာဒ ရုပ်နှင့် အသံ သဒ္ဒါရုံသည်ငှင်း။

နှာခေါင်းဘည်းဟူသော ဃာနပသာဒရုပ်နှင့် အနံ့ဂန္ဓာ ရုံသည်ငှင်း။

လျှာဘည်းဟူသော ဇိဝှါပသာဒ ရုပ်နှင့် ဇိမ်ရသာရုံ သည်ငှင်း။

ကိုယ်ဘည်းဟူသော ကာယပသာဒ ရုပ်နှင့် အတွေ့ ဖေါ်ဋ္ဌဗ္ဗာရုံသည်ငှင်း။

စိတ်တည်းဟူသော ဟဒယဝတ္ထုရုပ်နှင့် အတွေး ဓမ္မာရုံ သည်ငှင်း။

အချင်းချင်း ကြိုက်ကြ၍ တိုက်ဆုံ မိသောအခါ လည်း ဖေါက်ပြန်ရေး လမ်းကြားသို့ မလိုက်မှားစေရန် ယောဂါဝစရ ပုဂ္ဂိုလ်သည် ထက်သန်သော သဒ္ဓါ စေတနာ လုံ့လ ဝီရိယတို့ဖြင့် ခြောက်ခုသော ဒွာရခြေတို့ကို အမြဲမနေ အောင် စောင့်ထိန်းသိမ်းချုပ်ရပေမည်။

ဤသို့သော နည်းအားဖြင့် ဒွာရခြေခြောက်ဝကို ကျနပီပြား စွာ အုပ်ချုပ်နိုင်၊ နိုင်နင်းစွာ စောင့်စည်းနိုင်သော ယောဂီ ပုဂ္ဂိုလ်ကား အရိယာမြှိုယသံဝရသီလနှင့် လုံးဝဥဿုံ တကယ်ပြည့်စုံပြီဟု မှတ်ယူနိုင်သော အခြေသို့ ဆိုက်ရောက် နေသူ ဖြစ်ပေသတည်း။

# ''အရိယသတိ''

''သတိ'' ဟူသော စကားလုံးကား ယခုအခါ ကမ္ဘါ သုံးဖြစ်ခဲ့ပြီ၊ ၎င်းသည် ခေတ်အစားဆုံး စကားလုံးဖြစ်၍ ၎င်း၏ အနက်အဓိပ္ပါယ်ကို အကျယ်တဝင့် ဖွင့်ပြနေရန်ပင် မလိုသ လောက် ဖြစ်ခဲ့ပြီ၊ သတိသည် ကိစ္စအားလုံး၌ ပြဋ္ဌာန်း၏၊

သတိဓ္ဓါဟံဘိက္ခဝေ သဗ္ဗတ္ထကံ ဝဒါမိ–ဟူ၍ လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀ ကျော် အခါက မြွက်ဟခဲ့သော ဗုဒ္ဓ၏ စကားနှင့်အညီ ယခုအခါ ယခုကမ္ဘါတွင် ၎င်းကိုနေရာတိုင်း၌ လောကသား အားလုံးဝါဒမကွဲဘဲ သုံးစွဲလျက်နေသည်ကို တွေ့ရသောကြောင့် ၎င်းပုဒ်၏အနက်အဓိပ္ပါယ် အကျယ် အကျဉ်းနှင့် အတိမ်အနက်မှာ လူတိုင်း၏ ဥာဏ်အမြင်၌ ကြည်လင် ပြတ်သားလျက် ရှိနေချေပြီ။

ထိုပြင် ကမ္ဘါ၏ဘာသာရေး နိုင်ငံရေး ခေါင်းဆောင် များနှင့်တကွ စီးပွားရေး ပိဋကာ အားလုံးသော သတ္တဝါ တို့သည် သတိ၏ ဦးဆောင်မှုကို မငြင်းဆံသရွေ့ ကာလ ပတ်လုံး မိမိတို့၏ လက်ရှိအခြေအနေ၌ တည်မြဲ နိုင်ကြပေ လိမ့်မည်။

ထို့ကြောင့် သတိကို မဟောသူ မပြောသူနှင့် မလိုက်နာ မကျင့်သုံးသူ ဤကမ္ဘါ၌မရှိနိုင်ဟူ၍ ဆိုလျှင် မှားယွင်းလိမ့် မည်မဟုတ်ချေ။

သို့ရာတွင် ဗုဒ္ဓ၏ ထူးခြားချက်မှာ လောကသုံး ဖြစ်သော ထိုသတိတွင် အရိယဟူသောပုဒ်ကို တပ်ဆင်ပေးခဲ့ခြင်းဖြစ်၏၊

၎င်းသည် ရှေးနည်းအတူပင်"ဖြစ်ခြင်းသောကောင်းမြတ်သော" ဟူသောအနက်ကို ဟော၏။

ထိုကြောင့် ဗုဒ္ဓ၏ အရိယ သတိကား ရိုးရိုး သာမန် လောက လက်သုံးသတိမျိုးမဟုတ်ကြောင်း၊ ရိုးရိုးသတိထက် ပိုမိုမွန်မြတ် ကြီးကျယ်ကြောင်း ထင်လျှားသည်၊ ရိုးရိုးဖြစ်သော လောက၏ လက်သုံး သတိ၏ တန်ဘိုးပင် ကြီးမြင့်လှစွာ၏။

ကပ္ပါသည် ယနေ့တိုင် ၎င်းကို တိကျစွာ ပိုင်းဖြတ်သတ်မှတ်၍ပေးရန် ငြင်းဆံလျက် ရှိသေးရာ ဗုဒ္ဓ၏ အရိယသတိအတွက် တန်ဘိုးကန့်သတ်ပေးရန် လုပ်ငန်းမှာ မတွေးဝံ့အောင်ပင် ကြီးလေးလျက်နေပေရာ၏။

ဗုဒ္ဓ၏ အရိယ သတိကို လက်တွေ့ ကျင့်သုံးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ သွားခြင်း,လာခြင်း,ဆုတ်ခြင်း, တက်ခြင်း, ထိုင်ခြင်း, ထခြင်း, စားခြင်း, သောက်ခြင်း, အိပ်ခြင်း, နိုးခြင်း,စောင်းခြင်း, လျောင်းခြင်း, လျှောက်ခြင်း, နားခြင်း, အဝတ်တန်ဆာဝတ်ရုံဆင်မြန်းခြင်း, ပုဂံ, အိုး, ခွက်စသည်ကို ကိုင်တွယ်ခြင်း,ဆိတ်ဆိတ်နေခြင်း စသောကိရိယာတို့ကို ပြုလုပ်ရာ၌ သတိကို အမြဲတမ်း ရှေ့ပြေးစေလျက် ဆောင်ရွက်လေ့ရှိ၏။

လိုရင်းချုပ်ရသော်- သူသည် မျက်စိ၏လုပ်ငန်း, နား၏ လုပ်ငန်း, နှာခေါင်း၏လုပ်ငန်း, လျှာ၏လုပ်ငန်း, ကိုယ်ကာယ၏လုပ်ငန်းနှင့် ဟဒယ၏လုပ်ငန်းအသီးသီးတို့ကို ဆောင်ရွက်ရာ၌ သတိကို ဦးဆောင်စေခဲ့သည်။

သတိ၏ ဦးဆောင်မှုကို တော်လှန်လျက် တစုံတရာသော လုပ်ငန်းကိစ္စကိုမျှ ဆောင်ရွက် လုပ်ကိုင်လေ့ မရှိဟု ဆိုလိုသည်။

မှန်၏။ သတိသည် သမင်း၏ တခန့်ဟုသမျှကို အကုန်ချေမှုန်း၍သမင်းကိုယ်တိုင်ကိုပင်မျက်နှာချင်းဆိုင်ရဲသူဖြစ်၏၊ သမင်းကို အမြဲတစေ တော်လှန်နေသူဖြစ်၏၊ သတိကင်းမဲ့သူ၊(၀ါ)တနည်းသော်ကား မေ့လျော့ခြင်း ပမာဒ၏ ကျေးကျွန်တို့ကား သမင်း၏ သခြင်းအစာ ဖြစ်ကြကုန်၏၊ ဤသတ္တလောကအတွင်း၌ အသက်ဝိညာဉ် တင်းလင်းနှင့်တည်နေကြကုန်သော သတ္တဝါ အားလုံးတို့သည် သမျိုး ဖြစ်၍သမင်း၏ ဝှင်းကို မရှောင်မကွင်းနိုင်ဘဲ အတင်းတိုးဝင်ရမြဲဖြစ်စေကာ သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့် သမင်း၏ ထောင်ချောက်အတွင်းသို့ မသိမသာ သက်ဆင်း လိုက်ပါသွားရသူ တို့၏ **အ**ရေအတွက်ကား ရာနှုန်းအားဖြင့် မယုံကြည်နိုင်လောက်အောင် များပြားလိမ့်မည် ဟူသော ဆုံးဖြတ်ချက်ကို ငြင်းချက်ထုတ်ရန် လွယ်ကူလိမ့်မည်မဟုတ်ချေ။

ထို့ကြောင့် သတိသည် တိုးတက်ကြီးပွား၍ စည်ကားလိုသော အေးငြိမ်းသာယာ၍ ချမ်းသာလိုသော ကမ္ဘာလောက၏ လက်သုံးဘုရားဖြစ်ကြောင်း ထင်လျှားချေသည်၊ သို့ဖြစ်ရာ လောကကြီးတခုလုံးကို တော်လှန်၍ ၎င်းနှင့်ဆိုင်ရာကိစ္စများကို ဇွဲကန်လျက် လောကုတ်အရေးကို မနှေးလျင်မြန်အားအန်ကြိုးကုတ် တကယ်လုပ်ပြီး ထိုသမင်း၏ဂုဏ်ကို ခွ၍စီးလိုသောဓယာဂါဝစရပုဂ္ဂိုလ်များအတွက်မှာ သတိရိုးရိုး

ပင် အားနည်းအံ့ ထင်သောကြောင့် အရိယ-ဟူသောပုဒ်ကို ၎င်းဘွင် တပ်ဆင်ယှဉ်ကပ်၍ ပေးခဲ့သည်ဟု မှတ်ယူရာ၏။

ဤသို့သောနည်းအားဖြင့် အမြဲဘမ်း မသွေ သတိ အုပ်ချုပ်မှု မကင်းစေဘဲ မိမိကာယကံ(ဝါ)ကိုယ်ကာယနှင့်သက်ဆိုင်ရာ ...ခင်းကိစ္စ၊ ဝစီကံ(ဝါ)နှုတ်ပါးစပ်နှင့်ပြောဆိုရသော လုပ်ခင်းဆောင်တာ၊မနောကံ (ဝါ)စိတ်မနောဖြင့်ဆောင်ရွက်ရသော တွေးတောဘွယ် ဟူသမျှတို့ကို အားထုတ်ပြုလုပ်၍ နေသော ယောဂါဝစရပုဂ္ဂိုလ်၏စိတ်သည် ထိုထို ဤဤ ပြေးသွားခြင်း လှုပ်ရှားဖေါက်ပြန်ခြင်းမှကင်း၍ တခုတည်းသော အာရုံ၌ ငြိမ်ငြိမ် မြဲမြဲ တည်နေနိုင်၏။ အထက်၌ ..နပြခဲ့ပြီးသော နည်းအားလျော်စွာ သတိကို တင်းပြည့် ..ပြည့်အလျော့မ.. အောင် ပွားများ အားထုတ်ခြင်းဖြင့် ရအပ်, ရောက်ရှိအပ်သော ယောဂီပုဂ္ဂိုလ်၏ သမာဓိကား တောင့်တင်းခိုင်ခံ့လာပြီ၊ အမှန်၌ ခံ့လာပြီဟု ဆိုနိုင်လောက်သော အခြေသို့ ဆိုက်ရောက်ပြီးဖြစ်လေပြီ၊

ထိုကဲ့သို့သော ယောဂါဝစရပုဂ္ဂိုလ်ကား-ဗုဒ္ဓ၏ လမ်းစဉ်၌ အရိယသစ္စာ၊ငြိ ဟူသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံရန်သာ ကြိုးစား လုံးပမ်းဘို့ လိုတော့သတည်း။

---

## အရိယ သစ္စာ၊ငြိ။

အရိယ-မြူစင်သော မြင့်မြတ်သော။သစ္စာ၊ငြိ၊ရောင့်ရဲမှု။

ယောဂါဝစရ ပုဂ္ဂိုလ်သည် မူလ သဘာဝ ဓမ္မတာအားဖြင့် အလိုနည်းသော သူမွန်တဦးဖြစ်ရာ ၎င်း၏ကိုယ်ကာယ

ကို ဖုံးလွှမ်းနိုင်ရုံလောက်သော (ဝါ) အပူအအေးနှင့်အရှက်အကြောက်တို့ကို ကာကွယ်ဖုံးအုပ်ရန်အတွက် လုံလောက်သော ဝတ်ထည်ဖျဉ်စင်းသည် သူ့အဖို့ မင်းမြောက်တန်ဆာပင်ဖြစ်၏။

ထိုမျှထက် ပိုမိုကောင်းမွန် အလွန်ချောမော ပေါများသော အထည်အလိပ် အဝတ်တန်ဆာ တို့ကား သူ၏အလိုဆန္ဒ စာရင်းတွင် မပါဝင်ကြကုန်။ သူသည် ထိုမျှနှင့်ပင် တင်းတိမ်၏ အားရကျေနပ်၏၊ ရောင့်ရဲနိုင်၏၊ အဝတ်တန်ဆာဟူသည် အကာမျှသာဖြစ်၏-ဟူသော အချက်ကို ကွက်ကွက်ကွင်းကွင်း အမြင်ရှင်းပြီးဖြစ်ရာ သူ့အတွက် အဝတ်တန်ဆာ ကောင်းခြင်း မကောင်းခြင်း ရှိခြင်း မရှိခြင်းတို့သည် အတူတူပင်ဖြစ်ကြကုန်၏။

သူသည် မိမိ၏ ကိုယ်ကာယ ကျန်းမာဝပြိုး၍ တောင့်တင်းခိုင်မာ အသက်ရှည်ကြာ အနာမဲ့ကင်း ချမ်းသာစွာ နေနိုင်ခြင်းအတွက် မချဆတ်ဆတ် တကယ်လိုအပ်သော တထပ်စာမျှ တဝမ်းဝလောက်သော အာဟာရကိုသာ အလိုရှိ၏၊ ထိုမျှလောက်လော ဝမ်းစာ,အာဟာရ ရရှိရေးအတွက်သာ လျှင် လုံးပမ်းလေ့ ရှိ၏။

သူသည် အပိုအမို ဖြစ်သော စားဖွယ် သောက်ဖွယ် အသွယ်သွယ်တို့အတွက် ဇိဗှာကျွယ်ခြင်းမှ ကင်းရှင်းသည့် အမြင် နေ့ဖို့ညစာ နောက်အခါ အတွက်ရည်စူးပြီး ထူးခြားမွန်မြတ်သော ခဲဘွယ်ဘောဇဉ်ချိုချဉ် ယမကာ စားစရာတို့ကို သိုမှီးသိမ်းဆည်း တတ်သောအလေ့မျိုးကို ပယ်ချိုးပြီး ဖြစ်၏။

ငှက်သတ္တဝါသည် မိမိပျံ၍သွားလေရာရာတို့၌ အတောင်နှင့်နှုတ်သီးမှတပါး အခြားပစ္စည်းတို့ကို သည်ပိုး ချည်နှောင်၍ ယူဆောင်သွားလေ့ မရှိသကဲ့သို့ ထို့အတူပင် ယောဂီပုဂ္ဂိုလ်သည် မည်သည့် တိုင်းပြည်ဒေသန အရပ်ဒေသသို့မဆို ကြွသွားရစေကာမူ ငှက်၏ အတောင်နှစ်ဘက်နှင့် တူသော မိမိ၏ သပိတ်နှင့် သင်္ကန်းမှတပါး အခြား အပို ပစ္စည်းတို့ကို ထမ်းပိုးယူဆောင်၍ သွားလေ့သွားထကို ခွါချပယ်စွန့်ပြီး ဖြစ်၏။

ငှက်သတ္တဝါ၏ တဝမ်းဝရေး အသက်ရှင်နေရေး အတွက် အတောင် နှစ်ဘက်နှင့် နှုတ်သီးသည် ပဓါန အင်္ဂါများ ဖြစ်သကဲ့သို့ ထို့အတူပင် ယောဂီ ပုဂ္ဂိုလ်၏ သပိတ်သင်္ကန်းနှင့် သလုံး မြင်းခေါင်း ဘို့သည် ၎င်း ၏ အသက်ရှည်ကြာအနာမဲ့ကင်း ချမ်းသာစွာ နေထိုင်ကျင့်ကြံနိုင်ခြင်း အတွက် အကြီးဆုံး သော အထောက်အကူများ ဖြစ်ပေကုန်၏၊ ထိုကဲ့သို့သော အရိယသဒ္ဓါရ ငါးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်ကား ဒုက္ခဆင်းရဲဟူသော ဝဋ္ဋဇာလပ်၌ ငုတ်တုံပေါ်တုံ နေရှာသော ကပ္ပါလောကအတွင်း၌ ပူစရာကင်း ဆွေးစရာ ရှင်းသဖြင့် အပြင်းတန်ဆုံး ချမ်းသာနေသူဖြစ်၏၊ အမြဲတစေ အာသာဆန္ဒ မပြည့်ဝသဖြင့် တလိုထဲလိုရှိနေသော လောက အတွင်း၌ သူဘိုးသာလျှင် လိုသမျှဖူလုံ၍ အမြဲတမ်း ပြည့်စုံနေသူဖြစ်၏။

အကြောင်းမူကား-သူသည် ရသာမျှထက်ပိုပြီး ဘာကိုမျှ အလိုမရှိသောကြောင့်တည်း၊ မပြတ်အာစဉ် ငိုပွဲကြီး တွေ့ဆင်ရသဖြင့် မျက်ရည်ယဉ်လွှမ်းနေသော ဤလောကအတွင်း

၌ သူသာလျှင် အပြစ်မဲ့သော ပြီးခြင်းဖြင့် ပြီးကာကြည်နူးပြီး မြဲနေနိုင်သူ ဖြစ်၏။

အကြောင်းမူကား- သူ့မှာ လိုသမျှ ပြည့်စုံနေသည် ဖြစ်ရကား နောက်ထပ် လိုချင်အာသာဝင် တတ်သော တွယ်တာမှုအားလုံး လက်စတုံး ကင်းငြိမ်းနေပြီး ဖြစ်သောကြောင့်တည်း။

၎င်းကား မြင့်မြတ်ဖြူစင်သော ရောင့်ရဲတင်းတိမ်မှုဟု ဆိုအပ်သော အရိယသန္တုဋ္ဌိပင် ဖြစ်သတည်း။

ဤသို့အားဖြင့် အထက်၌ ဖေါ်ထုတ်ခဲ့သော—

(၁) အရိယ သီလ။

(၂) အရိယ ဣန္ဒြိယသံဝရ။

(၃) အရိယ သတိ။

(၄) အရိယ သန္တုဋ္ဌိ။

ဟူသော ကျင့်စဉ်တရားတို့ကို အကြင်ယောဂါဝစရ ပုဂ္ဂိုလ်သည် စိတ်အားထက်သန်စွာ ထို့ပြင်, တိကျ ပြတ်သား မှန်ကန်စွာ လိုက်နာကျင့်သုံးခြင်းငှာ စွမ်းနိုင်၏၊ ထိုသို့ စွမ်းရည်ပြည့်မီသော ပုဂ္ဂိုလ်သည် ဗုဒ္ဓ၏ လမ်းစဉ်သို့ တက်ရောက်၍ ထွက်ရပ်ပေါက်သည် တိုင်အောင် လျှောက်သွားနိုင်ရန်အတွက် မူလ အခြေခံဖြစ်၍ မုချလိုလားအပ်သော ပုဗ္ဗကိစ္စနှင့် ပြည့်စုံပေပြီ။

သို့ဖြစ်ရာ သူသည် ဒုတိယအဆင့်အနေအားဖြင့် ကျင့်သုံးဆောက်တည်ရမည်ဖြစ်သော ပုဗ္ဗကရဏကို တိုးတက်၍ ကြိုးစားအားထုတ် ပြုလုပ်ရပေတော့မည်။ ထို့ကြောင့် သူသည် ဆိတ်ငြိမ်ရာ အရပ်ဟု ဆိုအပ်သော သစ်တပင်ရင်းသို့ရင်း

ခြိုပုတ် ထူလှိုင်း သုသာန်သင်ချိုင်းသို့ရင်း၊ သန်မင်းကျောင်း အတွင်းသို့ရင်း၊ (သို့မဟုတ်) အင်္ဂူအတွင်းသို့ရင်း အဖေါ် မရှိ တယောက်ထည်းတည်း ချဉ်းကပ်၍ စည်းစနစ်ကျနစွာ ထိုင်နေပြီးလျှင် ပုဗ္ဗကရဏာဟု ဆိုအပ်သော နီဝရဏာငါးပါး ပယ်ရှားသုတ်သင်မှုကို အားပြုကြိုးပမ်းရပေမည်။

၍သို့ ကြိုးပမ်းမှုကြောင့် နီဝရဏာငါးပါး လက်စတုံး ငြိမ်းချုပ်၍ သွားခဲ့လျှင် ထိုနေရာ၌ပင်လျှင် ယောဂီပုဂ္ဂိုလ် သည် ကာမသုခနှင့်မတူ ကွဲပြား အလွန်ထူးခြားသော ချမ်း သာ သုခတမျိုးကို ရရှိခံစားနိုင်လေသည်။

ထို့ကြောင့် ၎င်းငါးပါးကို ယောဂီတိုင်း တိကျပြတ်သား စွာ နားလည် သိရှိနိုင်ရန် ထိုသို့သိရှိပြီးနောက် ပြတ်တောက် စွာ ပယ်ဖျက် သုတ်သင်နိုင်စေရန် အလို့ငှါ ထင်လျှားစွာ ဖွင်းပြားဝေဖန်ရန် လိုအပ်၏။

---

## နီဝရဏာငါးပါး။

### (၁) ကာမစ္ဆန္ဒ၊

၎င်းကား ကာမကို လိုချင်မှုပင် ဖြစ်၏။

ကာမဟူသည်ကား အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော ငါးမျိုးပင်တည်း။

၍ငါးမျိုးတို့အနက်မှ တစုံတခုကို ဖြစ်စေ (သို့မဟုတ်) ငါးမျိုးလုံးကိုဖြစ်စေ လိုလားမှု တောင့်တမှု ကြောင့်ကြစိုက် မှု သည်ပင် ကာမစ္ဆန္ဒမည်၏။

၎င်းသည်—

(၁) ကာမ ဝိတက်ကြမ်း။

(၂) ဗျာပါဒ ဝိတက်ကြမ်း။
(၃) ဝိဟိံသာ ဝိတက်ကြမ်း။
တို့ကို မွေးပေးတတ်၏။
၎င်းတို့သည် ကပ္ပဆင်းရဲဟူသမျှတို့၏ မူလအရင်းအမြစ် များ ဖြစ်ကြကုန်၏။
ကြည့်ရှုစဖွယ် တင့်တယ်လှပ အချိုးကျသော အဆင်း ရူပါရုံ။
သင်းပျံ့မွှေးကြိုင်သော အနံ့ဂန္ဓာရုံ။
ချိုဆိမ့်သော အရသာ ဟူသော ရသာရုံ။
နူးညံ့သိမ်မွေ့သော အတွေ့ဖောဋ္ဌဗ္ဗါရုံတို့ကို သဘောကျ အတိုင်း မဆိုင်းမတွ လိုသလောက် ရရှိနေခြင်းကြောင့် အပြင်းအထန် အူလန် အသဲလန် ဇွဲသန်သန်နှင့်ငြင်းဆိုငိုကြွေး မည့် လောကသားမှာ မရှိသလောက် ရှားပါးပေလိမ့်မည်။
အကြောင်းမူကား–ဤငါးပါးနှင့် ပြည့်စုံမှုသည်ပင် သုခ စစ် ချမ်းသာမှန် ဖြစ်သည် ဟူသော ယုံကြည် ချက်ကြောင့် လောကသား မှန်သမျှတို့သည် ထိုငါးပါး၏ နောက်သို့ သူ့ထက်–ငါဦး အလုအယက် တိုးဝှေ၍ လိုက်နေကြသော ကြောင့်တည်း။
သို့ရာတွင် ထိုသည့် ငါးပါးသည် လောကသား တို့ ယုံကြည် နေကြသည့်အတိုင်း သုခစစ် ချမ်းသာမှန်၏ မိခင် အစစ်ဟုတ်ပါ၏ လောဟု စစ်ဆေးကြည့်ရှုရာ၏။
သို့ကြည့်ရှုခဲ့လျှင် ကပ္ပါရာဇဝင် အစမှ ယခုခေတ် သမယ တိုင်အောင်သော ခေတ်အသီးသီးတို့၌ ဖြစ်ထွန်း ပေါ်ပေါက် ခဲ့ကြကုန်၍ အဆိုပါငါးခုကို အလိုရှိသလို ခံစားနိုင်ရန်

အပြည့်အစုံရနေကြပါလျက် ၎င်းတို့ကို ရက်စက်စွာ စွန့်ပစ်ပယ်ခွါ၍ သွားကြကုန်သော လူထူး-လူချွန်-ပုဂ္ဂိုလ်မွန်တို့၏ အရေးအတွက် မနည်းပါးလှသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် ၎င်းငါးပါးသော ကာမအာရုံတို့သည် တကယ်တန်း အေးငြိမ်းခြင်းကို မဖြစ်စေနိုင်ကြောင်းမှာ ငြင်းချက်ထုတ်စရာ မလိုလောက်အောင် ထင်ရှားချေသည်။

ထို့ကြောင့် ဤကာမစ္ဆန္ဒကို သုခဖြစ် ချမ်းသာမှု၏ ချေးညှော် တရပ်အနေဖြင့် သုတ်သင် ချွတ်ဆေး ပစ်ရန် လိုလေသည်။

(၂) ဗျာပါဒ။

သူတပါးတို့၏ အပေါ်၌ ဖြစ်ပွားသော စိတ်ဆိုးစိတ်ယုတ်များကို (ဝါ) အရပ်စကားအားဖြင့် စိတ်ဆိုးခြင်းကို ဒေါသဟု ခေါ်၏၊

၎င်းသည် အလွန်ရင့်ကျက် အသက်ကြီးလာသောအခါ ဗျာပါဒဟူသော နာမကို ခံယူလေသည်၊ လိုရင်းမှာ လွန်ကဲသော အမျက်ထွက်မှု အတိဒေါသကိုပင် ဗျာပါဒဟု ခေါ်ဆိုအပ်လေသည်။

ယောဂီပုဂ္ဂိုလ်သည် ထိုကဲ့သို့သော ဗျာပါဒတရားဆိုးတို့ကို မိမိ၏ အစဉ်မှ နှင်ထုတ်၍ လုယက်သတ်ဖြတ်လိုသော အတိဒေါသမှ မိမိစိတ်ကို စင်ကြယ်စေ၏။ သူသည် သက်ရှိသတ္တဝါအားလုံးတို့၏ အပေါ်၌ ယောက်ထား, ညှာတာ, ကြင်နာ သနားတတ်သော စိတ်ကိုအမြဲဘစေ အညွှန့်အခက် အတက် အလက် ဝေဖြာ၍ နေစေ၏။

(၃) ထိနမိဒ္ဓ။

ငင်းကား ရုပ်၏ငင်း၊ နာမ်၏ငင်း ပြင်းစွာ ငြိုးငွေ့ခြင်း၊ ထိုင်းမှိုင်းခြင်း၊ ပျင်းရိခြင်းကို ဆို၏။

ယောဂီပုဂ္ဂိုလ်သည် ထိုသို့သော ပျင်းရိထိုင်းမှိုင်းမှုများကို အမြဲတစေ တိုက်စစ်ဆင်နေသူဖြစ်၍ အမြဲတမ်းစိုပြေရှင်လန်းသော ရုပ်နာမ်ကို ဆောင်လျက်နေ၏။ ထို့ကြောင့် အမြဲထာဝစဉ် ကြည်လင် ရွှင်ပြသော ရုပကာယနှင့် စိတ်ဓာတ်တို့ဖြင့် တန်ဆာဆင်လျက် နေသူဖြစ်၏။

(၄) ဥဒ္ဓစ္စကုက္ကုစ္စ။

ငင်းကား အတွင်းအဇ္ဈတ္တဖြစ်သော စိတ်နေ၏ မငြိမ်မသက်ဖြစ်မှု လှုပ်ရှားပျံ့လွင့်မှုပင် ဖြစ်၏။

ယောဂါဝစရ ပုဂ္ဂိုလ်သည် စိုးရိမ်ပူပန်းခြင်း စသည်တို့ကို ဖြစ်ပွားစေတတ်သော ထိုစိတ်မနေ၏ လှုပ်ရှားပျံ့လွင့်မှုဟူသမျှကို ဖယ်ရှားသုတ်သင်ပြီးလျှင် တည်ငြိမ်အေးမြသော စိတ်ဖြင့် မိမိ၏အချိန်ကို ကုန်လွန်စေသူ ဖြစ်၏။

(၅) ဝိစိကိစ္ဆာ။

ငင်းကား သို့လော သို့လော ချီတုံချတုံ တွေဝေနွေးနွေးဖြစ်၍ အမှုကိစ္စတိုင်း ဘဝဆိုင်ရာ ပြဿနာတိုင်း၌ အမှားအမှန် ဤနှစ်တန်ကို ခွဲခြားဝေဘန်နိုင်သော အရည်အချင်းမှ ချို့တဲ့ခြင်း သဘောတရားကို ဆိုလိုသည်။

ယောဂါဝစရ ပုဂ္ဂိုလ်သည် ဆိုအပ်ခဲ့ပြီးသော တွေဝေခြင်း ဝိစိကိစ္ဆာ၊ အတိအကျ မဆုံးဖြတ်နိုင်ခြင်း သံသယကို အငွေ့အစမှ မကျန်ရအောင် ပယ်စွန့်ပစ်ပြီးဖြစ်၍ မှန်ကန်

ကောင်းမြတ်သော ဓမ္မလမ်းစဉ်၌ တွေ့ဝေခြင်းကင်းလျက် လျှောက်သွားကျင့်သုံးသူဖြစ်၏။

ဤသို့အားဖြင့် အထက်နား၌ ဖော်ပြခဲ့သော နိဂရဏာငါးမျိုး တရားဆိုးတို့ကို ပယ်ချိုးခုတ်ထွင် သုတ်သင်ရှင်းလင်းနိုင်သော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် သူတပါးတို့၏ အထံမှ ချေးငှါးလာခဲ့သော အသပြာ ငွေကြေးဖြင့် ကူးသန်းရောင်းဝယ် ဖလယ်မှုကို ကြိုးစားအားထုတ် စနစ်တကျ ပြုလုပ်လိုက်ရာ နောက်ဆုံး၌ မိမိနှင့်တကွ အားလုံးသက်ဆိုင်ရာ တအိမ်ထောင်လုံး စားသုံးရန် အတွက် လုံလောက်မျှတ၍ ချေးငှါးယူလာခဲ့သော ငွေကြေးကို အတိုးအရင်းပါမကျန် ပြန်လည်၍ ပေးဆပ်နိုင်လည်း။ပြင် နောက်ထပ်ရောင်းဝယ်ရေး၌ ရင်းနှီးရန် အမြတ်အစွန်းပင် မိမိလက်ဝယ် လုံလုံလောက်လောက် ကျန်နေသေးသော ကုန်သည်၏ ဝမ်းမြောက်ခြင်းမျိုးဖြင့်ရင်း။

အလွန်တရာ ရှူးရှုပြင်းထန် အခံရခက်လှသော (ဝါ) သေလုမျောပါး ခံစားနေရသော ရောဂါဝေဒနာမှ ရှင်းရှင်းလင်းလင်းကြီး ထမြောက်၍ ကင်းကင်းကြီး ပျောက်လာခဲ့သူ ဂိလာန ဟောင်း၏ လက်ခမောင်းခပ်ခြင်းမျိုးဖြင့်ရင်း။

လွတ်လပ်မှု အားလုံးကို ချုပ်ချယ်၍ ကြပ်ဘည်းစွာ တုတ်နှောင်၍ ထားရာဖြစ်သော အကျဉ်းထောင် အတွင်းမှ ရှင်းရှင်းကြီးလွတ်မြောက်လာသော အကျဉ်းသားဟောင်း၏ ပျော်မြူးခြင်းမျိုးဖြင့်ရင်း။

ငွေဝယ်ကျွန်ဘဝမှ လုံးဝလွတ်မြောက်လာပြီဖြစ်၍ မိမိ၏ စိတ်အလို ကိုယ်အကြိုက် အားလျော်စွာ နေနိုင် ထိုင်နိုင်

စားသောက်သွားလာနိုင်(ထို့ပြင်)ထနိုင်အိပ်နိုင်ပျော်ပါးနိုင်သော ကျေးကျွန်ဟောင်း၏ ပီတိပန်းပွင့်ခြင်းမျိုးဖြင့်ရင်း။

တောခို ဘောပုန်းသမား သူခိုးဒါးပြများနှင့် သင်္ကျားခြင်သံ့စသောဘေးအမျိုးမျိုး ရန်ဆိုးအသွယ်သွယ် အန္တရာယ်အဝဝ ထူထပ်သေါများလှသော ကန္တာရ ခရီးခဲမှ ဘေးမသီရန်မခဘဲ လွတ်မြောက်လာခဲ့သော ခရီးသွား ကုန်သည်ကြီး၏ ကြည်နူး ဝမ်းသာခြင်းမျိုးဖြင့်ရင်း ကြည်သာအေးချမ်း ပီတိပန်းပွင့်လျက် နေနိုင်သူဖြစ်၏။

ယင်းသို့အားဖြင့် ချေးညှော် ကော်အဆေးနှင့် တူသော နီဝရဏ တရားဆိုးတို့သည် အကြင်အခါ၌ ယောဂီပုဂ္ဂိုလ်၏ စိတ်အစဉ်မှ တပြင်တပါးသို့ လွင့်ပါး ပျောက်ပျက်၍ သွားကြကုန်၏။

ထိုအခါ လွင့်စဉ် ပျောက်ပျက်သေပြီးသော ချေးညှော်တို့၏ နေရာတွင် ကြည်လင်တောက်ပ ညစ်ကြေးမခသော သဘောတရားများ ဝင်ရောက်လာမြဲဖြစ်သည့် အားလျော်စွာ ဝမ်းမြောက် ရွှင်လန်းခြင်း ဟူသော ပီတိ ပန်းသည် လန်းသန်းစွင့်စွင့် ပွင့်၍လာလေတော့၏။

ထိုမျှမက တုံသေး၊ ယောဂါဝစရ ပုဂ္ဂိုလ်၏ ရူပကာယသည်လည်း အမှန်ခံ့လာပေတော့၏၊ ထို့ပြင် ကြည်လင်သန့်ရှင်း မခံသာသော ဒုက္ခဝေဒနာတို့မှ ကင်းလာလေဘော့၏။

ဤသို့ ဘောင့်တင်းကျန်းမာ ဝေဒနာမှ ကင်းလွတ်သော ရူပကာယနှင့် ပြည့်စုံသောယောဂီပုဂ္ဂိုလ်၏ စိတ်သည် အထက်၌ ဖေါ်ထုတ်ခဲ့သော ပီတိဓာတ်ဖြင့် စိမ်လိုက်သကဲ့သို့ဖြစ်ရာ

အေးမြသော သုခချမ်းသာကို လက်တွေ့ဒိဋ္ဌ ဒုံ့ချိုး ကိုက်ညီအောင် ခံစားနိုင်လေတော့၏။

အဓိပ္ပါယ်ကား-၎င်းပုဂ္ဂိုလ်၏ စိတ်သည် မိမိပယ်ဖျက်နှင်ထုတ်ခြင်းငှာ စွမ်းနိုင်သော နီဝရဏ တရားတို့နှင့် ရာသျှိုကို (ဝါ) အချိုးအစား ညီမျှသော သမာဓိ အဆင့်အတန်းသို့ ရောက်လေတော့သည်ဟု ဆိုလိုကြောင်း။

ဤသို့အားဖြင့် ငါးမျိုးသော နီဝရဏ တရားဆိုးတို့ကို ပယ်ချိုး ခုတ်ထွင်၍ သုတ်သင် ရှင်းလင်းနိုင်ကာ မတ္တာဖြင့် ရရှိအပ် ခံစားအပ်သော အနိမ့်စား အညံ့စား သုခချမ်းသာသည်ပင် အာရုံငါးဝ ငါးကာမမှ ယိုကျစိမ့်ထွက်လာသော ကာမချမ်းသာမျိုးထက် များစွာ သာလွန်နေပြီ ဖြစ်ကြောင်းကို လက်တွေ့စမ်းသပ်၍ ကြည့်ဘူးသူတိုင်း ဝန်ခံရပေမည်။

အကြောင်းမူကား-တမ္ပူ ဒုက္ခေန သံယုတံ-ဟုလာရှိသည့် အတိုင်း-

> တ ပူ ထို ကာ မ ချမ်း သာ ကို ခံ စား သူ တို့ က ကောင်းမွန် မြိန်ယှက်လှပါသည်ဟု ချီးကျူးကြသော ကာမသုခသည်လည်း။ ဒုက္ခေန၊ ဟောဟဲ ဟောဟဲ အမောတွဲတွဲ ဒုက္ခဆင်းရဲနှင့်။ သံယုတံ၊ ယှဉ်တွဲလျက် ဖြစ်တတ်သောကြောင့်တည်း။

သို့ဖြစ်ရကား ဗုဒ္ဓ၏လမ်းစဉ်၌ တဆင့်ထက် တဆင့် မြင့်သည်ထက်မြင့်၍ တက်သွားကုန်သော သန္တိဋ္ဌကလက်တွေ့ ချမ်းသာတို့ကို တကယ်တန်း မဖယ်တန်း မျက်နှာချင်းဆိုင်၍ ဒိုင်ဒိုင်နိုင်နိုင် မြိန်မြိန်ယှက်ယှက်ကြီး ခံစားလိုသော ယောဂါဝစရ ပုဂ္ဂိုလ်မှန်သည် ဆက်လက်၍ ကျွန်ုပ်တို့ ပေါ်ပြ

လတံ့သော ဗုဒ္ဓလမ်းစဉ်ကို တည့်မတ် ဖြောင့်တန်းစွာ တိုးတက် လျှောက်သွားနိုင်ရန် ထပ်လောင်း၍ ဝီရိယသစ်ကို မွေးမြူရာသတည်း၊ ကြိုးစား၍ ရှေ့သို့တိုးပြီး အားထုတ်ရာ သတည်း။

---

## ပဋ္ဌမ ရျာန သမာဓိ

ဝိဝေကဇသုခ

"ယောဂါဝစရ ပုဂ္ဂိုလ်တယောက်သည် ပဌမဈာန်ဝင် စားနေသည်" ဟူသောစကားသည် ဗမာ့ပဋိပတ္တိသာသနာ ဝင်၌ရင်း၊ ဗမာ့စာပေ သမိုင်း၌ရင်း တကြိမ်တခါမျှ မီးရှူး သန့်စင်၍ ဖွားမြင်ခြင်း မရှိခဲ့ဘူးသေးသော ဝါကျတခု ဖြစ်ခဲ့၏။

ဤဝါကျကလေးကို နှုတ်မြွက်မိသူနှင့် ရေးသားမိသူ သည် အလွန်ဆန်းသော လူထူးသော်ရင်း(သို့မဟုတ်)အလွန် နှုတ်ကြမ်း၍ များစွာလက်သရမ်းသော အရူးကြီးသော်ရင်း ဖြစ်သည်ဟူသော လူများစု၏ ဆုံးဖြတ်ချက်ဘေးမှ ကင်းဝေး လွတ်မြောက်စေခြင်းငှါ ပြေးနိုင်သော စွမ်းရည် သတ္တိနှင့် ပြည့်စုံရန် အတန်ခဲယဉ်း ချိမ့်မည်။

အကြောင်းမူကား-ဈာန် ဟူသော စာလုံးသည် မြန်မာ တို့၏ အဘိဓါန်၌ နိဗ္ဗာန်၏နောက်ဆွယ်မှ ကပ်လျက်လိုက် နိုင် သောသတ္တိထူးနှင့် ပြည့်စုံသကဲ့သို့ဖြစ်နေသောကြောင့်တည်း။

သို့ရာတွင် အချားဆုံးသော မြန်မာလူထုသည် တိုဈာန် ဟူသောပုဒ်၏ အနက်အဓိပ္ပါယ်ကိုရင်း၊ သဘောသဘာဝကို

ငှင်း ရှင်းလင်း ပြတ်သားသော နားလည်မှုမှ ချို့တဲ့လျက် ရှိ၏ဟုဆိုလျှင် အလွန်ကြီး မှားယွင်းမည်မဟုတ်ချေ။

ထိုသူတို့၏ ဥာဏ်အမြင်၌ ဈာန်ဆိုသည်ကား - အခြား မဟုတ်၊ ၎င်းတို့ အစဉ်အလာအတိုင်း ယုံကြည်လာခဲ့သော ယခုလည်း ယုံကြည်နေဆဲဖြစ်သော မိုးကိုပျံ မြေကိုလျှိုး စသော တန်ခိုးဣဒ္ဓိပါဒ် အချိုးမျိုးကို ပြုလုပ်စွမ်းနိုင်သည့် သတ္တိ ဖြစ်နေပေသည်။

ယခုကဲ့သို့ ဖြစ်ရသည့် အထဲမှာ ပေါက္ကံဝေယ်၏ ဤမှာ ဘက်ဖြစ်သော မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင်တ လျှောက်လုံး၌ ထိုကဲ့သို့ မိုးပျံ-မြေလျှိုး တန်ခိုးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်မျိုးကား တရံတဆစ်မျှ ဖြစ်ပေါ်ခဲ့ဘူးသည် ဟူ၍ သမိုင်းရာဇဝင်နှင့် မှတ်တမ်း မှတ်စဉ်တို့၌ မရှိခဲ့သေးချေ။

သို့ကြောင့်လည်း ဈာနလာဘီဟု ဆိုအပ်သော ဈာန်ရ ယောဂီပုဂ္ဂိုလ်များ မြန်မာနိုင်ငံ၌ ဖြစ်ထွန်းပေါ်ပေါက်ခြင်း မရှိခဲ့သေးချေဟူသော ဆုံးဖြတ်ချက်ကို အများသဘောဘူ လက်ခံ၍ လာခဲ့ကြကုန်၏။

သို့ဖြစ်ရာ မိုးပျံ-မြေလျှိုးနိုင်သော တန်ခိုးနှင့် အမျိုးအချိုး အဖုံဖုံ လူသားခန္ဓာ မယုံနိုင်လောက်အောင်သော အထူး အဆန်း အံ့ဘနန်းကိစ္စတို့ကို ဖန်ဆင်းနိုင် ပြုစွမ်းနိုင်သော သတ္တိသာ ဈာန်ရှစ်သည်ဟူသော ထင်မှတ်ယုံကြည်မှုကား သံမှိုမယိန်, စွဲထားသကဲ့သို့ မလှုပ်မယိုင် အလွန်ခိုင်မြဲလှစွာ မြန်မာတို့၏ အသဉ်၌ စွဲလျက်ရှိနေခဲ့ပြီဖြစ်သောကြောင့် ၎င်း ကို လုံးဝပပျောက်သွားအောင် တွန်းလှန်ဖြိုဖျက်ရန် လုပ် ငန်းမှာ ပြောသလောက် လွယ်ကူလိမ့်မည် မဟုတ်ချေ။

သို့ရာတွင် အမှန်-ဟူသော ရတနာကား သို့စဉ်တမျှ ကြာမြင့်ရှည်လျားလှစွာသော ကာလပတ်လုံး အမှိုက်သရိုက်နှင့် ရှုံ့ပွက်ညွန်နက်ထဲမှာ နစ်မြုပ်နေရစေကာမူ ၎င်းအား ဖေါ်ထုတ်မည့်သူ အချိန်ရှိသမျှ မျှော်လင့်လျက်ပင် ရှိချေသေး၏၊ ယခုခေတ် ကမ္ဘာနှင့် လောကသားတို့၏ အခြေအနေအရ ၎င်းကို အတင်းအရကုတ်၍ ဆွဲမထုတ်ဘဲ ထားခဲ့လျှင် အဟုတ်မလျော်သော အခြေသို့ ဆိုက်ရောက်နေချေပြီ။

ထိုကြောင့် ဤရွှံ့ဤမျှ ရှည်ဝေးလှသော ရှေးအတိတ ခေတ်ကာလမှ ယခုနေ့ကျအောင် ပုပ်သိုးပွရောင်၍ နေသော အမှားရင်နှစ်ကို မပစ်နိုင် မစွန့်ရက် တပွေ့ပွေ့ တဖက်ဖက်နှင့် ယက်ခါ-နမ်းခါ နေ၍လာခဲ့သော ဗုဒ္ဓဘာသာဝင် မြန်မာလူထုကြီးကို အားနာလျက်နှင့် အမှန်ကို ဖေါ်ထုတ်ရချေတော့မည်။

ဈာန်-ဆိုသည်ကား- အခြားမဟုတ် တခုသော အာရုံကို တွေးတောစဉ်းစားမှုပင် ဖြစ်၏။

ဟိုမှတပါးလည်း နိဝရဏ-စသော အကုသိုလ်ချေးညှော်များ (ဝါ) အမှိုက်သရိုက် တရားတို့ကို ပွတ်တိုက်ပယ်ခွါခြင်း (ဝါ) မီးရှို့ဖျက်ဆီးခြင်း ဟူသော အနက်အဓိပ္ပါယ်ကိုလည်း ဆောင်၏။

ထိုကြောင့် ဈာန်ဝင်စားနေသည် ဟူသော ဝါကျသည် အာရုံတခု၌ မိမိ၏စိတ်ကို မလွင့်မသွား တည်ငြိမ်စွာထား၍ လေးလေးနက်နက် တွေးတော စဉ်းစားနေသည်ဟူသော အနက်ကို ဖေါ်ပြသည်ဟူ၍ မှတ်ယူကြကုန်ရာ၏။

လေးပါးသော ဈာန်တရားတို့တွင် ပဌမ ဈာန်ဆိုသည် ကား ကာမ- ဗျာပါဒ- ဝိဟိံသာ-ဟူသော အကြမ်းဆုံး အစား ဝိတက်ကြီးများကို ပယ်ခွါ စွန့်ပစ်နိုင်ခြင်းတည်း ဟူသော အကြောင်းကြောင့် ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ပေါ်ပေါက်လာသော ချမ်းသာတမျိုး ဖြစ်၏။

၎င်းကို ဗုဒ္ဓ၏ ဝေါဟာရအားဖြင့် ဝိဝေကဇသုခ ဟု ခေါ်သည်။

အဓိပ္ပါယ်ကား-တွေးတောစဉ်းစားမှုဖြင့် ရရှိအပ်,ခံစား အပ်သော အေးငြိမ်းခြင်းပင် တည်း။

ယောဂါဝစရ ပုဂ္ဂိုလ်သည်-

(၁)အရိယ သီလ၊

(၂)အရိယ သံဝရ၊

(၃) အရိယ သတိ။

(၄)အရိယသန္တုဋ္ဌိ,ဟူသော- အင်္ဂါလေးပါးနှင့်ပြည့်စုံ ပြီးနောက် ငါးရပ်သောနီဝရဏတို့ကိုပယ်ခွါပြီးလျှင် သစ် တပင်ရင်း၊ ဝါး တပင်ရင်း၊ လိုဏ်ဂူ အတွင်း သို့ဝင်၍ ကောင်းမြတ်သော စာပေကို ဖတ်ရှု၍သော်၎င်း၊ သမထ ကမ္မဋ္ဌာန်း တခုခုကို အာရုံပြု၍သော်၎င်း၊ ဘုရားဝတ်ပြု၍ သော်၎င်း၊

(မှတ်ချက်) ဤနေရာ၌ ဗုဒ္ဓဘာသာ မြန်မာတို့၏ဘုရား ဝတ်ပြုတခုကိုသာလျှင် နံပါတ် ချိတ်မထားမိ ရန် အထူးသတိပြုရာ၏။

ပုတီးစိတ်၍သော်ငှင်း၊စာမွန်ပေကောင်းတို့ကို ရေးသား၍သော်ငှင်း၊ ရွတ်ဘတ်သရဇ္ဈာယ်၍ သော်ငှင်း၊ ထိုမှတပါး လေးနက်ခဲခက်သော ကပ္ပပြဿနာကြီးတို့ကို တွေးတော၍ သော်ငှင်း၊ အချုပ်ကိုဆိုရလျှင် ဖေါ်ပြခဲ့ပြီးသော ဝိတက် အကြမ်းစားတို့ကို သုတ်သင်ပယ်ရှင်း၍ သမ္မာဝိဘက်ဖြင့် စဉ်းစားတွေးတောလျက်နေ၍၊ထိုသို့အာရုံးတပါးသို့လွင့်ပါး လိုက်စားခြင်းကို အတင်းနှင်ထုတ်ပြီးလျှင် တခုတည်းသော အာရုံ၌ စွဲစွဲမြဲမြဲ စူးစူးစိုက် စိုက်, ကေဂ္ဂတာဆိုက်နေသော စိတ်ကို သမ္မာဝိတက်ကလေးဖက်ပြီး အလုပ်ပေးထားမှုပင် ဉျပဌမစျာန်၏ လုပ်ငန်းဖြစ်၏။

ဉျပဌမစျာန်၏နယ်နိမိတ်ကား ပျံ့ပြော ကျယ်ဝန်းလှစွာ ၏၊ကပ္ပါ၌ ထင်လျှားသော ဘာသာအယူဝါဒအားလုံးတို့တွင် အမြတ်တန်းစားဟု သမုဘ်ခြင်းကို ခံယူလျက်ရှိကြကုန်သော (ဝါ)ကပ္ပလူထုကြီး တရပ်လုံးကို ငှင်းတို့ကိုယ်တိုင် ရက်ရက် စက်-စက်- ထွေးအံပြီးသော- တံထွေးစက်ကဲ့သို့ မငဲ့မကွက် စွန့်ပစ်ထားခဲ့သော အာရုံငါးဝနောက်သို့ မမောနိုင်မပန်း နိုင်ဘဲ အလုအယက် လိုက်နေကြသော အရူးကဲ့သို့ပမာသား၍ ကြီးမားလှသော သနားခြင်းကရုဏာဖြင့် ကြည့်ရှုနေကြသော ယောဂီပုဂ္ဂိုလ် အားလုံးတို့သည် အထက်၌ ဖေါ်ထုတ်ခဲ့သော ပဌမစျာန်နှင့် သက်ဆိုင်ရာ လုပ်ငန်းဘခုခုဖြင့်သာလျှင် ငှင်း တို့၏ ယောဂလုပ်ငန်းကိုစခဲ့ကြကုန်၏။

မှန်လှ၏။ဟိန္ဒူ ယောဂီကြီးသည်ငှင်း။
မဟာမေဒင် ဆူဖီကြီးသည်ငှင်း။

ခရစ္စယံမစ္စတင်ကြီးသည်ဂုဏ်း ကာမ-ဗျာပါဒ-ဝိဟိံသာ ဟူသောဝိတက် အကြမ်းစားကြီးတို့ကို နိုင်နင်းစွာ ပယ်ခွါပြီးလျှင် ကြည်လင်သန့်ရှင်း ညစ်ကြေးကင်းသောစိတ်ဖြင့် သူတို့၏ ဘုရားသခင်ကို ဖြစ်စေ (သို့မဟုတ်) ထိုဘုရားသခင်၏ ဂုဏ်တော်တခုခုကိုဖြစ်စေ စူးစိုက်စွဲမြဲစွာ တွေးတောဆင်ခြင်မှုကို အချိန်အားမထားဘဲ ပြုလုပ်နေတတ်လေသည်။ ဤသို့တည်ငြိမ်စွာ **ကောဒိ** ဖြစ်၍နေမှုကိုပင်ပင် ပဋ္ဌမဈာန် ဝင်စားနေသည် ဟုဆိုလျှင် မည်သည့်ကျမ်းဂန မည်သည့် ဒေသနာနှင့်မျှ ဆန့်ကျင်လိမ့်မည်မဟုတ်ချေ။

ထို့ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် အားလုံးသောလူရှင်ရဟန်းတို့သည်လည်း အားလပ်ခွင့်ရသော အခါတိုင်း (သို့မဟုတ်) နီဝရဏ-ငါးပါးတို့ကို ဝေးစွာပယ်ခွါ၍သုတ်သင်ရှင်းလင်းနိုင်သော အချိန်တိုင်း ဤပဋ္ဌမဈာနသုခကို (သို့မဟုတ်) ဆင်ခြင်တွေးတောမှု စဉ်းစားဝေဖန်မှုနှင့် တကွ ဖြစ်သော အေးငြိမ်းသော ချမ်းသာ တည်ငြိမ်ခြင်း၏ အရသာကို အခါမလင့်ခံစားနိုင်သော အခွင့်အရေးကို ရရှိနေသူတွေပါတကားဟူ၍ သိရှိပိမိကြကုန်၍ ကြိုးပမ်းအားထုတ်ကြကုန်ရာ၏။

ဤပဋ္ဌမဈာနသမာပတ်ကား အထက်၌ ထုတ်ဖော်ညွှန်ပြခဲ့သည့် နည်းအတိုင်း ပယ်စွန့် သုတ်သင်ရမည့်အရာတို့ကို ပယ်ခွါဆေးကြောလျက် ပြုလုပ်ရမည့်ကိစ္စတို့ကို ပြည့်စုံအောင် ပြုလုပ်ဆောင်ရွက်လျက် အားတက်သရော စိတ်ရောက်ယ်ပါ စေတနာ သဒ္ဓါဝီရိယဖြင့် အားထုတ်နိုင်သော မည်သည့် ယောဂီပုဂ္ဂိုလ်မဆို လက်မွန်မဆွ ပထမ ရှေးဦးစွာ ခံစားနိုင်သည့် သုခချမ်းသာပင် ဖြစ်၏။

ထိုမျှ မြိန်ယှက်ဘွယ်ကောင်းသော ချမ်းသာကို ထိုယောဂီ ပုဂ္ဂိုလ်သည် မည်မျှလောက် ကြာရှည်စွာ ခံစားနိုင်သနည်း ?

အထက်ဖော်ပြခဲ့ပြီးဖြစ်သော ဗဟိဒ္ဓအာရုံတို့တွင် တစုံ တခုသော အာရုံ၌ ယောဂါဝစရ ပုဂ္ဂိုလ်၏ စိတ်သည် **ကောဒိ** ဖြစ်နေသသောက် (ဝါ–တနည်းအား) တပြင် တပါး အခြားသော အာရုံတခုသို့ မိမိစိတ်ကို ကူးပြောင်း ရွေ့ရှား၍ ပြေးလွှားလည်ပတ်ခွင့်ကို မပေးဘဲ စူးစူးစိုက်စိုက် လှိုက်လှဲစွဲမြဲစွာ ဦးတည်၍ ထားနိုင်သလောက် ကြာရှည် လေးမြင့်စွာ ခံစားနေနိုင်ပေလိမ့်မည်။

ထိုကြောင့် ယောဂီပုဂ္ဂိုလ်သည် **ပရိစယ** အသားဘက် ၍ တိုးတက်ရင့်ကျက်လာစေရန် ခိုင်မြဲသည်ထက် ပိုမိုခိုင်မြဲ စေရန် ဈာပဌမဈာန် ချမ်းသာကို မပြတ်မလပ် **အထပ်ထပ်** အကြိမ်ကြိမ် အချိန်ရသရွေ့ ဝင်စားနိုင်ရေးအတွက် အထူး လုံးပမ်းသင့်လေသည်။

---

## ဒုတိယ ဈာန သမာဓိ

### သမာဓိဇသုခ

သဝိတက္က သဝိစာရ တွေးတော စဉ်းစားမှု ကြံစည် စိတ်ကူးမှုနှင့်တကွသော ပဌမဈာန်၏ ဝိဝေကဇချမ်းသာကို **အကြိမ်ကြိမ်** အဖန်ဖန် တရံမလပ် တလစပ် ဝင်စားမိသော အခါ ထိုသည့် အိမ်တော်ပါ ဝိတက်နှင့်ဝိစာရ ဘို့သည်ယောဂီ ပုဂ္ဂိုလ်၏ စိတ်အစဉ်၌ ကြမ်းထမ်းသောအသွင်ကို ဆောင် လာကြကုန်၏။

ဤမှုမက ၎င်းတို့၏ သဘောသွားကို ထင်လျှားစွာ ဖေါ်ပြ၍ လာလေကုန်ပြီ၊ တစုံတခုသော အာရုံကို စွဲစွဲမြဲမြဲ ရှူးရှူးစိုက်စိုက် တွေးတော၍ ၎င်းမှ မပြောင်းမလဲဘဲ နှလုံးသွင်းပြီး ဝင်ရောဖန်များလာခဲ့သော် ၎င်းသည် ပထမအစ၌ ကာယကံရှင်အား ကြည်လင်မှုကို ပေးတတ်စေကာ နောက်ဆုံး၌ ငြိုးငွေ့ဘွယ် အဖြစ်သို့ ကူးပြောင်းသွားတတ်သော သဘောတရားရှိနေသေးသောကြောင့် ဖြစ်လေသည်။

သို့ဖြစ်ရာ ယောဂီပုဂ္ဂိုလ်သည် ဝိတက်ဝိစာရတို့က ပေးလှူဆက်ကပ်အပ်သော ချမ်းသာသုခ၌ ငြိုးငွေ့စ ပြုလာလေ၏။ ရွံမုန်းစ ပြုလာလေ၏။

အမှန်မှာ— ထိုကဲ့သို့ ရရှိခံစားအပ်သော ချမ်းသာသည် ချည်တိုင်တခု၌ ကြိုးဖြင့်ချည်နှောင်ထားအပ်သော နွားရိုင်း၏ ငြိမ်ဆိမ်ခြင်းမျိုးမျှသာ ဖြစ်သောကြောင့်တည်း။

**ရှင်းဦးအံ့**—ရိုင်းစိုင်း ကြမ်းထမ်း လှသော နွားငယ်တကောင်ကို ယဉ်ကျေးလာအောင် (ဝါ) လူ့အလိုကျ လိုက်တတ်အောင် ဆုံးမသွန်သင်ရန် အလိုရှိခဲ့လျှင် ပထမသော် ၎င်းကို ကြိုးရှည်ရှည်ဖြင့် ချည်တိုင်မှာ ချည်၍ထားရာ၏။

ထို့နောက် ချည်ထားသောကြိုးကို တဖြည်းဖြည်း တို၍ တို၍ ပေးရာ၏။

နောက်ဆုံး အသားကျ၍ ယဉ်ပါးလာသောအခါ ကြိုးကို ဖြုတ်လျှက် ထားစေကာ (ဝါ) ကြိုးကိုဖြေ၍ လွှတ်ထားစေကာ ထိုနွားငယ်သည် ထိုချည်တိုင်၏ အနီးမှ တခြားတပါးသို့ ဝေးလံစွာ ဖဲမသွားတော့ဘဲ ကြိုးနှင့်ချည်နှောင်၍ ထားသည်နှင့်

အတူပင် ၎င်းချည်တိုင် အနီး၌ အလိုအလျောက် အိပ်လေ သကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။

ထို့နည်းတူစွာပင် ယောဂီ ပုဂ္ဂိုလ် စိတ်သည် ဝိတက် ဝိစာရ ဟူသော နှောင်ကြိုးဖြင့် ချည်နှောင် ထားခြင်းကို တာရှည်စွာခံရ၍ ပရိစယ(ဝါ)အလေ့အကျင့်ရင့်ကျက်လာ ခဲ့သော် ၎င်းတို့ကိုအသုံးမပြုဘဲနှင့်ပင် တည်ငြိမ်စွာ တခုတည်း သောအာရုံ၌ စူးစိုက်၍နေချိမ့်မည်။

ထိုသို့အားဖြင့် ဝိတက်ဝိစာရကွာခြင်းကြောင့် ရရှိအပ် သော အေးငြိမ်းမှု, တည်ငြိမ်မှုချမ်းသာကို ဒုတိယဈာန်ဟု ခေါ်ဆိုသမုတ်အပ်လေသည်။

တနည်းဥပမာသော်ကား-ရေ သွင်းရန်၊ ရေထုတ်ရန်အပေါက် ပြွန်ခြောက်ခုနှင့် ပြည့်စုံသော ရေကန်တခုရှိ၏၊ ထိုကန်၌ရှိသောပြွန်ခြောက်ခုတို့ အမြဲရေသွင်း၍ အမြဲရေထုတ် နေခဲ့သော် ထိုကန်အတွင်း၌ရှိရေပြင်၌ လှုပ်ရှားမှုမငြိမ်မသက် မှုများ အမြဲတစေ ရှိ၍နေပေလိမ့်မည်။

ထိုမှတပါး ကောင်းကင်မှ မိုးရွာချခြင်း လေပြင်းမုံတိုင်း တိုက်ခတ်ခြင်းတို့သည်လည်း ရေကန်၏ ရေမျက်နှာပြင်ကို မငြိမ်မသက် ဖြစ်စေတတ်သော အကြောင်းများ ဖြစ်ကြကုန်၏။

သို့ရာတွင် ကာကွယ်၍နိုင်သဖြင့် ၎င်းတို့ကို စဉ်းစားဘို့ မလိုချေ။သို့သော် ပြွန်ပေါက်ခြောက်ခုတို့တွင် ငါးခုသောပြွန် တို့ကိုပိတ်လိုက်၍ ရေသွင်းရန် ထုတ်ရန်အတွက် တခုတည်း သောပြွန်ပေါက်ကိုချန်ထားခဲ့လျှင် ထိုရေကန်၏ ရေမျက်နှာ ပြင်ကား ပြင်းထန်လှုပ်ရှားမှုများမှ ကင်းသဖြင့် အတော်

ငြိမ်သက်သွားပြီဟု ဆိုနိုင်လေသည်၊ နောက်ဆုံး၌ ကြွင်းကျန်နေသေးသော ခြောက်ခုမြောက်ပြွန်ပေါက်ကိုပါ ပိတ်ခြင်းငှါ စွမ်းနိုင်ခဲ့လျှင် လေ နှင့်မိုးမှတပါး အခြားတစုံတခုသော ဗဟိဒ္ဓအကြောင်းကြောင့် ထကြွလှုပ်ရှားခွင်းမရှိနိုင်လောက်အောင် ငြိမ်သက်သွားပြီဟု ဆိုနိုင်သကဲ့သို့ပင် မှတ်ယူကြကုန်ရာ၏။

ထိုနည်းအတူပင် ယောဂါဝစရပုဂ္ဂိုလ်၏ စ၊ သ၊ ဃ၊ ဇ၊ က၊ ဟ-ဟူသော ခြောက်ဒွါရတို့တွင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်-ဟူသော ပဥ္စဒွါရကို လုံခြုံအောင် ပိတ်ဆို့ကာဆီး၍ မနောဒွါရ တခုတည်းသာ ဖွင့်ထားပြီးလျှင် စဉ်းစားတွေးတောကြံစည်ခြင်းဟူသော ဝိတက်ဝိစာရလုပ်ငန်းကို ကြိုးပမ်းနေမှုသည်ပင် ပဌမဈာန်ဖြစ်လေတော့၏။

ထိုမှတပါး ယောဂီ၏ စိတ်ကစားမှုကိုပါ ရပ်စဲလိုက်၍ မနောဒွါရနှင့် တကွသော ခြောက်ဒွါရကို လုံခြုံအောင် ပိတ်ဆို့လျက် နေခြင်းကိုပင် ဒုတိယဈာနသမာဓိဟု ခေါ်ဆိုရလေသည်။

ဤသို့အားဖြင့် ဒွါရခြောက်ခုတို့၏ အလုပ်ကိစ္စအဝဝကို တစမကျန် ရပ်ဆိုင်းထားခြင်းငှါ စွမ်းနိုင်သော ယောဂီပုဂ္ဂိုလ်သည် သခ္ခါရမိတ္တသုခကို ပြည့်ဝစွာ ခံစားနိုင်သူဖြစ်လေတော့၏။

(၀၁)တနည်းဆိုရလျှင် ဧကောဒိသဘောဖြင့် တည်ငြိမ်၍ သာသောစိတ်၏ အေးငြိမ်းခြင်းချမ်းသာကို ခံစားနိုင်သူ ဖြစ်လေတော့၏။

ထိုသို့ စ၊ သ၊ ဃ၊ ဇ၊ က၊ ဟ-ဟူသော ခြောက်လုံးကို ရုပ်ဆိုင်း၍ ၎င်းအသီးသီးဆိုင်ရာ လုပ်ငန်းကိစ္စတို့ကို ပိတ်ထားနိုင်သောအခါ ယောဂါဝစရ ပုဂ္ဂိုလ်၏ ရူပကာယဟူသော ရုပ်ကိုယ်ကြီးတခုလုံးသည် သုခတုံး ချမ်းသာခဲကြီးဖြစ်လေရာ ထိုသမာဓိဇသုခဖြင့် မတွေ့အပ် မထိအပ်သော ရုပ်၏ အစိတ်အပိုင်းဟူ၍ ၎င်း၏ ကိုယ်ကာယတွင် မရှိဖြစ်လေတော့၏၊ သမာဓိဇသုခသည်၏ ရုပ်ကိုယ်ကာယတခုလုံး သိမ်းကြီးလွှမ်းခြုံ၍ တည်လေတော့၏ဟု ဆိုလိုသည်၊ ဆီကြည်တွင် နှစ်လိုက်သော ပါဝွမ်းကဲ့သို့ပင်ဟူ၍ မှတ်ယူရာ၏။

ဤ ဒုတိယဈာန် အဆင့်သို့ ရောက်ပြီးဖြစ်သော ယောဂီပုဂ္ဂိုလ်၏ ချမ်းသာကို သမာဓိဇသုခဟု ခေါ်ဆိုအပ်သည်။

အဘယ်ကြောင့်နည်း?

ဤအဆင့် အတန်း (သို့မဟုတ်) ဤ အခြေအနေသို့ ဆိုက်ရောက်ပြီးဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်၏ မနောဒွါရဟူသော ဟဒယ ရေပြင်၌ ဝိတက် ဝိစာရတို့ကြောင့် ဖြစ်ပေါ်လာတတ်ကုန်သော လှုပ်ရှား ပြေးသွား မှုကလေးများပင် ချုပ်ငြိမ်းကွယ်ပ၍ သွားကြလေပြီဖြစ်သောကြောင့်တည်း။ ထိုဝိတက်နှင့် ဝိစာရတို့သည် ဝိဝေကဇသုခ (ဝါ) အေးငြိမ်းခြင်း ချမ်းသာကို ဖြစ်စေတတ်သည် မှန်သော်လည်း တဖန်မှုချအားဖြင့်ဆိုရလျှင် ယောဂီပုဂ္ဂိုလ်၏ ဟဒယ ရေပြင်ကို တသွင်သွင် လှုပ်ရှားစေရာ၌ ၎င်းတို့သည် ပဓါန လက်သယ်များဖြစ်နေကြ ကုန်သေးရာ ၎င်းတို့ကို ပယ်ရှားပစ်လိုက်သည်နှင့် တပြိုင်နက် အဝိတက္က အဝိစာရ(ဝါ)ဝိဘက်လည်းမပ၊၊

ဝိစာရလည်း ကွာလျက်နေသော သမာဓိဇသုခ (ဝါ) တည်ငြိမ်ခြင်း အရသာခတ်ပေါက်ဖွား၍ လာမြဲဖြစ်ချေသည်။

ဤဆိုအပ်ခဲ့ပြီးသော သမာဓိဇသုခ သည် ဗုဒ္ဓ၏ လမ်းစဉ်၌ ဗုဒ္ဓ၏ သန္တိဋ္ဌက လက်တွေ့ချမ်းသာဖြစ်၏၊ လက်တွေ့ အရသာဖြစ်၏၊ ထို့ကြောင့် ယောဂါဝစရလုပ်ငန်းဖြင့် တကဲ့လက်တွေ့ချမ်းသာကို တကယ်လိုလားသော ယောဂီပုဂ္ဂိုလ်သည် ဆုပ်နစ်ခြင်းမှ ကင်းသော စေတနာသဒ္ဓါ ဝီရိယ တို့ဖြင့် ဤဒုတိယဈာန် အဆင့်သို့ အချိန်မဖင့်ဘဲ ရောက်ရှိနိုင်ရန် ကြိုးပမ်းအားထုတ်ရာ၏။

---

## တတိယ ဈာနသမာဓိ

### နိပ္ပီတိကသုခ

အထက်၌ ဖော်ထုတ်ခဲ့သော ရေကန်ဥပမာတွင် ဝိတက် ဝိစာရတို့ ပေါက်ဖွားရာ မနောဒွါရ ဟူသော မြောက်ခုမြောက်ပြွန်ကို ပိတ်လိုက်သောအခါ ရေပြင်တွင် ထိုသို့ပိတ်လိုက်ခြင်း၏ အရှိန်ကြောင့် နူးညံ့သိမ်မွေ့ သေးငယ်သော ရေပွိုင်းကလေးများ၊ ရေပွက်ကလေးများ ပေါ်ပေါ်ပေါက်လာတတ်လေသည်၊ ဤသို့ဖြစ်ခြင်းကား ပီတိသဘောသွားပင် ဖြစ်၏။

ယင်းသို့သောအချိန်၌ ယောဂီပုဂ္ဂိုလ်၏ ဟဒယရေပြင်တွင် တလွင်လွင် တလျပ်လျပ် ပြေးလွှားကစားနေသော ပီတိလှိုင်းကလေးများသည် ဘတိယ ဈာနသမာဓိကို ဝင်စားသည်နှင့် အမျှပင် တဖြည်းဖြည်း ငြိမ်သက်၍ လာကြလေကုန်ပြီ၊ မိမိရရှိဦးဖြင်သော တတိယဈာန်ကို ကြိမ်ဖန်များစွာ ထပ်ခါ

ထပ်ခါ ဝင်စားအပ်သည် ရှိသော် ယောဂီပုဂ္ဂိုလ်၏ ပီတိ ဓါတ်များသည် တစတစ အားလျော့၍ သွားကြလေကုန် သည်ဟု ဆိုလို၏။

ဝမ်းမြောက် ရွှင်လန်းခြင်းဟူသော ပီတိ-ရ ပွက် ရေ လှိုင်းကလေးများသည် အခြေပျက်၍ ငြိမ်သက်စပြုလာကြပြီး

သို့ဖြစ်ရာ နောက်ဆုံး၌ ထိုမျှမွန်မြတ်သော ပီတိ သဘော တရားသည်ပင် ယောဂါဝစရပုဂ္ဂိုလ်၏ ဟဒယရေပြင်၌ ကြည်လင်ပြေးလွှား ကစားတည်နေနိုင်ခွင့်ကို မရရှိတော့ဘဲ လုံးဝချုပ်ပျောက်ခြင်းသို့ ရောက်လေတော့သတည်း။

ထိုအခါ သူသည် ဥပေက္ခာ သဘောတရားတို ပိုင်နိုင်စွာ ကျင့်သုံးနိုင်ပြီဖြစ်ရာ ပူမှု၊အေးမှု၊ဆင်းရဲမှု၊ချမ်းသာမှု ဟူသော သဘောတရားများ ဆိတ်သုဉ်းသဖြင့် စွဲမြဲသော သတိဖြင့် အမြဲတစေ ရွှင်လန်းနေလေတော့၏၊ ဥပေက္ခာနှင့် သတိ အမြဲ တမ်းတွဲလျက်တည်ရှိ၍ ပကတိအားဖြင့်ချမ်းမြေအေးကြည်စွာ နေနိုင်သူပင်တည်းဟူ၍ အရိယာသူမွန်တို့၏ ချီးကျူးခြင်းကို ခံယူနိုင်လေတော့၏။

ဤသို့သောနည်းအားဖြင့် တတိယဈာန်၏ အခြေအနေသို့ ဆိုက်ရောက်သောအခါ ယောဂါ ဝစရပုဂ္ဂိုလ်၏ ရူပကာယ နှင့် နာမကာယ ဟူသော နှစ်ဌာနလုံးတို့၌ နှစ်သက် ရွှင်လန်း ခြင်းဟူသော ပီတိသဘောတရားသည် အထွက်လည်းမထင်၊ အဝင်လည်းမရှိ ပဘတိ သဘာဝ၏ လေနှင့် မိုးတို့မှလည်း ကင်းဝေးလျက် နေသော ရေကန်၏ ရေမျက်နှာပြင်၌ လှိုင်း လုံးကလေးများ မရှိသကဲ့သို့ပင် အလိုအလျောက် ကွယ် ပျောက်ချုပ်ငြိမ်းခြင်းသို့ ရောက်လေတော့၏။

ထိုသည့်ရေလှိုင်းငယ်များနှင့် ရေအမြှုပ်ကလေးတို့သည် ဒီတိ၏ အသွင်ပင်ဖြစ်ကြရာ ယခုကဲ့သို့ ၎င်းတို့ လုံး၁ပပျောက် သွားသောအခါ၌ကား ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗိတိကသုခ ဟု ဆိုအပ်သော တတိယာချမ်းသာကို နှစ်သက် ကြည်နူး စွာ ခံနိုင်လေတော့၏။

၎င်းသည်လည်း ဗုဒ္ဓ၏ လမ်းစဉ်တွင် ဖေါ်ပြခဲ့ပြီးသော သုခချမ်းသာထက် ပိုမိုနူးညံ့သိမ်မွေ့သော သာလွန်မွန်မြတ် သော လောကီချမ်းသာ တရပ်ပင်ဖြစ်သတည်း။

---

## စတုတ္ထဈာနသမာဓိ

ပထမပုဒ်သုခ

ဤနိုအားဖြင့် အထက်၌ ညွှန်ပြခဲ့သော လမ်းစဉ်အား ပျော်ရွှင်နှစ်ပြိတ်ကသုခ(ဝါ)ပီတိမှကင်းသော(ဝါ)နှစ်သက် မှုမှ ကင်းသည်းသော ချမ်းသာကို အကြိမ်ကြိမ်အဖန်ဖန်ဝင်စား၍ ပိစားဖန်များလာသောအခါ ယောဂီပုဂ္ဂိုလ်၏ဟဒယ အကြည်သည် ရေလှိုက်သေးများနှင့် လှိုင်းငယ်များလည်း မရှိ အပွက်သရိုက်နှင့်အမှုန်အနယ်များလည်း အကုန်ကွယ်အောင် အောက်ခြေသို့ ထိုင်ကြပြီးဖြစ်သော မဟိဒ္ဓ လေပြေ လေညှင်း တိုက်ခတ်ခြင်းမှလည်း ကင်းသော အခြေအနေသို့ ရောက်နေ သော ရေကန်၏ ရေပြင်ကဲ့သို့ အလွန်အကြူး အထူး ငြိမ် သက်စွာ ကြည်လင်နေတော့၏။

ထိုအခါ ယောဂီပုဂ္ဂိုလ်သည် သုခ,ဒုက္ခတည်းဟူသောချမ်း သာနှင့် ဆင်းရဲကိုလည်း ပယ်ပြီး၍ သောမနဿ, ဒေါမနဿ

တည်းဟူသော ရှင်လန်းခြင်း၊ နှလုံးမသာခြင်း တို့လည်း ကွယ်ကြပြီဖြစ်ရာ ပူမှု၊ အေးမှု၊ ဆွေးမှု၊ ပျော်မှု တို့ကို တခုတည်း အဖြစ် ဖြင့် အာရုံ ပြု နိုင်၊ ကြည့်ရှု ဆင်ခြင် နိုင်သော ဥပေက္ခာသတိနှင့် ပြည့်စုံ၍ အလွန်လျှင် မွန်မြတ် စင်ကြယ်သော စတုတ္ထဈာနသမာဓိသို့ ဆိုက်ရောက်လေတော့၏။

ဤစတုတ္ထဈာန်သမာဓိကား အလွန်နက်နဲ၍ သိမ်မွေ့နူးညံ့လှ၏၊ အားလုံးသော ဒုက္ခသဘောတရားဟူသမျှကိုဆင်းရဲဟူ၍လည်းမယူ၊ ထိုပြင် အားလုံးသော သုခတော်ဟူသမျှကို ချမ်းသာ ဟူ၍လည်း မယူဘဲ ကြံ့ခိုင် တည် မြဲသော သတိဖြင့် အာရုံဟူသမျှကို တပြင်တည်းတသားတည်း ရှုမြင်နိုင်၍ အကြွင်းအကြင်းသို့သော အပြင်အပ ဗဟိဒ္ဓ လှုပ်ရှားမှု အနှောင့်အယှက်တို့ကြောင့် သောမနဿ ဘက်သို့လည်းမကိုင်း၊ ဒေါမနဿဘက်သို့လည်းမရှိုင်းဘဲ ပကတိသဘောအတိုင်းတည်တံ့နိုင်သော အခြေသို့ရောက်နေသော စိတ္တသမာဓိ (ဝါ) စိတ်၏ တည်ငြိမ်မှုပင် ဖြစ်သတည်း။

ထိုအခြေအနေသို့ ဆိုက်ရောက်သောအခါ ယောဂါဝစရပုဂ္ဂိုလ်သည် အလွန်ကြည်လင် အေးမြ၍ တည်ငြိမ်သော မလှုပ်မယိုင် ကျောက်မဏ္ဍိုင်သို့ အထူးကြံ့ခိုင်သော အညစ်အကြေး ချေးညှော်မတင် အဆမတန် သန့်စင်သော ပါရိသုဒ္ဓသုခဟု ဆိုအပ်သော စတုတ္ထဈာန သမာဓိကို ရင်ခွင်ပိုက်ပြီး ဖြစ်လေတော့၏။

၎င်းသမာဓိသည် အရှိန်အလွန် ပြင်းလှသောကြောင့် ယောဂီပုဂ္ဂိုလ်၏ ရုပ်ကာယ တခုလုံးကို အကြွင်းမဲ့ သိမ်းကြုံးလွှမ်းခြုံလိုက်တော့၏၊ ကြည်လင်တောက်ပသော ဖလ်

ရုပ်ငယ်၏ အတွင်းသို့ နီတွေး တောက်ပြောင် နွေခင်းကြောင် တောင်မှာပင် အမှောင်ကိုဖျက်၍ အရောင် လက်နိုင်သော မြရတနာကို ထည့်သွင်းထားလိုက်သောအခါ ဖြူဖြူဖွေးဖွေး ပုလဲ အသွေးရှိသော ဖလ်ရုပ်ကလေးသည် ကြက်သွေး ဆွတ်ဖြန်း နီမြန်းသော အရောင်ကို ဆောင်သကဲ့သို့ပင် တည်းဟူ၍ မှတ်ယူကြကုန်ရာ၏။

ဤသို့ ဖော်ပြခဲ့သည့်အတိုင်း စတုတ္ထဈာန သမာဓိ အရှိန် ကြောင့် ယောဂီပုဂ္ဂိုလ်၏ ရူပကာယ ရုပ်ခန္ဓာတခုလုံးကို သိမ်းရုံးလွှမ်းခြုံ၍ အကုန်ပျံ့နှံ့အောင် ဖြစ်ပွား ပေါ်ပေါက် လာသော ချမ်းသာကား အလွန်နူးညံ့ သိမ်မွေ့လှရာ ရှေး အထက်ဘက်၌ ညွှန်ပြခဲ့ပြီးသော သုခချမ်းသာတို့နှင့် မနှိုင်း သာ မယှဉ်သာအောင် အလွန်တရာကွာခြားလှသည်ဟူသော စကားထက် ပိုမို၍ ပြောဆိုရေးသားရန် မတတ်စွမ်းနိုင်ချေ။

သို့ရာတွင် ၎င်းသည်လည်း သန္ဒိဋ္ဌိက အကာလိက ချမ်း သာအစင်ဖြစ်၍၊ အချိန်မဖင့် အခါမလင့်ဘဲ လက်ငင်းဒိဋ္ဌ ယခုပစ္စက္ခ မျက်မှောက်ဖြစ်သော ဤဘဝ၌ပင် မဆုတ်မနစ် သော လုံ့လ ဝီရိယ မလျှပ်မယိုင် ခံနိုင်သော ယုံကြည်ချက် သဒ္ဓါတရားတို့ဖြင့် မနားမနေ မရမနေ ဟူသော ဇွဲဖြင့် အားသွန်ကြိုးပမ်းသူ ယောဂီပုဂ္ဂိုလ်တိုင်း လက်တွေ့ ခံစား နိုင်သော သုခပင်ဖြစ်သတည်း။

## ကျင့်ထုံး

ဤမျှသော စကားအစဉ်ဖြင့် ဖော်ထုတ် ညွှန်ပြခဲ့သော ဈာန်အစဉ်တို့ကား ဗုဒ္ဓလမ်းစဉ်၏ အစိပ်အပိုင်းတို့သာ ဖြစ်

ကြကုန်၏၊သို့ရာတွင် ၎င်းတို့၌ ကျင့်ထုံးကား မပါရှိသေးချေ၊ ကျင့်ထုံးမှ ကင်းသော လမ်းစဉ်သည် ကုထုံး မပါသော ဆေးကျမ်းကဲ့သို့ပင် ဖြစ်တတ်လေရာ ကျင့်ထုံးကား ယောဂါ ဝစရပုဂ္ဂိုလ်အတွက် အဓိက လိုလားအပ်သော အချက်ကြီး တရပ်ဖြစ်၏။

ထို့ကြောင့်—မကျဉ်းမကျယ် အလယ်အလတ် ဖြစ်သော ကျင့်ထုံးကို ထက်သန်သော စေတနာ သဒ္ဓါ ဝီရိယ တို့နှင့် ပြည့်စုံကြကုန်သော ယောဂါဝစရ ပုဂ္ဂိုလ်တို့အတွက် သက်သက် ဖြစ်သော ရည်သန်ချက်ဖြင့် ရေးသား ဖော်ပြပေဦးအံ့။

---

## ပဋ္ဌမ ဈာန်ကျင့်ထုံး

၎င်းအတွက် ကျင့်ထုံးမှန်ကား ဘဏ္ဍာစား ထိုးနည်းပင် ဖြစ်၏၊ ဤ၌ဘဏ္ဍာစား ထိုးနည်းဆိုသည်မှာ ဆန်ကိုပေး၍ ဆေးကို ယူသောနည်းပင် ဖြစ်၏။

၎င်းသည် ယခုပစ္စုပ္ပန်ကာလ၌ ထင်လျှားရှိကြကုန်သော နိုင်ငံရေး စီးပွားရေးစသော နယ်ပယ်တို့၌ လဲလှယ်ရေး ဖလှယ်ရေးဟူသော အမည်နာမတို့ဖြင့် ပေါ်လွင် ထင်လျှား လျက်ရှိချေသည်။

ထိုမျှမက ၎င်းသည် ယခုအခါ ကမ္ဘာကြီး တခုလုံးကို ကြီးစိုးလွှမ်းမိုးလျက်ရှိရာ မည်သည့် သတ္တဝါ မည်သည့်နေရာ ၌မျှ ၎င်းနည်းကို အသုံးမပြုဘဲ လက်လွှတ်၍ မထားနိုင်ခဲ့ချေ၊ အပေးနှင့်အယူ တူညီမှု၊အရောင်းနှင့်အဝယ် မျှတမှု၊ လုပ်ချိန်

လုပ်အားနှင့် လုပ်ခ ညီမျှမှုတို့သည် ဤနည်း၏ မဏ္ဍိုင်များဖြစ်ကြကုန်၏။

ငင်းနည်းကို အခြေခံ စိတ်ထားဖြင့် ဖေါက်လွဲဖေါက်ပြန် မမှန်မကန် တောန်ပိုင်းခြား၍ မတရား အသုံး ပြုခဲ့သော် အမြတ်ကြီးစားမှု ခွေါင်းပုံဖြတ်မှုစသော လောကဆိုင်ရာ မသမာမှု အမျိုးမျိုး ထပ်ခါထပ်ခါ တိုးပွါး၍ လာတတ်ချေသည်။

ထိုအခါ - ဤကပ္ပါလောက၌ မငြိမ်မသက် ဆူပွက်လှုပ်ရှား မဟုတ်မတရားမှုများ ဖြစ်ပွါးပေါ်ပေါက်၍ လာချေဖြစ်ချေသည်။

အမှန်မှာ-သတ္တလောကကြီး တခုလုံး၏ အေးငြိမ်း သာယာမှု ဆူဖြိုးတိုးတက်မှု ရှိသည့် ငင်းနည်းကို တိကျမှန်ကန်စွာ အသုံးပြုခြင်း၌ အခြေစိုက်လျက် ရှိကြကုန်၏ ဆိုလျှင် မှားစွာ မှားယွင်းလှမည် မဟုတ်ချေ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အမြွက်စကားမျှဖြင့် ဤဘဏ္ဍာစားသွင်းမှု (ဝါ) အစားထိုးမှု(ဝါ)လဲလှယ် ဖလှယ်မှုသည် လောကနိုင်ငံရေး စီးပွါးရေးစသော အခရေးပေါင်းများစွာ အကြီးဝင်သော ရူပဗေဒနယ်၌ မှုချအားဖြင့် အသွန်အရေးပါ အရာရောက်သကဲ့သို့ပင် နာမဗေဒနယ်၌လည်း မနောဝိညာဏ်၏ (ဝါ) စိတ်၏ အထက် အထက် ဖြစ်ကုန်သော စခန်းမကြီးများသို့ ရောက်သည်တိုင်အောင် တိမ်တတ်ဖြောင့်တန်းစွာ လှမ်းတက်လိုသော ယောဂါဝစရ-ပုဂ္ဂိုလ်အတွက် ငင်းနည်းသည် မသုံးမဖြစ်သော ပဓါနနည်းပင်ဖြစ်ချေသည်။

နည်းပါးသော ပရိစယမှုကြောင့် အပိုးမသေ အကျိုးမကျ သေးသော လူသား၏ စိတ်ဓါတ်သည် သဘာဝအားဖြင့် အမြဲတမ်းမသွေ လှုပ်လှုပ်ရှားရှား ပြေးလွှား၍ ကစားနေ တတ်ချေသည်၊ ထို့ကြောင့် ၎င်း၏ မနောဒွါရသည် ကာမ ဝိတက် ဗျာပါဒ ဝိတက် ဝိဟိံသာဝိတက်တို့၏ စားကျက် ဖြစ်နေတတ်သည့်အပြင် ၎င်းတို့၏ ခုန်ပေါက်ပြေးလွှား မြူးထူးပျော်ပါးရာ ကစားကွင်းကြီးလည်း ဖြစ်နေတတ် ချေသည်။

ယင်းသို့အားဖြင့် အင်အားမသေးငယ်လှသော ဝိတက် တို့ကို တချက်ထည်း အမြစ်ပြတ်ခုတ်တွင် အကြွင်းမဲ့ သုတ် သင်၍ ထုတ်နှင်ချမှုံးရန် လုပ်ငန်းမှာ ဆိုအပ်ခဲ့ပြီးသော ယောဂါဝစရပုဂ္ဂိုလ် အမျိုးအစားအတွက် များစွာလွယ်ကူ သော ကိစ္စာရပ် ဟုတ်ဖြစ်ခဲ့ရာ ဤအထဲ ဤစခန်းကို ခုန်ကျော်လွန်မြောက်ခြင်းငှါ မစွမ်းနိုင်ကြကုန်သော ယောဂီ ပုဂ္ဂိုလ်အမြောက်အမြားကို မျက်ဝါးထင်ထင် တွေ့မြင်နေရ ခြင်းကား ထူးဆန်းသော ကိစ္စတရပ် မဖြစ်နိုင်တော့ချေ။

ကာမ ဝိတက်၏ နေရာတွင် နေက္ခမ္မ ဝိတက်ကို အစား သွင်းလိုက်ရာ၏။

တနည်းကား–ကာမဝိတက်ကို နေက္ခမ္မဝိတက်ဖြင့် လဲလှယ် ရာ၏၊ ဖလှယ်ရာ၏။

အဓိပ္ပါယ်ကား– အဆင်း၊အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော ကာမအာရုံတို့တွင် တခုခုသော အာရုံမှ အခြား အာရုံတခုသို့ မိမိစိတ်ကို ခုန်လွှား ပြေးသွားနေခွင့်ကို ပေး ထားပြီးလျှင် တွေရာလေးပါး စဉ်းစားတွေးတော၍ နေစေ

မည့်အစား ၎င်းတို့မှ လွတ်မြောက်ရေးကို တွေးတောနေရမည်ဟု ဆိုလို၏။

ဤသို့အားဖြင့် ကာမဝိတက် ပေါလာတိုင်း ပေါလာတိုင်းသော ခဏတို့ကို ယောဂါဝစရ ပုဂ္ဂိုလ်သည် တရံတဆစ်မျှ သတိအလစ်မပေးမူ၍ ၎င်း၏ အခြေအမြစ်ကို ကျစ်လစ်သိပ်သည်းစွာ စုံစမ်းစစ်ဆေးပြီးလျှင် ၎င်း၏ကျိုးမဲ့ ပစ်ရ သဘောကို ပေါ်လောကြီး ပေါ်လာအောင် ဖေါ်ထုတ် လိုက်ရာ၏။

ယင်းသို့ ကာမဝိတက်ကို နေက္ခမ္မဝိတက်ဖြင့် လဲလှယ်ဖလှယ်ဖန်များလာခဲ့သော် ကာမဝိတက်သည် တဖြည်းဖြည်း အားသေး၍ လာ၏၊ ၎င်းအားနည်းခလ နေက္ခမ္မအားကြီးလေ ဖြစ်တတ်၏။

ထို့နည်းအတူပင် ယောဂါဝစရပုဂ္ဂိုလ်၏ စိတ်အစဉ်၌ အကြင်အခါတွင် ဗျာပါဒ ဝိဟိံသာ ဟူသော ဝိတက်ကြမ်းကြီးများတို့သည် ဖြစ်ပွားပေါ်ပေါက်၍ လာကြကုန်၏၊ ထိုကဲ့သို့သောအခါ၌ ယောဂီပုဂ္ဂိုလ်သည် အဗျာပါဒ အဝိဟိံသာ ဟူသော မေတ္တာဝိတက်တို့ကို ပွားများခြင်းဖြင့် ၎င်းတို့ကို ပျောက်ပျက်စေကုန်ရာ၏။

---

## ဒုတိယ ဈာန် ကျင့်ထုံး

### ပယ်ဖျက်နည်း

အထက်၌ ကျင့်ထုံးနှင့်တကွသော ဘဏ္ဍာစားထိုးနည်း (၀၁)အစားသွင်းနည်းဖြင့် လေ့ကျင့်အပ်သော ပဌမဈာန်ကို

ဖေါ်ထုတ်ခဲ့ပြီ။ ၎င်းနည်းကို ယောဂီပုဂ္ဂိုလ်သည် ကြိမ်ဖန်များစွာ လေ့ကျင့်ရာ၏၊ (ဝါ) ထိုပဋ္ဌမဈာန်ကို အကြိမ်များစွာ ဝင်စားရာ၏။

ဤသို့လေ့ကျင့် ဝင်စားဖန်များ၍ အကျိုးကျေ, လက်သေရှိ လာသောအခါ ၎င်းဈာန်တွင် အကြီး ဝင်သော ဝိတက်နှင့် ဝိစာရတို့၏ သဘောတရား, လက္ခဏာများတို့သည် ထင်ရှား ပေါ်လွင်၍ လာကြကုန်၏။

ထိုအခါ ဝိတက်-ဝိစာရဆိုသည်ကား ကောင်းသည် ဖြစ်စေ (ဝါ) မကောင်းသည်ဖြစ်စေ ရေတွင်ရုပ်ရေး၊ ဆေးခြယ် ကောင်းကင်၊ ပုံအသွင်သို့၊ ထင်ရှားသောအထည်ကိုယ်ဒြဗ်မှ ဆိတ်သုဉ်းသော သဘာဝဖြစ်၏ ဟူသော အသိဉာဏ်သည် ယောဂါဝစရပုဂ္ဂိုလ်၏ ကြေးမှုန်ပြင်၌ ကြည်လင် ပြတ်သား စွာ အလိုအလျောက် ပေါ်ပေါက် ထင်ရှား လာလေသည်။

ဤသို့ ထင်ရှား လာသည်နှင့် တပြိုင်နက် ယောဂီပုဂ္ဂိုလ် သည် ကြီးမားပြင်းထန်လှသော စေတနာ, သဒ္ဓါ, ဝီရိယတို့ဖြင့် ၎င်းတို့ကို ပယ်ဖျက်လိုက်ရာ၏ (ဝါ) နှင်ထုတ်လိုက်ရာ၏။

ထိုအခါ အဝိတက္က အဝိစာရ (ဝါ) ဘွေးတောခြင်းဝိတက် လည်းမပါ၊ စဉ်းစားခြင်း ဝိစာရလည်း ကွာပြီး ဖြစ်သော ကြောင့် ယောဂီပုဂ္ဂိုလ်သည် နှစ်ခုသော တရားကို ပယ်ခွါ တိုက်ဖျက်၍ သုံးခုကိုတွယ်ဖက်လျက် နေတတ်သော ကောင်း ခြင်းသုံးဖြာ ဆယ်ပါးသောအင်္ဂါတို့နှင့် ပြည့်စုံသော ဒုတိယ ဈာန်ကို အနှောင့်အယှက် ကင်းမဲ့စွာဖြင့် ဝင်စားနိုင်လေ တော့၏။

ဤနည်းအတူပင် အထက်အထက်ဖြစ်သော တတိယ စတုတ္ထဈာန်တို့သည်လည်း ပယ်ဖျက်နည်းကိုသာ အသုံးပြုကြ ကုန်ရာ၏၊ ထိုကြောင့် ပီတိနှင့် သောမနဿတို့ အစဉ်အတိုင်း ကွာကာ သွားကြကုန်၏။

## ၁။ မနောမယရူပ

အထက်သို့ တက်လိုသူသည် အောက်ခြေသိမ်းလုံမှ ဖြစ် သည် ဟူသကဲ့သို့ ယောဂလမ်းစဉ်၏ အထွဋ်အထိပ်ဖြစ်သော အထက်စခန်းကြီးများသို့ တက်လှမ်းလိုသော ယော ဂီပုဂ္ဂိုလ် သည် မိမိရရှိပြီးဖြစ်သော ဈာန်လေးပါးကို အကြိမ်ကြိမ် အ ထပ်ထပ် သုံးသပ်ရာ၏၊ အနုလောမ ပဋိလောမ အားဖြင့် ခေါက်တုန့်ခေါက်ပြန်ဝင်စားရာ၏၊ မီးများလေ-ရွှေနှ၍ အ ရည်တက်လေ ဆိုသော စကားကဲ့သို့ပင် ဤဈာန်လေးပါးတို့ လည်း ဝင်စားနိုင်လေ အသားတက်လေ တန်ခိုးထက်လေ ဖြစ်ချိမ့်မည်။

ဤသို့သော နည်းအားဖြင့် အကြိမ်ကြိမ် အထပ်ထပ် သုံး သပ်ဝင်စားဖန်များလာသောအခါ ထိုယောဂါဝစရပုဂ္ဂိုလ် ၏ စိတ်သည် အမျိုးမျိုးအဖုံဖုံသော ဗဟိဒ္ဓအာရုံများသို့ ရွေ့ ရှားပွေ့ပါး၍ ကစားခြင်းမှ ကင်းလာဘော့၏၊ ကောဒိ အခြေသို့ ရောက်သဖြင့်ရှင်း၏စိတ်သည် တခုတည်းသောအာရုံ ၌သာ မရွေ့မရှား လှေခါးခုံအလားကဲ့သို့ စူးစိုက်၍ တည် လေဘော့၏။

ဆိုလိုရင်းမှာ—လှုပ်ယှိင် ရွေ့ရှား ပြေးသွားမှုမှ ကင်းသ ဖြင့် တည်ငြိမ်ခြင်းဟူသော ဂုဏ်တို့နှင့် ပြည့်စုံလာလေတော့

၏၊ စင်ကြယ်သန့်ရှင်း ညစ်ကြေး ကင်းသဖြင့် ဝင်းလက်တောက်ပသော အရောင်ကို ဆောင်၍ လာလေတော့၏၊ အကြိမ်တရာ ဖတ်အပ်သော ဝါဂွမ်းကဲ့သို့၎င်း၊ ကြိမ်ဖန်များစွာ ကြိုးအပ်ချက်အပ် စစ်ယူ အပ်သော ပုဏ္ဏဖယောင်းကဲ့သို့၎င်း နူးညံ့ပျော့ပျောင်း၍ လာလေတော့၏၊နောက်ဆုံး၌ ၎င်း၏ စိတ်သည် ခပ်သိမ်းသောအမှုတို့၌ ခံ့သဖြင့် အလံကမ္မနိယ ဟူသောဂုဏ်နှင့် ပြည့်စုံလာလေတော့၏၊

ထိုသို့သော ကျင့်စဉ်ကျင့်လမ်းကို ခန်းစဉ်အတိုင်း ဖြောင့်တန်းစွာ လိုက်နာကျင့်သုံးနိုင်ခြင်းကြောင့် ဖြစ်ပွားလာသော သမာဓိစိတ် (ဝါ)ကေဂ္ဂတာစိတ်သည် ယောဂါဝစရပုဂ္ဂိုလ်၏ ရုပ်ကာယ တခုလုံးကို သိမ်းရုံးလွှမ်းမိုး၍ ပျံ့နှံ့၍တည်လေတော့၏။

ဥပမာသော်ကား—အကြိမ်တရာ များစွာ ဖတ်အပ်သော လဲ ဝါဂွမ်းကို ကြည်လင်သော နှမ်းဆီတွင် နှစ်လိုက်သော အခါ ထိုဆီဖြင့် မတွေ့မထိရသဖြင့် မစိုမစွပ်သော လဲ ဝါဂွမ်းအစအန အနည်းငယ်မျှ မရှိသကဲ့သို့ပင်တည်း။

ယောဂါဝစရ ပုဂ္ဂိုလ်၏ စူးစိုက်တည်ငြိမ်သော သမာဓိစိတ်သည် ၎င်း၏ရူပကာယ တခုလုံးကို သိမ်းကျုံးလွှမ်းခြုံ၍ တည်ပြီဖြစ်ရာ ရုပ်ကလာပ်စည်း မှန်သမျှတို့သည် အသက်ဝင်၍ လာသကဲ့သို့ ဖြစ်ကြလေကုန်၏၊ ထိုကဲ့သို့သော ရုပ်မျိုးကို မနောမယရူပ (ဝါ) စိတ်ဖြင့်ပြီးသောရုပ် (ဝါ) သမာဓိစိတ်ဖြင့် ကောင်းစွာ မွှန်းအပ် ထုံအပ် စိမ်အပ်သော ရုပ်ဟူ၍ ခေါ်ဆိုရလေသည်။

ဤအခြေအနေသို့ မရောက်ရသေးသော ယောဂီပုဂ္ဂိုလ်၏ရင်း၊ အခြားသော ရုပ်ကာယ တင်းလင်းရှိသော သတ္တဝါတို့၏ရင်း ခန္ဓာကိုယ်ကို ဖွဲ့စည်းထားသော ရုပ်တို့မှုကား ရူပမယရူပ၊(ဝါ)ရုပ်တရားတို့က ကြီးစိုးသောရုပ်တို့သာဖြစ်ကြကုန်၏၊ အထက် ဥပမာ၌ ဆိုရုပ်ကြီးစိုးသော ဝါဠမ်းရုပ်ကဲ့သို့ပင်တည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းအားလျော်စွာ မနောမယရူပအခြေသို့ ဆိုက်ရောက်အောင် ကြိုးပမ်းအားထုတ်နိုင်သော စေတနာ သဒ္ဓါ ဝီရိယတို့နှင့် ပြည့်ဝသော ယောဂီပုဂ္ဂိုလ်၏ ကိုယ်ကာယတခုလုံးကို ပေါင်းစပ်ဖွဲ့စည်းလျက် တည်ရှိသော ရုပ်အစုသည်ရင်း၊ ထိုထိုသို့သော ပသာဒ ရုပ်ကြည်တို့မှ အကြောင်း တိုက်ဆိုင်သောအခါ ဖြစ်ပွါးပေါ်ပေါက် လာကြကုန်၍ ထိုထိုရုပ်အစုကိုပင် ပြန်လည်လွှမ်းမိုး အုပ်စိုးသကဲ့သို့နေသောနာမ်အစုသည်ရင်း အညစ်အကြေးကင်း၍ အလွန်လျှင် သန့်ရှင်းစင်ကြယ်ကြကုန်၏။

ထိုထို ဤဤဟုဆိုအပ်သော ဗဟိဒ္ဓအာရုံများသို့ ပြေးသွားပျံ့လွင့်ား ကျက်စားခြင်းမှကင်း၍ ထူးခြားလွန်ကဲသော တည်ငြိမ်ခြင်းဖြင့်လည်း တည်ငြိမ်လျက်နေကြကုန်၏။

ထိုအခါ သို့စဉ်တမျှ သန့်ရှင်းကြည်လင်၍ ကောဒိအခြေသို့ ဆိုက်ရောက်နေသော သမာဓိစိတ်သည် ပြာသားကြည်လင်သော ဥာဏ်အမြင်ဘက်သို့ အားပြု ဦးဆောင်နေတော့၏၊ ဤငါ၏ကိုယ်ကာယ ဆိုသည်ကား အခြားမဟုတ်၊မြေ၊ ရေ၊ လေ၊မီး ဟူသော သဘာဝ ဓါတ်ကြီးလေးပါးတို့ဖြင့်ပြီး၏၊ရင်းတို့၏ အစုအဝေး အစိုင်အခဲသာဖြစ်၏၊

မူလအခြေခံအားဖြင့် ၎င်းသည် အမိနှင့်အဖဟူသော အမိအဖတစုံတို့၏ သတ္တဗီဇကလာပ် အကြီးဝင်းသော သုက်သွေးနှစ်မျိုးတို့ ပေါင်းစပ် ရောယှက်မှုကြောင့် ဖြစ်ထွန်းကြီးထွားလာသော အရာဖြစ်၏။

၎င်းသည် ထမင်း အဖျော် ယမကာ အစားအစာအာဟာရတို့၏ ထောက်ပံ့မှုကို ရရှိခြင်းကြောင့် ရင့်ကျက်သန်မာ၍ တိုးတက် ပွါးစီး၍လာခဲ့၏၊၎င်းသည် မခိုင်မြဲခြင်း ပြိုကွဲပျက်စီးခြင်း (ဝါ) ဖြစ်ခြင်းပျက်ခြင်းဟူသော သင်္ခါရ သဘောတရားနှင့် မခွါမခွဲ အမြဲတွဲသော မဟာမိတ် ဖြစ်လာခဲ့ရ၏။

သို့ရာတွင် ဤစိတ်ဝိညာဏ်ကား ရုပဓမ္မဟူသော ရုပ်တရားနှင့် ပူးကပ်တွဲစပ်လျက်နေသော(ဝါ)ရုပ်တရားကို မှီတွယ်၍နေသော သဘာဝဓမ္မဖြစ်၏ ဟူ၍ သိမြင်လာတော့၏။

တိုတိုကျဉ်းကျဉ်းနှင့် ဆိုလိုရင်းကား—၎င်းသည် ရုပ်သဘာဝနှင့် နာမ်သဘာဝတို့ကို ကွဲကွဲပြားပြား ခြားခြားနားနား မြင်ပြီ သိပြီဟုဆိုလို၏။

ရုပဓမ္မသည် အမှီခံ့သလောက် နာမ ဓမ္မလည်း အမှီခံ့၍လာလေသည်၊ ထို့အတူ နာမဓမ္မလည်း အမှီ ခံ့လာသည်ဟူ၍ သိမြင်လာ၏၊ ရုပ်တာ်ား နာမ်တသန့် ခွဲဖြန့်၍ ထုတ်နိုင်သော အခြေသို့ ရောက်ပြီဟု ဆိုလို၏။

ဤကဲ့သို့သော အမြင်ဓါတ်ပေါက်လျက်နေသော ယောဂါဝစရ ပုဂ္ဂိုလ်၏စိတ်သည်—

အလွန်အကြူး သန့်ရှင်းစင်ကြယ်၍ လာသဖြင့် ပြိုးပြိုးပြက်ပြက် လျှပ်စီးလက်သလို အရောင်ထွက်သကဲ့သို့ ဖြစ်လာ၏။

အညှိအမြေးတို့မှ ကင်းသဖြင့် ပပဝင်းလျက် နေလေတော့၏။ အညင်အကြေး ချေးညှော်တို့မှ ရှင်းသဖြင့် ထွက်သစ်စ လမင်းကဲ့သို့ဖြစ်၍နေ၏။

နူးညံ့ပျော့ပျောင်း ကြိမ်ဖန်များစွာ ကြိုအပ် ချက်အပ်သော ဖယောင်းသားကဲ့သို့ ဖြင့်လာ၍ အမှုအားလုံးတို့ ၌ခံ့လာရာ ၎င်း၏စိတ်ကို အလိုရှိသည့်အတိုင်း ပုံသွင်းနိုင်လေတော့၏။

၎င်း၏စိတ်သည် ထိုသို့ ဆိုအပ်ခဲ့ပြီးသော ဂုဏ်အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံသည့်အပြင် ဇကောဒိ အခြေသို့ ဆိုက်ပြီး တခုတည်းသော အာရုံ၌ ရှုးစိုက်တည်ငြိမ်၍ နေခြင်း ၄ါ စွမ်းနိုင် သတော့၏။

ဤသို့စဉ်တမျှ ကြည်လင်သန့်ရှင်း ချေးညှော် ကင်းသော မယိုင်မလှုပ် ကျွန်းသစ်၎တ်ကဲ့သို့ အဘုတ် တည်ငြိမ်သော စိတ်ကို ပေါက်ဖွားဖြစ်ထွန်း စေနိုင်သော (ဝါ) ထိုစိတ်၏ မိခင်ရင်းဖြစ်သော ရူပဓမ္မ၏ သန့်ရှင်း စင်ကြယ်မှုကား အဘယ်မှာလျှင် ပြောဆိုဘွယ်ရာ ရှိ ချတော့အံ့နည်း ?

ဝဲသို့သော နည်းအားဖြင့် နှစ်ဝသော ရုပ်ဓမ္မ နာမ်ဓမ္မတို့ကို ဒါးအိမ်အတွင်းမှ သံလျက်ဒါးကို ဆွဲထုတ်လိုက်သောအခါ ဤသည်ကား သံလျက်ဒါး၊ ဤသည်ကား ဒါးအိမ်ဟူ၍ ခွဲခြားသိမြင်သကဲ့သို့ ဤသည်ကား ရုပ်တရား၊ ဤသည်တို့ကား နာမ်တရားတွေပါတကားဟူ၍ လွယ်ကူစွာ ခွဲခြားနိုင်ခလေတော့၏၊

ထိုအခါ သို့စဉ်တမျှ သန်မာထွားကြိုင်း ထက်မြက် လှသော ရုပ် နာမ် ဓမ္မတို့သည် ယောဂါဝစရပုဂ္ဂိုလ်၏ အလို

ဆန္ဒ အာသီသ အားခဲလျှက်စွာ အချင်းချင်းကို လွှမ်းမိုး ကြီး စိုး၍ အဓိပတိပစ္စည်း တပ်နိုင်ကြကုန်၏။

ထိုအဆင့် ထိုအခြေသို့ ရောက်သောအခါ ယောဂီပုဂ္ဂိုလ်၏ သမာဓိစိတ်ဟု ဆိုအပ်သော နာမဓမ္မသည် ၎င်း၏ ရူပဓမ္မကို လွှမ်းမိုး၍ ကြီးစိုး၍ တည်နိုင်ပြီဟု ဆိုရလေသည်။

ဥပမာ—ကြည်လင်ပြတ်သားသော ဖလ်ဂွန်ချောင်းတခု၏ အတွင်းသို့ လျှိုသွင်းထားသော ကြိုး၏ အရောင်သည် ထိုဖလ်ပြွန် တခုလုံးကို လွှမ်းမိုးယေသကဲ့သို့တည်း၊ ဤကား မနောမယ ရူပ အခြေအနေသို့ ဆိုက်ရောက်ခြင်းပင် ဖြစ်သတည်း။

---

## ၂။ ဣဒ္ဓိဝိဓဉာဏ

ထိုအခါ၌ သူသည် ဒါးအိမ်အတွင်းမှ သံလျက်ဒါးကို ဆွဲနုတ်လိုက်ရာဝယ် ဤသည်ကား ဒါးအိမ်ဖြစ်၏၊ ဤအရာကား သံလျက်ဒါး ဖြစ်၏ ဟူ၍ ထင်လျှား ပြတ်သားစွာ သိသော ဉာဏ်အမြင်ဖြင့် ခွဲထုတ်၍ ဆွဲနုတ်နိုင်သကဲ့သို့ ရူပ-မယ ကာယမှ မနောမယ ကာယကို သီးခြားခွဲထုတ်၍ ဆွဲနုတ်နိုင်လေပြီ။ သို့ဖြစ်သောကြောင့် ထိုကဲ့သို့ ကာယ - တခုမှ ကာယတခုကို ခွဲထုတ်ရန် အာသာဆန္ဒသည် တရံတခါ ယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ အရှိန်ပြင်းထန်စွာ မီးတောင်များ ပေါက်ကွဲခါနီး **အချိန်မှာ**ကဲ့သို့ ဖြစ်ပေါ်လာတတ်လေသည်။ ထိုကဲ့သို့ ပျံလှုပ်စွမ်းနိုင်ခြင်း (ဝါ) လုပ်ချင်သလို ဖြစ်ခြင်း (ဝါ) ဖြစ်ချင်သလို ဖြစ်ခြင်းတို့ကိုပင် ဣဒ္ဓိပါဒ်ဟူ၍ ခေါ်ဆိုရလေသည်။

တိုထိုသို့သော ဣဒ္ဓိပါဒ်-အမျိုးတို့ကား ကလေးသူငယ်၏ လက်ဘလှမ်းမှီ ပတ်ဝန်းကျင်၌ တည်ရှိကြသော ကစားစရာ များနှင့် တူကြကုန်၏၊ ကလေးသူငယ်သည် မိမိ၏ အနီး၌ ရှိသော အိုးပုတ်၊ချိုးရပ်စသော ကစားစရာ အချိုးမျိုးတို့ဖြင့် ကစားခြင်းကို မပြုလုပ်မိစေရန် ၎င်း၏စိတ်ကို ထိန်းအုပ်၍ သိမ်းချုပ်ဖို့မှာ များစွာခက်ခဲသော လုပ်ငန်းတရပ်ကို ဆောင် ရွက်ရသကဲ့သို့ ရှိပေလိမ့်မည်။

ထို့အတူပင် ယောဂီပုဂ္ဂိုလ်သည်လည်း မနောမယ ကာ ယနှင့် ရူပမယ ကာယ-ကို ခွဲခြား၍ ကစားလိုသော ဘက်သို့ အုပ်မနိုင် ထိန်းမရ ကိုင်းညွတ်သျက်ရှိရာ ကိုယ်အင်္ဂါ အစိပ် အပိုင်း အလုံးစုံနှင့် ပြည့်စုံသော တစုံတခုသော ဣန္ဒြေမျှ ချို့ယွင်းခြင်း မရှိသော (ဝါ) မိမိ၏ မူလဖြစ်သော ရူပမယ ကာယနှင့် ချွတ်ပြီးစွတ်ထားသလို တူညီသော မနောမယ ကာယကို ထိုသည့် ရူပမယ ကာယမှ ဆွဲနုတ်၍ ခွဲထုတ်လိုက် လေတော့၏၊ ဤသို့ပြုလုပ်ခြင်းမှာ စင်စစ်အားဖြင့် ဆိုရလျှင် ဣဒ္ဓိဝိဓစသော တန်ခိုးအမျိုးမျိုးတို့ကို စတင်ပြုလုပ်ခြင်းပင် ဖြစ်သတည်း။

ထို့ပြင် အနည်းမှအများ၊ အများမှတဖန် အနည်းဖြစ် အောင် လုပ်နိုင်ခြင်း၊အကာအကွယ် အဘားအဆီး ရေ,မြေ, သမုဒ္ဒရာနှင့် အာကာသ လေဟာပြင်တို့ကို ထင်သလိုအသုံးပြု နိုင်ခြင်းစသော တန်ခိုးပြာဋိဟာများလည်း ရှိကြကုန်သေး၏။

အချုပ်မှာ- မိမိနှင့် သက်ဆိုင်ရာ လုပ်ငန်း လုပ်ခွင်၌ တဘက်ကမ်းရောက် တတ်မြောက်ကျွမ်းကျင်သော ရှေ့ပန်း တိမ် ဆရာသည် ကြိမ်ဖန်များစွာ (ဝါ) အကြိမ်တရာမက

ဖိုကျင်ထိုး၍ထိုး၍ နည်းအမျိုးမျိုးတို့ဖြင့် အညစ်အကြေး ချေးညှော်တို့ကို မှုတ်ထုတ်၍ (၀၁) ရိက်ထုတ်၍ သန့်ရှင်း စင်ကြယ်ခြင်းသို့ ရောက်ပြီးဖြစ်သော ပျော့ပျောင်းနူးညံ့၍ အမှု၌ ခံ့ပြီးသော ရွှေကို မိမိထုလုပ်ခြင်းငှါ အလိုရှိသော ပုတီးနားဒောင်း,လက်ကောက်,လက်ကျပ်,လက်စွပ် စသည် တို့ကို များစွာပင်ပန်း နွမ်းနယ်ခြင်းမရှိဘဲ ထုလုပ် သွန်းခပ်၍ ဖန်တီး နိုင်လေသကဲ့သို့တည်း။

တဖန်-ဥပမာတနည်းသော်ကား-အိုး,ခွက်,ပုဂံလုပ်ငန်း၌ အစွမ်းထက်မြက်လှသော ကုမ္ဘကာရ-ခေါ် အိုးထိန်းဆရာ ကြီးသည် ကောင်းမွန်စွာ ထုအပ်ထောင်းအပ်ပြီးသော ရေရေလည်လည် အကြိမ်ကြိမ် အထပ်ထပ် နင်းအပ်နယ်အပ် ပြီးသော ဘယ်ပြန်ညာပြန် ပတ်ပတ်နပ်နပ် ရိုက်အပ်ခပ်အပ် ပြီးသော အစိုင်အခဲ စလုံး-စခု အနည်းငယ်မျှ မကျန်ရအောင် ကောင်းစွာ ထုအပ်တေအပ်ပြီးသော မြေဖြင့် အိုး-ခွက်- အင်တုံ-ဇလုံစသော အသွင်အပြင် ပုံပန်းသဏ္ဌာန် အမျိုးမျိုး ရှိသော အကြင်ကြင်သို့သော လူသုံးပရိက္ခရာတို့ကို သွန်းလုပ် ခြင်းငှါ အလိုရှိငြားအံ့၊ ၎င်းသည် ထိုထိုသို့သော အသုံး အဆောင် ပရိဘောဂတို့ကို အလွယ်တကူပင် ပုံသွင်းပြုလုပ် စွမ်းနိုင်လေသကဲ့သို့တည်း။

## ၃။ ဣဒ္ဓိဝိဓသောတ-နတ်နား

ဤသို့အားဖြင့် အထက်၌ ဖေါ်ထုတ်ခဲ့ပြီးဖြစ်သော လမ်း စဉ်ကို အကြင်ယောဂါဝစရပုဂ္ဂိုလ်သည် တိကျမှန်ကန်စွာ လိုက်နာ ကျင့်သုံးဆောက်တည်နိုင်၏၊ ၎င်းသည် မကြာမြင့်လှ

သောအချိန်အတွင်း၌ မိမိ၏ရုပ်ကာယတခုလုံးကို စုရုံးဖွဲ့စည်းလျက် ရှိကြကုန်သော အသင်္ချေ အနန္တ ရေတွက်၍ မရနိုင်လောက်အောင် များပြားသော ရုပ်ကလာပ်ကလေး တို့ကို သန့်ရှင်းစင်ကြယ် ချေးညှော်မတွယ်အောင် ကောင်းစွာမွမ်းမံပြီး တည်ဆောက်ပြီးကဲ့သို့ ဖြစ်လေတော့၏။

သို့ဖြစ်ရာ ဤသို့သော ယောဂီပုဂ္ဂိုလ်၏ ရုပ်ခေတ်-ရုပ်ကလာပ်တို့သည် အလွန်အမင်း ပြိုးပြက်ကင်းအောင် သန့်ရှင်းကြည်လင်သော အခြေသို့ ဆိုက်ရောက် နေကြလေကုန်သည်။

မူလအားဖြင့် အကြည်ဓာတ်နာမံကို ခံယူကြကုန်သော စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဟူသော ပသာဒရုပ်ကြည်တို့အတွက်မူကား အဘယ်မှာဆိုဖွယ် ရာ ရှိချေတော့အံ့နည်း။

စက္ခုပသာဒ(ဝါ)မျက်စိအကြည်ဓာတ်ဟူသည် မျက်လုံးတခုလုံးကို ဆိုလိုသည်မဟုတ်၊ မျက်ဆန်းမျက်လုံးရှေ့တည့်တည့်အလယ်တွင် ဗဟိဒ္ဓမှ ထိလာ ဝင်လာသော ရူပါရုံကို ခံယူမှတ်နိုင်သော အကြည်ရုပ်အကြည်သည်ရှိ၏၊ ၎င်းကိုသာလျှင် စက္ခုပသာဒ-မျက်စိအကြည်ရုပ်ဟူ၍ ခေါ်ဆိုသည်ဟု အပ်လေသည်။

သောတပသာဒ-နားအကြည်၊ ဃာနပသာဒ-နှာခေါင်းအကြည်၊ ဇိဝှါပသာဒ-လျှာအကြည်၊ ကာယပသာဒ-ကိုယ်အကြည်ရုပ်ဟူ၍လည်း ထို့နည်းအတူပင် မှတ်ယူကြကုန်ရာ၏။

ဗဟိဒ္ဓမှ ဝင်လာ ထိလာသော အာရုံများကို မူလပကတိသဘောအားဖြင့် ခံယူနိုင်စွမ်းကြကုန်သော ပသာဒရုပ် အကြည်တို့သည် ယောဂီပုဂ္ဂိုလ်၏ စားမှု၊ သောက်မှု၊ ရှုရှိုက်မှု

တို့ဖြင့် ပြုပြင်ခြင်းကို အမြဲမသွေ ခံယူလျက်နေကြကုန်ရာ အလွန်အကျူး အထူးကြည်လင် သန့်ရှင်းသော အခြေ အနေ သို့ ဆိုက်ရောက်နေပြီဖြစ်သောကြောင့် **မထိဘဲနှင့် မလောင်က မန်း** ဟူသောစကားပုံကဲ့သို့ ဗဟိဒ္ဓမှ လာသော ထိုထို **အာရုံ** တို့နှင့် မတွေ့မထိ သေးဘဲလျက်နှင့်ပင် ညီမှု သိမှု ပေါ်လှုမတတ် ဖြစ်နေကြလေကုန်သည်၊ ထိုသို့အားဖြင့် မကြိုဘူးအောင် (ဝါ) မယုံကြည် နိုင်လောက်အောင် နူးညံ့သိမ်မွေ့သော အခြေသို့ ရောက်သော ပသာဒရုပ်တို့ကို **ဒိဗ္ဗ** ဟူသော နာမဝိသေသနဖြင့် အထူးပြု၍ ဗုဒ္ဓကိုယ်တိုင်သုံးစွဲခဲ့လေသည်၊ ဥပမာ–ဒိဗ္ဗစက္ခု–ဒိဗ္ဗသောတ ဟူသည်တို့ဘည်း။

သောတ ပသာဒရုပ်သည် နူးညံ့သိမ်မွေ့ခြင်း (ဝါ) သန့်ရှင်းကြည်လင်ခြင်း ဟူသောဂုဏ်နှင့် ကြမ်းထော်ခြင်း (ဝါ) ထူပြစ် ညစ်ပေခြင်း ဟူသောဂုဏ်ကို ဆောင်နိုင်လေသည်။

စင်စစ်မှာ–၎င်းသည် နားအတွင်း၌ တည်ရှိသော ရုပ်ပစ္စည်းတခုပင်ဖြစ်ရာ ထိုနားရှင်၏ စား, သောက်, ရှူ, ရှိုက်ခြင်းတည်းဟူသော သင်္ခတမှု (ဝါ) ပြုပြင်မှုတို့နှင့် မကင်းနိုင်သော အချက်မှာ အငြင်းထွက်စရာမလိုသော အချက်တခုဖြစ်၏၊ အညစ်အကြေးထူထပ်၍ ထိုင်းနေသော (ဝါ) တစုံတခု မသင့်လျော်မှုကြောင့် အကြားချို့တဲ့၍ နေသောနားကို ပြန်လည်ကြည်လင်အကြားလွှင်လာစေရန်၎င်း၊ထို့ပြင် အကောင်းပကတိဖြစ်သော နားကို ပင်း,အ၍ သွားစေရန်၎င်း၊ စား, သောက်, ရှူရှိုက်မှုတို့ဖြင့် ပြုပြင်ဖန်တီးနိုင်သည်ကို ထောက်ထားရာ၏။

ထိုမှတပါး အခြားအခြားကုန်သော ပသာဒရုပ်တို့သည်လည်း ဤနည်းကိုပင် တသဝေမတိမ်းလိုက်ကြကုန်၏၊ သို့ဖြစ်ရာ သက်ရှိ လူသတ္တဝါ၏ စားသောက် ရှူရှိုက်မှုသည် ၎င်း၏ခန္ဓာကိုယ်၌ ဖွဲ့စည်းလျက် ရှိကြကုန်သော ထိုထိုရုပ်ပစ္စည်းတို့၌ သြဇ္ဇာရိက(ဝါ) ကြမ်းထမ်းခြင်း၊ သုခုမ(ဝါ)နူးညံ့ခြင်းဟူသော ဂုဏ်တို့ကို ဖြစ်ပေါ်စေတတ်သော ပဓါန လက်သယ် ဖြစ်ချေသည်။

ထိုပြင် ဒိဗ္ဗသောတနှင့် မာနုသိက သောတဟူ၍ ခွဲခြားရာ၌လည်း နတ်နားနှင့် လူနားဟူသော ရိုးရိုးမြန်မာဘာသာပြန်မျှဖြင့် တင်းတိမ်ရောင့်ရဲ၍ မနေကြကုန်ဘဲ ဗုဒ္ဓ၏ အတွင်းကျ အာဘော ဂ ရည် မှန်း ချက် ကို ထိအောင် မိအောင် ကြိုးဆောင် လုံးပမ်း သင့်လေသည်။

ဗုဒ္ဓကား- ၎င်းပုဒ်တို့ကို အသုံးအစွဲ ပြုလုပ်ရာ၌ နတ် ဟူသော ဒြဗ်ကို ထင်မြင်လာစေရန် သုံးနှုန်းခဲ့သည် မဟုတ်ချေ၊ အမှန်မှာ- သိမ်မွေ့နူးညံ့ခြင်း၊ ကြမ်းထမ်း ခက်ထရော်ခြင်းဟူသော ဂုဏ်အနက်ကိုသာ ရည်ရွယ်၍ ၎င်းပုဒ်တို့ကို သုံးခဲ့လေသည်၊

ထို့ကြောင့်—

(၁) ဒိဗ္ဗ သောတ- နူးညံ့ သိမ်မွေ့သော သန့်ရှင်းကြည်လင်သောနား။

(၂) မာနုသိက သောတ- ကြမ်းထမ်းသော နားဟူ၍နှစ်မျိုး-နှစ်စား ကွဲပြားမှုသည် သုခုမ ပသာဒရုပ်နှင့် သြဠာရိက ပသာဒရုပ်တို့၌ အခြေတည်၍ အမှီပြုခဲ့လေသည်။

ဤသို့အားဖြင့် သောတပသာဒရုပ် ကြည်၏မှိုက် နားမှာ အထက်ပါအတိုင်း နှစ်မျိုးနှစ်စား ကွဲပြားသကဲ့သို့ပင် သဒ္ဒရုပ်ဟူသော အသံဓါတ်မှာလည်း အသံနုနှင့် အသံကြမ်း (သို့မဟုတ်) သုခုမ သဒ္ဒရုပ်နှင့် ဩဠာရိက သဒ္ဒရုပ်ဟူ၍ နှစ်မျိုး နှစ်စားပင် ကွဲပြားလျက်ရှိသည်ဟု အထူးဖော်ထုတ်ရန် လိုမည် မဟုတ်ချေ။ သို့ဖြစ်ရာ စာ အခေါ်အားဖြင့် အသံနုကို ဣဋ္ဌ သဒ္ဒဟူ၍၎င်း၊ အသံကြမ်းကို မာနုဿိက သဒ္ဒဟူ၍၎င်း ခေါ်ဆိုနိုင်လေသည်။ သောတ၌လည်း ထို့နည်းအတူပင်တည်း။

ထိုမှတပါး အဘိဓမ္မာ အခေါ်အားဖြင့်မူကား ဩဠာရိက သောတပသာဒရုပ်နှင့် ဩဠာရိက သဒ္ဒရုပ်၊ ထို့ပြင် သုခုမသောတ ပသာဒရုပ်နှင့် သုခုမ သဒ္ဒရုပ်တို့သာ ဖြစ်ကြကုန်၏။

သောတ ပသာဒရုပ်ဟူသော နားနှင့် သဒ္ဒရုပ်ဟူသော အသံတို့သည် ကိုက်ညီဆီလျော်မှုကို များစွာ လိုကြကုန်၏၊ ကြမ်းထမ်း ခက်ထရော်သော နားသည် နူးညံ့သိမ်မွေ့သော အသံကို မကြားနိုင်ချေ။ (ဝါ) ခံယူနိုင်ချေ၊ ပြင်းထန်သော ထုံနှာ-ကြင်နှာ-စွဲနေသူ၏ ခြေဖဝါးကို လဲဝါဂွမ်းနှင့် တို့သကဲ့သို့တည်း၊ သို့ရာတွင် နူးညံ့သော သုခုမနားမူကား အသံကြမ်း - အသံနု (ဝါ) မာနုဿိက သဒ္ဒ၊ ဣဋ္ဌသဒ္ဒနှစ်ခုလုံးကို ခံယူကြားနာ နိုင်လေသည်။

အသံဓါတ်ဟူသော သဒ္ဒရုပ်ဆိုသည်မှာ ပထဝီဓါတ်ချင်း ထိခိုက်ရာမှ ပေါ်ထွက်လာသော ရုပ်တမျိုးမျှဖြစ်ရာ ပြော

ဆိုသူ၏ နှုတ်ခမ်းနှင့် လျှာဖျားၐ် ထိခိုက်၍ ထွက်ပေါ်နေစဉ် ခဏ၌သာ ဩဋ္ဌာရိကဖြစ်၍ ၎င်းမှလွှန်မြောက်၍ သွားသော အခါ သုခုမ အခြေသို့ ဆိုက်ရောက်၍ သွားမြဲဖြစ်ချေသည်။

လေ့ကျင့်မှုမှ ကင်း၍ ပကတိ အခြေ၌ တည်ရှိနေသေးသော နားသည် ဩဋ္ဌာရိက ဖြစ်နေသေးသော သဒ္ဒရုပ်ကိုသာ လျှင် ကြားနိုင်၏၊ ပြောဆိုသူ၏ ပါးစပ်ဖျားၐ် ပေါ်ထွက်နေစဉ် အခါ၌သာ ကြားနိုင်၏ဟု ဆိုလိုသည်၊ သို့သော်-ထိုသဒ္ဒရုပ်-အသံဓါတ်သည် ဩဋ္ဌာရိက အခြေအနေမှ လွှန်မြောက်သောအခါ ကွယ်ပျောက်ခြင်းသို့ ရောက်၍ သွားလေသလော?

ဟင့်အင်း မရောက်ပါ။

ထိုသည့် သဒ္ဒရုပ်သည် ပကတိ ဩဋ္ဌာရိကနားဖြင့် မကြားနိုင်သော အခြေသို့ ဆိုက်ရောက်၍ သွားခဲ့စေကာ လက်စတုံးချုပ်ပျောက်ခြင်းသို့ ရောက်၍ သွားသည်ကား မဟုတ်ချေ။

အမှန်စင်စစ်မှာ အဇ္ဇဝ အာကာသ ၌ ရှိသော ဘုတ်လှိုင်းများကိုစီး (ဥပ္ပါဒ+ဝယ) (ဖြစ်+ပျက်)ဟူသော သန်တစက်သံကို ချက်မှန် မှန်ခေါက်လျက် အနန္တ အာကာသနှင့် အပြေးပြိုင်နေလေတော့သတည်း။

ထိုကဲ့သို့သော အခြေသို့ ဆိုက်ရောက်နေသော သဒ္ဒရုပ် (ဝါ) အသံကို ကြားရန် အလိုရှိခဲ့လျှင် သောတပသာဒရုပ်ကို ဒိဗ္ဗသောတ အခြေသို့ ဆိုက်ရောက်အောင်သော်၎င်း ပြုပြင်ပေးရမည်။

(သို့မဟုတ်)သုခုမ သဒ္ဒကို နားနှင့်ဆီလျော်ရန် ဩဋ္ဌာရိက သဒ္ဒအဖြစ်သို့ ရောက်အောင်သော်၎င်း ဖန်တီး၍ ပေးရမည်။

**အဓိပ္ပါယ်ကား**-ကျွန်ုပ်တို့၏နားကိုသော်၎င်း၊သိမ်မွေ့နူးညံ့အမှုခံ၍ လာအောင် ပြုလုပ်ပေးရမည်၊ (သို့မဟုတ်) ၎င်းသုခုမ သဒ္ဒရုပ်ကိုဘမ်း၍ ဩဠာရိက အဖြစ်သို့ ပြန်လည် ရောက်ရှိပြီးလျှင် ကျွန်ုပ်တို့၏ ဩဠာရိကနားနှင့် ကိုက်ညီ အဆင်ပြေစေရန် ပြုပြင်ချွတ်၍ ပေးရပေမည်။

**မှတ်ချက်**။ ခေတ်ပေါ် အသံဘမ်းစက် ရေဒီယို ဖြင့် အာကာသမှ သုခုမ သဒ္ဒရုပ်များကို ဘမ်းယူ ပြီးလျှင် တဖန် အသံချွဲစက်ဖြင့် ၎င်းကိုဩဠာရိက အခြေသို့ ရောက်ရှိအောင် (ဝါ) ပကတိနားနှင့် ဆီလျော် ကိုက်ညီအောင် ပြုပြင်ဖန်တီး ကြသော လောကဓါတ် ဝိဇ္ဇာဓိုရ်တို့၏ လုပ်ငန်းကိုသာဓက အဖြစ်ဖြင့် ဆောင်ယူ၍ သိကြကုန်ရာ၏။

မှန်လှ၏။ အဇ္ဈောဝေဟာင် အနန္တကောင်းကင်၌ အိုသာ ဟာတက်ဗီယံ လေလှိုင်း (သို့မဟုတ်) နူးညံ့ သိမ်မွေ့သော မဟာဘုတ်တို့သည် အရပ်အနားကို မသိကြကုန်ဘဲ (ဝါ) အဆုံး အစ အပိုင်း အခြားလည်းမ ရှိကြကုန်ဘဲ ဓါတ်တခုနှင့် တခုအားပြု၍ ပြေးလွှားလျက် နေကြကုန်၏၊ ၎င်းတို့ကား အလွန်အကြူး နူးညံ့သိမ်မွေ့ကြကုန်ရာ လေ့ကျင့်မှုတို့မှ ကင်းသော ပကတိမျက်စေ့နှင့် နားတို့၏ ပါဝါကို လွန်လျက် နေကြကုန်၏၊ ရိုးရိုး သာမန်မျက် စေ့ဖြင့် ၎င်းတို့ကို မမြင်နိုင်၊ ထို့အတူ အကြမ်းစားနားဖြင့်လည်း ၎င်းတို့ အချင်းချင်း ထိခိုက်မိရာမှ ပေါ်ထွက်လာသော အသံကို မကြားနိုင်ဟု ဆိုလိုသည်။

ကျွန်ုပ်တို့၏ ရှုတ်ဖတ် ပြောဆိုခြင်း ကြိယာကြောင့် ပေါ်ထွက်လာသော သဒ္ဒရုပ်သည် (ဝါ) အသံဓါတ်သည် ပြောဆိုသူ၏ နှုတ်ခမ်းဖျားကို ကျော်လွန်သည်နှင့် တပြိုင်နက် အာကာသ တကြောတွင် အမောကိုမသိဘဲ ပြေးနေကြသော **အီသာ** ခေါ် ဘုတ်လှိုင်းတို့ဖြင့် ရောနှောပေါင်းမိ၍ သွားလေတော့၏။

ထိုသို့အားဖြင့် **အီသာ** လေလှိုင်းနှင့် အနန္တကောင်းကင်ခရီး၌ အပြေးပြိုင်နေကြကုန်သော ထိုထို သဒ္ဒရုပ်တို့သည် ကမ္ဘာ့လောက အတွင်း၌ နားရှိသော သတ္တဝါတို့၏ သောတပသာဒရုပ်ကို တရံတခါမျှ ဝင်ရောက်ထိခိုက်၍ မသွားကြပေဘူးလော ဟူသော ပြဿနာ၏ အဖြေကား- ထိုထိုသော သဒ္ဒရုပ်ဘုတ်လှိုင်းတို့သည် နား ရှိသူ၏ နားလိုဏ်ခေါင်း အတွင်းသို့ဝင်ရောက်မျှ သောတပသာဒရုပ်ကို အမြဲမပြတ် တလစပ် နေအောင်ပင် ထိခိုက်ကြပါကုန်၏ရှင့်၊ ယင်းသို့ပင်တိုက်ရိုက်သဘောအားဖြင့် ထိခိုက်၍ နေစေကာ ၎င်းသဒ္ဒရုပ်တို့သည် ကျွန်ုပ်တို့၏ သောတပသာဒရုပ်နှင့် ကိုက်ညီ ဆီလျော်သော အဆင့်ကို လွန်နေသောကြောင့် ၎င်းတို့ကို ကျွန်ုပ်တို့ မကြားနိုင်ကုန်ဘဲ ဟူ၍ ဖြစ်လေသည်။

သို့ရာတွင် ကျွန်ုပ်တို့သည် အကယ်၍သာ ကျွန်ုပ်တို့၏ သောတပသာဒရုပ်ကို အညစ်အကြေးမတင် သန့်ရှင်းစင်ကြယ်သော မြိုးမြိုးပြက်ပြက် အရောင်တလက်လက် ထွက်၍နေသော သိမ်မွေ့နူးညံ့ အမှုန်ခံသော အခြေအနေ (ဝါ) အဆင့်အတန်းသို့ ဆိုက်ရောက်အောင်-

(၁) အတွင်းနည်း။

(၂) အပြင်နည်း ဟူသော နည်းအစုံတို့ဖြင့် ပြုပြင်ဖန်တီး၍ပေးခဲ့လျှင် ကျွန်ုပ်တို့သည်—

သော ဒိဗ္ဗါယ သောတဓာတုယာ ဝိသုဒ္ဓါယ အတိက္ကန္တ
မာနုသိကာယ ဥဘော သဒ္ဒေ သုဏာတိ ဒိဗ္ဗေစ မာနု
သေစ ယေ ဒူရေ သန္တိကေစ—

ဟူ၍ သာမညဖလသုတ်၌ ပါရှိသော ဗုဒ္ဓ၏ စကားနှင့် အညီ သိမ်မွေ့နူးညံ့သော အသံ (သို့မဟုတ်) ကျယ်လောင် ကြမ်းထမ်းသော အသံတို့ကို၎င်း၊ ထို့ပြင်နီးသော အသံနှင့် ဝေးသော အသံတို့ကို၎င်း ကြားနိုင်သောသတ္တိနှင့် ပြည့်စုံ ပေလိမ့်မည်။

ပါဠိတော်၏ အနက်မြန်မာပြန်သော တမူကား-ထိုယောဂါဝစရ ပုဂ္ဂိုလ်သည် သန့်ရှင်းစင်ကြယ်သော သုခုမနားဖြင့် နုသောအသံ၊ ကြမ်းသောအသံ၊ ထိုမှတပါး အနီးသံ၊ အဝေးသံနှစ်ရပ်လုံးကို ကြားနိုင်၏။

သို့ဖြစ်ရာ အများသောလူတို့ နတ်နားဟူ၍ အမှတ်မှားပြီး နားလည်နေကြသော ဒိဗ္ဗသောတသည် သဘာဝအားဖြင့် များစွာ ထူးဆန်းအံ့ဘနန်း ဖြစ်ခဲ့စေကာ ကျွန်ုပ်တို့ လူသား၏ အားအစွမ်းကို ကျော်လွန်နေ၍ လုံးဝမဖြစ်နိုင်သောအရာ မဟုတ်ကြောင်းကား လယ်ပြင်ဆင်သွားဖြစ်ခဲ့ပြီ။

ကျွန်ုပ်တို့မှာ—သောတ ပသာဒရုပ်—လူစေ့ တက်စေ့ ရှိကြကုန်၏၊ ၎င်းသည် ကျွန်ုပ်တို့၏ လက်ဘွင်းသို့ ကျရောက် နေသော အင်္ဂါအစိပ်အပိုင်း တခုပဖြစ်၍ ကျွန်ုပ်တို့၏ ပြုပြင်

ခြင်းကို အမြဲတစေ ခံနေရ၏၊ ၎င်းကို ကျွန်ုပ်တို့ အလိုရှိသလို ပြုပြင်နိုင်၏၊ ကျွန်ုပ်တို့မှာ ၎င်းကို ပြုပြင် ဖန်တီး နိုင် သော စွမ်းရည်သတ္တိများ ရှိကြကုန်၏။

နားထိုင်းခြင်း၊ အူခြင်း၊ ပင်းခြင်း၊ ကိုက်ခြင်း စသော နားနှင့် သက်ဆိုင်ရာ ဒုက္ခများနှင့် ၎င်းတို့ကို သက်သာ ပျောက်ကင်းအောင် ပြုပြင်ဖန်တီးခြင်း တို့သည် နား ပိုင်ရှင် ၏ လက်တွင်း၌သာ ရှိကြကုန်၏၊ ထို့ကြောင့် နားကောင်း ခြင်းနှင့် မကောင်းခြင်းတို့သည် နားရှင်၏ ပြုပြင်မှုကို အမှီ ပြုကြကုန်၏။

သို့ဖြစ်ရာ ဗုဒ္ဓ၏ အလိုအားဖြင့် နားပိုင်ရှင် ပုဂ္ဂိုလ်ကို လိုက်၍ နား အကြမ်းစားနှင့် **နား**အနုစားဟူ၍ နှစ်ပါး ကွဲပြားလျက် ရှိ၏၊ ၎င်းသည် လူသားပိုင် ရုပ်ပစ္စည်းဇာရုပ် ဖြစ်၏၊ လူသားမှာ ကြမ်းထမ်းသော နားကို နူးညံ့သိမ်မွေ့ သော အမှုဉ်ခံ့သော နားအဖြစ်သို့ ရောက်အောင် ပို့ဆောင် နိုင်သော သတ္တိရှိ၏၊ နား၏ အဆင့်အတန်း မြင့်တက်မှု အတွက် နားရှင်သူသား၏ စေတနာသဒ္ဓါ ဝီရိယသော တင်း ပြည့်ကျပ်ပြည့် ရှိဘို့လိုပေသည်၊ပြင်းထန်စွဲမြဲသော လုံ့လ ဝီရိယဖြင့် စွမ်းစွမ်းတမန် ဇွဲသန်သန်နှင့် အားထုတ်ကြိုးပမ်းမှု မရှိခြင်းကြောင့် မိမိကိုယ်ကာယ၌ ထင်လျှားရှိပြီးဖြစ်သော (ဝါ) မိမိပိုင်နိုင်သော နားတည်းဟူသော ပသာဒရုပ်ကိုမှ သိမ်မွေ့ နူးညံ့ အမှုဉ်ခံ့သော အခြေအနေသို့ ရောက် အောင် ပို့ဆောင်ခြင်းငှါ မစွမ်းနိုင်သော သူပျင်းသည် လမ်း စဉ်နှင့် ကျင့်ထုံးကို သေချာဂရု ညွှန်ပြခဲ့သော ဗုဒ္ဓအား မဖြစ်

နိုင်ဒါတွေကို (ဝါ)လေထဲဘိုက်အိမ်ဆောက်ပုံတွေကို ပေါ ဖေါ်ညွှန်ပြခဲ့ရမည်လောဟူ၍ ရန်တွေ့နေတတ်ချေသည်။

အမှန်မှာ-ထိုကဲ့သို့သောသူကား ဆန်ဟူသော ဩဠာရိက အာဟာရရှိနေပါလျက်နှင့် ထမင်းဟူသော သုခုမ အာဟာရ အဖြစ်သို့ရောက်အောင် မဆောင်စွမ်းနိုင်သော လူပျင်းလူမိုက် ကဲ့သို့သာဖြစ်၍ နေပေလိမ့်မည်။

ထို့ကြောင့်-ဗုဒ္ဓကိုယ်တိုင် လက်တွေ့ ကျင့်သုံးခြင်း၊ အားသွန်ကြိုးပမ်းခြင်း၊ အသားကြေကြေ အရေစုပ်စုပ် တကယ် လုပ်ခဲ့ခြင်းတို့ဖြင့် ပြောင်မြောက်ခဲ့သော လက်တွေ့ လမ်းစဉ်ကို ၎င်းဗုဒ္ဓ၏ စေတနာ,သဒ္ဓါ,ဝီရိယ မျိုးကို အသုံးပြု၍ စမ်းသပ်ကြိုးကုတ် အားထုတ်ကြကုန်ရာသတည်း။

---

## ၄။ ဒိဗ္ဗစက္ခုနတ်မျက်စိ

ဒိဗ္ဗ- မြင့်မြတ်သော သန့်ရှင်းသော ထက်မြက်စူးရှသော၊ စက္ခု- မျက်စိ။ ဒိဗ္ဗစက္ခု-ပကတိမျက်စိထက် စူးရှထက်မြက် အရောင်လက် သောမျက်စိ။

ဤဒိဗ္ဗစက္ခု-ဟူသော ပုဒ်သည်လည်း ယခုခေတ် သမယ၌ ဥာဏ်ခံတွင်းပျက်နေကြကုန်သော သနားစရာ များစွာသော လူသားကလေးများအတွက် ရက်ရက်စက်စက် အမျိုခက်လှ သော ဗုဒ္ဓ၏အသုံးစကားလုံးတခု ဖြစ်ခဲ့၏။

ထိုမျှမက အဓိပ္ပါယ်မရှိသောစကားလုံးတွေကို သုံးနှုန်းခဲ့ရ မလားဟု ဆိုကာ ဗုဒ္ဓကိုပင် မျက်မုံးကျိုးပြီး နှုတ်လှံဆိုးဖြင့် ထိုးချက် ဆွဲချင်တဲ့စိတ် ရှိသူအချို့ကို ဖန်ဆင်း ထုလုပ်ပေးနိုင် သောတန်ခိုးသတ္တိနှင့် ပြည့်စုံသော ပုဒ်ဘာခုလည်းဖြစ်ခဲ့၏။

ဗုဒ္ဓသည် အနက်အဓိပ္ပါယ်လေးနက်၍ လက်တွေ့သက်သေ ပြနိုင်သော စကားလုံးတို့ကိုသာ ရွေးချယ် စိစစ်၍ သုံးခဲ့၏၊ ထိုကဲ့သို့သော အနုပါဒါန အသုံးအနှုန်းတို့ကို သေချာဂန နား လည်သဘောပေါက်နိုင်ရန် ကျွန်ုပ်တို့၏ ဉာဏ်အမြင် ဒိဂရီ လှုစဉ်မှီဘို့ အရေးကြီးလေသည်။

သောဒိဗ္ဗေန စက္ခုနာဝိသုဒ္ဓေန အတိက္ကန္တ မာနုသိကေန သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ၊

(သီလက္ခန်ပါဠိတော်)

ထိုယောဂါဝစရပုဂ္ဂိုလ်သည် ကြမ်းတမ်းသော သြဠာရိ ကစက္ခုဟုဆိုအပ်သော လူ့မျက်စိထက် ပိုမိုလွန်ကဲ၍ ထက် မြက်စူးရှသော သန့်ရှင်းစင်ကြယ်သော ဒိဗ္ဗစက္ခုဖြင့် ဖြစ်ကုန် ပျက်ကုန်သော သတ္တဝါတို့ကို မြင်၏၊

(ပါဠိတော်မြန်မာပြန်)

ဤ၌ရှာ၍လည်း မျက်စိကို-

(၁) ဒိဗ္ဗစက္ခု(ဝါ)ကြည်လင် ထက်မြက်သော မျက်စိ၊

(၂) မာနုသိကစက္ခု (ဝါ)ကြမ်းထမ်း မှုန်ဝါးသော မျက်စိဟူ၍ ဒိဗ္ဗသောတကဲ့သို့ပင် နှစ်မျိုးနှစ်စား ခွဲခြားနိုင်၏။

(၁) နတ်မျက်စိ၊
(၂) လူ့မျက်စိဟု ဆိုလို၏။

မျက်စိ၏ လုပ်ငန်းကို ဝေဖန်ကြစို့၊ ၎င်း၏ ပဓါနလုပ်ငန်း ကား– ဩဠာရိက စက္ခု(ဝါ)ကြမ်းထမ်းသော မျက်စိပင်ဖြစ် စေ၊(သို့မဟုတ်)သုခုမစက္ခု (ဝါ) နူးညံ့သိမ်မွေ့သောမျက် စိပင်ဖြစ်စေ အဆင်းတည်းဟူသောရူပါရုံကို ကြည့်ရှုရန် မြင် ရန်ပင်ဖြစ်၏။

ဤရူပါရုံဟူသော ဝဏ္ဏဓာတ်သည်လည်း စက္ခုကဲ့သို့ ရုပ် ပစ္စည်းတရပ်ဖြစ်သောကြောင့် ဩဠာရိကနှင့် သုခုမဟူ၍ နှစ် မျိုးနှစ်စားပင် ကွဲပြားလျက်ရှိချေသည်၊ ဤသို့ခွဲခြားအပ်သော အဆင်းရူပါရုံ နှစ်မျိုးနှစ်စားတို့တွင် ဩဠာရိက ရူပါရုံ(ဝါ) ကြမ်းထမ်းသော အဆင်းရုပ်သည် ကြမ်းထမ်းသော ဩဠာရိ က မျက်စိ၏ ရှုဘွယ် မြင်ဘွယ် ပစ္စည်းဖြစ်၏။

ထိုပြင် အာကာသ ဟောင်(သို့မဟုတ်)အဇဋာကာသပြင်၌ ပြေးလွှားလျက် ရှိကြကုန်သော သုခုမ(ဝါ)နူးညံ့သော ရူပါ ရုံတို့ကား လူတို့၏ ပကတိ ဩဠာရိက မျက် စိ နှင့် ကိုက် ညီ ဆီ လျော် ခြင်းကင်းသောကြောင့် ကျွန်ုပ် တို့ မြင် နိုင် သော ပစ္စည်းများ မဟုတ်ကြကုန်၊ အာ ကာ သ တောင်းကင်တွင် မြင်ဘွယ်ရာ ရူပါရုံအဆင်း အသျှင်းမရှိခြင်းကြောင့် ကျွန်ုပ် တို့ကြည့်လိုက်ရာ၌ တစုံတရာမျှ မမြင်ရသည်ကား မဟုတ်ပါ ချေ၊ အမှန်မှာ–ကျွန်ုပ်တို့၏ မျက်စိက ဩဠာရိက ဖြစ်၍ ကြမ်း ထော်၍ နေခြင်း၊ ရူပါရုံက သုခုမ ဖြစ် ၍ နူးညံ့နေခြင်း ကြောင့်သာ အာကာသကို ဟင်းလင်းထင်၍ မြင်နေရခြင်း ဖြစ်သည်။

ဤလောက၌ အသက်အရွယ် ငယ်စဉ်အခါမှာ မျက်စိ အားနည်းသူများ ရှိကြကုန်၏၊ ထိုသူတို့သည် အခြားသူငါတို့ မြင်ရိုးမြင်စဉ်ဖြစ်သော အဝေးအနီး သြဠာရိက ရူပါရုံကိုပင် ကြည့်လင် ပြတ်သားထင်လျှားစွာ မြင်စွမ်းနိုင်သော သတ္တိမှ ချို့တဲ့လျက် ရှိကြကုန်၏။

သို့ရာတွင် ထိုသူတို့၏ မျက်စိကို သင့်လျော်ထက်မြက်သော ဆေးဝါး,အစား,အစာတို့ဖြင့် ပြုပြင်၍ ပေးလိုက်သော အခါ ၎င်းသည် တဖန်ပြန်လည်ကြည်လင်၍ သိမ်မွေ့နူးညံ့ အမှု ခံ လာ ါးလျှင် အခြားအ ြား သော ပကတိ မျက်စိ အကော ် တိုကဲ့သို့ပင် ပုံသဏ္ဍာန်ပြတ်သားထင်လျှားစွာ မြင် စွမ်း နိုင်၏။

မှန်လှ၏၊ အဇ္ဇ္ဇာ လေပြင် အာကာသ မိုးကောင်းကင်၌ အနန္တ ေလ ကမ္ဘါတ်မှ ေးလွှက်လာကြကုန်၍ အနာဒိကာလမှစပြီး အရပ်အနားမရှိဘဲ ဒလ စပ်ပြေးသွား နေကြကုန်သော ဝဏ္ဏဓါတ် အဆင်းရူပါရုံတို့သည် မှချ အားဖြင့် ရှိကြကုန်၏၊ ၎ ်းတို့ကား-အလွန်နူးညံ့ သိမ်မွေ့လှသော သုခုမအခြေသို့ ဆိုက်ရောက်၍ နေကြစေကာ မူလအစ၌ သြဠာရိက ရူပါရုံ ဖြစ်ခဲ့ဘူးကြကုန်၍ ၎င်းမှ ဘဝပြောင်းလာသော အဆင်းတို့သာ ဖြစ်ကြကုန်၏။

ဆိုလိုရင်းမှာ- ကြမ်းထမ်းရာမှ တဖြည်းဖြည်း နူးညံ့ သိမ်မွေ့လာသော ရုပ်ဓါတ်များ ဖြစ်ကြကုန်သည်။

အနည်းငယ် လင်းပါးကြဦးစို့၊ အရှင်ဖြစ်သော ရုပ်ခြင်္သေ့တခုသည် အငြိမ်နေခြင်းမှ ကင်း၏၊ ထိုသို့သော ရုပ်ခြင်္သေ့တခု၏

လှုပ်ယိုင်ခြင်း ရှားမှုကြောင့် ထိုရုပ်ဒြပ်မှ "ရူပ" ရုပ်ဟုခေါ်ဆိုအပ်သော ရူပါရုံသည် အစဉ်မပြတ် ဆက်ခါဆက်ခါ မြစ်ရေအယဉ်ကဲ့သို့ ထွက်ခွါလျက် နေမြဲဖြစ်၏။

ဝစီဘေဒ-ဟူသော နှုတ်ခမ်း-လျှာစသည် လှုပ်ရှားမှုကြောင့် သဒ္ဒရုပ် (ဝါ)အသံခါတ်များသည် စကားပြောဆိုသူ၏ နှုတ်ဖျားမှ ဆက်ခါဆက်ခါ ထွက်ခွါပြေးသွား၍ နေကြကုန်သကဲ့သို့တည်း။

ထိုသို့အားဖြင့် ရုပ်ဒြပ်တခုမှ တစုံတရာသော လှုပ်ရှားမှုကြောင့် ထွက်ခွါလာခဲ့သော အကြွင်းရူပါရုံသည်ရှိ၏၊ ထိုရူပါရုံသည် ၎င်း၏ မူလမိခင်ဖြစ်သော ရုပ်ပစ္စည်းဒြပ်နှင့် ဝေးကွာသလောက် သုခုမအားဖြင့်သို့ ရောက်မြဲဖြစ်၏။

အဓိပ္ပါယ်ကား-ထိုရူပါရုံသည် မိမိထွက်ခါလာခဲ့ရာဖြစ်သော မိခင်ရုပ်ဒြပ်ချင်းနှင့် ပို၍ပို၍ ဝေးကွာသော နေရာသို့ ရောက် လေလေ တိုး၍တိုး၍ နူးညံ့ သိမ်မွေ့သော သဘောကို ဆောင်လေလေဖြစ်၏ ဟု ဆိုလိုသည်။

လူတိုင်း၏ မျက်စိတိုင်းမှာ မြင်းကွင်း တမျိုးစီရှိ၏၊ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ မျက်စိသည် ၎င်း၏ မြင်းကွင်းအတွင်းသို့ သက်ဆင်းကျရောက်လာသော ရူပါရုံကိုသာလျှင် မြင်ခြင်းငှါစွမ်းနိုင်၏၊ ၎င်း၏ အပသို့ ကျရောက်သွားသော(ဝါ)၎င်း၏ အပ၌ တည်ရှိနေသော အာရုံကိုမူကား မယူနိုင်ချေ၊ ရူပါရုံတခု၏ ဩဠာရိက အခြေအနေ၌ တည်ရှိနေနိုင်သော အကွာအဝေးသည်ရှိ၏၊ ထိုအကွာအဝေးသည် သာလျှင် ပကတိမျက်စိ၏ မြင်ကွင်းဖြစ်၏၊ ဩဠာရိကဖြစ်သော ပကတိ မျက်

စိတ်၏ မြင်ကွင်းနှင့် ကိုက်ညီဆီလျော်သော အကွာအဝေး၌ တည်ရှိသော ရုပ်ပစ္စည်း၏ ဒြဗ်တခုမှ မြစ်ရေ အယဉ်ကဲ့သို့ တသွင်သွင် မပြတ်ဘဲ ဒလစပ် ဆက်ခါဆက်ခါ ထွက်လာနေသောကြောင့်သာလျှင် တစုံတခုသော ရူပါရုံကို ကျွန်ုပ်တို့မြင်နေကြရသည်ဟု မှတ်ထင်၍ နေကြကုန်၏၊ အမြဲထာဝစဉ် ကျွန်ုပ်တို့၏ မျက်လုံး၌ အာရုံထင်နေသည်ဟူ၍ ယုံမှတ်နေကြကုန်၏။

အမှန်မှာ ဤသို့မဟုတ်ချေ၊ ကျွန်ုပ်တို့ ပြတ်သားကြည်လင်စွာ မြင်ရသော ရူပါရုံတခုသည် ကျွန်ုပ်တို့၏ မျက်စိမြင်ကွင်းကို ကျော်လွန်၍ သွားသော ခဏ၌ ဒိဗ္ဗရူပါရုံ (ဝါ)နူးညံ့သိမ်မွေ့သော အဆင်းဓါတ်အဖြစ်သို့ ကူးပြောင်း သွားမြဲဖြစ်သေးသည်။

သို့ဖြစ်ရာ စကြ္ဝဠာသာဒ အကြည်ဟု ခေါ်ဆိုအပ်သော ကျွန်ုပ်တို့၏ မျက်စိရုပ်ဓါတ်ကို အညစ်အကြေး ချေးညှော်မကပ်ဘဲ တိုးတက်ကြည်လင်လာအောင် ပိုမိုသိမ်မွေ့ နူးညံ့၍ အမှု၌ ခံ့လာအောင် ပြုပြင်ဖန်တီးခြင်းဟူသော သင်္ခတမှုကို ပြုရန်သာလျှင် မှချဆက်ဆက် ကျွန်ုပ်တို့အတွက် အလိုအပ်ဆုံးသော ကိစ္စတရပ်ဖြစ်ချေသည်။

ကျွန်ုပ်တို့မှာရှိသော မျက်စိရုပ်ကား ကျွန်ုပ်တို့နှင့်သာလုံးဝသက်ဆိုင်သော ပစ္စည်းတရပ်ဖြစ်ရာ ၎င်းကို ကျွန်ုပ်တို့ အလိုရှိသော အခြေအနေသို့ ရောက်အောင် ပြုပြင် ဖန်တီးနိုင်သော အခွင့်အရေးကို ကျွန်ုပ်တို့ ရရှိပြီး ဖြစ်ကြကုန်၏။

၎င်းသည် ကျွန်ုပ်တို့၏ စေတနာ သဒ္ဓါလုံ့လဝီရိယ ရှိသသောက် (ဝါ) ကျွန်ုပ်တို့ဖန်တီး ပြုပြင် နိုင်သလောက် အ

ရောင်တောက် သန့်စင်ပြီး ကြည်လင်၍ နူးညံ့သိမ်မွေ့၍လာ ပေလိမ့်မည်၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်၌ရှိပြီးဖြစ်ကုန်သော သြဠာရိကရုပ်ကြမ်းတို့သည် တဖြည်းဖြည်း တစတစ နေရာဖယ်၍ ပေးကြကုန်သဖြင့် ၎င်းတို့၏ နေရာသို့ သုခုမရုပ်ဓါတ်များ အစားဝင်ရောက်၍ လာကြပေလိမ့်မည်၊ **စား, သောက်, ရှူ, ထုတ်** ဟူသော ရုပ်သစ်တမှုသုံးမျိုးတို့ဖြင့် ဖိုကျင်ထိုး သကဲ့သို့ အဖန်ဖန်အထပ်ထပ် နှေမပြတ် ညမခြား ကြိုးစား၍ ပြုပြင်ဖန်တီးခြင်းငှါ စွမ်းနိုင်ခဲ့လျှင် ကျွန်ုပ်တို့၏ မိမွေဖမွေ ဖြစ်သော မျက်စိတို့သည်လည်း ဒိဗ္ဗ အခြေအနေသို့ ကောန်မုချ ဆိုက်ရောက်ရပေဦးမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်ချေသည်။

ထိုသို့ဆိုက်ရောက်သောအခါ ကျွန်ုပ်တို့လည်း ဒိဗ္ဗစက္ခု ရှင်ဟူသောဘွဲ့ကို ခံယူ၍ ဒိဗ္ဗရူပါရုံ (သို့မဟုတ်) သုခုမရူပါရုံတို့ကို အနီးအဝေး အတားအဆီး အကာအကွယ်ကင်းပြီး ထင်လင်းပွတ်သားစွာ မြင်နိုင်ကြရပေလိမ့်မည်၊ ထိုကြောင့် လောကလူသားသည် မိမိ၏ယုံကြည်မှု (ဝါ) မယုံကြည်မှုကို ရက်စက်စွာ စွန့်ပယ်ပြီးလျှင် လက်တွေ့စမ်းသပ်၍ ကြည့်ရှုရာ၏၊ တကယ်တမ်းကြိုးကုပ်၍ တကယ်တမ်း လုပ်ခဲ့သော် တကယ်ဘမ်းဖြစ်၍ ယောဂီပုဂ္ဂိုလ်သည် တကယ်တမ်း မွန်မြတ်သော ချမ်းသာနှင့် မုချရင်ဆိုင်ရပေ လိမ့်မည်၊

**ဥပမာ**— ကျွန်ုပ်တို့၏ မိမွေတိုင်း ဖမွေတိုင်း ဖြစ်သော ပကတိမျက်စိသည် ခရီးတမိုင် ပတ်ဝန်းကျင်အတွင်း၌ တည်ရှိ၍ တစုံတရာ ဗဟိဒ္ဓ အကာအကွယ်မှ ကင်းသော သြဠာ

ရိက ရုပါရုံ အကြွမ်းကို မြင်စွမ်းနိုင်သည် ဆိုကြပါစို့၊ ထိုအခါ ထိုမျှအားရှိ၍ ထိုမျှကြည်လင် ပြတ်သားစွာ မြင်နိုင်သောမျက်စိကို မှန်ပြောင်းတည်းဟူသော ဗဟိဒ္ဓရုပ် ပစ္စည်းတခုဖြင့် ကူညီ၍ ပေးလိုက်ရာ၏၊ သို့ပေးလိုက်လျှင် ၎င်းမျက်စိသည် အသုံးပြု၍ ကြည့်ရှုသော မှန်ပြောင်း၏ ပါဝါအားလျော်စွာ ငါးမိုင် (သို့မဟုတ်) ဆယ်မိုင်အတွင်း၌ ထင်လင်းတည်ရှိဆဲဖြစ်သော ဩဠာရိက ရူပါရုံတို့ကို များစွာ ခက်ခဲခြင်းမရှိဘဲ မြင်စွမ်းနိုင်ပေလိမ့်မည်။

ဤသာဓက ဥပမာ၌ ငါးမိုင်၊ ဆယ်မိုင်အတွင်း၌ တည်ရှိသော ရူပါရုံသည် ထိုမျှအတိုင်း အဘာရှိသော အကွာအဝေး၌သာ ဩဠာရိကရုပ် အဖြစ်၌ တည်ရှိနိုင်၏။

သို့ရာတွင် ၎င်းကို ကျွန်ုပ်တို့ မမြင်ရခြင်း(ဝါ) မမြင်နိုင်ခြင်း၏ အကြောင်းရင်းမှာ ထိုသည့်ရူပါရုံသည် သုခုမ(ဝါ) နူးညံ့သော အာရုံ အဖြစ်သို့ ကူးပြောင်းသွားသော ကြောင့်မဟုတ်ချေ။

စင်စစ်မှာ ၎င်းရူပါရုံသည် ကျွန်ုပ်တို့၏ မြင်ကွင်းကို ကျော်လွန်၍ ၎င်း၏အပ၌ တည်လျက် နေသောကြောင့်သာ ဖြစ်ချေသည်။

ထိုမှတပါး-အဝေးကြည့် မှန်ပြောင်းစသည်တို့၏ အကူအညီဖြင့်သာ မြင်ရသော (ဝါ) ပကတိမျက်စိဖြင့် မမြင်ရသော ရူပါရုံသည်လည်း ၎င်း၏ မိရာဖြစ်သော မူလရုပ်ဒြဗ်ကြမ်းနှင့် တွဲလျက် ရှိသေးသောကြောင့် ဩဠာရိကသာ ဖြစ်နိုင်၏။

အကယ်တစေ ငါးမိုင်ကွာ အရပ်၌တည်ရှိနေသော ရုပ်ဒြဗ်တခုသည် မူလ တည်ရပ်မြဲ နေရာမှတပါး အခြားနေရာတခုသို့ ပြောင်းရွှေ့၍ သွားခဲ့လျှင် ထိုသည့်ရုပ်ဒြဗ်မှ အမြဲထွက်ခွါလာနေသော သုခုမ အဖြစ်သို့ ရောက်ပြီးဖြစ်သော ရူပါရုံကိုမူကား မှန်ပြောင်းစသည်တို့၏ အကူအညီကို ယူစေကာမူ မမြင်နိုင်တော့ချေ။

အကြောင်းမူကား—မှန်ပြောင်းသည် မည်မျှ မည်မျှပင် အားကောင်းစေကာ ၎င်းလည်း ဩဠာရိက အခြေအနေကို မလွန်မြောက်သေးသောကြောင့် (ငါ) ကြမ်းသော ရုပ်ပစ္စည်း အဖြစ်၌သာ ရှိသေးသောကြောင့် သုခုမ နူးညံ့သော ဘာဝသို့ ကူးပြောင်းသွားပြီးဖြစ်သော ရူပါရုံကို ထင်လင်းပြတ်သားစွာ မြင်နိုင်စေရန် ကူညီခြင်း အမှုကို မပြုနိုင်တော့ချေ၊ အဆင်းဝဏ္ဏခေါ်တဲ့ ရူပါရုံတခုသည် ၎င်း၏ မိခင်ရင်းရုပ်ဒြဗ်နှင့် မကွာ မကွဲသေးဘဲ တွဲလျက်နေစဉ် ခဏ၌ ဩဠာရိက အဖြစ်တွင်တည်ရှိ၏။

သို့ရာတွင် မူလ ဒြဗ်ရင်းနှင့် ကွဲကွာလိုက်သည်နှင့် မရွေး မနှောင်းပင် ၎င်းသည် နူးညံ့သိမ်မွေ့သော သုခုမ ရုပ်ဓါတ် အဆင့် အတန်းသို့ ဆိုက်ရောက် သွားသည်ဟူ၍ မှတ်ယူ သင့်၏။

ထိုနောက် ၎င်းရုပ်ဓါတ်သည် မိခင်ဖြစ်သော ဒြဗ်ရင်းနှင့် ခရီးတိုင်း တာ ကွာဝေး၍ သွားလေလေ ပို၍ ပို၍ နူးညံ့ သွားလေလေ ဖြစ်လိမ့်မည်၊ ၎င်းကား မိခင်သေသော်လည်း အရှိန်မပြေဘဲ အနန္တ အာကာသ၌ အနန္တသုခုမ ဖြစ်သွား

သည်ပတိုင်အောင် အနန္တ ပြေးလွှားနေမည့် အရာ **အစစ်** ဖြစ်သတည်း။

ဤသို့သော အချက်တို့ကို ဆင်ခြင် ထောက် ထား၍ စဉ်းစား ဝေဖန်ခဲ့သော်၌ **ဒိဗ္ဗနှင့် မာနုသိက** ဟူသော ရုပါရုံ နှစ်မျိုး နှစ်စားလုံးကို အဘား အဆီး အကာ အကွယ်မရှိဘဲ ထင်လင်းပြတ်သားစွာ မြင်နိုင်ရန် ကြည့်ရှုနိုင်ရန် အတွက် အရေး အကြီးဆုံးဖြစ်သော ပဓါန အချက်မှာ သဝိညာဏက သတ္တဝါတိုင်း၏ ရှဲဖြင့်ပြီးသော မျက်လုံးကို သိမ်မွေ့နူးညံ့အမှု၌ ခံ့လာအောင် မစွန်းမကွက် အစွမ်းထက်၍ အရောင်လက်လာအောင် သန်တမှု ပြုပေးရန်သာ ဖြစ်ကြောင်း ထင်လျှားသည်။

ရုပ်ပစ္စည်း တခုကို ပြုပြင်မွမ်းမံရာ အားပေးကူညီရာတို့၌ အခြားသော ရုပ်ပစ္စည်းတခုကို အသုံးပြုရသောအချက်ကား မမေ့ထိုက်သော အချက်ဖြစ်၏။

ဥပမာ-ကျွန်ုပ်တို့၏ အားနည်းမှုံဝေ၍ လာသော မျက်လုံးကို အားပေးကူညီရန် မှန်းတီးပြုလုပ်ကြသော မျက်မှန် မှန်ဘီလူး မှန်ပြောင်းစသော အသုံး အဆောင် ကိရိယာ တန်ဆာပလာ များ သည် ဖလ် ဇည်း ဟူ သော ရုပ် ပစ္စည်း သာ ဖြစ်သကဲ့သို့တည်း။ ထိုကဲ့သို့ လောကဝိဇ္ဇာအစွမ်းဖြင့် ပြုပြင်ဖန်တီး၍ ထားအပ်သော ရုပ်ပစ္စည်းတို့ဖြင့် သေချာ ဂန အချိုးအစားကျအောင် အားပေး ကူညီလိုက်သောအခါတွင် ကျွန်ုပ်တို့၏ မှုံဝေနေသော (ဝါ) အားနည်း၍ နဲ့သော မျက်စိသည် အဆမတန် အားကောင်း၍ လာရုံမျှမကမူ၍

ကျွန်ုပ်တို့၏ ပကတိ မျက်စိဖြင့် မမြင်နိုင်ကောင်းသော (ဝါ) အလွန်လျှင် သိမ်မွေ့နူးညံ့လှသော အနုမြူ-ပရမာနုမြူစသော ရုပ်တို့ကိုပင် ကြည်လင်ပြတ်သားစွာ မြင်နိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံ လာလေသည်။

ဤသို့သောနည်းဖြင့် သဘာဝဓမ္မ၏ အံ့ဘနန်းဖြစ်သော ဆန်းကြယ်မှုကို တွေ့ရှုဆင်ခြင် အပ်လေသည်။

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်၏ အပြင်အပ၌ရှိသောဗဟိဒ္ဓကမ္ဘာ လောကဓာတ်ကြီးအတွင်း၌တည်ရှိ၍ သက်မဲ့အဝိညာဏက ဖြစ်သော ဖလ်မှန်စသော ရုပ်ပစ္စည်းတို့ကို အထက်၌ ဖေါ်ထုတ်ခဲ့ပြီးသော နည်းများဖြင့် ကြမ်းထမ်းသော ဩဠာရိက အခြေအနေမှ နူးညံ့သိမ်မွေ့သော သုခုမ အခြေအနေသို့ ရောက်အောင်သော်ငြင်း (သို့မဟုတ်) ပိုမိုသိမ်မွေ့နူးညံ့၍ အမှု၌ ခံ့လာအောင်သော်ငြင်း ပြုပြင်ဖန်တီးနိုင်သော အစွမ်းသတ္တိ ကျွန်ုပ်တို့မှာ လက်ဆုပ်လက်ကိုင် တကယ်ပိုင် သဘောဖြင့်ရှိနေသော အချက်သည် ဇ္ဈတ္တိသဗဒ္ဓကမ္ဘာလောက၌ တည်ရှိသော သက်ရှိ သဝိညာဏ အစစ်ဖြစ်သော မျက်စိတည်းဟူသော ကျွန်ုပ်တို့၏ ရုပ်ပစ္စည်းကို အဘယ်အကြောင်းကြောင့် သုခုမ(ဝါ)ဒိဗ္ဗဟူသော နူးညံ့သောအခြေသို့ ရောက်အောင် ပြုပြင်ဖန်တီးခြင်းငှါ မစွမ်းဘဲ ရှိတုံအံ့နည်း ?

ဟူသော ပြဿနာကို တိုးတက် ခိုင်မြဲ စေလေသည်။ ထိုမျှမက ထိုကဲ့သို့ အလိုရှိသည့်အတိုင်း ပြုပြင် ဖန်းတီးနိုင်သည့် စွမ်းရည်သတ္တိ တင်းပြည့် ကျပ်ပြည့် ရှိရမည်သာ တည်းဟူသော အချက်ကိုပါ ညွှန်ပြလျက် နေချေ၏။

ဤသို့သော ညွှန်ပြချက် အားလျော်စွာ ကျွန်ုပ်တို့သည် တိကျမှန်ကန်စွာ လိုက်နာလုပ်ကိုင်ရန်သာ လိုသည်။ **ဖြစ်-မဖြစ်**ဟူသော အရေးကို တွေးပြီး ဖင့်နွှေးလေးကန် အပျင်းကြောသန်နေစရာပင် မလိုသလောက် ဖြစ်၍နေချေပြီ။

နှုးညံ့သိမ်မွေ့သော သုခုမရုပ်ပစ္စည်းတို့မှာ ကြမ်းထမ်းသော ဩဠာရိက ရုပ်ခါတ် သားနှင့်ထက် ပိုမို၍ သိပ်သည်းသော သိန္ဒိဂုဏ်ရှိကြပြီ ဖြစ်ကုန်၏။

ထိုမှတပါး— ၎င်းတို့မှာ ပို၍၍ စိတ်သော အာကာသပဒေ္ဒသည်းရှိကြကုန်၏၊ ထို့ကြောင့် သုခုမရုပ်တို့သည် ဩဠာရိက ရုပ်တို့ကို တိုးလျိုးဖေါက်ထွင်း၍ သွားနိုင်သော သတ္တိရှိကုန်၏၊ ၎င်းတား သဘာဝအားဖြင့် ပဒုမ်က အမှန်ပင် ဖြစ်ချေသည်။

သို့ဖြစ်ရာ သုခုမ အခြေအနေသို့ ဆိုက်ရောက်ပြီးဖြစ်သော ဩဠာရိက ဆိုအပ်သော အဆင်းရုပ် ပစ္စည်းတို့သည် အဆီးအတားနှင့် အကာအကွယ်တို့ကို မသိကြကုန်သဖြင့် အာကာသဟောင်းတွင် လွတ်လပ်စွာ ပြေးလွှား ပျံသန်း နိုင်သော သတ္တိနှင့် ပြည့်စုံကြကုန်၏။

ထို့ကြောင့် ဒိဗ္ဗစက္ခုရှင်သည် (သို့တည်းမဟုတ်) မိမိ၏ ဩဠာရိက အဖြစ်၌ တည်ရှိနေသော မျက်စိအစုံကို ဖြောင့်မှန်မွန်မြတ်သော နည်းကောင်း ဥပါယ်ကောင်းတို့ဖြင့် သုခုမ အခြေအနေသို့ ဆိုက်ရောက်အောင် ဖန်တီးပြုပြင်ခြင်းငှါ စွမ်းနိုင်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် ထိုထိုများစွာ ဤကမ္ဘာ-ထိုကမ္ဘာ လောကဘုံ၌ ဖြစ်ကြ ပေါ်ကြ ပျက်ကုန်

ကြ၍ အမျိုးမျိုး အဖုံဖုံ စုံ၍နေသော အဆင်းရူပါရုံတို့ကို ကြည့်မြင်နိုင်ရန် လုံ့လစိုက်ထုတ်၍ ထိုထိုဤဤ ပြေးလွှား၍ သွားလာနေရန်ပင် မလိုချေ။ စင်စစ်မှာ မိမိထိုင်၍နေသော သစ်တပင်းရင်း (သို့မဟုတ်) ဂူအတွင်းသို့ အဆက်မပြတ် ဒလစပ် ဆိုက်ကပ်ဝင်ရောက်လာသော လာလတံ့ဖြစ်သော ထိုထိုများပြားလှကုန်သော သုခုမ ရူပါရုံတို့ကို စိတ်ညွတ် အာရုံပြု၍ မျက်လွှာကို ဖွင့်လိုက် ပင့်လိုက်ရုံနှင့် မြင်စွမ်းနိုင်လေတော့၏။

မည်ရွေ့မည်မျှ ဝေးကွာသော အရပ်ဒေသမှ အဆင်းရူပါရုံပင် ဖြစ်စေကာမူ မကြာခဏ ဆောလျင်စွာပင် ယုံကြည်မှုကို လွှန်၍နေသော လျင်မြန်ခြင်း အဟုန်ဖြင့် ပြေးလာပြီးလျှင် အာရုံပြု၍ နှလုံးသွင်းနေသော ဒိဗ္ဗစက္ခုအရှင်၏ မျက်လုံး အကြည်ဓါတ်သို့ ဝင်ရောက် ထိခိုက်မြဲ ဖြစ်၏။

အကြောင်းမူကား- ဤစကြဝဠာ ကမ္ဘာလောကဓါတ် အတွင်း၌ရှိသော ရုပ်ပစ္စည်းမှန်သမျှတို့သည် ဩဠာရိကပင် ဖြစ်စေ (သို့မဟုတ်)သုခုမပင် ဖြစ်စေ ဘုတ်လှိုင်းအဆင့်ဆင့် အားဖြင့် အချင်ချင်း ဆက်စပ်လျက် တည်ရှိသောကြောင့် တည်း။

---

## ၅။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်

ပုဗ္ဗ-ရှေး၌ လွန်ပြီးသော အတိတ်ကာလ၌။ နိဝါသ-နေခဲ့ပုံ ဖြစ်ပျက်ခဲ့ပုံ အခြင်းအရာအစုံ။ အနုဿတိဉာဏ်-တွေးတော ဆင်ခြင်သိမြင်နိုင်သောဉာဏ်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်-ရှေးဖြစ်ကို သိသောဉာဏ်။

ကာလဟူသည်ကား-အချိန်၏ အမည်တရပ်သာ ဖြစ်၏။ ၎င်းကား အစကို မသိရှိမျှခကဘဲ အဆုံးလည်း မထင်နိုင်သော သဘောတရားတခု ဖြစ်ချေသည်၊ ၎င်းသည် လောက၌ တန်ခိုး ပါဝါအကြီးဆုံး အမြင့်ဆုံး အထက်ဆုံးဟု ဆိုအပ်သော အရာအားလုံးတို့ထက် ပိုမိုကဲလွန် ချွန်ထက်သော အာနုဘော်နှင့် ပြည့်စုံ၏၊ အကြီးကျယ်ဆုံးမှ အသေးငယ်ဆုံး ဖြစ်သော ကမ္ဘာပစ္စည်း မှန်သမျှသည် ၎င်း၏ အစေသာဖြစ်၏၊ ၎င်းသည်သာလျှင် တော်လှန်သူ ကင်းမဲ့သော ပုံကန်ခြားနားသူ မပြုသေးသော ကမ္ဘာ့အာဏာရှင် ဖြစ်ခဲ့၏။

အော် - ထိုမျှ တန်ခိုးကြီးသော ကာလအာဏာရှင်ကို မည်သည့်သတ္တဝါ ပြန်လည် တော်လှန်ဝံ့အံ့နည်း?

ထိုကာလ၏ မျိုးဝါးစားသောက်မည့်ဘေးမှ ကင်းဝေးအောင်လည်း မည်သည့်သတ္တဝါ မည်သည့်အရာများ ပြေးရှောင်ပုန်းအောင်နိုင်သော စွမ်းရည်သတ္တိနှင့် ပြည့်စုံကြပါသေးသနည်း?

၎င်းသည် အယုတ်အမြတ်နှင့် အကောင်းအဆိုးကို၎င်း၊ အကြီးအငယ်နှင့် ချစ်ဖွယ်မုန်းဖွယ်ကို၎င်း၊ စက်ဖွယ်ရွံ့ဖွယ်နှင့် မျက်နှာ ကြီးငယ်ကို၎င်း လိုက်စားခြင်းမရှိဘဲ (ဝါ) ခြားနားမှုကို မပြုဘဲ နောက်ဆုံး၌ အားလုံးကို ကာကဲစတုံးမျိုဝါးစားသောက်၍ ပစ်လေ့ရှိ၏၊ ကမ္ဘာလောကကြီး တခုလုံး၏ အတွင်းမဲ့သော ပျော်မှု, ရွှင်မှုနှင့် ပူမှု, ပင်မှု စသည်တို့ကို ကားမည်းနှင့် ဖုံးသွမ်းပေးနိုင်သော တန်ခိုးပါဝါကား-သူတဦးတည်းပိုင်ဖြစ်ရာ သူသည် ၎င်းအာဏာကို အမြဲတစေ အသုံးပြု၍ မနေခဲ့လျှင် ကမ္ဘာ၏ မျက်ရည် ခမ်းခြောက်ရန် မနည်းပါ

ခဲယဉ်းပေလိမ့်မည်၊ လူသားသည် မိမိ၏ မနုဝင်ကို စလိုက်သည်နှင့် ဇာပြိုင်နက်ပင် သို့စဉ်တမျှ တန်ခိုးပါဝါ ကြီးမားလှ၍ အစမထင် အဆုံးမမြင်သော ကာလနှင့် မျက်နှာချင်းဆိုင်ခဲ့ရ၏။

ယင်းသို့ ဆိုင်ပြိုင် ပြီးနောက် သူသည် ၎င်း ကာလ ကို ပစ္စုပ္ပန်, အတိတ်,အနာဂတ် ဟူ၍ သုံးပိုင်းခွဲခြားပြီးလျှင် အသုံးပြုခဲ့၏။ ထိုနောက် နေ့၊ ည၊ ရက်၊ လ၊ နှစ် စသည်ဖြင့် ကာလကိုစိပ်ခဲ့ပြန်၏၊ လူသည် ၎င်း၏ရာဇဝင်နှင့် အသိအမြင် တိုးတက် လာသည်နှင့်အမျှပင် ကာလကို ပိုင်း ခြား မှု လည်း အနုစိပ်၍ လာခဲ့လေသည်၊ နေနာရီ၊ရေနာရီ၊သဲနာရီ စသည်တို့မှ ယခုခေတ်ပေါ် စက်နာရီများအထိ ဖြစ်သော ပစ္စည်းတို့သည် ကာလကို ခွဲခြမ်းစိပ်ဖြာရာ၌ အသုံးပြုသော ကိရိယာတန်ဆာပလာများ ဖြစ်ကြကုန်၏။

သို့သော် မည်မျှရှေ့မည်မျှပင် ခွဲဝေပိုင်းခြား၍ မည်သို့ပင် အနုစိပ်စေကာမူ ကာလ-ဟူသောအချိန်ကား အမြတ်အသတ်မရှိ၊ အပိုင်းအခြားမရှိ၊ အနာဒိ- အစမရှိ၊ အနန္တ- အဆုံးမထင်ဘဲ ဟဆက်ဘည်း တကြာဘည်း ရှိနေသော သဘောတရားတခု ဖြစ်လေသည်။

သို့ဖြစ်ရာ သတိ တရားကို အမြဲတမ်း ပွားများ အားထုတ်ထားသဖြင့် မလွတ်ကင်းသောသတိ၊ မကွေ့ဝေသော သတိနှင့် ပြည့်စုံသူ ယောဂီပုဂ္ဂိုလ်အတွက် နေ့၊ ရက်၊ လ၊ နှစ် ဟူသော အချိန်ကာလတို့သည် ဖုံးသွမ်းခြင်း ငှါ မစွမ်းနိုင်သော အကာအကွယ်များ မဖြစ်နိုင်ကြချေ၊ နှစ်ပေါင်းများစွာသန်း ပြီးသော အတိတ်ကာလ၌ ဖြစ်ပျက်ခဲ့သော ကိစ္စအမျိုးမျိုးတို့ သည်ပင်

သတိရှင်၏ ကြည်လင်သော ဉာဏ်အမြင်၌ အာရုံ ပြတိုင်း ထင်လင်းစွာ ပေါ်ပေါက်လာမြဲ ဖြစ်လေသည်။

၎င်းသို့ ထူးခြားသော အာနုဘော်ကို ဆောင်နိုင်သော သတိနှင့်ပြည့်စုံရန် ကိစ္စ၌လည်း ပရိစယ ဟူသော အလေ့အကျင့်သည် ပဓါနဖြစ်ရာ ၂၄-နာရီအတွင်း၌ ဆောင်ရွက် ပြုလုပ်ခဲ့သောကာယကံမှု၊ မြွက်ကြားပြောဆိုခဲ့သော ဝစီကံမှုနှင့် တွေးတောကြံစည်ခဲ့သော မနောကံမှုတို့ကို တသန့်စီတသန့်စီ ကတ္တားခြား၍ မှတ်သားခြင်း (ဝါ) သတိထားခြင်း အမှုကို ပရိစယပြုဖန်များခဲ့သော် မေ့လျော့ လွင့်ပါး၍ သတိမထားမိသော ကိစ္စများ တဖြည်းဖြည်း ပေါင်းပါးခြင်းသို့ ရောက်သွားကြပေလိမ့်မည်။

ယင်းသို့ဖြစ်ခဲ့သော် ယောဂီပုဂ္ဂိုလ်သည် ကြည်လင်သော ရုပ်မျက်စိ မှေ့ပျောက်ခြင်း ကင်းသောသတိဖြင့် အတိတ် ဟူသော လွန်ခဲ့ပြီးကာလကို ပြန်လည်စဉ်းစား၍ ကြည့်ရှုခဲ့လျှင် အားလုံးသော အာရုံတို့သည် ကြည်လင် ပြတ်သား စွာပင် အစဉ်အတိုင်း အပြည့်အစုံ ပေါ်ထွက်လာကြပေလိမ့်မည်။

နာရီ၊ နေ့၊လ၊ နှစ်၊ဘဝဟူသော အချိန်ကတ္တားတို့သည် ထိုမျှကြိုးကုတ်ပြီး ရိုမျှလုပ်ထားသော သတိရှင်ကို တစုံတရာ အနှောင့် အယှက်ပေးရန် စွမ်းနိုင်သော သတ္တိမှ ချို့တဲ့လျက် ရှိကြကုန်၏။

ဖြစ်ပြီး၍ အမှတ်ထားပြီး (ဝါ) သတိပြုပြီး ဖြစ်ကြကုန်သော အာရုံဟူသမျှတို့သည် ယောဂီပုဂ္ဂိုလ်၏ မနောအကြည် ဟုဆိုအပ်သော ဟဒယရုပ်ပြင်၌ အားလုံး တပြင်တည်းကဲ့သို့ တည်ရှိနေကြလေကုန်၏။

ဤသို့ မရောမယှက်ဘဲ တကွက်စီတကွက်စီ အလွန် သိမ်မွေ့စွာ တည်ရှိကြကုန်သော အာရုံတို့ကို ၎င်းသည် အကြမ်းစားအားဖြင့်၎င်း၊ အနုစားအားဖြင့်၎င်း ခွဲခြား၍ မြင်စွမ်းနိုင်လေသည်။

ဤသို့အားဖြင့် နီးသည်ဖြစ်စေ (သို့မဟုတ်) ဝေးသည်ဖြစ်စေ လွန်ပြီးသော အတိတ်ကာလ၌ ဖြစ်ပျက် ခဲ့ပြီးသော ကိစ္စအားလုံးကို သိမ်းရုံး၍ ပြန်လှည့်ဆင်ခြင် သိမြင်နိုင်သော အရည်အချင်းသည် ပုဗ္ဗေနိဝါသာနုဿတိ မည်သတည်း။

ထိုကဲ့သို့သော အမြင်ဉာဏ်ကို ရရှိရန်အတွက် အားထုတ်မှုသည် ၎တ်တိုရေလောင်း၊ တောင်းပေါက်ရေသယ် လုပ်ငန်းတရပ် ဖြစ်သည်ဟု မှတ်ထင်ရပေသည်။

သို့ရာတွင် ကော်ခဲ့သည်ကားမှန်၏၊ မဖြစ်နိုင်သော အရာကား မဟုတ်ချေ၊ စင်စစ်မှာ အလုပ်သမားဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်၏ စေတနာ သဒ္ဓါ ဝီရိယ ပြည့်ဝတန်းမိဘို့သာ လိုလေသည်။

ပျင်းရိခြင်း ကင်းသော ယောဂီ ပုဂ္ဂိုလ်သည် တနေ့နှင့် တညဟု ဆိုအပ်သော ၂၄-နာရီ အတွင်း၌ ပြုလုပ်ပြောဆို ကြံစည်ခဲ့သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို တခုမျှ လစ်၍ မကျန်ရအောင် မှတ်ထားခြင်းဖြင့် စတင် လေ့ကျင့်ရာ၏၊ ထိုနောက် ရက်မှ ပက္ခသို့၎င်း၊ ပက္ခမှ လသို့၎င်း၊ လမှ နှစ်သို့၎င်း တိုးတက်၍ ထိုထိုသော အချိန်ကာလ အတွင်း၌ ဖြစ်ပျက်ပြုလုပ်ပြောဆိုသမျှတို့ကို မှတ်သားမိအောင် သတိထားရာ၏။

ယင်းကဲ့သို့ မပြတ်အစဉ် သတိနှင့် ဆင်ခြင်၍ နေဖန်များလာခဲ့သော် လွန်ပြီးသော အတိတ်၏ နှစ်-လ-ရက်-နာရီဟူသော ကန့်လန့်ကာတို့သည် တခုပြီးလျှင်တခု ဆက်ခါဆက်ခါ ကွာ၍ သွားကြလေကုန်၏၊ အကြောင်းမူကား ၎င်းကန့်လန့်ကာတို့သည် သဘာဝအားဖြင့် တကယ်ရှိသော ပစ္စည်းများမဟုတ်ကြကုန်ဘဲ လူသားသည်သူ၏အသုံး(ဝါ) သူ၏ ကိစ္စတို့၌ လွယ်ကူစွာ အသုံးပြုနိုင်ရန် ကြံစည် ဖန်တီးထားသော အရာများသာ ဖြစ်သောကြောင့်တည်း။

သို့ရာတွင် အဘယ်ကဲ့သို့သော နည်းဖြင့် ဤသို့ မြင်ခြင်းငှါ စွမ်းနိုင်သနည်း ဟူ၍ အဘင်း အကြပ် ကပ်သပ်ပြီး မရမနေ မေးမြန်းလာချေသော် ကျွန်ုပ်တို့ မသိပါ ဟူသော အဖြေမှတပါး အခြားဖြစ်ရာကား မရှိတော့ချေ၊ သို့သော် ပုံတူကလေးတခုကိုတော့ ကျွန်ုပ်တို့ ညွှန်ပြ နိုင်ကြပါကုန်၏၊ ၎င်းကား အခြား မဟုတ်ပါ၊ တဖက်ပြင်ဖြင့်သော အခြားအခန်းအတွင်း၌ ထွန်းလင်းနေသော မီးရောင်ကို တရပ်ကပ် အကြား၌ မြင်လိုသူသည် မိမိ၏ အခန်းတွင်းမှ မီးရောင်ကို ရှေးဦးစွာ မှိန်လိုက်ရာ၏ ပင်ဖြစ်သတည်း။

## ၆။ စေတောပရိယဉာဏ်

### စိတ်ကိုပိုင်းခြား၍ သိသောဉာဏ်

၎င်းကား ပရစိတ္တဝိဇာနန ဉာဏ်ဟူသော အမည်နာမဖြင့် အများနှုတ်လိုက်နေသော ဉာဏ်ဖြစ်၏။

အဓိပ္ပါယ်မှာ- သူတပါးတို့၏ စိတ်ကို သိသောဉာဏ်ဟု ဆိုလိုသည်။

ဤဉာဏ်ကို ရရှိပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်သည် အခြားသောသတ္တဝါတို့၏ စိတ်ကို သိနိုင်ရန် မိမိ၏စိတ်ကို ပြုပြင်ပြီးဖြစ်ရာ ထိုထိုများစွာ အခြား အခြား ကုန်သော သတ္တဝါတို့၏ ရာဂမကင်းသော စိတ်နှင့် ရာဂ ရှင်းသော စိတ်ကိုရင်း၊ ဒေါသယှဉ်သောစိတ်နှင့် ဒေါသစင်သော စိတ်ကိုရင်း မောဟယှဉ်သောစိတ်နှင့် မောဟစင်သောစိတ်ကိုရင်း သိ၏။

ထိုပြင်လည်းသူသည် ကျဉ်းမြောင်းသောစိတ်ကို ကျဉ်းမြောင်းသောစိတ်ဟူ၍ရင်း၊ပျံ့လွင့်သောစိတ်ကို ပျံ့လွင့်သော စိတ်ဟူ၍ရင်း၊ မဟဂ္ဂုတ် စိတ်ကို မဟဂ္ဂုတ်စိတ် ဟူ၍ရင်း၊ လွတ်မြောက်သော စိတ်ကို လွတ်မြောက်သော စိတ်ဟူ၍ရင်း၊ မလွတ်လပ်သော စိတ်ကို မလွတ်လပ်သော စိတ်ဟူ၍ရင်း၊ တည်ငြိမ်သော စိတ်ကို တည်ငြိမ်သောစိတ်ဟူ၍ရင်း၊ မတည်ငြိမ်သော စိတ်ကို မတည်ငြိမ်သော စိတ်ဟူ၍ရင်း သိမြင်နိုင်လေတော့၏။

ဥပမာသော်ကား- အသက်အရွယ်အားဖြင့် နုနယ်ပျိုမြစ်သော လှမှု ပမှု၊ ယဉ်ကျေးမှုကို လိုလားနှစ်သက်သော အဆင် အမျိုးမျိုးရှိသော တန်ဆာပလာဒွါဒရာတို့ကို အချိုးကျ အဆင်ပြေအောင် ဝတ်ရုံဆင်မြန်းပြီးသော ယောက်ျားပျို(သို့မဟုတ်) မိန်းမပျိုသည် ပြတ်သားကြည်လင် ညစ်ကြေး မပါဝင်သော ကြေးမုံပြင်၌ရင်း (သို့မဟုတ်) အနယ် အနှစ်ကင်း၍ သန့်ရှင်း ကြည်လင်သော ရေပြင်၌ရင်း၊ မိမိ၏ကိုယ်

ကို ကြည့်ရှုသောအခါ ချေးညှော်ကင်း၊ မကင်း၊ အစွန်း အထင်းရှိ၊မရှိကို တိကျပြတ်သားစွာ မြင်နိုင်သကဲ့သို့တည်း။

ဤသို့ ဖော်ပြခဲ့သည့်အတိုင်း မိမိမှတပါး အခြားသော သတ္တဝါတို့၏ စိတ်တို့ကို သိနိုင်သော ဉာဏ်ဆိုသည်မှာ ဖြစ်နိုင်သော အရာမှ ဟုတ်ပါလေ၏လော ?

၎င်းသည် လက်တွေ့ သာဓက မပြနိုင်ဘဲ စိတ်ကူး၍သာ တည်ရှိသော အရာမဟုတ်တုံလော?

စသည်ဖြင့် စောကြောမေးမြန်းသူတွေ အတန်ပေါများသော ခေတ်သို့ ရောက်လျက်နေချေပြီ။

လောကဓါတ်ပညာ ထွန်းကား၍ အဖက်ဖက်၌ တိုးတက်နေသဖြင့် အခြေအနေ မြင့်လှပြီးဟု ထင်နေရသော လူသား၏ ဉာဏ်အမြင်ကား ကြည်လင် ပြတ်သားခြင်း ကင်းရှိမျှ မက မှု၍ အလွန်မှေးမှိန် သေးသိမ်လျက် ရှိချေသေး၏၊ အော်– အထင်နှင့် အဝင် ကွာလှချေ၏ တကား။

စကြဝဠာဟုသော– ဤကမ္ဘာလောကဓါတ် အတွင်း၌ ဟင်းလင်း ကွက်လပ်ကို ရှာမရနိုင်ချေ၊ အာကာသတခုလုံးသည် အနုမြူ,ပရမာနုမြူစသည်တို့ဖြင့် ပြည့်ကြပ်လျက် ရှိ၏၊ ၎င်းတို့သည် လူသား၏ ပကတိမျက်စိ၏ပါဝါကို ကျော်လွန်၍ နေကြစေကာ. ခေတ်ပေါ် မှန်ဘီလူးတို့သည် ထိုမျှသေးငယ်မှုံမွှားသော မြူကလေးများ ရှိကြောင်းကို၎င်း၊ ထိုပြင် ၎င်းတို့သည် အငြိမ်မနေ ပြေးလွှားလျက် ရှိကြောင်းကို၎င်း၊ ထိုမှ တပါး ၎င်းတို့အချင်းချင်း ဆက်စပ်ခြင်းသမ္ဗန္ဓ ( ဝါ ) သံယောဂ မကင်းသော အချက်ကို၎င်း ခိုင်လုံစွာ သက်သေခံ ပေးလျက် ရှိကြလေကုန်ပြီ။

ထိုကြောင့် သီးခြားသဘောတရားသည် ဤလောကဌ် မရှိနိုင်ဟူ၍ ကင်းရှင်းသော သံသယဖြင့် ဆိုနိုင်လေသည်။

သို့ဖြစ်ရာ စိတ်ဆိုသည်ကား ဘာလဲဟူသော ပြဿနာကို စဉ်းစားဝေဖန်ရန် လိုလာချေသည်၊ စိတ်ဆိုသည်မှာ ၎င်း၏သဘောသွားကို မည်ရွေ့မည်မျှ ကွဲပြားခြားနား၍ ဟောကြပြောကြစေကာ အမှန်မှာ ဟဒယ(ဝါ)ဦးဏှောက်ဟူသော ရုပ်ထွက်ပစ္စည်းဖြစ်၏ ဟူသောအချက်၌ ဝါဒကွဲ မရှိကြချေ။

ရုပ်ပံ ပဋိစ္စ နာမံ ပဝတ္တတိ-ရုပ်ကိုမှီ၍ နာမ်တရားပေါ်၏ ဟူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာသည် ဤအချက်၌ ခိုင်လုံသော သာဓကတရပ် ဖြစ်၏။

ဤသို့ ဖြစ်လျှင် ဟဒယ ဟူသော ရုပ်သည် စကြဝဠာကမ္ဘာလောကဓါတ်တခုလုံး၌အပြံ့အနှံ့ပြေးလွှားနေသော အနုမြူ ရုပ်ဓါတ်အားလုံးတို့နှင့် ဆက်စပ်ခြင်းမကင်းချေ ဟူသော အမိပ္ပါယ်အနက်လည်း မကွယ်မဝှက်ဘဲ ပေါ်ထွက်လာချေသည်။

စိတ်ဟူသော နာမ်တရား၏ အခြေခံသည် ရုပ်ဖြစ်၏၊ ၎င်းသည် အာကာသရှိ ရုပ်ဓါတ်အားလုံးနှင့် ဆက်စပ်လျက်ရှိ၏၊ ထိုကြောင့် သဗ္ဗဗျာပီ-အကုန်လုံး၌ ပျံ့နှံ့သော၊ သဗ္ဗသမ္ဗန္ဓိ-အားလုံးနှင့် ဆက်စပ်လျက်နေသော အခြေခံသဘောတရားကို သိမ်မွေ့နူးညံ့၍ အမှု၌ ခံ့အောင်ပြုပြင်ဖန်တီးလေ့ကျင့်ပြီးဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ၎င်း၏ ဟဒယရုပ်နှင့် တဆက်ထည်း တစပ်ထည်း တည်ရှိကြကုန်သော

အနန္တစကြဝဠာ ကမ္ဘာ လောကဓာတ်အဘွင်း၌ ရှိနေကြကုန်သော အခြား အခြားကုန်သော ဟဒယရုပ်တို့ကို ပိုင်းခြားဝေခွဲ၍ သိမြင်နိုင်လေသည်။

ဤသို့သော နည်းအားဖြင့် အခြေခံ အစစ်မူလ ဖြစ်သော ဟဒယရှင်ကို အနုစိပ်၍ သိစွမ်းနိုင်လျှင် ၎င်းမှ ထွက်သော (ဝါ) ၎င်းကိုအမှီသဟဲပြု၍ ဖြစ်ပေါ်ကြကုန်သော နာမ်ဟူ၍ ၎င်း၊ ဝိညာဏ် ဟူ၍၎င်း၊ စိတ်ဟူ၍၎င်း ထင်လျှား သော သဘောတရားကိုလည်း လွယ်ကူစွာပင် သိစွမ်းနိုင်လေတော့၏။ (နက်နဲလှ၏၊ ခက်ခဲလှ၏၊ ကြံ၍ကြံစည်ကြကုန်ရာ၏)

အထက်၌ဖော်ထုတ်ညွှန်ပြခဲ့ပြီးသော လမ်းစဉ်တွင် လေးဆင့်မြောက် ဖြစ်သော စတုတ္ထ ဈာန်သည် အပန်း တကြီး မရောက်မနေ **သေမြေကြီး—ရှင်ရွှေထီး** ဟူ သော ဗွဲဖြင့် သဲသဲမဲမဲ ချိတက်၍ ယောဂီပုဂ္ဂိုလ်ဘိုင်း သိမ်းပိုက်သင့်သော ပဓါနအခြေခံ စခန်းဖြစ်၏၊

စတုတ္ထဈာနသမာဓိဖြင့် မွှန်းအပ် ထုံအပ်သဖြင့် ကောင်းစွာ တည်ငြိမ်စေအင်ပြီးသော စိတ်သည်—

(၁) ပရိသုဒ္ဓ၊ (ဝါ)နီဝရဏ အညစ်အကြေးတို့မှ ကွာဝေးခနေပြီးဖြစ်၍ သန့်ရှင်းခြင်း။

(၂) ပရိယောဒါတ၊ (ဝါ)ဝိတက် ဝိစာရဟူသောတွေးတော စဉ်းစားမှုတို့ကို လွန် မြောက် နေ ပြီ ဖြစ် ၍ ပြောင်လက်ခြင်း။

(၃) အနင်္ဂဏာ၊(ဝါ)ဈာနသမာဓိကို အနှောင့်အယှက် ပေးတတ်ကုန်သော ရန်သူ အကုသိုလ်တရားတို့၏ မရှိခြင်းကြောင့် ချေးညှော်ကင်းခြင်း။

(၄) ဝိဂတူပက္ကိလေသ၊(ဝါ)အဘိဇ္ဈာစသော စိတ်၏ ညစ်နွမ်းမှုများမှ ကင်းခြင်းကြောင့် အညစ်ကင်း ကွာခြင်း။

(၅) မုဒုဘူတ၊(ဝါ)အလေ့အလာ ဝသီဘော်များခြင်း ကြောင့် နူးညံ့ခြင်း။

(၆) ကမ္မနိယ၊(ဝါ)ဣဒ္ဓိပါဒ်အခြေခံတည်ပြီးဖြစ်သောကြောင့် အမှုခံခြင်း။

(၇) ဌိတ၊ (ဝါ) ဘာဝနာဖြင့် ပွားများအပ် ကြိမ်ဖန် များစွာ ထုံအပ်သဖြင့် မြင့်မြတ်သော အခြေသို့ ရောက်ခြင်း။

(၈) အာနေဉ္ဇပတ္တ၊(ဝါ)တုန်လှုပ်ယိမ်းယိုင်းမှုမရှိခြင်း ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံလေပြီ။

ပဓါနအခြေခံ စခန်းနှင့်တူသော ဤစတုတ္ထ ဈာန်သည် အချို့သော သူတို့အတွက်—

(၁) စိတ္တေကဂ္ဂတတ္တ၊ (ဝါ)စိတ်၏ တည်ငြိမ် ချမ်းမှု သာဖြစ်၏။

**ဥပမာ။** ။ဒိဋ္ဌဓမ္မသုခဝိဟာရ-ပုဂ္ဂိုလ်များအတွက်မှာ စိတ် တည်ငြိမ်မှု အဓိကဖြစ်သကဲ့သို့တည်း။

(၂) အချို့သူများအတွက် ဝိပဿနာပါဒက ဖြစ်ကြ ကုန်၏၊ ထိုမျှတည်ငြိမ်သောစိတ္တသမာဓိကို ရရှိပြီး

မှသာလျှင် ဝိပဿနာဉာဏ်စဉ်သို့ ဝင်၍ ဆင်ခြင်နိုင်သောကြောင့်တည်း။

(၃) အချို့ပုဂ္ဂိုလ်များအတွက် အဘိညာပါဒက ဖြစ်ကြကုန်၏၊ တန်ခိုးပြာဋိဟာ အမျိုးမျိုးပါဝင်သော အဘိညာဉ်ကို ကစားရေးအတွက်လည်း ဤလေးပါးသောဈာန်တို့ အခြေခံဖြစ်ရကား အဘိညာဉ်၏ အခြေခံဟူ၍လည်း ဆိုအပ်သေသည်။

(၄) အချို့ပုဂ္ဂိုလ်များ အတွက် နိရောဓပါဒကလည်း ဖြစ်ကုန်၏။

အဓိပ္ပါယ်ကား- ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၍ အကြွင်းမဲ့ ချုပ်ငြိမ်းသော နိရောဓ သမာပတ်ကို ဝင်စားလိုသော ယောဂီသည် ထိုလေးပါးသော ဈာန်တို့ကို နိုင်နင်းအောင် လေ့လာ ပွားများ ပြီးမှသာ နိရောဓသမာပတ်ကို ဝင်စားနိုင်လေသည်။ ထို့ကြောင့် ၎င်းတို့ကိုနိရောဓသမာပတ်၏အခြေခံတို့ဟူ၍လည်း ခေါ်ဆိုသမုတ်အပ်ကုန်၏၊

ဗုဒ္ဓသည် ဤစတုတ္ထဈာန်ကို ဗောဓိပင်ရင်း၌ သီတင်းသုံးစဉ်ကပင် အဆုံးတိုင်မြောက် ပေါက်ရောက်ရရှိခဲ့ရာ ၎င်းသည်

ဗုဒ္ဓအတွက်—

(၁) ဝိပဿနာ ပါဒက။

(၂) အဘိညာ ပါဒက။

(၃) နိရောဓ ပါဒက ဖြစ်သည့် အပြင် အလုံးစုံသော လောကီ လောကုတ္တရာ ဂုဏ်များကို ပြီးမြောက်စေရာ၌ သဗ္ဗသျှုံ ဖြစ်လေသည်။

သို့ဖြစ်ရာ မြင့်မြတ်သော ရည်မှန်းချက်ရှိသော ယောဂီသူမွန်သည် အခြေခံ စခန်းဖြစ်သော ဤစတုတ္ထဈာန်သို့ ရောက်အောင် မဆုတ် မနစ်သောဇွဲနှင့် ချီတက်သင့်လေသည်၊ ပြီးလျှင် ၎င်းစခန်းကို ခိုင်မာတောင့်တင်း ရန်ခပ်င်းတို့ အလျှင်း မဝင်နိုင်အောင် ပြုပြင်ရာ၏။

## ၇။ ဝိပဿနာဉာဏ်

ဤနေရာ၌ ဝိပဿနာဆိုတဲ့ပုဒ်ကား ပါဠိဘာသာစကားလုံးပင်ဖြစ်စေကာ ဗမာနိုင်ငံ ပဋိပတ္တိသာသနာဝင်၌ လူသိအများဆုံး၊ လူကြိုက်အများဆုံး ဝေါဟာရ အသုံးတခုဖြစ်၍ နေရာ မြန်မာဘာသာဖြင့် အနက်ပြန်ဆိုရန် မလိုလောက်အောင်ပင် ထင်ရှားတွင်ကျယ်၍ နေခဲ့လေပြီ။

လိုရင်းမှာတော့-မိမိ၏ကိုယ်ကာယတွင်ပါဝင်ပေါင်းစပ်လျက်ရှိသော ရုပ်သဘာဝနှင့် နာမ်သဘာဝတို့ကို တခုစီတခုစီ ခွဲခြား သိးသန့်၍ ရှုမှုကိုပင် ဝိပဿနာဉာဏ်·ဟူ၍ ခေါ်ဆိုနိုင်လေသည်။

အထက်၌ ဖော်ပြခဲ့တဲ့အတိုင်း စတုတ္ထဈာန် သမာဓိအခြေသို့ ဆိုက်ရောက်ပြီးဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်၏ စိတ်သည် ဤမျှသန့်ရှင်း ပြောင်လက်ခြင်းသို့ ရောက်လေပြီ၊ အညစ်အကြေး မတင်၊ မှုန်မှိုင်းမယှဉ်ပဲ သန့်ရှင်းစင်ကြယ်ခြင်းသို့ ရောက်လေပြီ။

ဤသို့ မလှုပ်မယိုင် ကျောက်မဏ္ဍိုင်သို့ ကြံ့ခိုင်တည်ငြိမ်ခြင်းသို့ ရောက်လေပြီ၊ သိမ်မွေ့နူးညံ့၍ အမှုဟူသမျှ၌ ခံ့

လေပြီ၊ အာရုံတပါးသို့ ပြေးလွှားခုန်သွားခြင်း အလျှင်းမရှိ၊ ပကတိ ငြိမ်သက်ခြင်းသို့ ရောက်လေပြီ၊ ထိုအခါ ယောဂါဝစရပုဂ္ဂိုလ်မွန်သည် ဤသို့ စဉ်းစား၍ ဝေဘန် လေဘော့သည်။

ငါ၏ ကိုယ်ဟုဆိုအပ်သော ဤကာယကား-ပ-အာ-ဝါ-တော ဆိုတဲ့ လေးထွေသော မဟာဘုတ်တို့ဖြင့် တည်ဆောက်၍ထားအပ်သော အမိနှင့် အဖတို့၏ သုက်သွေး ပေါင်းစပ်မှုကြောင့် လက်မွန်မဆွ ဖြစ်ပေါ်၍ လာခဲ့ရသော ထမင်းအဖျော်ယမကာ အစားအစာ အဖြာဖြာတို့ကြောင့် တဖြည်းဖြည်း တစတစ ရင့်ကျက်ကြီးထွား၍ လာခဲ့ရသော ပြုပြင်မွမ်းမံခြင်း သင်္ခါရ မကင်းသဖြင့် အမြဲတစေ ပြုပြင်၍ ပေးနေရသော မမြဲသော ဖရိဖရဲ ပြိုကွဲ ပျက်စီး တတ်တဲ့ သဘောမကင်းသော ရုပ်တုံး ရုပ်ဖြစ်ခဲ့သည်။

ဝိညာဏ်လို့ခေါ်တဲ့ ဤသဘာဝဓမ္မသည်ကား အထက်တွင် ဖော်ထုတ်ခဲ့သော ရုပ်တုံးရုပ်ခဲကြီးကို အမှီသဟဲပြုသည်။ ယှဉ်ကပ်၍ အမြဲ တွယ်စပ်လျက် နေသည် ဟူ၍ ရုပ်ဓမ္မနှင့် ဝိညာဏ်ဓမ္မ တို့ကို တသန့်စီ-တကန့်စီ မြင်၍ လာအောင် ထင်၍လာအောင် ရှုလေတော့၏၊ ဆင်ခြင်လေတော့၏။ ထိုသို့သော ရှုမှုကို ဝိပဿနာဟု ခေါ်ဆိုရလေသည်။

အနည်းငယ် လင်းပါးကြဦးစို့။

ကျွန်ုပ်တို့၏ အဇ္ဈတ္တိက အဘွင်းကိုယ်ကာယတွင် အကြီးဝင်သော မျက်စိသည် ရုပ် ဖြစ်၏။ ထိုမျက်စိ၏ ကိစ္စကား ကြည့်မှု-မြင်မှုပင်ဖြစ်၏။ ၎င်းသည် မည်သည့်အရာကို ကြည့်သနည်း? ဝါ-မြင်သနည်း?

၎င်းသည် ဗဟိဒ္ဓဟု ဆိုအပ်တဲ့ အပြင် ကမ္ဘာလောကမှာ ရှိသော အဆင်းရူပါရုံကို ကြည့်သည်၊ ဝါ-မြင်သည်။ အဲဒီ ရူပါရုံဆိုဒါကတော ဘာလဲ?

ဤရူပါရုံဆိုဒါကလဲ ရုပ်တရားပင်။ ။ယင်းသို့မျက်စိနှင့် ရူပါရုံတို့ ကြုံကြိုက်၍ ဆုံ-တိုက်မိတဲ့အခါမှာ စက္ခု ဝိညာဏ် ဆိုတဲ့ မျက်စိစိတ်ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ယောဂါ ဝစရ ပုဂ္ဂိုလ်၏ တာဝန်မှာ-

ဋ္ဌဒ္ဓ ပန မေ ဝိညာဏံ ဌေ သိတံ၊ ဌေ ပဋိဗဒ္ဓံ၊

ဤငါ၏ ဝိညာဏ်မှုကား၊ ဤရုပ်သဘာဝ၌ ယှဉ်စပ်-တွယ်ကပ်လျက် နေသည် ဟူ၍ ရုပ်တရားနှင့် ဝိညာဏ်တရား ကွဲပြား၍ တခြားစီ မြင်အောင်ရှုရန် ဖြစ်သည်။

ဥပမာအားဖြင့် အထပ်ထပ် အဖန်ဖန် ဆေးကြော၍ ပွတ်တိုက် သုတ်သင်၍ ထားအပ်သော ညစ်ကြေး မတင် သန့်ရှင်း ကြည်လင်သော ဖလ် ပြွန်ချောင်း၏ အတွင်းသို့ အနီရောင်ခြယ်ထားတဲ့ ပိုးကြိုးကလေးကို လျှိုသွင်းထားလိုက် လျှင် ဖာလ်ပြွန်တခြား၊ အနီပိုးကြိုး တသန့်အားဖြင့် အကန့် လိုက် အကန့်လိုက် မြင်ရသကဲ့သို့ ထို့အတူ ယောဂါဝစရ ပုဂ္ဂိုလ်သည် မိမိ၏ခန္ဓာ ကိုယ်ဟုဆိုအပ်သော ရုပ်တရားနှင့် တကွ အာရုံအာရမ္မဏ်က တိုက်ဆိုင်မိတဲ့အခါ၌ ဖြစ်ပေါ်ကြ ကုန်သော နာမ်တရားတို့ကို တသီးစီ တသန့်စီ ကတ္တား ခြားကာ-ခြားကာ ထင်လာအောင် မြင်လာအောင် ရှုရာ၏။

ဤနည်းတူစွာပင် သောတ စသည် တို့ကိုလည်း ရုပ် သဘာဝနှင့် နာမ်သဘာဝ ကွဲပြားအောင် ရှုရာ၏-သုံးသပ် ရာ၏၊

## ၈။ စက္ခုန္ဒြိယဘာဝနာ

ဤသို့ အထက်၌ ဖေါ်ထုတ်ခဲ့တဲ့အတိုင်း ယောဂါဝစရ ပုဂ္ဂိုလ်သည် ရုပ်နှင့်နာမ်ကိုခွဲခြားဝေဖန်၍ တသန့်စီတသန့်စီ မြင်အောင် ရှုဆင်ခြင်နိုင်သောအခါ ရှေ့သို့ တလှမ်းတိုး၍ စက္ခုန္ဒြိယ ဘာဝနာ လုပ်ငန်းကို ကြိုးပမ်းရာ၏။

ယောဂါဝစရ ပုဂ္ဂိုလ်သည် မိမိ၏ မျက်စိဖြင့် အဆင်း ရူပါရုံကို မြင်၏၊ ထိုသို့ မြင်သောအခါ၌ နှစ်သက်တဲ့သဘော (သို့မဟုတ်) မနှစ်သက်တဲ့သဘော (သို့မဟုတ်) နှစ်သက်သည် လည်း မဟုတ် မနှစ်သက်သည်လည်း မဟုတ်တဲ့ သဘော တရားများ ဖြစ်ပေါ်၍လာ၏။ ယင်းသို့သော သဘောတရား များ ဖြစ်ပေါ်၍လာလျှင်လာခြင်းပင် ဖြစ်ပေါ်၍လာပြီဟု သိမြင်လေတော့၏။

ယင်းမျှမက ထိုဖြစ်ပေါ်လာတဲ့ သဘောတရား တို့ဟာ သင်္ခတတွေ ဖြစ်သည်၊ ထို့ကြောင့် ကြမ်းထမ်းသည်၊ ထို့ကြောင့် လုံးလောက်သော အကြောင်းကိုမှီ၍ ဖြစ်ပေါ် လာသော ပဋိစ္စသမုပ္ပန္နတရားတွေဘဲ ဟူ၍လည်း ထင်ကျစွာ သိမြင်လေတော့၏။

ယင်းသို့ ဥပေက္ခာသည်သာ မှန်မြတ် ငြိမ်းသော သဘောတရား ဖြစ်၏ဟု သိမြင် လိုက်သည်နှင့် တပြိုင်နက် နှစ်သက်သော (ဝါ) မနှစ်သက်သော (ဝါ) နှစ်သက်သည် လည်းမဟုတ် မနှစ်သက်သည်လည်းမဟုတ်သော သဘော တရားများ ချုပ်ငြိမ်းခြင်းသို့ ရောက်သည် ဖြစ်သောကြောင့် ဥပေက္ခာ၌ တည်လေတော့၏။

မျက်စိနှင့်ပြည့်စုံသူသည် မိမိ၏မျက်စိကို လျင်မြန်စွာ ဖွင့်နိုင် ပိတ်နိုင်သကဲ့သို့ ထို့အတူ ဖြစ်ပေါ်လာသော အချစ်သဘော၊ အမုန်းသဘောနှင့် တကွ မချစ် မမုန်း သဘောတို့သည် ထိုမျှလျင်လျင်မြန်မြန် (ဝါ) ထိုမျှ သက်သာ လွယ်ကူစွာ ချုပ်ငြိမ်း ကွယ်ပျောက်ခြင်းသို့ ရောက်ကြကုန်ပြီးလျှင် ဥပေက္ခာ သဘောတရား ဘွားကနဲ တည်ထွန်း၍ လာလေတော့သည်။

ဤကား စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့နှင့်ပတ်သက်ရာတို့၌ ပွါးများအပ်သောစက္ခုန္ဒြိယဘာဝနာ ဖြစ်၏။

## ၉။ သောတိန္ဒြိယ ဘာဝနာ

ယောဂါဝစရ ပုဂ္ဂိုလ်သည် မိမိ၏ နားသောဘဖြင့် အပြင်ဗဟိဒ္ဓမှ အသံသဒ္ဒါရုံကိုကြားရသောအခါ နှစ်သက်တဲ့သဘော၊ သို့မဟုတ် မနှစ်သက်တဲ့သဘော၊ (သို့မဟုတ်) နှစ်သက်သည်လည်းမဟုတ်၊ မနှစ်သက်သည်လည်းမဟုတ်သော သဘောတရား တမျိုးမျိုး ဖြစ်ပေါ်လာတတ်၏။ ထိုအခါ သူသည် ထိုသို့ဖြစ်ပေါ်လာသော သဘောတရား ဟူသည်တတ ဖြစ်တွေ့မြင်၍ ကြမ်းတမ်းသောသဘောရှိ၏၊ ပဋိစ္စသမုပ္ပါဒ် ရားတို့သာ ဖြစ်၏ဟူ၍လည်း၊ ဥပေက္ခာသည်သာလျှင် ငြိမ်း၏၊ မွန်မြတ်၏ဟူ၍လည်း သိမြင်၏။ ထိုအခါ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ အချစ် - အမုန်း - မချစ်မမုန်း ဆိုတဲ့ သဘောများ ချုပ်ငြိမ်းခြင်းသို့ ရောက်၍ ဥပေက္ခာ သဘောတရား ဘွားကနဲ ပေါ်ထွက်လာလေတော့၏။

ဥပမာ ပုံဆောင်၍ ထင်ရှားအောင် ဆိုရလျှင်-ခွန်အား ဗလ မချို့တဲ့သော ယောက်ျားသည် သက်သာ လွယ်ကူစွာ လက်ဖြောက်တီးခတ်နိုင်သကဲ့သို့ ထိုအတူပင် မိမိသန္တာန်၌ ဖြစ်ပေါ်၍ လာသော နှစ်သက်တဲ့ သဘော၊ မနှစ်သက်တဲ့ သဘော၊ နှစ် သက် သည် လည်း မ ဟုတ် မနှစ်သက် ဘူးလဲ မဟုတ်တဲ့ သဘောတရားတို့သည် ထိုမျှ လျင်လျင် မြန်မြန် သက်သက် သာသာ လွယ်လွယ် ကူကူ ချုပ်ပျောက် ခြင်း သို့ ရောက်၍ ဥပေက္ခာသဘောတရား တည်ထွန်း၍ လာလေ တော့၏။

၎ကား-သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံ အသံတို့နှင့် ပတ်သက်ရာ၌ ပွါးများအပ်သော သောတိန္ဒြိယ ဘာဝနာဖြစ်၏။

၎နည်း အတိုင်းပင် ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေနှင့် မနိန္ဒြေတို့ကိုလဲ ဆင်ခြင်ပွါးများကြကုန်ရာ၏။

---

## ၁၀။ အာသဝက္ခယဉာဏ်

၎သို့ အထက်၌ဖော်ထုတ်ခဲ့သည့်အတိုင်း ဗုဒ္ဓလမ်းစဉ်ကို ဖြောင့်မတ်စွာ လိုက်နာ ကျင့်သုံးခဲ့ခြင်းကြောင့် စတုတ္ထဈာန် သမာဓိသို့တိုင်ရောက်အောင် ပြောင်မြောက်ခဲ့သော ယောဂါ ဝစရပုဂ္ဂိုလ်၏စိတ်သည် ၎မျှငြိမ်သက်ခြင်းသို့ ရောက်လေပြီ၊ ရေနှင့် အထပ်ထပ်ဆေးထားသလို ဖြူဖွေး၍နေလေပြီ၊ ပြိုးပြိုး ပြက်ပြက် အရောင်တလက်လက်ထွက်၍ နေလေပြီ၊ ညစ်ကြေး မတင် သန့်ရှင်းစင်ခလေပြီ၊ အစွန်းအထင်း အကုန်လုံး ကင်း လေပြီ၊ အကြိမ်တရာ ထပ်ကာထပ်ကာ ဖတ်အပ်သော ဝါ

ဂွမ်းကဲ့သို့ နူးညံ့၍သွားခဲ့လေပြီ၊ ယင်းသို့ နူးညံ့ပြီး ဖြစ်၍ အမှု၌ ခံ့သောအခြေသို့ဆိုက်ရောက်လေပြီ၊ ထိုထိုဤဤငါးလီ အာရုံ အဖုံဖုံသို့ ခုန်ပေါက်ပြေးလွှားလိုက်စားခြင်း မရှိတော့ ပြီဖြစ်၍ တခုတည်း၌ ရပ်တည်၍နေခဲ့လေပြီ၊ ပြင်ပ အာရုံ လေမှတ်သုံးကြမ်း၊ ဝှေ့ရမ်းတိုက်ခတ်စေကာ ကျောက်ဆောင် သံတိုင် ကြွကြွခိုင်သို့ လှုပ်ယိုင်ခြင်း ကင်းတဲ့ အခြေသို့ ဆိုက် ရောက်၍ နေလေပြီ၊ ယင်းသို့ဆိုက်ရောက်တဲ့အခါမှာ အမြဲ တစေ စီးထွက်ယိုကျနေတဲ့ အာသဝ အစေးဖြစ်တဲ့ ချေးနှင့် ညှော်တို့ကို အစေး ခန်းခြောက် ကုန်ပျောက်ကင်းကွာရေးသို့ ၎င်း၏ဆင်ခြင်ဉာဏ်ကို ဦးတည်လိုက်လေတော့၏။

ထိုအခါ သူသည် အတွင်းအပ နှစ်ဌာနဆိုတဲ့ ကပ္ပါ လောကအတွင်း၌ ရှိရှိသမျှ သက်ရှိသက်မဲ့ သတ္တဝါ သင်္ခါရ တို့ကား သဘာဝအားဖြင့် ဒုက္ခ(ဝါ)ဆင်းရဲတွေသာ ဖြစ်ကြ ကုန်၏ဟူ၍ သိမြင်လေတော့၏။

ထိုသည့် ကပ္ပါဆင်းရဲကား မိုးပေါ်ကျ အလေ့ပေါက် မဟုတ်ချေ၊ ကပ္ပါဆင်းရဲ၏ မိခင်ကား ကပ္ပါ အဆာခေတ် ဖြစ်တဲ့ တဏှာသမုဒယပင် ဖြစ်သည်ဟူ၍ တိကျစွာ သိမြင် လေတော့၏။ ကပ္ပါအဆာခေတ်၏ အကြွင်းမဲ့ ချုပ်မှုငြိမ်းမှု နှင့်တကွ ကျွတ်မှု - လွတ်မှု - ဤသဘောတရားစုကား ဒုက္ခ ချုပ်ရာ နိရောဓသစ္စာဟူ၍ ထင်လင်း ပြတ်သားစွာ မြင်လေ တော့၏။ သမ္မာဒိဋ္ဌိ (ဝါ) အမြင်မှန် ဦးစီးသော မဂ္ဂင် ရှစ်ပါးကား ဆင်းရဲအကုန်၊ကင်းမြဲ့ချုပ်ငြိမ်းစေရန်အတွက် အချက်အခြာ မဇ္ဈိမပဋိပဒါဆိုတဲ့ အလယ်လမ်းကျင့်စဉ်ဖြစ် သည်ဟူ၍ လက်တွေ့ စိတ်တွေ့ သိမ်းပိုက်မိလေတော့၏။

ထိုမှတပါးလည်း ယောဂါဝစရပုဂ္ဂိုလ်သည် အမြဲတစေ ယိုစီး ထွက်ကျ နေတတ်တဲ့ အာသဝတရား တို့ကိုရင်း၊ ထို အာသဝ တရား တို့၏ အကြောင်းတရား ကိုရင်း၊ ထိုသည့် အာသဝေါတရားတို့၏ ကွာလျောချုပ်ငြိမ်းမှုကိုရင်း၊ ယင်းသို့ ကွာကျ ချုပ်ငြိမ်းရန် အကြောင်းရင်းစစ် အမှန်ဖြစ်သော အလယ်လမ်းကျင့်စဉ်ဆိုတဲ့ မဇ္ဈိမပဋိပဒါကိုရင်း ဟုတ်မှန် တိကျစွာ အသိဉာဏ် ပေါက်လေတော့၏။ ယင်းသို့ အသိ ဉာဏ်ပေါက် အလင်းရောက်ပြီး ဖြစ်သော ယောဂါဝစရ ပုဂ္ဂိုလ်၏ စိတ်သည် ကာမာသဝ-ဟုဆိုအပ်တဲ့အကြိုက် ချေး ညှော် အစေးကော်များမှ ဆေးလျှော်၍ ထားသလို ကင်း ကွာ၍ သွားလေတော့၏။

ဘဝါသဝ-ဟူသော ထိုထို ဤဤ အလီလီသော ဘဝတို့၌ ကပ်ငြိစွဲလန်းတတ်တဲ့ ဘဝ ကော်စေးမှလည်း ကျွတ်လေ တော့၏။

အဝိဇ္ဇာသဝ-ဟု ဆိုအပ်တဲ့ မောဟ-မိုက်မှောင်၊ တိမ် တောင် တိမ်မဲ တိမ်ပုပ်ထဲမှ ဖြို့ခွဲခုန်ပေါက် အလင်းသို့ရောက် သဖြင့် အလွတ်မြောက်ကြီး လွတ်မြောက်လေတော့၏။ လွတ် သော် လွတ်မှန်းကို သိမြင်လေတော့၏။

သိမြင်မှုကား ဗုဒ္ဓလမ်းစဉ်၏ ပန်းတိုင်ဖြစ်၏၊ ထိုသည့် ပန်းတိုင်သို့ အလျှင်အမြန် ရောက်နိုင်ရန်အလို့ငှါ ယောဂါ ဝစရ ပုဂ္ဂိုလ်သည် ပြောင်မြောက်သော စေတနာ-သဒ္ဓါ- ဝီရိယ တို့ဖြင့် နောက်မဆုတ်တမ်း ရှေ့သို့သာ မှန်းလျက် ကြိုးပမ်းအားထုတ်သင့်လှပေသတည်း။